စိုးဇင်စာပေ



ဒေါက်တာ

# စိုးလွင်

## အလွမ်းခြေရာ ဝေဒနာ နှင့်

မျိုးဆက်သစ်သို့ မျှော်လင့်ခြင်းများစွာ

# စိုးဇင်စာပေ

တိုက်(၄)၊ အခန်း(၁၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊
ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၂၂၈၂၉၇ ၊ ၀၉ ၅၀၄၉၇၀၃ ၊ ၀၉ ၄၅၀၀၄၀၇၆၇
Email: soezin.kh@gmail.com
Facebook: Soezin Sarpay
Facebook: စိုးဇင်စာပေ
Pages: Soezin Sarpay
စိုးဇင်စာပေ Page


«« ¤ »»

ပထမအကြိမ် - ၂၀၁၇၊ မတ်လ
တန်ဖိုး - [illegible]၀ ကျပ်
အုပ်ရေ - ၂၀၀၀
ထုတ်ဝေသူ - ဦးသန်းစိုးထွေး (မြဲ-၀၀၃၆၅)
ဖြန့်ချိရေး - စိုးဇင်စာပေ တိုက်(၄)၊ အခန်း(၁၀၁)၊
သီရိမင်္ဂလာအိမ်ရာ၊
ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁၂၂၈၂၉၇၊ ၀၉ ၅၀၄၉၇၈၃၊ ၀၉ ၄၅၀၀၄၀၇၆၇
မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ် - ဦးစောခလယ်ထူးဝါး (မြဲ-၀၀၂၁၅)
New Vision Media
အမှတ်(၂၅၇/၂၅၉)၊ စက်မှုဇုန်(၁)၊ အကွက်၂၃၊
ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်မြို့။
CTP - SUNN
မျက်နှာဖုံးနှင့်
အတွင်းသရုပ်ဖော် - ဖေသစ်တည်
အတွင်းအပြင်အဆင်
နှင့်ဒီဇိုင်း - ဆန်းထွဋ်
စာအုပ်ချုပ် - ဂုဏ်မာန်

«« ¤ »»

၆၁၃ စိုးလွင်၊ ဒေါက်တာ

အလွမ်းခြေရာဝေဒနာနှင့် မျိုးဆက်သစ်သို့ မျှော်လင့်ခြင်းများစွာ

ဒေါက်တာစိုးလွင် - ရန်ကုန်

စိုးဇင်စာပေ၊ ၂၀၁၇ မတ်လ

၂၂၇-စာ၊ ၁၃.၃၄ × ၂၁.၁ စင်တီ

အလွမ်းခြေရာဝေဒနာနှင့် မျိုးဆက်သစ်သို့ မျှော်လင့်ခြင်းများစွာ

# စာရေးသူ၏ထုတ်ဝေပြီးစာအုပ်များ

၁။ ဆရာဝန်စစ်စစ်ဖြစ်ချင်တယ်နှင့် ဆေးလောကဇာတ်ခုံပေါ်က အတွေ့အကြုံများ

၂။ သိကောင်းစရာ သားဆက်ခြားနည်းအဖြာဖြာ

၃။ အပျိုကြီးပဲဖြစ်စေချင်နှင့် ဆေးလောကဇာတ်ခုံပေါ်က အတွေ့အကြုံများ

၄။ ပွင့်သောပန်းတိုင်းလှစေချင်နှင့် အမျိုးသမီးကျန်းမာရေး ပြဿနာအဖြာဖြာ

၅။ ချစ်တတ်မှကလေးရနှင့် သားသမီးရတနာရစေကြောင်း နည်းလမ်းကောင်းများ

၆။ လူနာဖြစ်သွားသောဆရာဝန်နှင့် ဆေးလောကဇာတ်ခုံပေါ်က အတွေ့အကြုံမျာ

၇။ မိခင်လောင်းတို့အရေး မေးချင်ရာမေး

၈။ မိခင်လောင်းတို့ သိကောင်းစရာအဖြာဖြာ

၉။ နားကြပ်ထဲမှ ငိုရှိုက်သံများနှင့် ဆေးလောကဇာတ်ခုံပေါ်က အတွေ့အကြုံများ

၁၀။ ဆေးရုံကမဆင်းရ... သေမင်းကအိမ်မှာနှင့် အမျိုးသမီးကျန်းမာရေး ပြဿနာများ

၁၁။ ရှက်ရှက်မှာဖြစ်သောကင်ဆာ အပါအဝင် အခြားကင်ဆာရောဂါဆောင်းပါးမျာ

၁၂။ မမေ့နိုင်စရာ မိုးညတစ်ညနှင့် ဆေးလောကဇာတ်လမ်းများ

၁၃။ ဆရာဝန်ဖြစ်ရကျိုးနပ်ပြီနှင့် ဆေးလောကဇာတ်ခုံပေါ်က လူနာမျိုးစုံ ဇာတ်လမ်းအဖုံဖုံ

၁၄။ အပျော်ဆုံးအချိန်နှင့် ဆေးလောကဇာတ်ခုံပေါ်က လူနာမျိုးစုံဇာတ်လမ်းအပုံပုံ

၁၅။ ဂျစ်တူးလေးရဲ့မျှော်လင့်ချက်မနက်ဖြန်

၁၆။ ခြသေ့်နှလုံးသားနှင့်မိန်းမလက်များ

၁၇။ မစခင်ကတည်းက ရှုံးတဲ့တိုက်ပွဲနှင့် ဂျစ်တူးဖတ်ဖို့ပေးစာများ

၁၈။ ရာသီမလာခင်လူသတ်ချင်နှင့် ရွှေမင်းသမီးတို့ရဲ့စပ်စပ်စုစုမေးခွန်းများ

၁၉။ ချစ်ရမှာစာမလိပ်

၂၀။ ဆေးကုရမှာ ကြောက်တဲ့ဆရာဝန်နှင့် ဆေးလောကဇာတ်ခုံထက်က
သံသယမုန်တိုင်း

၂၁။ ဖဲမွေ့ရာပေါ်က ယောကျာ်းမဟုတ်သောစက်ရုပ်

၂၂။ မိုက်ကယ်ရယ် သော်တာဆွေရယ် လူနာတစ်ယောက်ရယ် ကျွန်တော်ရယ်နှင့်
ဆေးလောကဇာတ်လမ်းများ

၂၃။ ချစ်တတ်မှကလေးရနှင့် သားသမီးရတနာရစေကြောင်း နည်းလမ်းကောင်းများ

၂၄။ အပျိုစင်စစ်စစ်ဖြစ်ကြောင်း သစ္စာဆိုပါမည် နှင့် စပ်စပ်စုစု ဆန်းဆန်းပြားပြား
'မ' တို့ရဲ့မေးခွန်းများ

၂၅။ ချစ်ရမှုက်နွံနစ် ပန်းကလေးတစ်ပွင့်ရဲ့ ဒဏ္ဍာရီ

၂၆။ ပွင့်သောပန်းတိုင်းလှစေချင်နှင့် အမျိုးသမီးကျန်းမာရေးပြဿနာအဖြာဖြာ

၂၇။ မေတ္တာရှင်မလေးဂျစ်စုတ်နှင့် ဂျစ်တူးဖတ်ဖို့ပေးစာများ

၂၈။ ရက်ရက်ရဲ့အတွင်းဘက်က အနက်ရှိုင်းဆုံး လျှို့ဝှက်ချက်များ (အတွဲ – ၁)

၂၉။ ရင်ဘတ်မှာမြားစူးနေပြီမြားပစ်တဲ့သူ ဘယ်သူလဲ မြားဘယ်ကလာသလဲ နှင့် ဂျစ်တူးဖတ်ဖို့ပေးစာများ

၃၀။ ခွဲမွေးရမယ့်ရက် ဗေဒင်မေးလို့တွက် နှင့် မိခင်လောင်းတို့အရေး မေးချင်ရာမေး

၃၁။ ရက်ရက်ရဲ့အတွင်းဘက်က အနက်ရှိုင်းဆုံး လျှို့ဝှက်ချက်များ (အတွဲ – ၂)

၃၂။ မိန်းမသားတို့ဘဝမှာ မရှိမဖြစ်အရေးပါ အဲဒါ ဓမ္မတာ

၃၃။ ပွင့်သောပန်းတိုင်းလှပဖို့ သားဆက်ခြားကြစို့

၃၄။ ရက်ရက်ရဲ့အတွင်းဘက်က အနက်ရှိုင်းဆုံး လျှို့ဝှက်ချက်များ (အတွဲ –၃)

၃၅။ ရက်ရက်မှာဖြစ်သောကင်ဆာ အပါအဝင် အခြားကင်ဆာရောဂါဆောင်းပါးမျ

၃၆။ သမီးက ယောကျ်ားပဲလိုချင်တာ လင်မယားလို အတူနေရမှာတော့ ကြောက်တယ်ဆရာ

၃၇။ တိတ်တိတ်ပုန်းအပျိုစင် သို့မဟုတ် လျှို့ဝှက်အိမ်ထောင်ရှင်နှင့် စပ်စပ်စုစု ဆန်းဆန်းပြားပြား 'မ' တို့ရဲ့မေးခွန်းများ

၃၈။ ချောင်းဆိုးတော့ဆီးထွက် ရက်ရက်နှင့် အမျိုးသမီးကျန်းမာရေးရာ အဖြာဖြာ

«« ¤ »»







# ဒေါက်တာစိုးလှိုင်

၁၃၂၂သီတင်းကျွတ်လပြည့်တွင်ဖွားမြင်ခဲ့။ ဖြူးမြို့(၃)လမ်းနေဦးကျင်မောင်၊ ဒေါ်ခင်ဝင်းတို့၏ဒုတိယသား။ ဖြူးအ.ထ.က(၁)တွင် ဆယ်တန်းအထိပညာသင်ခဲ့။ ပဲခူးဒေသကောလိပ် ရေထွက်ပစ္စည်းအတတ်ပညာ ဒီပလိုမာသင်တန်းတက်ခဲ့။ ၁၉၈၀ပြည့်နှစ်တွင် ဆေးတက္ကသိုလ်မန္တလေးသို့ ရောက်ရှိပညာသင်။

၁၉၈၅ခုနှစ်တွင် **M.B.B.S(MDY)**ဘွဲ့ရခဲ့။ ၁၉၈၇ခုနှစ်မှ ၁၉၉၀ပြည့်နှစ်ထိ၃နှစ် တာ တပ်မတော်တွင်ပြည်သူ့စစ်မှုထမ်းဆေးမှူးဗိုလ်အဆင့်တာဝန်ထမ်းဆောင်ခဲ့။

ဆေးတက္ကသိုလ်(၁)ရန်ကုန်မှ ဆေးပညာမဟာသိပ္ပံ(သားဖွားမီးယပ်ပညာ) **M.Med.Sc (O&G)**ဘွဲ့ကို ၁၉၉၃ခုနှစ်တွင်ရရှိခဲ့။

အင်္ဂလန်သို့ပညာတော်သင်သွားခွင့်ရခဲ့ပြီး **M.R.C.O.G(UK)**ဘွဲ့ကို ၂၀၀၀ပြည့်နှစ်တွင်ရရှိ။ **F.R.C.O.G(UK)**ဘွဲ့ကို ၂၀၁၃ခုနှစ်တွင်ရရှိ။ အလုပ်သင်ဆရာဝန်ဘဝတွင်ဝါသနာအလျောက်စာများစတင်ရေးသားခဲ့ပြီးနှစ်ပေါင်းတစ်ဆယ့်ရှစ်နှစ်ကြာမှ (၂၀၀၄)ခုနှစ်၊ ဖေဖော်ဝါရီလ "သုခချမ်းသာ" မဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြခွင့်ရခဲ့သော "မိုက်ကယ်ရယ် သော်တာဆွေရယ် လူနာတစ်ယောက်ရယ် ကျွန်တော်ရယ်" ဝတ္ထုတိုနှင့် စာပေလောကသို့ဝင်ရောက်ခဲ့။

ပထမဆုံးဝတ္ထုတိုပေါင်းချုပ် **"ဆရာဝန်စစ်စစ်ဖြစ်ချင်တယ်နှင့် ဆေးလောကဇာတ်ခုံပေါ်က အတွေ့အကြုံများ" စာအုပ်ဖြင့် ၂၀၀၇ခုနှစ် ထွန်းဖောင်ဒေးရှင်းစာပေဆုရရှိခဲ့။**

**တတိယဝတ္ထုတိုပေါင်းချုပ် "လူနာဖြစ်သွားသောဆရာဝန်နှင့်ဆေးလောကဇာတ်ခုံပေါ်က အတွေ့အကြုံများ"စာအုပ်ဖြင့်၂၀၀၈ခုနှစ် သုတစွယ်စုံစာပေဆုရရှိခဲ့။**

Good Health Journal, Health Care Journal, Health Digest Journal, Health Updates Journal, Health Info Journal, Wellness Magazine, Fashion Image Magazine, Eternal Light Magazine, Newsweek Journal, Youth Magazine, Sunday Journal, စရဏမဂ္ဂဇင်းများတွင် အပတ်စဉ် လစဉ် ဆေးပညာအခြေခံသော ဝတ္ထု၊ ဆောင်းပါးများ မှန်မှန်ရေးသားလျက်ရှိ။ ယခုအချိန်ထိ လုံးချင်းစာအုပ် (၃၉)အုပ်တိတိ ရေးသားထုတ်ဝေခဲ့ပြီးဖြစ်။

ယခုအခါရန်ကုန်မြို့ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ သားဖွားမီးယပ်ပညာဌာနတွင် သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ရင်း အားလပ်ချိန်များတွင် ဝါသနာထက်သန်ရာ စာပေများ ရေးသားပြုစုလျက်ရှိ။

# အာဏာမင်းဖြေရာ ဝေဒနာ

## နှင့်

# မျိုးဆက်သစ်သို့ မျှော်လင့်ခြင်းများစွာ

## ဒေါက်တာ ဖိုး လွင်

# မာတိကာ


၁။ အလွမ်းခြေရာ ဝေဒနာ(၁) ၁

၂။ အလွမ်းခြေရာ ဝေဒနာ(၂) ၁၅

၃။ အလွမ်းခြေရာ ဝေဒနာ(၃) ၃၃

၄။ မျိုးဆက်သစ်သို့ မျှော်လင့်ခြင်းများစွာ(၁) ၄၅

၅။ မျိုးဆက်သစ်သို့ မျှော်လင့်ခြင်းများစွာ(၂) ၆၁

၆။ ဆရာဝန်စစ်စစ် ဖြစ်စေချင် ၇၅

၇။ တက္ကသိုလ် မြကျွန်းသာသို့ ၈၉

၈။ ကိုယ့်အလုပ်မှာ ကိုယ်ပျော်ရမယ် ၁၀၃

၉။ စိတ်သဘောထား မှန်ပါမှ ၁၁၅


စာအုပ်များ ရေစို ပျက်စီး
ပျောက်ဆုံးလျှင် တန်ဖိုးအတိုင်း
ပေးလျော်ရမည်။

၁၀။ ကေသရာဇာ ခြင်္သေ့မင်းတို့မည်သည် ၁၂၇

၁၁။ ဖယောင်းလား...သံမဏိလား ၁၃၉

၁၂။ လုပနလုံးသား ကိုယ်ချင်းစာတရား ၁၅၃

၁၃။ အောင်မြင်ဖို့ အလိုအပ်ဆုံးအရာ ၁၆၃

၁၄။ မပူတတ်ရင် 'လူ' မဟုတ်ဘူး ၁၇၇

၁၅။ 'သောက' ဆိုတာ ကမာကောင်လေးထဲက သဲပွင့်လေးတွေ ၁၈၇

၁၆။ တစ်ခါပဲ အနာခံမလား နှစ်ခါ အနာခံမလား ၁၉၇

၁၇။ သောကအမှောင်ဖုံးနေတဲ့ အတိတ်တောင်ကုန်း ၂၀၉

၁၈။ သောက ညှိသည်စုတ်ကို အလုပ်နဲ့ မောင်းနှင်ထုတ်မယ် ၂၁၉

# ၁

# အလွမ်းမြေ ဝေဒ

၇

စာအုပ်များ ရေစို ပျက်စီး
ပျောက်ဆုံးလျှင် တန်ဖိုးအတိုင်း
ပေးလျော်ရမည်။

# အလွမ်း မြေ ဝေဒနာ

## ၁



# အလွမ်းခြေရာ ဝေဒနာ (၁)

**မန္တလေးဆေးက သမီးလေး 'ထွေး' ...**

အိပ်မက်လေးတစ်ခုက ဦးဦးကို လှုပ်နှိုးလိုက်တယ်။ လန့်နိုးလာချိန်မှာ သတိထားမိလိုက်တာကတော့ ဦးဦးရဲ့မျက်ဝန်းတွေ စိုစွတ်ပြီး နှလုံးသားမှာတော့ ကြေကွဲတမ်းတ နှမြောဝမ်းနည်းခြင်းတွေနဲ့ လှိုက်လှိုက်လှဲလှဲကြီးကို ခံစားနေရ။ ဒါကြောင့် ဦးဦးတစ်ယောက် ပေဟာဒီညဥ့်ယံမှာ အိမ်မြှောင်ကလေးတွေရဲ့ စုတ်ထိုးသံလေးတွေ နားထောင်ရင်း သမီးလေး "ထွေး" ဆီ ခံစားချက်လေးတွေ မျှဝေလို့ ပေဟာဒီအလွမ်းစာလေးတစ်စောင်ကို ရေးနေမိတော့တယ်။ ဦးဦးရဲ့ရင်ထဲမှာ ဘယ်လိုတွေ ခံစားနေရတယ်ဆိုတာ ပေါ်လွင်အောင် ဘယ်လိုစာလုံးကလေးတွေနဲ့ ဖော်ပြရမလဲ ဦးဦးသေချာမသိ။ ဦးဦးသိတာကတော့ "အလွမ်းဝေဒနာ" ပါပဲ။ ကြေကွဲဖွယ်ရာ၊ တမ်းတဖွယ်ရာ၊ နှမြောဖွယ်ရာ။ ဖြစ်မှဖြစ်ရလေခြင်း ဘာကြောင့်များ ဒီလိုအဖြစ်ဆိုးမျိုးကနေ တို့တွေ မကာကွယ်နိုင်လိုက်ရတာလဲ ဆိုတဲ့ ယူကျုံးမရဖြစ်ရခြင်း၊ မိမိကိုယ်ကိုမိမိ မကျေမနပ်နဲ့ အပြစ်ရှိနေသလိုလို ခံစားရခြင်း၊ ဦးဦးလည်း သေချာမပြောတတ်ပါဘူးကွယ် ...

သမီးကို "ဖိုးသား" လို့ ဦးဦးက ချစ်စနိုးခေါ်တဲ့ ဆေးကျောင်းသားလေးတစ်ယောက်အကြောင်းကို ရင်ဖွင့်ချင်တာ။ အိပ်မက်ထဲက ကတုန်ကယင်နဲ့ ထိခိုက်ခြင်းကြီးစွာ လန့်နိုးခဲ့ရတာလည်း ဒီ "ဖိုးသားလေး" ကြောင့်ပေါ့။ အိပ်မက်ရဲ့နောက်ဆုံးအခန်းလေးမှာဆို ဦးဦးတစ်ယောက် ချွေးစေးတွေကျပြီး ရင်တုန်ပန်းတုန်ဖြစ်ရလောက်အောင် အော်ဟစ်ပြီးပြေးလွှားခဲ့ရတဲ့အဖြစ်။ ကြည့်လိုက်စမ်းသမီး...ဧရာဝတီရဲ့မြစ်ပြင်အလယ်က သဲသောင်လေးထက်မှာ ဦးဦးရဲ့ရောင်း

ရင်းသူငယ်ချင်းကြီး "ဒေါက်တာရဲ" က ကလေးလူနာတစ်ယောက်ကို ရှေ့ခုံတင်လေးထက်မှာ ချထားပြီး ဆေးကျောင်းသားတွေကို စာသင်နေတယ်။ သူ့ရဲ့ထုံးစံအတိုင်း ရှင်းရှင်းလင်းလင်း တိတိကျကျ ခက်ထန်ပြင်းပြတဲ့ စကားလုံးတွေသုံးပြီးတော့ အားပါးတရ စိတ်ရောကိုယ်ပါနှစ်ပြီး စေတနာအပြည့်နဲ့ စာသင်နေတာ။ "ဖိုးသားလေး" က အဲဒီ "ကိုရဲ" ရှိရာကို မရောက်ရောက်အောင် သွားမယ်ဆိုပြီး ဧရာဝတီမြစ်ထဲကို စက်ဘီးလေးစီးပြီး အားပါးတရ နင်းနေတယ်။ ဦးဦးကတော့ ဒီ "ဖိုးသား" ရဲ့ ဟိုးနောက်ခပ်လှမ်းလှမ်းက အတင်းပြေးလိုက်လာပြီး "ဖိုးသား ရေ...မြစ်ကြီးထဲ စက်ဘီးနဲ့ သွားလို့မရဘူး၊ ရပ်...ရပ်" နဲ့ အတင်းအော်သတဲ့။ "ဖိုးသား" ရဲ့ မျက်ဝန်းလေးတွေကို အိပ်မက်ထဲ လှမ်းမြင်နေရတယ်ကွယ်။ လေးစားအားကျခြင်း၊ ချစ်ခင်ကြည်ညိုခြင်း၊ ကြီးလာရင် "ဆရာရဲ" လို အထူးကုဆရာဝန်ကြီးလုပ်မှာ၊ စာတွေသင်မှာ၊ စာတွေရေးမှာ။ အနာဂတ် မျှော်လင့်ချက်ရောင်ခြည်တွေနဲ့ လင်းလက်နေတဲ့ မျက်လုံးလေးတွေ။ ဒါပေမဲ့ သူစီးသွားတဲ့ စက်ဘီးကလေးက ဧရာဝတီမြစ်ရေထဲ တစ်စတစ်စ နစ်မြုပ်နေတာကို ဦးဦးမြင်ရတယ်။ "ဆရာရဲ" ကတော့ သူ့အာရုံနဲ့သူမို့ "ဖိုးသားလေး" သူ့ဆီကို စက်ဘီးစီးပြီးလာနေတာ တွေ့ပုံမပေါ်ဘူး။ ဦးဦးလေ...အတင်းပြေးလိုက်ပြီး "ဖိုးသားလေး" ကိုဆွဲဖို့ကြိုးစားပေမယ့်...

မင်း ဘယ်ဆီဘယ်ဝယ်များ ရောက်နေသလဲ ဖိုးသားရေ...တခြားလူတွေအားလုံးကတော့ မင်းတစ်ယောက် မြစ်မင်းဧရာရဲ့နက်ရှိုင်းလှတဲ့တစ်နေရာရာကို တိုးဝင်ပျောက်ကွယ်သွားခဲ့ပြီလို့ ပြောနေကြတယ်။ ဒါပေမဲ့ ဦးဦးကတော့ လုံးဝလက်မခံဘူး။ လုံးဝလည်း မယုံဘူး။ မင်းဆိုတဲ့ ဦးဦးချစ်တဲ့ "ဖိုးသားလေး" ဟာ မင်း လေးစားအားကျ ဖြစ်ချင်လှတဲ့ မင်းရဲ့ဟီးရိုး "ဆရာရဲ" ရယ်၊ ဦးဦးရယ် နှစ်ယောက်သား ကျင်လည်လှုပ်ရှားရတဲ့ ဆေးလောကရဲ့ ဇာတ်ခုံထက်ကို တစ်လှမ်းချင်း တစ်လှမ်းချင်း တက်လာနေတယ်။ မင်းရဲ့အလာကို ဦးဦးရယ်၊ "ဆရာရဲ" ရယ် နှစ်ဦးသား အပြုံးပီတိလေးတွေနဲ့ လက်ကမ်းလို့ကြိုဆိုနေတယ်။ ကြိုဆိုနေပါတယ် ဖိုးသားရယ်...အခု မင်းဘယ်ရောက်နေလဲ။ အခုထိတောင် စက်ဘီးလေးတစ်စီးနဲ့ အိမ်ရှေ့လမ်း ဟိုးကုက္ကိုပင်ကြီးတွေအရိပ်က မင်းဘယ်တော့များ

ထွက်ပေါ်လာလေမလဲ။ "ဆရာ" လို့ ဘယ်တော့မျှ ဦးဦးနောက်က မမျှော်လင့်ဘဲ ရောက်လာခဲ့ပြီး နှုတ်ဆက်လိုက်လေမလဲ၊ ဘဝတစ်လျှောက်လုံး မျှော်လင့်စောင့်စားသွားရတော့မယ် ...

ဦးဦးလေ ... "ဖိုးသား" ရုတ်တရက် ပျောက်ကွယ်သွားတဲ့နေ့၊ သူ့ရင်ထဲက ဆန္ဒတွေနဲ့ မျှော်မှန်းချက်တွေကို သိနေသူမို့ ချက်ချင်းကို မန္တလာမြေကို ပြောင်းရွှေ့သွားခဲ့ပြီဖြစ်တဲ့ ရောင်းရင်းကြီး "ကိုရဲ" ကိုဖုန်းဆက်ခဲ့ရတယ်။ "ကိုရဲရေ...ခင်ဗျားဆီကို ဖိုးသားတစ်ယောက် ရောက်လာသလား။ ဒီကောင်ကလေး စာမေးပွဲလာမဖြေဘဲ ဘယ်ရောက်သွားမှန်းမသိ ပျောက်ချက်သားကောင်းနေလို့။ "ကိုရဲ" ကို သူကသိပ်ချစ်တာဆိုတော့ ကျွန်တော်က ခင်ဗျားဆီ သူသွားလိမ့်မယ်လို့ ထင်နေမိလို့"။ ဟုတ်တယ်သမီး...ဦးဦးကတော့ ခုထိတောင် အဲသလို ထင်နေမိတုန်းပဲ။ "ကိုရဲ" ဆီကို သူမရောက်ရောက်အောင် သွားနေတာဖြစ်မှာ။ တစ်နေရာရာမှာ ကိစ္စတစ်ခုခုနဲ့ သူကြာနေတာ ဖြစ်မှာပါ။ ဦးဦးကတော့ အခုထိ မယုံနိုင်သေးပါဘူး။ မင်း "ကိုရဲ" ဆီ သွားနေတာမဟုတ်လား "ဖိုးသား" ...

သမီးရေ...ဦးဦးတစ်ယောက် ပဟာဒီဖန်ခါးမြေ ဆေးတက္ကသိုလ်ကို မနှစ်က သင်္ကြန်အပြီးမှာ မြို့ရန်ကုန်ကနေ ရာထူးတိုးကာ ပြောင်းရွှေ့ခဲ့ရတယ်။ အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် ဘဝမှာ အခြေတကျ အဆင်ပြေနေတဲ့ နေရာတစ်ခုကနေ နေရာသစ်၊ ပတ်ဝန်းကျင်သစ်ကို ပြောင်းရွှေ့ရတော့မယ်ဆိုတော့ မရှင်မလန်း ဖြစ်နေမိတာပေါ့။ ဒါပေမဲ့ တခြားတစ်ဖက်ကနေ ကြည့်လိုက်တော့လည်း "ဖန်ခါးမြေဆေးတက္ကသိုလ်" က တပည့်ကလေးတွေကို စာသင်ပေးဖို့၊ ဖန်ခါးမြေဆေးရုံကြီးမှာ အလုပ်လုပ်ဖို့ ကျောင်းဆရာဘဝနဲ့ ဆရာဝန်ဘဝတွေ အတွက် ကြိုတင်ရင်ခုန်နေမိပြန်ရော။

လွန်ခဲ့တဲ့ တစ်နှစ်ခွဲလောက်တုန်းက ဖန်ခါးမြေကို "Visiting Lecturer" အဖြစ် နှစ်ပတ်တိတိ လာခဲ့တုန်းက ကြုံဆုံခဲ့ကြရတဲ့ ချစ်စရာ သနားစရာ ကောင်းလှတဲ့ တောသားတပည့်လေးတွေ၊ လှပစိမ်းမြပြီး နွေနေပူပူကျဲကျဲကြီးမှာ အိုအေစစ်လေးတမျှ စိမ်းစိုနေတဲ့ ဆေးရုံလမ်းကလေးတွေနဲ့ တွယ်ငြိခဲ့ရတဲ့ သံယောဇဉ်ကြိုးမျှင်တွေအကြောင်း ပြန်ပြောင်းတွေးနေမိခဲ့တယ်။ သမီးပဲစဉ်း

စားကြည့်လေ…ဘယ်တက္ကသိုလ်မှာမှ မကြုံခဲ့ဖူးတဲ့ ချစ်စရာ အပြုအမူကလေးတွေနဲ့ကြုံခဲ့ရ၊ စာသင်ခန်းထဲကို ဝင်လိုက်တာနဲ့ တပည့်တွေအားလုံး မတ်တတ်ရပ်…"မင်္ဂလာပါဆရာ" လို့ သံပြိုင်ညီညီညာညာ နှုတ်ဆက်ကြသံတွေကလည်း တကယ့်ကိုထူးခြားချက်ပါပဲ။ ပြီးတော့ ဆရာစာသင်နေတာကို အာရုံစူးစိုက် နားထောင်တတ်ကြတာ၊ ဆရာကို မိဘသဖွယ် ချစ်မြတ်နိုး ရိုသေလေးစားကြတာ။ အဲဒီနှစ်ပတ်သော ကာလတိုလေးမှာ ဦးဦးစာသင်ပေးခဲ့တဲ့ တပည့်လေးတွေက ဦးဦးဆီ စာလေးတွေရေးပြီး ဒီနှစ်ပတ်အတွင်း ဦးဦးစာသင်ကြားခဲ့တဲ့၊ ပြောပြခဲ့တဲ့ စကားလေးတွေဟာ သူတို့ဘဝမှာ အကျိုးရှိလှတဲ့အကြောင်း ကျေးဇူးတင်စကားလေးတွေ ပြောပြခဲ့တာတွေဟာ ဦးဦးရဲ့နှလုံးသားထဲ စွဲထင်နေတုန်းပါပဲ။

အဲဒီတုန်းက တပည့်မလေးတစ်ယောက် မေးခဲ့တဲ့မေးခွန်းကလေးကို တောင် သတိရမိသေးတယ်။ "ဖန်ခါးမြေတက္ကသိုလ်ကို တာဝန်ချပေးလိုက်ရင် မငြင်းဆန်ဘဲ ဆရာလာမှာလား" တဲ့။ အဲဒီအချိန်တုန်းက မဖြေခဲ့တဲ့၊ ဖြေရခက်ခဲတဲ့ မေးခွန်းတစ်ခုပါပဲလို့ အမှန်အတိုင်း ဝန်ခံလိုက်ရပါတယ်။ မှတ်မိသေးတယ် သမီးရေ…မနစ်က သင်္ကြန်တွင်း ဖန်ခါးမြေကိုမသွားခင် စိတ်ကူးယဉ် မျှော်လင့်ချက်လေးတွေနဲ့ ဖန်ခါးမြေရောက်ရင် ငါ ဘာတွေလုပ်မှာဆိုတဲ့ အတွေးကလေးတွေနဲ့ ရင်ခုန်လှုပ်ရှားနေမိခဲ့။ ဦးဦးလုပ်ချင်တဲ့ ဆန္ဒနှစ်ခုရှိတယ်။ တစ်ခုကတော့ ကလေးတွေကို စာသင်ရတဲ့အခါ ဦးဦးရဲ့စာသင်ခန်းလေးဟာ ပျော်ရွှင်စရာ စိတ်ဝင်စားစရာ သူတို့လေးတွေရဲ့စိတ်ထားနှလုံးသားတွေကို ပြုပြင်ပြောင်းလဲပေးမယ့် စကားဝိုင်းလေးတစ်ခု ဖန်တီးဖို့၊ စာကိုသာမက စိတ်ကိုပါ သင်ဖို့။ ဥပမာ - စာသင်တဲ့အချိန် ၂နာရီဆိုရင် အနည်းဆုံး နာရီဝက်ကနေ ၄၅မိနစ်လောက်ကို စိတ်ဓာတ်ရေးရာ၊ စာအကြောင်း ပေအကြောင်း သောင်းပြောင်းထွေလာ ပြောချင်ရာရာ ပြောပြမယ်။ ဆွေးနွေးပွဲလေးတစ်ခု လုပ်မယ်။ နောက်စိတ်ကူးတစ်ခုကတော့ စာကြည့်တိုက်လေးတစ်ခု ထူထောင်ဖို့ပါပဲ။ ဦးဦးဟာ ငယ်စဉ်ကတည်းက စာအုပ်စာပေကို ချစ်မြတ်နိုးလှတယ်။ မိမိတန်ဖိုးထားခဲ့တဲ့ စာပေရဲ့ကျေးဇူးကြောင့်လည်း ခုလိုဘဝမျိုး ရောက်လာခဲ့ရတယ်လို့ ယုံကြည်ခဲ့တယ်။ ဒါကြောင့် ဦးဦးရဲ့ကျောင်းသားတွေကိုလည်း စာအုပ်စာပေတွေ ချစ်မြတ်နိုးစေချင်တယ်။

ဒါကြောင့် လူတစ်ဦး ဖတ်သင့်ဖတ်ထိုက်တဲ့ စာအုပ်ကောင်းလေးတွေကို စုစည်းပြီး ကိုယ်ပိုင်စာကြည့်တိုက်လေးတစ်ခု ထူထောင်မယ်။ ကလေးတွေနဲ့ အခါအားလျော်စွာ စာပေဆွေးနွေးပွဲလေးတွေ လုပ်မယ်။ ရည်ရွယ်ချက်ကတော့ ဦးဦးရဲ့ တပည့် ဆေးကျောင်းသားလေးတွေကို ပညာတွေလည်းပြည့်ဝ၊ နှလုံးသားတွေလည်းလှပ၊ အသိအလိမ္မာတွေနဲ့ ဆင်ခြင်တုံတရား လက်ကိုင်ထားတဲ့ စိတ်ထားကောင်းလေးတွေနဲ့ ရင့်ကျက်တဲ့ ဆရာဝန်စစ်စစ်လေးတွေ ဖြစ်လာစေချင်တဲ့ စေတနာ မေတ္တာတွေပါပဲ သမီးရာ။

ကိုင်း...ဒီလိုစိတ်ကူး မျှော်လင့်ချက်ကလေးတွေနဲ့ ဦးဦးတစ်ယောက် ဖန်ခါးမြေဆေးတက္ကသိုလ်ကို ရောက်လာခဲ့တယ်။ စာသင်ခန်းလေးတွေထဲမှာ ကဗျာရွတ်ပွဲကလေးတွေ၊ စာအုပ်စာပေအကြောင်း ဟောပြောချက်လေးတွေ၊ ကလေးတွေ စိတ်ဝင်စားလောက်တဲ့ ကောင်းနိုးရာရာ ခေါင်းစဉ်ကလေးတွေကို စနစ်တကျ ရွေးချယ်စုဆောင်းပြီး မမောနိုင်မပန်းနိုင် အားပါးတရ ပြောတော့တာပဲ။ ဦးဦးရဲ့အချိန်တွေဆိုရင် နေ့လယ် ၂နာရီကစတဲ့ "Lecture" တစ်ခုဟာ ညနေ ၄နာရီခွဲ၊ ၅နာရီထိုးခါနီးလောက်မှ ပြီးတဲ့အထိ ရှည်လျားနေတော့တယ်။ အံ့ဩစရာကောင်းလိုက်တာ...ကျောင်းသားဘဝမှာ ဆရာ အဲဒီလောက်လေရှည်နေရင် အတန်းထဲက ထွက်ပြေးချင်ရင်ပြေးမယ်။ နောက် ဒီဆရာစာသင်ရင် မလာတော့ဘူးလို့၊ ကြောက်ချင်စရာ ကောင်းချင်ကောင်းမယ်လို့ ဦးဦးထင်မှတ်ထားခဲ့တာတွေ မှားခဲ့ပေါ့။ ကျောင်းသားလေးတွေဟာ ဦးဦးပြောတဲ့စကားလေးတွေကို နားနဲ့သာမက ရင်ထဲ နှလုံးသားတွေထဲထိတောင် စိမ့်ဝင်သွားအောင် စိတ်ဝင်တစားနဲ့ နားထောင်ကြ၊ ဆွေးနွေးကြ။ ဦးဦးကိုလည်း သူတို့တွေ စိတ်ဝင်စားတဲ့ သိချင်တဲ့ ခေါင်းစဉ်လေးတွေကို အကြံပေးတောင်းဆိုကြနဲ့ ဦးဦးရဲ့စာသင်ခန်းကလေးဟာ ပျော်ရွှင်စဖွယ် နွေးထွေးတဲ့ အပြန်အလှန်မေတ္တာတွေနဲ့ ပြည့်လျှမ်းနေတဲ့ နေရာလေးတစ်ခု ဖြစ်လာတော့တယ်။

စာကြည့်တိုက်ကလေးတစ်ခုလည်း စတင်ပြီး အကောင်အထည်ပေါ်လာခဲ့ပြီ။ ဦးဦးကလည်း အတန်းထဲမှာ စာကြည့်တိုက်လေးအကြောင်း ပြောပြတယ်။ ဖတ်သင့်တဲ့ စာအုပ်ကောင်းလေးတွေကို သူတို့ကလေးတွေကို ငှားရမ်း

ဖတ်ရှုစေတယ်။ သူတို့လေးတွေ ကြိုက်နှစ်သက်တဲ့ စာအုပ်ကောင်းလေးတွေ၊ သူငယ်ချင်းတွေကို ဖတ်စေချင်တဲ့ ဝေငှချင်တဲ့ စာအုပ်ကောင်းကလေးတွေကို လှူဒါန်းဖို့လည်း ဖိတ်ခေါ်တယ်။ အဲဒီမှာပဲ ကျောင်းသားလေးတွေထဲက စာပေဝါသနာအိုးလေးတွေ၊ အလှူရှင်လေးတွေ ထွက်ပေါ်လာတော့တယ်။

ဦးဦးရဲ့စာသင်ခန်းလေးထဲမှာ ထူးခြားတဲ့ မျက်လုံးလေးတစ်စုံနဲ့ ဦးဦးပြောသမျှတွေကို အများနဲ့မတူ တစ်မူထူးခြား စိတ်ဝင်စားစွာ နားထောင်တတ်တဲ့ ကျောင်းသားလေးတစ်ဦးကို စပြီးသတိထားမိလာတယ်။ အဲဒီမျက်လုံးလေးတစ်စုံဟာ ဦးဦးစာသင်ရင် မမောအောင် အားသစ်အင်သစ်တွေ ပေးနိုင်စွမ်းရှိတယ်။ အဲ...မကြာပါဘူး၊ စာသင်ချိန်တစ်ခုအပြီးမှာတော့ အဲဒီကျောင်းသားကလေး ဦးဦးရဲ့ရုံးခန်းထဲကို ရောက်လာပါလေရော။ အဲဒီနေ့က မှတ်မှတ်ရရ ဦးဦးနဲ့ "ဖိုးသား" ဆိုတဲ့ ကောင်ကလေးတစ်ယောက်နဲ့ စတင်ခင်မင် ရင်းနှီးသွားခဲ့တဲ့ နေ့လေးတစ်နေ့ပါပဲ။

ထူးခြားတဲ့ သူ့ရဲ့အသွင်အပြင်၊ အမူအရာ၊ ဝတ်စားဆင်ယင်ပုံ၊ အပြောအဆိုတွေနဲ့ သူ့ကို စပြီးသတိပြုမိသွားခဲ့တယ်။ သားလေးတစ်ယောက်လို ချစ်ခင်မြတ်နိုးမိလို့ "ဖိုးသား" လို့ပဲ သူ့ကို နာမည်ပေးလိုက်တယ်။ အဲဒီနေ့က ဦးဦးပြောလိုက်တဲ့ အကြောင်းအရာလေးတွေဟာ သူ့ရဲ့နှလုံးသားကို လှုပ်ရှားစေတဲ့အကြောင်း ကျေးဇူးတင်စကားပြောချင်လို့ လိုက်လာတာတဲ့။ မှတ်မှတ်ရရ အဲဒီနေ့ကပြောခဲ့တာက ကဗျာကလေးတစ်ပုဒ်အကြောင်း၊ ဆရာ "ဇော်ဂျီ" ရေးခဲ့တဲ့ "သင်သေသွားသော်" ဆိုတဲ့ ကဗျာလေးတစ်ပုဒ်ကိုရွတ်ပြီး လူသားတစ်ဦးအနေနဲ့ မသေခင်စပ်ကြား ရခဲလှတဲ့လူ့ဘဝမှာ ဘယ်လို နေထိုင်သွားသင့်သလဲဆိုတဲ့ မေးခွန်းလေးနဲ့ ဆွေးနွေးခဲ့တာဖြစ်တယ် သမီးရေ။ ပြီးတော့ သူသိပ်ကြိုက်နှစ်သက်တဲ့ ဆောင်းပါးလေးတစ်ပုဒ်ကို အတန်းထဲက သူငယ်ချင်းတွေကို ပြောပြပေးဖို့လည်း ဦးဦးကို လက်ဆောင်လာပေးပြီး တောင်းဆိုခဲ့တယ်။ အဲဒီဆောင်းပါးကလေးကတော့ စာရေးဆရာ "ကိုတာ" ရေးခဲ့တဲ့ "စံပယ်ဖြူ" မဂ္ဂဇင်းထဲက "အခြားတစ်ဖက်က တွေးခေါ်မြော်မြင်ခြင်း" ဆိုတဲ့ ဆောင်းပါးလေးပါပဲ။

အဲဒီနေ့ကစပြီး ဦးဦးဆီကို စာသင်ချိန်ပြီးတိုင်း ချောင်းပေါက်တော့မ

တတ် ဒီကောင်လေး ရောက်လာခဲ့တော့တယ်။ သူ လာတိုင်းလာတိုင်း လက်ထဲမှာ စာအုပ်လေးတစ်အုပ်နဲ့ သူဖတ်ထားခဲ့တဲ့ စာတွေအကြောင်းကိုလည်း ပြောပြတယ်။ ဦးဦးအတန်းထဲမှာ ပြောပြဖို့လည်း ခေါင်းစဉ်ကလေးတွေ၊ အကြောင်းအရာလေးတွေကို အကြံပေးခဲ့တယ်။ ဒီကောင်လေးဟာ တကယ့်ကို စာပေကို ချစ်မြတ်နိုးတဲ့၊ စာအုပ်တွေကို ငမ်းငမ်းတက် ဖတ်ရှုလေ့ရှိတဲ့ "စာချစ်သူ၊ စာပေသမား၊ စာကြမ်းပိုး" ကလေးတစ်ယောက်ဖြစ်မှန်း ပိုပြီးသိသာလာခဲ့တော့တယ်။ ကိုင်း...စာအုပ်စာပေတွေကို ချစ်မြတ်နိုးကြသူချင်း စိတ်ထဲနှလုံးသားထဲအထိ ရင်းနှီးခင်မင်သွားခဲ့ကြတာ ဘာမှအံ့ဩစရာ မရှိတော့ဘူးမဟုတ်လား။

ကျောင်းစာသင်ခန်းထဲက စခဲ့တဲ့ ခင်မင်ရင်းနှီးမှုဟာ တဖြည်းဖြည်းနဲ့ ဦးဦးရဲ့အိမ်ထဲကို ရောက်လာပါလေရော။ "ဖိုးသား" ဟာ ဦးဦးရဲ့အိမ်ကိုလည်း သူကျောင်းအားတိုင်း တဒီးဒီနဲ့ စက်ဘီးလေးစီးလို့ ရောက်လာတော့တယ်။ သူဟာ တခြားဆေးကျောင်းသားတွေနဲ့တော့ လားလားမှမတူတဲ့ ထူးခြားသူပါ။ သူညှပ်ထားတဲ့ ဆံပင်ပုံစံဟာ ခေါင်းတုံးဆံတောက်လို့ ခေါ်မလား၊ ဘဲမြီးလို့ ခေါ်မလား၊ ရှေ့တစ်လက်မ နောက်ပြောင်လို့ ပြောလို့ရတဲ့ ဆံပင်ကလေးတိုနံ့နံ့နဲ့ ဝတ်ထားစားထားတဲ့ပုံစံကလည်း တကယ့်ကို ရိုးရိုးကြီးတွေ။ အကျီအဖြူ လည်ကတုံးနဲ့ ပုဆိုးအကွက်ကျဲကျဲ လူကြီးအဆင်ကြီးတွေနဲ့ သူ့ပုံစံက ကျောင်းသားထက်ကို တောကျောင်းဆရာပုံ ပိုပြီးပေါက်နေသေးတယ်။ နုနယ်တဲ့ မျက်နှာလေးကြောင့်သာ ကျောင်းသားလို့ ထင်မှတ်ယုံကြည်ရတာ။

သူ့ရဲ့အမူအရာ၊ ပြောပုံဆိုပုံ၊ အတွေးအခေါ်တွေ၊ အသွင်သဏ္ဌာန်တွေကကျတော့ လေးလေးနက်နက် ရင့်ရင့်ကျက်ကျက်နဲ့ တကယ့်လူကြီးလိုပဲ သိမ်းရေ။ ဦးဦးရဲ့အိမ်ကို ရောက်လာရင်းလာရင်း အန်တီသက်နဲ့လည်း တဖြည်းဖြည်း ခင်မင်ရင်းနှီးလာခဲ့တယ်ပေါ့။ ကလေးက သိပ်သိတတ်တဲ့ကလေး၊ အိမ်ကိုလာရင် အန်တီသက်အတွက်ဆိုပြီး ဘုရားတင်ဖို့ ပန်းလေးတွေဝယ်လာမယ်၊ ပြီးရင် ဘုရားအိုးလဲပေးမယ်။ အန်တီသက်ရဲ့ မီးဖိုချောင်မှာ ကူပြီးကြက်သွန်လှီးပေး၊ ငရုတ်သီးတွေထောင်းပေးနဲ့ သားသမီးငတ်နေတဲ့ အန်တီသက်အတွက်လည်း "ဖိုးသား" ဟာ တစ်စတစ်စနဲ့ တကယ့်ကို သားလေးတစ်ယောက်ပမာ ဖြစ်လာ

တယ်။ အိမ်ရှေ့မှာ စက်ဘီးလေး ကလင်ကလင်သံ ကြားရပြီဆိုရင် ဒါ "ဖိုးသား" ရောက်လာတဲ့ သင်္ကေတပဲဖြစ်တယ်။ မိဘတွေနဲ့ဝေးနေရတဲ့ အချိန်အခါတွေမှာ "ဖိုးသား" အတွက်လည်း ဦးဦးတို့ဟာ မိဘအစားရသလို ဖြစ်နေတာ မဆန်းပါဘူး။ ဒီလိုနဲ့ ကောင်လေးဟာ ဦးဦးတို့အိမ်ကို နေ့စဉ် စက်ဘီးလေးစီးပြီး ရောက်လို့လာတော့တယ်။ စာကျက်ရင်လည်း ဦးဦးတို့အိမ်ရှေ့မှာ စားပွဲကလေးခင်းပြီး စာကျက်တော့တယ်။

"ဆရာနဲ့ အန်တီတို့ အိမ်လေးထဲကို ရောက်လာပြီဆိုရင် နွေးထွေးမှု၊ ငြိမ်းချမ်းမှု၊ ချစ်ခင်မှု၊ မေတ္တာစေတနာတွေနဲ့ ပြည့်စုံတဲ့ ခံစားချက်လေးတစ်ခုကို ရတယ်။ အဲဒါကြောင့် ဆရာတို့ စိတ်မဆိုးဘူးဆိုရင် အိမ်မှာလာပြီး စာကျက်ပါရစေ" တဲ့။ "ဖိုးသား" ပြောဆိုခဲ့တဲ့ စကားကလေးထဲက တစ်ခုပေါ့ကွာ။ စကားကြီး စကားကျယ်တွေလည်း သူ သိပ်ပြောတတ်တာ။ ဘယ်လောက်တောင် အမြင်ကတ်စရာကောင်းတဲ့ စကားလဲ (တခြားကျောင်းသားတွေကြားရင်) ...

"ဆရာရယ်...ကျွန်တော်ကတော့ အခုခေတ် ကျောင်းသားတွေကို ကြည့်လို့ကိုမရဘူး။ ဆေးကျောင်းကို လာတက်ကြတာကလည်း ပျော်ပွဲစားလာထွက်နေကြတဲ့အတိုင်းပဲ။ ဆရာဝန်တစ်ယောက် ပီပီပြင်ပြင်ဖြစ်လာဖို့ စိတ်ပါဝင်စားမှုလည်း ရှိပုံမရဘဲ လက်ဖက်ရည်ဆိုင်တွေ၊ ဂိမ်းဆိုင်တွေ၊ ဘောလုံးပွဲတွေမှာပဲ အချိန်တွေဖြုန်းတီးပစ်။ ဝတ်စားထားတာကလည်း လမ်းသရဲတွေလို။ အပြင်စာအုပ်စာပေတွေလည်း ဖတ်ရှုတာမရှိ။ ကျွန်တော်ကတော့ သူတို့တွေကိုကြည့်ပြီး အားမရပါဘူး" တဲ့။ ကိုင်း...ဒီစကားဟာ "ဖိုးသား" ဆိုတဲ့ ဆေးကျောင်းသားလေးတစ်ယောက်က တခြားဆေးကျောင်းသားလေးတွေကို ပြောတဲ့မှတ်ချက်စကားပေါ့။ ဦးဦးကို နှစ်ယောက်ချင်းပြောတဲ့ စကားပေမို့ပေါ့။ သူတို့ကျောင်းသားတွေကြားထဲပြောရင် အခုလောက်ဆို ခေါင်းကွဲနေပြီ။ ကြည့်ဦးလေ...ခုခေတ် ဆေးကျောင်းသားတွေကို ကြည့်လို့မရဘူးဆိုတော့ သူက ဘယ်ခေတ်က ဆေးကျောင်းသားမို့လို့လဲ။

ထူးတော့ထူးခြားတာ အမှန်ပဲ ...တခြားဆေးကျောင်းသားတွေက ဆိုင်ကယ်တဝီဝီနဲ့ ဝတ်ကောင်းစားလှတွေဝတ်ပြီး သုံးဖြုန်းပျော်ပါးနေတဲ့အချိန်

တစ်ခါတလေဆိုရင် ကျွန်တော်က ထမင်းဆိုင်သွားပြီးတော့ စားမနေတော့ဘူး။ အကြော်လေးဝယ်စားပြီး ရေတွေ တဝကြီးသောက်လိုက်ရင် ဗိုက်ဝသွားတာပဲ မဟုတ်လား"

အန်တီသက်လည်း အဲဒီအခါကျတော့ စုတ်တသပ်သပ်နဲ့ "ဘယ်ဖြစ်ပါ့မလဲ သားရယ်...မင်းတို့လို နောက်ဆုံးနှစ် ဆေးကျောင်းသားဆိုတာ စာတွေ အရမ်းကျက်ရတာဆိုတော့ အာဟာရပြည့်အောင် စားရတယ်။ ဒါမှ ဦးနှောက် ကြည်လင်ပြီးတော့ စာတွေ ပိုကျက်လို့ရမှာပေါ့။ အခုလာခဲ့စမ်း...အန်တီ့ရဲ့အိမ်မှာ ကြက်သားဟင်းချက်တယ်၊ ကြက်သားဟင်းနဲ့ ထမင်းလာစားလှည့်" ဆိုပြီး အတင်းဆွဲခေါ်လာတယ်။ အိမ်မှာ ထမင်းဟင်းတွေ ခူးခပ်ကျွေးတော့တာပဲ။ အဲဒီအခါကျတော့လည်း ဟန်မဆောင်နိုင်တော့ဘဲ အားပါးတရ ပလုတ်ပလောင်း စားနေတဲ့ "ဖိုးသား" ကို ထမင်းဝိုင်းဘေးကနေ ယပ်တောင်တစ်ချောင်းနဲ့ခတ်ပြီး ပီတိတွေဖြာနေတဲ့ အန်တီသက်ရဲ့ပြုံးရွှင်နေတဲ့ မျက်နှာထားကို အခုထိတောင် မြင်ယောင်နေမိတယ် သမီး "ထွေး" ရေ။

ဒီထက်တောင် ပိုထူးခြားတဲ့ မင်းအန်တီသက် ဒီ "ဖိုးသား" ကို ချစ်ခင်မှုကိုလည်း ပြောပြရဦးမယ် သမီး။ တစ်နေ့ကျတော့ "ဖိုးသား" ဆိုတဲ့ကောင်လေးဟာ စားပွဲလေးမှာထိုင်ပြီး စာကျက်နေတယ်။ အန်တီသက်က သူ့ရှေ့နားက ပက်လက်ကုလားထိုင်လေးမှာ ထိုင်ပြီးပုတီးစိပ်နေတယ်။ "ဖိုးသား" ဟာ စာကျက်လိုက်၊ မျက်လုံးကလေး ပေကလတ် ပေကလတ်လုပ်လိုက်၊ နားထင်နှစ်ဖက်ကို လက်နဲ့နှိပ်လိုက်နဲ့ လုပ်နေရော။ အဲဒါကို အရှေ့ကနေ မသိမသာသတိထားမိတဲ့ အန်တီသက်ဟာ မျိုးစုံစစ်ဆေး မေးမြန်းပါလေရော။ အဲဒီတော့မှ ဒီကောင်လေးဟာ စာတွေကို နင်းကန်ဖတ်ရင်း မျက်စိအမြင် မှုန်ဝါးနေတဲ့အကြောင်း ရိပ်စားမိတော့တယ်။

ရက်တောင်မှမဆိုင်းဘူး သမီးရေ...အန်တီသက်ဟာ "ဖိုးသား" ကို ချက်ချင်းခေါ်ပြီး မျက်စိဆရာဝန်ဆီ ပြေးတော့တာပါပဲ။ ဦးဦးကတော့ အဲဒီနေ့က ဆေးရုံကို အရေးပေါ်သွားပြီး ခွဲစိတ်နေတုန်းမို့ အိမ်မှာမရှိဘူး။ အမယ်...ဦးဦး ဆေးရုံကပြန်လာတော့ အန်တီသက်ဟာ ပြုံးပြုံးကြီးကြည့်ပြီး "ကိုင်း ဒယ်ဒီ...

"ဖိုးသား" စာကျက်နေတာကို ကြည့်စမ်း၊ ဒီနေ့ ဘာထူးခြားနေလဲ" လို့ ဆီးပြော တယ်။ စာကြည့်စားပွဲမှာ ဖြီးဖြီးကြီးနဲ့ထိုင်ရင်း စာကြည့်နေတဲ့ "ဖိုးသား" ကို မြင် ရတယ်။

ဩော် မေ့လို့...ဦးဦးပြန်လာတိုင်း ဒီကောင်လေး မပျက်မကွက်လုပ် တတ်တဲ့ အလုပ်လေးတစ်ခုကို ပြောဖို့မေ့သွားတယ်။ ဒီကောင်လေးက အိမ်ရှေ့ ဧည့်ခန်းရှေ့စာည့်တည့်မှာ ထိုင်ရင်းစာကျက်နေတာဆိုတော့ ဦးဦးဆေးရုံကနေ ပြန်လာရင် အဝေးကြီးကနေ လှမ်းပြီးမြင်နေရတယ်။ ဦးဦးကိုမြင်တာနဲ့ သူ ပြေး ထွက်လာပြီးကြိုမယ်။ ဦးဦးလက်ထဲကိုင်လာတဲ့ အိတ်တွေ၊ ပစ္စည်းတွေကို သယ် ပိုးပေးမယ်။ ဦးဦးက မောမောနဲ့ ပက်လက်ကုလားထိုင်မှာ ခြေပစ်လက်ပစ်ထိုင် ချလိုက်ပြီဆိုရင် သောက်ရေအေးအေးလေး တစ်ခွက်တိုက်မယ်။ ပြီးရင် ဘေး ကနေထိုင်ပြီး ယပ်တောင်တစ်ချောင်းနဲ့ တဖျပ်ဖျပ်ခတ်ပြီး (ခြင်တွေ၊ ယင်တွေ မောင်းဖို့ရယ်၊ လေအေးအေးကလေး ရဖို့ရယ်) စကားတွေ တတွတ်တွတ်ပြော တော့တာပဲ။ အမယ်...ဒီနေ့တော့ ယပ်တောင်ခတ်မပေးဘဲ စာကြည့်စားပွဲမှာ စာသွားကြည့်နေလေရဲ့ ဘာများထူးခြားပါလိမ့်...ဒီတော့မှ ဦးဦးလည်း သေချာ လှမ်းကြည့်လိုက်မိတော့တယ်။ သူ့မျက်နှာမှာ ဝင်းဝင်းလက်လက်နဲ့ တစ်စုံတစ် ခု ထူးခြားနေတာအမှန်။

မဈေးသက်ကတောင် စိတ်မရှည်တော့ဘဲ အော်ပါလေရော..."ဒယ်ဒီ ကလည်း ဒါတောင် မတွေ့သေးဘူးလား" တဲ့။ ဟုတ်ပ... "တွေ့ပြီ၊ တွေ့ပြီ" စာ ကြည့်မျက်မှန် လှလှလေးတစ်ခုကို တပ်ပြီးတော့ "ဖိုးသား" စာကျက်နေတာပဲ။ "ဘယ့်နှယ်လဲ သားသားနဲ့ မလိုက်ဘူးလား။ ဒီနေ့ သက်ကိုယ်တိုင် လိုက်ရွေး ပေးပြီး ဝယ်ပေးထားခဲ့တာ ဒယ်ဒီရ...ဒီမျက်မှန်နဲ့ကျတော့ သားသားက ဘယ် လောက်ခံ့ညားသွားလဲ။ ကျောင်းဆရာတစ်ယောက်နဲ့တောင် တူမနေဘူးလား။ ဒီနေ့ စာဖတ်တာ ခေါင်းမကိုက်တော့ဘဲ စာလုံးတွေ ကြည်ကြည်လင်လင် မြင်ရ တယ်လို့ ပြောလိုက်လေ"။ ကြည့်စမ်း...သမီးရဲ့အန်တီသက်တစ်ယောက် သူ လက်ဆောင်ဝယ်ပေးခဲ့တဲ့ မျက်မှန်လေးတပ်ပြီး "ဖိုးသား" စာကျက်နေတာကို ကြည်နူးပီတိနဲ့ ပျော်ရွှင်နေလိုက်တာများ။

သမီး "ထွေး" ရေ...ဦးဦးရယ်၊ အန်တီသက်ရယ်၊ "ဖိုးသား" လေးရယ် ဒီလိုပျော်ရွှင်ဖွယ်ရာ သီရိဂေဟာကလေးထဲ မထင်မှတ်မမျှော်လင့်တဲ့ မုန်တိုင်းတစ်ခု ဝင်ရောက်တိုက်ခတ်သွားလိမ့်မယ်လို့ ဘယ်သူကများ ထင်မှတ်ထားပါလိမ့်မလဲ။ ဦးဦး ဒီစာကလေးကို ရေးနေချိန်မှာပဲ သမီးရဲ့အန်တီသက်က "ဟော့ ဒယ်ဒီ ဟိုမှာကြည့်စမ်း...ဟိုရှေ့က စက်ဘီးကလေးစီးပြီး လာနေတာ "ဖိုးသား" နဲ့မတူဘူးလား၊ "ဖိုးသား" များလား" လို့ အလန့်တကြား လှမ်းခေါ်ပြီးပြလို့ ဦးဦး လှမ်းကြည့်လိုက်သေးတယ် သမီးရေ။ "အင်း ဟုတ်တယ်နော် တူလိုက်တာ... "ဖိုးသား" များဖြစ်လိုက်ရင် ဘယ်လောက်များကောင်းလိုက်မလဲ"။ ဦးဦးတို့အိမ်ရှေ့က စက်ဘီးလေးနင်းရင်း ဖြတ်သန်းသွားတဲ့ (အဝေးကကြည့်ရင် "ဖိုးသား" နဲ့ခပ်ဆင်ဆင်တူတဲ့) ကောင်လေးတစ်ယောက်ကိုကြည့်ရင်း ရင်ထဲက ကြေကွဲဝမ်းနည်းမှုတွေ၊ နမြောတမ်းတမှုတွေ၊ ဖြစ်မှဖြစ်ရလေခြင်း ဆိုတဲ့အတွေးတွေ အသစ်တစ်ဖန် ပြန်ဖြစ်လာသလိုပါပဲ။

အဲဒီအချိန်မှာပဲ ဦးဦးတစ်ယောက် အန်တီသက်ကို လှမ်းကြည့်လိုက်မိတယ်။ သူ့မျက်ဝန်းမှာ မျက်ရည်စလေးတွေနဲ့ စွတ်စိုမှိုင်းဝေနေတာ တွေ့လိုက်ရတယ်။

"ဒယ်ဒီရယ်... "ဖိုးသား" လေးကို ညတုန်းက အိပ်မက်မက်တယ်။ ဒီလိုပဲ စက်ဘီးလေးစီးပြီး သက်တို့အိမ်ရှေ့ကို ရောက်လာတယ်" တဲ့။ ဝမ်းသာအားရပဲ "အန်တီရေ...သား စာမေးပွဲအောင်ပြီဗျ" လို့ အော်ဟစ်ပြီး ရောက်လာတာ။

အေးကွယ် ဟုတ်ပါရဲ့...အဲဒီလို နေ့လေးတစ်နေ့ကို ဦးဦးရော အန်တီသက်ရော မျှော်လင့်ရည်မှန်းထားခဲ့ကြတာ။ အဲဒီမျှော်လင့်ချက်လေး တကယ်ပဲ လွင့်မျောကွယ်ပျောက်သွားခဲ့ပြီတဲ့လား။ ရက်စက်တဲ့ ကံကြမ္မာမုန်တိုင်းကိုပဲ အပြစ်တင်ရလေမလား။ သမီးလေး "ထွေး" ရေ... ဒီစာလေးကို ဒီနေရာမှာပဲ ခဏရပ်ပါရစေဦး။ ဆက်ရေးဖို့ အင်အားတွေ ကုန်ဆုံးသွားလို့ပါ...


«« ¤ »»

၂

# အလွမ်းခြေရာ

ဝေဒီ

၂


၂

# အလွမ်းခြေရာ ဝေဒနာ (၂)

**မန္တလေးဆေးက သမီးလေး 'ထွေး' . . .**

ထုံးစံအတိုင်း အိပ်ရာထဲက လန့်နိုးခဲ့ပြန်ပြီကော...ဒီတစ်ခါ ထူးဆန်းတာကတော့ သူ့အလိုလို နိုးလာတာမျိုးမဟုတ်ဘဲ တစ်ယောက်ယောက်က လာနှိုးနေသလိုလို ခံစားရတာ။ ဘာပဲဖြစ်ဖြစ် ဘယ်သူကနှိုးနှိုး ဟောဒီလို အရုဏ်ဦးကာလလေးမှာ အိပ်ရာကနိုးထလို့ အတွေးကမ္ဘာထဲ တစ်ယောက်တည်း မနက်အေးအေးမှာ တွေးချင်ရာတွေး ရေးချင်ရာရေးရတာဟာ ဦးဦးချစ်မြတ်နိုးလှတဲ့ "ဝါသနာ" "ဘဝရဲ့အရသာ"။ ဩော် မေ့လို့သမီးရေ...မနက်ခင်းလေးမှာ နိုးထလာတာ ဦးဦးတစ်ယောက်တည်း မဟုတ်ပေဘူး။ "စနီး" လို့ အမည်ရတဲ့ ဖြူဖြူဖွေးဖွေး ခွေးမလေးတစ်ကောင်လည်း ပါလေရဲ့။ ရှေ့မှာ စာရွက်ဖြူဖြူလေးကိုချ စာ "စ" ရေးဖို့ ကုလားထိုင်မှာထိုင်၊ ရင်ခွင်ထဲ ငုတ်တုတ်လေး လာထိုင်နေသူဟာ "စနီး" မလေးပေပဲ။ ဘာဖြစ်တယ် မသိဘူးကွယ်...ဟောဒီမနက်ခင်း ထူးထူးခြားခြား အလွမ်းဝေဒနာကို ခံစားရလေရဲ့။ "ဖိုးသားလေး" ပြောခဲ့ဖူးတဲ့စကားကိုလည်း ကြားယောင်မိ..."ဆရာနဲ့ ကျွန်တော် ဒီနေရာမှာ သိပ်တူတာဗျ။ ဆရာ့လိုပဲ ကျွန်တော်လည်း မနက်အစောကြီး လန့်လန့်နိုးပြီး တွေးချင်ရာတွေး ရေးချင်တာရေးရတာ ကျွန်တော် သိပ်ပျော်တာ" တဲ့။ "ဖိုးသားလေး" ရေ...မင်းအကြောင်း သတိရမိလို့ အခုမနက်ခင်းလေးမှာ "အလွမ်းခြေရာ ဝေဒနာ" ဆိုတဲ့စာလေးကို ဆက်ရေးဖို့ ဆရာပြင်ဆင်နေတယ်လေ။ မင်းအကြောင်းတွေက ပြောပြချင်စရာ လွမ်းစရာလေးတွေ များလွန်းလို့ ဘယ်ကဘယ်လို ရေးရမယ်ဆိုတာ မသိနိုင်အောင်ပါပဲကွယ်...ဘယ်လိုဆက်ရေးရပါ့။ ခါတိုင်းလိုပဲ ဆရာ့ကို ဟိုလို

ဒီလို လုပ်ပါလားဆရာလို့ လာပြီးအကြံပေးပါဦးလား။

ဘုရား ဘုရား…ဘယ်လိုတိုက်ဆိုင်လေသလဲမသိ၊ အဲဒီအချိန်မှာပဲ ဦးဦးရင်ခွင်ထဲ ငိုက်မျဉ်းနေတဲ့ "စနိုး" မလေးတစ်ကောင် ဆတ်ခနဲ ခေါင်းထောင်ထပြီး ပိတ်ထားတဲ့တံခါးဆီကို စူးစူးဝါးဝါး ထိုးပေါင်လိုက်ပါလေရော။ သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လို့။ ဦးဦးလည်း သူ့ပေါင်ရာကို လှမ်းပြီးနားအစွင့် ဟိုးအိမ်ရှေ့လမ်းမပေါ်က စက်ဘီးတစ်စီးရဲ့ဘဲလ်သံလိုလို ဘာလိုလို သဲ့သဲ့ကြားလိုက်ရသလို…

"ဖိုးသားလေး" ရေ…မင်းဟာ ဆရာ့နလုံးသားရဲ့အနီးဆုံးနေရာမှာ ရောက်နေပါရောလား။ ချက်ချင်း သတိရမိလိုက်တာကတော့ မင်းပျောက်ကွယ်သွားပြီးတော့ ဆရာသင်ခဲ့တဲ့ သင်ခန်းစာလေးထဲက အဖြစ်အပျက်လေးကိုပါပဲ။ ဦးဦးရဲ့တစ်သက်တာ ဘယ်တော့မှ ရင်ထဲက ပျောက်ကွယ်သွားတော့မှာမဟုတ်တဲ့ အလွမ်းခြေရာလေးတစ်ခုလို့ ပြောရမလား။ ဒီလိုလေ…အဲဒီနေ့က သင်ခန်းစာတွေမသင်ခင်မှာ ကဗျာလေးတစ်ပုဒ်ကို ရွတ်ဆိုဖို့ရည်ရွယ်ထားတယ်။ အဲဒီကဗျာလေးက "ဖိုးသား" မရမကရှာပြီး သူ့ကိုယ်တိုင် သူ့လက်ရေးနဲ့ ကူးရေးပေးခဲ့တဲ့ အမှတ်တရကဗျာကလေးတစ်ပုဒ်ပေါ့။ သမီးကို ဦးဦးပြောပြီးခဲ့ပြီရော… "ဖိုးသား" နဲ့ ဦးဦးဟာ စာပေဝါသနာပါတဲ့ "ဗီဇ" တူညီတယ်။ စာပေကို ချစ်မြတ်နိုးကြတာချင်းလည်း တူညီကြတယ်။ ထုံးစံအတိုင်း စာပေချစ်သူချင်း တွေ့ဆုံကြတဲ့အခါ စာအကြောင်းပေအကြောင်း သောင်းပြောင်းထွေလာတွေဟာ ပြောလို့ကိုမကုန်နိုင်လောက်အောင်။ ပင်ကိုသဘာဝအားဖြင့် အင်မတန် စကားနည်းပြီး အေးဆေးလှတဲ့ "ဖိုးသား" ဆိုတဲ့ကောင်လေးဟာ ဦးဦးနဲ့ စာအကြောင်းပေအကြောင်းတွေများ ပြောရတော့မယ်ဆိုရင်တော့ မျက်လုံးလေးတွေက အရောင်တွေတောက်လို့။ ပြောလိုက်တဲ့ စကားတွေကလည်း ရေပက်မဝင်နိုင်လောက်အောင်ပါ။

အဲဒီအခါမျိုးကျ မင်း "အန်တီသက်" ရဲ့ဆူပူခြင်းကို နစ်ယောက်စလုံး ခေါင်းလေးငုံ့၊ အောက်နှုတ်ခမ်းကို သွားနဲ့ကိုက်ပြီး (ရှေ့ဆက် စကားမပြောနိုင်အောင်) ပြုံးဖြဲဖြဲနဲ့ ငြိမ်ပြီးခံနေကျ။ "ကိုင်း ဒယ်ဒီ… ရပ်မလား၊ မရပ်ဘူးလား။

ကလေး စာကျက်နေတဲ့အချိန်မှာ ဒီလိုကျောင်းစာနဲ့ မပတ်သက်တာတွေ မပြောရဘူးလို့ ဘယ်နခါ ပြောရမလဲ။ ဒါမျိုးတွေပြောချင်ရင် "ဖိုးသား" စာမေးပွဲပြီးမှ၊ ဆရာဝန်ဖြစ်ပြီးသွားမှ ပြောချင်သလောက်ပြော...အခုချက်ချင်းရပ်ပါ။ ကလေး စာကျက်တာကို လာပြီးမနှောင့်ယှက်ပါနဲ့" တဲ့။ ကိုင်း...အဲဒီအခါကျ "ဖိုးသား" စာကျက်နေတဲ့နေရာက အသာကလေး ကုပ်ချောင်းကုပ်ချောင်းနဲ့ လစ်နေကျ။ စိတ်ထဲကနေတော့ ကြုံးဝါးလိုက်တယ်။ "ဟောကောင် "ဖိုးသား"...စာကောင်းကောင်းကျက်ကွာ။ မင်းစာမေးပွဲပြီးသွားမှ တို့တွေ စာအကြောင်းပေအကြောင်း သောင်းပြောင်းထွေလာတွေ မထတမ်း ပြောကြရအောင်လား" လို့ပေါ့။

ဟိုကောင်ကလည်း ခေါင်းလေးပုဝပ်ပြီး ကလေးငယ်လေးတွေ စာအံသလို အားပါးတရ စာတွေအော်ကျက်တော့တာပါပဲ။ အငြိမ်းစား ကျောင်းဆရာမကြီး "ဒေါ်ရွှေသက်" ရဲ့ရှေ့မှာတော့ ဦးဦးက ဆယ်တန်းကျောင်းသားလေးလို ဖြစ်သွားတယ်ဆိုရင် "ဖိုးသားလေး" က သူငယ်တန်း ကျောင်းသားကလေးတစ်ယောက် ဖြစ်သွားခဲ့တာ မဆန်းဘူးမဟုတ်လား။

မင်းက ဦးဦးရဲ့စာမသင်ခင် အတန်းထဲမှာ ပြောပြဆွေးနွေးလေ့ရှိတဲ့ အကြောင်းအရာလေးတွေကိုလည်း အင်မတန် စိတ်ဝင်စားတတ်တယ်။ ဘယ် "Posting" ကိုပဲရောက်ရောက်၊ ဦးဦးရဲ့ "Lecture" ချိန်လေးတွေရဲ့ရှေ့ကာစကားဝိုင်းကလေးကို မပျက်မကွက် တက်ရောက်နားထောင်လေ့ရှိတယ်။ အတန်းရဲ့ ဘယ်ဘက်နောက်ဆုံးခုံရဲ့ထောင့်ကလေးက သူအမြဲထိုင်နေကျ နေရာကလေးပေါ့။ ဒါမှသာ သူနားထောင်ချင်တဲ့ အကြောင်းအရာကလေးတွေအပြီး ဦးဦးစာမသင်ခင် အချိန်ပိုင်းလေးမှာ သူ့ရဲ့ပုံမှန်တက်ရမယ့်အတန်းကို တိတ်တိတ်လေး လစ်ပြေးဖို့ လွယ်ကူမှာမဟုတ်လား။ ထုံးစံအတိုင်းပေါ့ကွယ်...ဦးဦးစာသင်ရင်၊ စကားပြောရင်၊ နားထောင်နေတဲ့ ကျောင်းသားလေးတွေရဲ့မျက်လုံးလေးတွေကို လိုက်ကြည့်ရင်း အဲဒီမျက်ဝန်းကလေးတွေ အားလုံးထဲကမှ စိတ်အဝင်စားဆုံး၊ အတောက်ပဆုံး ဆရာ့စကားကို ချစ်ခင်နှစ်သက်မြတ်နိုးစွာ နားထောင်နေတယ်လို့ ခံစားရတဲ့ မျက်ဝန်းလေးတွေကို ရွေးကြည့်ပြီး စာသင်နေကျ။ ဒါမှသာ မိမိရဲ့သင်ကြားမှု၊ ပြောဆိုမှု၊ မိမိရဲ့အလုပ်မှာ ရှာန်ဝင်စားမှုဟာ အမြင့်ဆုံးခံစား



# သောက ညှိုးသည့်စိတ်ကို အလုပ်နဲ့ မောင်းနှင်ထုတ်မယ်

**မန္တလေးဆေးက သမီးလေး 'ထွေး' ...**

သမီး အခုချက်ချင်း အတွေးတွေအားလုံးကို ခေတ္တခဏ ရပ်တန်းက ရပ်ပြီး ကိုယ့်စိတ်ကို ကိုယ်ပြန်ကြည့်လိုက်စမ်းပါလား...အလစ်အငိုက်မှာ ရုတ်တရက်ရပ်လို့ ကိုယ့်စိတ်ထဲက "သူခိုးလေး" ကို ဖမ်းရတာ စိတ်ဝင်စားဖို့လည်းကောင်း၊ ပျော်ဖို့လည်းကောင်းတာ အမှန်ပဲ။ ကိုင်း...သမီးစိတ်ထဲ ဘာတွေများ လှမ်းတွေ့လိုက်လေသလဲ။ တွေ့လိုက်ရတဲ့အရာကရော သမီး ထင်မှတ်ထားတဲ့အတိုင်းလား၊ မထင်မှတ် မမျှော်လင့်တဲ့ အရာတစ်ခုလား။

သမီးတော့ မသိဘူးကွယ်...ဦးဦးရဲ့စိတ် "သူခိုး" ကို အလစ်အငိုက် ဖမ်းကြည့်လိုက်တဲ့ အခါတိုင်းလိုလိုမှာကို ဖြစ်ခဲ့ပြီးတဲ့ အတိတ်က ကိစ္စတွေကို ပြန်တွေးပြီး မလုပ်သင့်တာကို လုပ်မိခဲ့လေခြင်း၊ လုပ်သင့်တာကို မလုပ်မိခဲ့လေခြင်း၊ ဟိုနေရာမှာ ဟိုလိုလေး လုပ်လိုက်ရရင်တော့ ကောင်းမှာ စသဖြင့် ပူဆွေးသောက ရောက်တဲ့အခါရောက်၊ အဲသလို မရောက်ရင်လည်း အနာဂတ်ကာလမှာ ကိုယ်ဖြစ်ချင်တာတွေ၊ ရည်မှန်းထားတာတွေ ဖြစ်မှဖြစ်လာပါ့မလား။ ကိုယ်ဖြစ်ရမှာ သိပ်ကြောက်တဲ့၊ လုံးဝမဖြစ်ချင်တဲ့ အဖြစ်ဆိုးကြီးတွေများ ဖြစ်လာလေမလားရယ်လို့ တွေးတွေးပြီး ပူပန်သောကတွေ ရောက်နေတာမျိုး တစ်ခုမဟုတ်တစ်ခုတော့ ဖြစ်နေတာချည်းပဲ သမီးရေ။

ကိုင်း...သမီး "ထွေး" ရော ဘယ့်နှယ်လဲ။ သမီးကိုပြောခဲ့ဖူးတဲ့ စကားလေးလိုပေါ့ကွယ်..."လူတစ်ခု ပူမှုရယ်တဲ့ တစ်ကုဋေ" တဲ့။ မပူပန်တတ်တဲ့သူ

အောင် ပင်ပန်းဆင်းရဲကြီးစွာ ကြိုးစားခဲ့ပြီးတော့မှ အာဖရိကတောနက်ထဲ ဆေးပစ္စည်းကိရိယာတွေနဲ့ ဆေးဝါးတွေကိုပါ သယ်ဆောင်လို့ ဆင်းရဲသားလူမည်းတွေကို သူ့ဘဝတစ်ခုလုံးမြှုပ်နှံပြီး သေဆုံးတဲ့အချိန်အထိ ဆေးကုသမှုတွေပေးခဲ့တဲ့ နှလုံးလှ ဆရာဝန်ကြီးတစ်ယောက်အကြောင်းကို ဆရာဝန်လောင်း ဆေးကျောင်းသားကလေးတွေကို ပြောပြဖို့လည်း "ဖိုးသား" က တောင်းဆိုခဲ့တယ်။ အဲဒီဆရာဝန်ကြီးအကြောင်းကို ဆရာကိုယ်တိုင် အတန်းရှေ့မှာ ပြောပြတာကို သူ နားထောင်ချင်လှသတဲ့။ အဲသလို တောင်းဆိုရုံတင်မက အဲဒီဆရာဝန်ကြီးအကြောင်း အတ္ထုပ္ပတ္တိတွေ၊ သူ့ရဲ့အဆိုအမိန့်တွေ၊ ဓာတ်ပုံတွေ စတဲ့စတဲ့ အချက်အလက်တွေအားလုံး သူကိုယ်တိုင် အင်တာနက်ထဲက "Download" လုပ်ပြီး ရှာဖွေစုဆောင်းပေးခဲ့တယ် သမီးရေ။

အဲဒီ ကဗျာကလေးနှစ်ပုဒ်ရယ်၊ နှလုံးလှ ဆရာဝန်ကြီးအကြောင်းရယ် အတန်းထဲမှာ ပြောဖို့ပြင်ဆင်နေတုန်းမှာပဲ "ဖိုးသား" လို့ ဦးဦးခေါ်တဲ့ ကျောင်းသားလေးတစ်ယောက် ဟောဒီဖန်းခါးမြေကနေ ပျောက်ခြင်းမလှ ပျောက်ဆုံးသွားခဲ့တာဖြစ်တယ်။ ခုလောက်ဆို မင်းလေး ဘယ်ဆီဘယ်ဝယ်ကိုများ ရောက်နေလေမလဲ။ မှတ်မှတ်ရရ မင်းပျောက်ကွယ်သွားခဲ့ပြီး မကြာခင်မှာပဲ စာသင်ခန်းကို သွားတော့မယ်ဆိုတဲ့အချိန်မှာ ဒီနေ့ စာမသင်ခင် ဘာအကြောင်းကိုပြောရင်ကောင်းမလဲလို့ ရွေးချယ်တဲ့အခါကျ "ဖိုးသားလေး" ကို သတိရမိတယ်။ ခါတိုင်း ကျောင်းစာသင်ခန်းထဲ သွားရတော့မယ်ဆိုရင် သူက ဦးဦးရဲ့ရုံးခန်းကို ကြိုတင်ရောက်လာတတ်ပြီး ဒီနေ့ ဘာပြောရင်ကောင်းမလဲ ဆိုတဲ့ခေါင်းစဉ်ကို ရွေးချယ်ရာမှာ သူက ဝိုင်းစဉ်းစားတိုက်တွန်း၊ အကြံလေးတွေ ပေးတတ်တာကိုး။ ဦးဦးကလည်း အဲဒီလို ပြောရမယ့်အကြောင်းအရာ အချက်အလက်လေးတွေအားလုံးကို သူ့ဖိုင်တွေ၊ အလုပ်ခေါင်းစဉ်ကလေးတွေတပ်ပြီး သေချာစုစည်းထားတတ်တယ်။ ပြောသမျှခေါင်းစဉ်တိုင်းကို ဦးဦးကိုယ်တိုင် ဦးဦးရဲ့လက်ရေးနဲ့ ရောင်စုံမင်တံမျိုးစုံသုံးပြီး ဖလင်ကော်ပြားအကြည် "Transparency Sheet" မှာ လှလှပပ သရုပ်ဖော်ပုံတွေ၊ ကာတွန်းတွေ ရေးထားပြီးသား။ အဲဒီဖိုင်တွေထဲကမှ ဒီနေ့ကို ဘယ်ခေါင်းစဉ် ပြောရမယ်ဆိုတာကို စဉ်းစားရွေးချယ်လေ့ရှိတာ။

အဲဒီနေ့ကတော့ ဦးဦးကို လာကူညီပြီး ရွေးပေးမယ့် "ဖိုးသား" တစ်ယောက် ဘယ်နားရောက်နေပါလိမ့်။ ဦးဦးစိတ်ထဲ ဘယ်နည်းဘယ်ပုံ ဒီ "ဖိုးသားလေး" ကို သတိရသွားလေတယ် မသိဘူးကွယ်။ အဲဒီနေ့ စာသင်ခန်းထဲကို ဦးဦး ယူဆောင်လာတဲ့ ဖိုင်တွဲလေးကတော့ ကဗျာနှစ်ပုဒ်ဖြစ်တယ်။ အဲဒီကဗျာလေးတွေရဲ့နာမည်ကိုရော သိချင်သေးသလား။ တစ်ပုဒ်ကတော့ ဆရာ "ဇော်ဂျီ" ရဲ့ "တို့တိုင်းတို့ပြည်"။ နောက်တစ်ပုဒ်က ကဗျာဆရာမ "ငွေတာရီ" ရဲ့ "သာသည့်မြေသို့" တဲ့ သမီးရေ။ ဘယ်သူ့ရဲ့တိုက်တွန်းမှုလည်း ဆိုတာကိုတော့ သေသေချာချာ မပြောတတ်ဘူး သမီးရာ။ ဦးဦးသိတာကတော့ အဲဒီနေ့က စာသင်ခါနီး "ဖိုးသား" ကို သတိရလွမ်းတမိတယ် ဆိုတဲ့အချက်ပါပဲ။ အဲဒါကြောင့်လည်း သူ့သိပ်ကိုပြောပြစေချင်တဲ့ ကဗျာကလေးနှစ်ပုဒ်ကို ကိုယ်တိုင်သတိမထားမိပါဘဲ သူ့အလိုအလျောက် ရွေးမိသွားတယ်လို့ ထင်မိပါတယ်။

အဲဒီနေ့ စာသင်ခန်းထဲဝင်တော့ ဖန်ခါးမြေဆေးတက္ကသိုလ် ကျောင်းသားလေးတွေရဲ့မျက်နှာလေးတွေကို တစ်ယောက်ချင်းလိုက်ကြည့်ရင်း ဦးဦးရဲ့ ရင်ထဲက သူ့အလိုလို ထွက်ပေါ်လာတဲ့ စကားလေးတွေကို ပြောမိတယ်။ ဦးဦးဟာ ဒီဖန်ခါးမြေကိုရောက်ခဲ့တာ တစ်နှစ်ရှိသွားခဲ့ပြီ။ ရန်ကုန်မှာ နှစ်ပေါင်းများစွာ ကျောင်းဆရာတစ်ယောက်လုပ်ခဲ့၊ အတန်းတွေအများကြီး စာတွေသင်ခဲ့ရပေမယ့် ဟောဒီတစ်နှစ်တာ ဖန်ခါးမြေမှာ စာသင်ရတာနဲ့ အဆပေါင်းများစွာ ကွဲပြားခြားနားနေခဲ့တယ်။ အနှစ်သာရချင်းကလည်း တခြားစီမှတခြားစီ။ ဟုတ်တယ်လေ...သဘာဝချင်းကလည်း မတူညီခဲ့ကြသလို ရန်ကုန်မှာက ကျောင်းသားအများစုဟာ ရန်ကုန်သားတွေချည်း။ မိမိတို့ရဲ့မိဘအိမ်တွေကနေပြီး ကျောင်းကိုလာတက်ကြတယ်။ ကျောင်းမှာ ဆရာတွေနဲ့ တစ်ခဏတာတွေပြီး စာသင်ကြတယ်။ ပြီးရင် မိဘတွေရင်ခွင်ကို ပြန်သွားကြတယ်။ ကျောင်းစာသင်ခန်းထဲမှာတင် ပြီးဆုံးသွားတဲ့ ရိုးရိုးသာမန် ဆရာတပည့် ဆက်ဆံရေးမျှသာဖြစ်တယ်။ နောက်တစ်ချက်က ရန်ကုန်မှာက ကျောင်းဆရာတွေ အများကြီးရှိတာဆိုတော့ ကျောင်းသားတစ်ဖွဲ့တစ်ဖွဲ့လာရင် ဦးဦးသင်ရတဲ့ စာသင်ချိန်က နှစ်ချိန်၊ သုံးချိန်လောက်ပဲ ရှိတာဖြစ်တယ်။ ဒါကြောင့် စာသင်ချိန်နည်းနည်းလေး၊ ကျောင်းသား

နဲ့ဆရာ ထိတွေ့မှုကလည်း တစ်ခဏလေး။ အဲဒီတော့ ဆရာတပည့်တွေကြတဲ့ အချိန်ကလည်းနည်း၊ မြို့ကြီးပြကြီး သဘာဝလည်းဖြစ်တာမို့ တစ်ဦးနဲ့တစ်ဦးက လည်း ရင်းနှီးခင်မင်မှုတွေ နည်းခဲ့ကြတယ်။ အမှန်အတိုင်း ဝန်ခံရကြေးဆိုရင် နှစ်ပေါင်းများစွာ စာသင်ခဲ့ပေမယ့် စာသင်ခန်းပြင်ပ ရောက်သွားတာနဲ့ တစ်ဦးနဲ့ တစ်ဦး သူစိမ်းတွေလိုပဲ။ ဆရာကလည်း တပည့်တွေကို မှတ်မိဖို့မလွယ်၊ တပည့် တွေကလည်း စာသင်ခန်းအပြင်ရောက်တာနဲ့ များလွန်းတဲ့ဆရာတွေကို မမှတ် မိတတ်ကြတော့ဘူး။ ဒါဟာ မြို့ကြီးပြကြီးတွေမှာ ဖြစ်တတ်တဲ့ သဘာဝပဲနဲ့တူပါ ရဲ့။

ဖန်ခါးမြေဆေးတက္ကသိုလ်ရဲ့ထူးခြားချက်ကတော့ မြန်မာပြည်တစ်နံ တစ်လျား အနံ့အပြားက ဆေးကျောင်းသားလေးတွေရဲ့စုဝေးရာတက္ကသိုလ်ပဲ ဖြစ်တယ်။ ဟိုးအထက်ဘက်မှာ ကချင်ပြည်နယ် မြစ်ကြီးနား၊ ဟိုးအောက်ဘက် မှာ ထားဝယ် ကော့သောင်းထိ တနင်္သာရီတိုင်း၊ အညာမြေလတ်တစ်ကြောလုံး၊ အရှေ့ဘက် ရှမ်းရိုးမတစ်ခွင် ပဲခူးတိုင်း၊ ဧရာဝတီတိုင်း။ အနောက်ဘက်က ရခိုင် ပြည်နယ်။ အဲသလို နိုင်ငံတစ်ဝန်းက တောသားကလေးတွေ မိဝေးဖဝေးနဲ့ ရပ် ဝေးမြေခြားမှာ လာရောက်ပြီး ပညာသင်ကြားနေကြတာဖြစ်တယ်။ သူတို့လေး တွေအတွက် ပေါဒီတက္ကသိုလ်က ကျောင်းဆရာတွေဟာ ဆရာဆိုရင်လည်း ဟုတ်၊ ဝေးနေရတဲ့ မိဘတွေရဲ့ကိုယ်စား ဆုံးမပဲ့ပြင်ပေးကြတဲ့ အုပ်ထိန်းသူတွေ ဆိုလည်း ဟုတ်နေပြန်တယ်။ ဒါတင်မကဘူး…ဒီဖန်ခါးမြေ ဆေးတက္ကသိုလ်မှာ ဆရာအင်အားက မြို့ကြီးတွေထက်စာရင် နည်းပါးပေတာမို့ ဦးဦးတို့လို ဆရာမျိုး တွေအတွက် ကျောင်းသားနဲ့ဆရာ ထိတွေ့မှုနှုန်း၊ စာသင်ချိန်တွေက ပိုများလာ တယ်။ စာသင်ချိန်တွေမှာဆိုရင်လည်း စာမသင်ခင် ဦးဦးက အချိန်ယူပြီး သူတို့လေးတွေ စိတ်ဓာတ်ရေးရာပိုင်းမှာ ပိုပြီးရင့်ကျက်ပြည့်ဝလာအောင် အသိ ဉာဏ်စဉ်းစားဆင်ခြင်မှု၊ အတွေးအခေါ်တွေ တိုးတက်လာအောင်၊ တိုင်းချစ်ပြည် ချစ်စိတ်တွေနဲ့ အများအကျိုးကို ဆတက်ထမ်းပိုး ပိုပြီးရှက်ဆောင်ချင်စိတ်တွေ ရှိလာအောင်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ နေ့စဉ်နေ့တိုင်း ဟောပြောပွဲ ဆွေးနွေး ပွဲလေးတွေ လုပ်ပေးတယ်။ စာကြည့်တိုက်ကလေး ဖွင့်ပေးပြီး ကောင်းနိုးရာရာ

ဖတ်သင့်ဖတ်ထိုက်တဲ့ စာအုပ်ကောင်းတွေ ငှားရမ်းဖတ်ရှုစေတယ်။

ပြောရမယ်ဆိုရင်တော့ ဦးဦးကိုယ်တိုင်လည်း တောသားကလေးတစ်ယောက်။ ကိုယ်ငယ်စဉ်တုန်းကလည်း မြို့ကြီးပြကြီးမှာမဟုတ်ဘဲ ကျောင်းတက်ခဲ့ရတဲ့သူဆိုတော့ အလိုလိုနေရင်း သိမ်ငယ်စိတ်တွေဝင်မိတာ၊ မြို့ကြီးပြကြီးက ကျောင်းသားတွေနဲ့ နှိုင်းယှဉ်မိပြီး အားငယ်စိတ် ဖြစ်မိတာတွေဟာ ဘဝမှာ မှတ်မှတ်ရရ ကြုံကြိုက်ခဲ့ဖူးတယ်။ အဲဒါကြောင့်လည်း တောသားအချင်းချင်း ကိုယ်ချင်းစာနာမိတယ်လို့များ ပြောရလေမလား။ ဒီဖန်ခါးမြေကို မြန်မာပြည် အနယ်နယ်အရပ်ရပ်ကနေ ပညာသင်ကြားဖို့ ရောက်လာခဲ့ကြတဲ့ ကလေးတွေရဲ့ရင်ထဲ အသည်းနှလုံးထဲမှာ ခိုအောင်းနေနိုင်တဲ့ ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်စိတ်တွေ၊ အားငယ်စိတ်တွေ လွင့်ပါးပျောက်ကွယ်ပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်တဲ့စိတ်တွေ ရဲရင့်တက်ကြွတဲ့ အားမာန်တွေနဲ့ အစားထိုးလို့ ထူးဆန်းထက်မြက်တဲ့ အများအကျိုးရှက်ဆောင်နိုင်တဲ့ နိုင်ငံသားကောင်းတွေ ဖြစ်လာအောင် ဦးဦးရည်ရွယ်တာဖြစ်တယ်။

အထူးသဖြင့် ဒီဖန်ခါးမြေမှာက မိဝေးဖဝေး၊ မိဘတွေရဲ့ဆိုဆုံးမမှုတွေကနေ ဝေးရာမှာ မိမိခြေထောက်ပေါ်ကို မိမိရပ်ပြီး ပညာရှာကြတဲ့ ဆေးကျောင်းသားတွေအတွက် လမ်းမှားကိုရောက်သွားနိုင်တဲ့ အန္တရာယ်တွေက လက်တစ်ကမ်းမှာ ရှိနေတာမဟုတ်လား။ အဲဒီအချိန်မျိုးမှာ မိဘတွေရဲ့ကိုယ်စား သူတို့ကလေးတွေ လမ်းမှားမရောက်ဘဲ လမ်းမှန်ပေါ်၊ မိမိရဲ့ဦးတည်ချက် ရည်မှန်းချက်တွေ ပျောက်မသွားရအောင် ဆုံးမသွန်သင်ရမှာ ဦးဦးတို့လို ကျောင်းဆရာတစ်ယောက်ရဲ့ သမိုင်းပေးတာဝန်ပဲဖြစ်တယ်။

"တစ်ဦးမေတ္တာ တစ်ဦးမှာ" ဆိုတဲ့ စကားလေးလိုပါပဲ။ မိမိက မေတ္တာစေတနာအပြည့်နဲ့ စာတင်မက စိတ်ကိုပါ သင်ကြားပေးတဲ့အခါမှာ တုံ့ပြန်မှုတွေဟာ အံ့မခန်းပါပဲ သမီးရေ…ပြောရမယ်ဆိုရင် ဒီနှစ်အတွင်းမှာ ကြုံခဲ့ဆုံခဲ့ရတဲ့ ဖန်ခါးမြေက ဆေးကျောင်းသားလေးတွေနဲ့ ဦးဦးတို့ရဲ့ဆက်ဆံရေးဟာ ကျောင်းစာသင်ခန်းထဲမှာတင် ပြီးဆုံးသွားတဲ့ သာမန်ဆရာတပည့် ဆက်ဆံရေးမကပေဘူး။ သူတို့လေးတွေဟာ သူတို့အပေါ်မှာထားတဲ့ ဦးဦးရဲ့စေတနာမေတ္တာတွေ

ကို နားလည်စွာလက်ခံကြတယ်။ ဦးဦးကိုလည်း သူတို့ရဲ့ရှေ့က လမ်းမှန်ကိုပြပေး
နေတဲ့ "လမ်းပြကြယ်" လို့သတ်မှတ်ပြီး ချစ်ခင်ကြတယ်၊ လေးစားကြတယ်၊ အား
ကိုးကြတယ်။ ပြီးတော့ သူတို့တွေ ကြီးပြင်းလာတဲ့အခါကျ ဦးဦးလိုမျိုး ဆရာဝန်
ဖြစ်ချင်ကြသတဲ့။ အဲဒီအထဲကမှ ဦးဦးကို ဖခင်တစ်ယောက်လိုချစ်ခင်တဲ့ သား
လေးတစ်ယောက်ရဲ့ဆန္ဒ တောင်းဆိုချက်ကြောင့်ရယ်၊ ဦးဦး ကိုယ်ပိုင်ခံစားချက်
ရယ်ကြောင့် သားတွေ သမီးတွေအတွက် လက်ဆောင် ကဗျာကလေးတစ်ပုဒ်
ကို ရွတ်ဆိုခံစားကြပါစို့လို့ ဦးဦးက ပြောပြခဲ့တယ်။

ဟုတ်တယ်လေ သမီးရဲ့...အဲဒီကဗျာလေးဟာ ဦးဦးငယ်စဉ် အထက်
တန်းကျောင်းသားဘဝမှာ သင်ကြားခဲ့ရတဲ့ ကဗျာဖြစ်တယ်။ အဲဒီတုန်းကတော့
စာမေးပွဲအတွက် ကဗျာလေးကို အလွတ်ကျက်ခဲ့ရုံလောက်ပါပဲ။ ဒါပေမဲ့ ကဗျာ
ရဲ့အနှစ်သာရကို တကယ့်ကို ခံစားရတာကတော့ ဦးဦး အင်္ဂလန်နိုင်ငံကို ပညာ
တော်သင်သွားခဲ့တုန်းက အချိန်ပါပဲ။ ခေတ်မီတိုးတက်တဲ့ နိုင်ငံကြီးတစ်နိုင်ငံမှာ
ပညာသင် နေထိုင်ရင်း အလုပ်လုပ်ရင်း သူတို့နိုင်ငံရဲ့ ခေတ်မီဆန်းပြားတဲ့ တိုး
တက်ဖွံ့ဖြိုးလှတဲ့ ဆေးပညာလောကရယ်၊ မက်မောဖွယ်ကောင်းအောင် လုပ်ခ
လစာ အခွင့်အရေးတွေအပေါ်မှာ အားကျခင်တွယ်စိတ်တွေ ဝင်လာခဲ့မိတယ်။
ပုထုဇဉ်လူသားတစ်ဦးပဲလေ...အဲဒီလိုနေရာမျိုးရောက်ရင် အဲသလိုပဲ ခံစားရ
တတ်တာ သဘာဝပဲပေါ့။

ဒါပေမဲ့ အဲဒီအချိန်မှာ ဦးဦးရဲ့ရင်ထဲ သူ့အလိုလို ရောက်လာခဲ့တာက
တော့ အခုရွတ်ဆိုပြတော့မယ့် "သာသည့်မြေသို့" အမည်ရတဲ့ ကဗျာကလေး
တစ်ပုဒ်ပါပဲ။ "ဖိုးသား" ရဲ့လက်ရေးလေးနဲ့ ကိုယ်တိုင်ရေးခဲ့တဲ့ အဲဒီကဗျာလေး
ကို ဖတ်ရှုနားဆင်ကြည့်ပါဦး သမီး "ထွေး" ရာ။

# သာသည့် မြေသို့

* အလှရှုပါဦး
ဖြူးဖြာအင်းရှင့်
ကြာရုံမှာ ဘုန်းရုံ ကျင်းရော့ထင့်
ဖြူဝင်းငွေမှုန်ကြာတို့
လေယူရာ ရနံ့သင်း
ဘင်းမျှ့ခဲ့သူ ဖြံမှာ ။

* ဒီပြကြည့်ပြန်တော့
မချိမှု ငွေဖြာခဲ့
မြေပြာမှာ နေတာ မတင့်ရှိုင်ဘူ
ကြည့်စရာ နိဒါန်းတွေလဲ မဖွင့်လေတော့
စိမ်းရင့်ရောင် နွယ်ချုံပုတ်တွေက
ရှုပ်ထွေးကာ လိမ်နွေ့ယှက်
အားပျက်စရာ ။

* ယခုစဉ်ရှိ
သာဆန်း ရရုံအွင်ရှိ
ဝါလျှမ်းကာ နီဝင်းသို့
ပြာငွေစင် ခြိုင်မျှ ရှားပါတဲ့
ပွင့်ဖုံဆင် ပင်တွေကြားမှာလ
ဖြူရောင်ရိုဘာညို မြက်ဝင်းရယ်နှင့်
ဆုံးလေရှိ သစ်ရိပ်ညိုမှာ မြင့်
ကျောင်းအိပ်လို့ တစ်ကိုယ်ဘာ
ရှင်ပါချင့်စိတ်ထဲ ။

* သို့လာလေ မသောင့်လျှော်ဝေဘူ
ငါ့ဖြေဖြေ ဥယျာဉ်နှင်း ဟာလာ
လှလေသည့်သာစင်း ဝေပေါ့
စိတ်ပင်း လို့သည်လို့ ဖြေလို့
ကျက်သရေ တက်နေ့ဝင့်ဆောင်လ
ငါ့ဖြေ ဖြေ တဖြေဖြင့်ချင်ငဲ့
သူ့ဖြေမှာ ဖြေပြောဖွင့်ရှင်ဖြင့်
ငါ့ဖြေမှာ နီဂါတင့်ရမော့
အခွင့် အခါ ကျက်လို့
ဥယျာဉ်တော်သာ ယာရေး ကိုလ
ချိုဖြင်ဖြော် ခါခါ တွေးပါလို့
မရှေး ပင် အား အင်ထွက် လို့ ရယ်
ပေါင်း နှုတ်ရှိ့ ခဲ့ ။

ငွေတာရီ
ဝံချိုး လေးချိုး

အဲဒီကဗျာလေးကို အသံထွက်ရွတ်ဆိုရင်း ဦးဦးရဲ့မျက်ဝန်းထဲမှာ မိမိ ခွဲခွာလာခဲ့ရတဲ့ မိမိကို မျှော်လင့်ချက်ကြီးစွာနဲ့ နိုင်ငံရပ်ခြားကို ပညာတော်သင် စေလွှတ်လိုက်တဲ့ အမိမြေကို လွမ်းတမ်းပါတယ်။ ခုမှ ဖွံ့ဖြိုးဆဲ လိုအပ်ချက်တွေနဲ့ "လှပတဲ့အမိမြေ"… "အမိမြေ" ရဲ့ဘဏ္ဍာတွေထဲက မိမိကို နိုင်ငံခြားငွေတွေ အ ရင်းအနှီးအဖြစ် ပေးအပ်လိုက်ပြီး တိုင်းပြည်နဲ့လူမျိုးအတွက် အကျိုးပြုစေမယ့် ခေတ်မီဆေးပညာတွေကို သင်ကြားဖို့ စေလွှတ်လိုက်တဲ့ အမိမြေ…ဒီမြေမှာ မွေးပြီး ဒီမြေမှာပဲ ပညာရင်နို့ သောက်စို့ခဲ့ ကြီးပြင်းခဲ့၊ အခု အမိမြေက စေလွှတ် လိုက်တဲ့ "နိုင်ငံ့ဝန်ထမ်း နိုင်ငံခြားပညာတော်သင် ကျောင်းသားဘဝ"…အခု ဘဝမှာ ရနိုင်သမျှ ခေတ်မီတဲ့ဆေးပညာတွေကို သင်ကြားဆည်းပူးလို့ ပြီတိသျှ တော်ဝင်ဆေးကောလိပ်က ချီးမြှင့်တဲ့ တော်ဝင်အထူးကု ပါရဂူဘွဲ့ကြီးကို ဆွတ် ခူးခဲ့ပြီ။ မိမိတစ်ကိုယ်တည်း ကောင်းကျိုးအတွက်ဆိုရင် ဘာတွေများ လေးလေး နက်နက် စဉ်းစားစရာ လိုသေးလို့လဲ။ ဒီဘွဲ့ကြီးနဲ့ ဒီဆေးပညာတွေနဲ့ ပြည့်စုံတဲ့ ဆရာဝန်ကြီးတစ်ယောက်အတွက် သူတို့နိုင်ငံမှာ ရေကန်အသင့် ကြာအသင့်။ မိမိနေချင်ရင်၊ အလုပ်လုပ်ချင်ရင် ဝမ်းမြောက်ဝမ်းသာလက်ခံမယ့် နေရာတစ်ခု ကို ရောက်ရှိနေပြီ။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်ခုရဲ့အသီးအပွင့်တွေကို ခံစားပျော်မွေ့ပြီး အဲဒီနေရာမှာပဲ နေတော့မယ်ဆိုရင်ကော… "No No" လုံးဝ မဖြစ်သင့်ဘူး။ ဒီလို အမိမြေကနေ စေလွှတ်လိုက်တဲ့ ရည်မှန်းချက်ဟာ အဲသလို လုံးဝမဟုတ်ခဲ့။ အဲဒီလိုနိုင်ငံမျိုးမှာ မင်းနေမယ် အလုပ်လုပ်မယ်ဆိုတာဟာ ရေ များရာ မိုးရွာတဲ့ပုံစံ ဖြစ်မနေဘူးလား။ အထူးကု ဆရာဝန်ကြီးတွေဆိုတာ ရိုက် သတ်လို့မှမကုန်အောင် များလှတဲ့ဖြစ်ခြင်း။ အမိမြေကို ပြန်ပြောင်းငဲ့ညှာကြည့် ပါဦး…မင်းတတ်မြောက်လာမယ့် ခေတ်မီဆေးပညာတွေနဲ့ မင်းကုပေးရမယ့် ရောဂါဝေဒနာ ခံစားနေရတဲ့ သနားစဖွယ်လူနာတွေ၊ ပြီးတော့ မင်းရဲ့ဆေးပညာ တွေကို လက်ဆင့်ကမ်း သင်ကြားပေးရမယ့် ဆေးကျောင်းသားလေးတွေရယ်၊ သူတို့တွေဟာ မင်းရဲ့အမိမြေသို့ အပြန်လမ်းကို မျှော်လင့်ကြီးစွာနဲ့ ငဲ့လင့်စောင့် ကြိုနေတယ် မဟုတ်လား။

"သူ့မြေမှာ ဖြူပြာပွင့်ရင်ဖြင့် တို့မြေမှာ နီဝါတင့်ရမပေါ့"…ဆိုတဲ့ အား

မာန်နဲ့ အမိမြေကို ဝမ်းမြောက်ပျော်ရွှင်စွာ ပြန်လာခဲ့တာ၊ အခု သားတို့သမီးတို့တွေကို ဆေးပညာတွေ အစွမ်းကုန်သင်ကြားပေးနေတာ၊ အမိမြေက သနားစဖွယ်လူနာတွေကို တတ်မြောက်လာခဲ့တဲ့ ဆေးပညာတွေနဲ့ ကြိုးစားပမ်းစားကုသပေးနေတာ ပောဒီ မင်းတို့ရဲ့ဆရာပါ။ မင်းတို့ရဲ့ဆရာမှာ အဲဒီလိုမျိုးစိတ်ဓာတ်တွေ တဖွားဖွားပေါ်ပေါက်လာအောင် လှုံ့ဆော်ပေးခဲ့တဲ့ အားမာန်တွေပေးခဲ့တဲ့ ကဗျာလေးတစ်ပုဒ်ကို အခု ရွတ်ဆိုပြချင်ပါတယ်။ သားတွေသမီးတွေ ပောဒီကဗျာကလေးကို နားနဲ့တင်ထောင်တာမဟုတ်ဘဲ ဟိုးအသည်းနှလုံးထဲကနေ စူးစူးစိုက်စိုက် နားထောင်ကြပါလို့ စကားလေးပျိုးပြီး ကဗျာကလေးကိုရွတ်ဆိုဖို့ ပြင်ဆင်တယ် သမီးရေ။

သားတွေသမီးတွေကိုလည်း ပြောပြရသေးတယ်၊ ဦးဦးတို့ဟာ တစ်စတစ်စ အသက်ကြီးရင့် ညှိုးရော်လာကြပြီ။ ကြွေကျတဲ့ ရွက်ဟောင်းတွေနေရာမှာ ရွက်နုသစ်လေးတွေက အစားထိုးဝင်ရောက်ပြီး လောကကို အလှဆင်ကြရမှာက မွေ့တာပဲမဟုတ်လား။ အနာဂတ်ဆေးလောကကို ဆက်လက်ဦးဆောင်ကြရမှာ သားတွေသမီးတွေရဲ့တာဝန်ပဲဖြစ်တယ်။ ဒီလိုအနာဂတ်ရဲ့ သားကောင်းလေးတွေကို ဦးဦးတို့ဉယျာဉ်မှူးတွေက ပြုစုပျိုးထောင်ပြီး မွေးထုတ်ပေးရမှာဖြစ်တယ်။ သားသမီးဟာ မိဘတွေထက် ထူးချွန်ရမယ်။ တပည့်တွေဟာ ဆရာတွေထက် ထူးချွန်ထက်မြက်ရမယ်။ ဒါမှသာ တစ်ဆင့်ပြီးတစ်ဆင့် ပိုမိုမြင့်မားတဲ့ ကြီးကျယ်တိုးတက်တဲ့ အနာဂတ်ကို တည်ထောင်နိုင်မှာဖြစ်တယ်လို့ မျှော်လင့်ချက်တွေနဲ့ အစချီပြီး ကဗျာလေးကို ရွတ်ဆိုရတယ် သမီးရေ။

ခံစားချက်အပြည့်နဲ့ ဒီကဗျာလေးကို ရွတ်ဆိုရင်း ဦးဦးရဲ့မျက်လုံးတွေဟာ ဦးဦးရဲ့အသံကို နားစိုက်ထောင်နေကြတဲ့ မျက်ဝန်းနက်လေးတွေကို တစ်ဦးစီတစ်ဦးစီ မျှော်လင့်ကြီးစွာ ငေးကြည့်မိတယ်။ ဦးဦးရဲ့အကြည့်တွေဟာ တဖြည်းဖြည်း စာသင်ခန်းရဲ့ဟိုးဘယ်ဘက် နောက်ဆုံးခုံတန်းထောင့်လေးကို ရောက်လာတော့တယ်။ ဘုရား ဘုရား...အဲဒီခုံတန်းကလေးမှာ နေရာလေးတစ်ခုက လွတ်လို့ပါလား။ ဒါပေမဲ့ အဲဒီနေရာလွတ်လေးမှာ ဝင်းလက်စိုရွှန်းတဲ့ မျက်ဝန်းလေးတစ်စုံကို ဦးဦးမြင်နေရတယ်ကွယ်...ဦးဦးရွတ်ဆိုနေတဲ့ ကဗျာကလေးကို

ကြည်နူးပီတိတွေနဲ့ ယုံကြည်မျှော်လင့်ခြင်းတွေနဲ့ စူးစိုက်ကြည့်နေတဲ့ မျက်ဝန်းလေးတစ်စုံကို ဦးဦးမြင်နေမိတယ်။

"ဖိုးသား" ရေ...မင်းတောင်းဆိုခဲ့တဲ့ မင်းလက်ရေးကလေးနဲ့ ကူးရေးပေးခဲ့တဲ့ မင်းရဲ့အချစ်မြတ်နိုးဆုံးဆိုတဲ့ ကဗျာကလေးတစ်ပုဒ်ကို ဦးဦးဆရာ အခု ရွတ်ဆိုနေပါပြီကွယ်။ သာမန်နှုတ်ဖျားက ရွတ်ဆိုတာ မဟုတ်ရပါဘူး။ မျှော်လင့်ခြင်းကြီးစွာသော နာကျင်ကြေကွဲသော လွမ်းတခြင်း၊ နမြောတမ်းတခြင်းတွေနဲ့ အတိပြီးတဲ့ နှလုံးသားကနေ ထွက်ပေါ်လာတဲ့ ကဗျာကလေးပါ။ "ဖိုးသား" အားရပါးရ နားဆင်ပါလေတော့ . . .

သမီးလေး "ထွေး" ရေ...ကဗျာကလေးကို ရွတ်ဆိုရင်း ဦးဦးရဲ့ရင်ဟာ ကြေကွဲစွာ လှုပ်ခုန်နေတယ်။ ဦးဦးရဲ့ မျက်ဝန်းတွေဟာလည်း တဖြည်းဖြည်းနဲ့ မှုန်ဝါးဝေသီလာတယ်။ ဦးဦးရဲ့အသံကလည်း ဆို့နင့်တုန်ယင်လာတယ်။ မျက်လုံးအစုံကို အသာမှေးမှိတ်လိုက်ပေမယ့် အာရုံထဲမှာတော့ "ဖိုးသား" ရဲ့ကြည်နူးပီတိတွေနဲ့ ရွှန်းလက်တောက်ပနေတဲ့ မျက်ဝန်းလေးတစ်စုံကိုပဲ ထင်းထင်းကြီးမြင်နေမိတော့တယ်။

မျက်တောင်ကလေးတွေကို တဖျပ်ဖျပ်ပုတ်ခတ်ရင်း စီးကျလာတော့မယ့် မျက်ရည်တွေကိုထိန်းဖို့ ကြိုးစားလိုက်တယ်။ ဦးဦးရဲ့ရှေ့မှာ ကျောင်းသားလေးတွေ သားတွေသမီးတွေဟာ ဦးဦးရဲ့ကဗျာကလေးကို နားဆင်ရင်း ဦးဦးကို ငေးစိုက်ကြည့်နေကြတယ်။ သူတို့လေးတွေရဲ့ရှေ့မှာ ဆရာ့ရဲ့မျက်ရည်တွေကို ထိန်းချုပ်နိုင်ရမယ် မဟုတ်လား။

ဒီလိုနဲ့ ကဗျာကလေးကို ဆက်ရွတ်ဖို့ ကြိုးစားရင်း ကြိုးစားရင်း ဦးဦးတစ်ယောက် ဘယ်လိုမှ ဆက်ပြီးထိန်းချုပ်လို့ မရတော့ဘူးသမီးရေ...အဲဒါနဲ့ပဲ ကဗျာလေးရဲ့နောက်ဆုံးအပိုဒ် မရောက်ခင်မှာပဲ အတန်းထဲက ခပ်သွက်သွက်ခြေလှမ်းတွေနဲ့ ပြေးထွက်ခဲ့ရတော့တယ်။ စာသင်ခန်းရဲ့အပြင်ဘက် ကုက္ကိုပင်ကြီးအောက်ကိုရောက်တော့ ထိန်းချုပ်ထားခဲ့တဲ့ မျက်ရည်ရေကာတာကြီးဟာ ဒလဟော ကျိုးပေါက်သွားပါလေရော။ အဲဒီချောင်ကလေးမှာ ဦးဦးကို ဘယ်သူမှ မမြင်နိုင်ပါဘူး။ အဲဒီနေရာမှာ ဦးဦးတစ်ယောက် ရှိုက်ကြီးတငင် ငိုကြွေးနေမိ

တယ်။ ရင်ထဲမှာ ရှိက်တက်လာတဲ့ ဝမ်းနည်းကြေကွဲမှု၊ နမြောတမ်းတမှုတွေနဲ့ "ဖိုးသား" ရေ…မင်းတောင်းဆိုတဲ့ ကဗျာလေးကို ဆရာရွတ်နေပါတယ်။ မင်း ရောက်ရာဘဝကနေ နားဆင်ပါလို့လည်း ပါးစပ်က တတွတ်တွတ် ရေရွတ်နေမိ တယ်။ ဝေဝါးမှုန်သီနေတဲ့ မျက်ဝန်းတစ်စုံနဲ့ ဟိုးကုက္ကိုပင်ထက် လှမ်းကြည့်တော့ သစ်ပင်ကိုင်းထက် ရှဉ့်ကလေးတစ်ကောင်က ဦးဦးကို ငေးစိုက်ကြည့်နေတာ မြင်လိုက်ရလေရဲ့။

ဟောဒီနေရာ ဟောဒီခုံတန်းလေးမှာ "ဖိုးသား" ရယ်၊ ဦးဦးရယ် မကြာ မကြာထိုင်ရင်း စာအကြောင်း ပေအကြောင်း စကားစမြည် ပြောနေကျမဟုတ် လား။ အဲဒီအချိန်လေးတွေမှာ ဦးဦးတို့နား ပြေးလွှားနေတဲ့ ရှဉ့်ကလေးတွေကို မင်း သိပ်ချစ်ခင်ခဲ့တာ။ "ဖိုးသား" ရေ…မင်းဖြစ်ချင်လှတဲ့ အထူးကုဆရာဝန်ကြီး တစ်ယောက်၊ ကျောင်းဆရာကြီးတစ်ယောက်၊ စာရေးဆရာကြီး ဖြစ်ချင်လှတဲ့ အထူးကုဆရာဝန်ကြီးတစ်ယောက် မလုပ်တော့ဘဲ ဘာကြောင့် လောကကြီးကို အရှုံးပေး ထွက်ခွာသွားရတာလဲလို့ နမြောတမ်းတစွာ ယူကျုံးမရ ငိုကြွေးနေမိတဲ့ ဦးဦးရဲ့အဖြစ်ကို တမလွန်က "ဖိုးသား" တစ်ယောက် လှမ်းကြည့်နေလေမလား။

သမီး "ထွေး" ရေ… "အလွမ်းခြေရာ ဝေဒနာ" ဆိုတဲ့ ဟောဒီအလွမ်း စာလေးကို ဒီနေရာမှာ ခေတ္တရပ်ခွင့်ပြုပါနော်။ ဦးဦးမျက်ဝန်းတွေ မှုန်ဝါးဝေသီနေ ပြီမို့ အခုရေးနေတဲ့ စာလုံးကလေးတွေကို ဘာဆိုဘာမှ မမြင်ရတော့လို့ပါ။ ဦးဦး မျက်ရည်တွေကြောင့် ဟောဒီစာလုံးလေးတွေ ပျက်ပြယ်သွားမယ်ဆိုရင်လည်း သည်းခံပြီးဖတ်တော့နော်။ တိုက်ဆိုင်လိုက်တာ…ဦးဦးရင်ထဲ "ဖိုးသား" ကြိုက် တဲ့ ကဗျာကလေးတစ်ပုဒ် ဝင်လို့လာလေရဲ့…

"သံယောဇဉ်ဆိုတာရယ်
နွယ်ပင်လေးတစ်ပင်ပေါ့…
ရာသီတွေ ဘယ်လိုပြောင်းပေမယ့်
ခေါင်းထောင်လို့ကြော့" တဲ့။

«« ¤ »»

# ၃

# အလွမ်းပြေ ဝတ္ထု

# ၃

# အလွမ်း
# ဓမ္မ
# ဝေဒနာ

၂



# အလွမ်းခြေရာ ဝေဒနာ (၃)

**မန္တလေးဆေးက သမီးလေး 'ထွေး' . . .**

ဧရာဝတီမြစ်ကမ်းနံဘေးမှာ အလွမ်းတေးသမားတစ်ယောက် ရှိနေပြီ။ ဦးဦးတစ်ယောက် ဟိုးအနောက်ဘက်ကမ်းက တောင်တန်းတွေမှာ မေးတင်နေတဲ့ နေလုံးနီနီကိုငေးကြည့်ရင်း မရှည်ရှယ်ပါဘဲ သီချင်းလေးတစ်ပုဒ်ကို တိုးတိုးညည်းမိလေရဲ့။ ဦးဦးထိုင်နေတဲ့ ဧရာဝတီမြစ်ကမ်းဘေးက သစ်မြစ်ဆုံကြီးတွေက လှမှလှ။ ဟိုးမိုးတွင်းမှာဆို ဧရာဝတီမြစ်ရေပြင်အောက် ရောက်နေတတ်တဲ့ ကုက္ကိုပင်ကြီးတွေရဲ့အမြစ်တွေဟာ ရေတိုက်စားလို့ ခုလို ရေကျသွားချိန်ဆို အမြစ်တွေအားလုံး မြေပေါ်မှာ ပေါ်နေတယ်။ အဲဒီအမြစ်လုံးကြီးတွေရဲ့အပေါက်တွေထဲ တူတူပုန်းတမ်းကစားလို့တောင် ရလောက်တဲ့ အဲဒီအမြစ်ဆုံကြီးကို မှီထိုင်ရင်း ဧရာဝတီမြစ်ရေပြင်ရဲ့ညနေခင်းဆည်းဆာကို ငေးမောနေတဲ့ ဦးဦးတစ်ယောက်တော့ဖြင့် အမှတ်မထင် သီဆိုမိတဲ့ သီချင်းလေးကို သေချာတွေးကြည့်လိုက်မိတော့တယ်။

အဲဒီသီချင်းကလေးရဲ့နာမည်က အဆိုတော်ခင်ဝမ်းရဲ့"နှုတ်ဆက်ခဲ့ပါတယ်" တဲ့လေ။ ဘုရား ဘုရား...အဲဒီသီချင်းကလေးက ဘာကြောင့်များ ဦးဦးရဲ့နှုတ်ခမ်းက အလိုအလျောက် ထွက်ပေါ်လာရပါသလဲ။ ချက်ချင်းကိုပဲ ဦးဦးသီဆိုနေမိတဲ့ သီချင်းသံလေးတစ်ခု ဧရာဝတီမြစ်ပြင်ထဲက ဖောက်ခွဲထွက်ပေါ်လာသလို ခံစားကြားယောင်မိလိုက်တယ်။

"နှုတ်ဆက်ခဲ့ပါတယ် . . . ကျွန်တော်သွားတော့မယ်
လမ်းရဲ့သယ်ဆောင်ရာ ဟိုအဝေးကို အဝေးကို

လွမ်းတတ်ရင်လည်း လမ်းမှာပဲ လွမ်းတော့မယ် ...”

ဒီသီချင်းသံကို ကြားလိုက်တော့ ဦးဦးရဲ့ရင်ထဲမှာ လှပ်ခနဲ လှုပ်ခါသွားတော့တယ်။ ဟုတ်ပါရဲ့ကွယ်...မှတ်မှတ်ရရ “ဖိုးသား” နဲ့ နောက်ဆုံးဆုံတွေ့ခဲ့ကြတဲ့နေ့၊ ဦးဦးတို့အိမ်မှာ သင်္ကြန်တွင်းကြီး မုန့်လုံးရေပေါ်လုပ်စားရင်း ပျော်ပွဲစားကြတဲ့နေ့၊ ကာရာအိုကေသီချင်းတွေ တစ်ယောက်တစ်လှည့်ဆိုကြ ပျော်ကြတဲ့နေ့။ “ဖိုးသား” ဆိုတဲ့ ကောင်လေးက ဘာကြောင့်များလည်းမသိ “နှုတ်ဆက်ခဲ့ပါတယ်” ဆိုတဲ့သီချင်းကို လွမ်းလွမ်းဆွေးဆွေးလေး သီဆိုသွားခဲ့တယ်။ သူ့ရဲ့အသံကလည်း ပီဘိအဆိုတော်တစ်ယောက်လို ပီပီပြင်ပြင်။ တကယ့်ကို တစ်နေရာရာ ခွဲခွာသွားခါနီး ကြေကွဲတဲ့ နှလုံးသားခံစားချက်က သူ့ရဲ့မျက်နှာမှာ အထင်းသား။ ဦးဦးတောင်မှ အဲဒီသီချင်းလေးကို နားထောင်ရင်း ဘယ်ဆီလွမ်းမိတယ်မသိ ဖြစ်ရသေးရဲ့။ ပီပြင်လွန်းလှတဲ့ အလွမ်းတေးရှင်ကို ဦးဦးကတောင်မှ လက်ခုပ်ဩဘာတွေပေးပြီး ချီးမြှင့်ခဲ့ရသေးတယ်။ အဲဒီတုန်းက “ဖိုးသား” တစ်ယောက် မျက်ရည်တွေရစ်ဝိုင်းနေတဲ့ မျက်ဝန်းတွေနဲ့ ဦးဦးကို တွေတွေကြီးစိုက်ကြည့်နေခဲ့တာ အခုတောင် မြင်ယောင်နေမိသေးတယ်။

“ဖိုးသား” ...မင်းက ဘယ်ကိုများသွားမှာမို့ နှုတ်ဆက်သီချင်းကို ဆိုရတာလဲလို့တောင် ဦးဦးက “စ” နောက်ပြီး မေးလိုက်မိပါသေးရဲ့။ အခုတော့ သမီးရေ...တကယ့်ကိုပဲ ဒင်းကလေးက ဦးဦးတို့ကိုရော၊ ဟောဒီလောကဇာတ်ခုံကြီးကိုရော အားလုံးကို နှုတ်ဆက်လို့ ပြန်မလာနိုင်တော့တဲ့ ခရီးရှည်ကြီးတစ်ခုကို အပြီးအပိုင် ထွက်ခွာသွားခဲ့ပြီပဲ။ အဲဒီနေ့က သူ့ကို ဦးဦးတို့ နောက်ဆုံးတွေ့မြင်လိုက်ရတဲ့နေ့၊ အဲဒီ “နှုတ်ဆက်ခဲ့ပါတယ်” ဆိုတဲ့သီချင်းလေးဟာ သူ့ရဲ့နောက်ဆုံးနှုတ်ဆက်သီချင်း...

သီချင်းလေးရဲ့အဆုံးသတ်လေးကို ကြားယောင်နေမိတယ်သမီးရေ။

“အားလုံးကို ခွဲထားရစ်ခဲ့ပြီ
အရာရာကို ခွင့်လွှတ်ထားခဲ့ပြီ
တစ်ချိုးတစ်ကွေ့တွေကြောင့် ခွဲခွာဖို့ ရင်နာဖို့ ကြုံခဲ့ပြီ” တဲ့။

ဟုတ်ပါရဲ့ကွယ်...ဘဝတစ်ကွေ့မှာ တစ်ခဏလေး တွေ့ခဲ့ကြရတာ

အခုလိုမျိုး ထာဝရခွဲခွာဖို့တဲ့လား၊ အဲလိုပဲ မင်းက ထင်မှတ်ထားခဲ့လေသလား၊ ခုတော့ အလွမ်းခြေရာဝေဒနာလေးတွေ ပေးထားရစ်ခဲ့ပြီး မင်းကတော့ မဆုံးနိုင်သေးတဲ့ နောက်ထပ်ခရီးတစ်ခုကို ဆက်သွားခဲ့ပြီကော "ဖိုးသား" ရေလို့ တီးတိုးရေရွတ်နေမိတဲ့ ဦးဦးရဲ့ မျက်ဝန်းအိမ်တွေဟာ တစ်စထက်တစ်စ မှုန်ဝါးလို့လာလေရဲ့။ ဦးဦးရှေ့နားမှာ မြစ်မင်းဧရာဝတီက ငြိမ့်ငြိမ့်လေးစီးဆင်းနေတယ်။ ဦးဦးတစ်ယောက် မြစ်ရေပြင်ကို တွေတွေကြီး စူးစိုက်လို့ကြည့်နေမိတယ်။ "ဖိုးသား" ဆိုတဲ့ကောင်လေး ဟောဒီလူ့လောကထဲက ပျောက်ကွယ်သွားခဲ့တာ ဦးဦးရှေ့က မြစ်ရေပြင်မှာပဲ မဟုတ်လား။ အဲဒီနေ့က မင်းဒီနေရာကို တစ်ယောက်တည်းရောက်လာခဲ့တယ်။ အခု ဦးဦးထိုင်တဲ့ နေရာလေးမှာတောင် ခပ်ကြာကြာလေးထိုင်ပြီး ဦးဦးအခုကြည့်နေသလို ဟောဒီမြစ်မင်းဧရာဝတီကို နောက်ဆုံးအနေနဲ့ ငေးမောကြည့်သွားလေဦးမလား။ မြန်မာပြည်ကိုချစ်တဲ့ "ဖိုးသား" ဟာ ပြည်မြန်မာရဲ့ ကျက်သရေဆောင် ပြယုဂ်ဖြစ်တဲ့ မြစ်မင်းဧရာကိုလည်း အသည်းနှလုံးထဲကကို ချစ်မြတ်နိုးမှာ အမှန်ပါပဲ။ သိပ်ကို အချစ်လွန်သွားလေသလား "ဖိုးသား" ရယ်...ဒါကြောင့်လည်း ဧရာဝတီမြစ်ရေပြင်ရဲ့ ဟိုးအောက်ခြေထိ မင်းမရောက်ရောက်အောင် သွားခဲ့လေတာလား။

မှတ်မိသေးရဲ့...မင်းမေမေ ဦးဦးတို့အိမ်ကို ရောက်လာတဲ့နေ့။ အဲဒီနေ့က မင်းလေးပျောက်နေခဲ့တာ ၃ရက်ရှိပြီ။ သားဖောနဲ့ တအားမောလာခဲ့တဲ့ "ဖိုးသား" ရဲ့မေမေ သားပျောက်ရာပုံတော်ဖွင့်ဖို့ ဦးဦးတို့ဆီ ရောက်လာခဲ့တယ်။ အဲဒီနေ့မနက်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် သတင်းတစ်ခုကလည်း ပျံ့လွင့်လာခဲ့။ "ဧရာဝတီမြစ်ထဲ ရေနစ်သူတစ်ယောက် ပြန်ပေါ်လာတဲ့သတင်း"။ တကယ်တမ်းပြောရရင် အဲဒီရေနစ်သူဟာ "ဖိုးသား" ဖြစ်လိမ့်မယ်လို့ ယောင်လို့တောင် မတွေးမိခဲ့ရိုးအမှန်ပါ။ ဦးဦးချစ်တဲ့ "ဖိုးသား" ဟာ ဆရာဝန်လောင်းတစ်ယောက်၊ အနာဂတ်မျှော်လင့်ချက် ရည်မှန်းချက်တွေနဲ့ မကြာခင်ဖြေဆိုရတော့မယ့် အပြီးသတ်စာမေးပွဲကြီးကို အားမာန်အပြည့်နဲ့ ကြိုးစားနေတဲ့ အနာဂတ် ဆေးလောကရဲ့ သားကောင်းတစ်ယောက်၊ ရိုးရိုးသာမန် ဝေလေလေသမား တစ်ယောက်လည်း မဟုတ်။ စာတွေလည်း အများကြီးဖတ်တဲ့၊ အသိဉာဏ် ဗဟုသုတတွေနဲ့ ကြွယ်ဝ

ရင့်ကျက်နေတဲ့၊ ဦးဦးကိုချစ်တဲ့၊ "ဒေါက်တာရဲ" ကို သူ့ရဲကောင်းတစ်ယောက်လို ကြည်ညိုကိုးကွယ်တဲ့၊ "ဒေါက်တာရဲ" လို နောင်တစ်ချိန်ကျရင် ကလေးအထူးကု ဆရာဝန်ကြီးတစ်ယောက်၊ ပြီးတော့ ဦးဦးတို့နှစ်ယောက်လိုပဲ ကျောင်းဆရာကြီး တစ်ယောက်၊ ဒါတင်မက စာရေးဆရာကြီး တစ်ယောက်ဖြစ်အောင်လည်း ကြိုး စားမယ်လို့ ကတိသစ္စာပြုထားခဲ့တဲ့ လူ့အဖိုးတန်တစ်ယောက်…ဒီလိုလူမျိုးဟာ ဒီလိုအဖြစ်မျိုးနဲ့ ကြုံရလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့် မထင်မှတ်ခဲ့တာ အမှန်ပါ သမီးရာ။ ဒါပေမဲ့ မပြေးသော်လည်း ခြေရာကရှိခဲ့ပြီ။ ပျောက်ဆုံးနေတဲ့ "ဖိုးသား" ရဲ့သတင်းအစအနကလည်း ဘယ်ကမှမရ။ တစ်ချိန်တည်းမှာပဲ ဒီအ ဖြစ်ဆိုးကလည်း ဖြစ်ခဲ့ပြီဆိုတော့ လိုလိုမည်မည် ဒီကိစ္စကို သွားစုံစမ်းကြည့်တာ မမှားဘူးဆိုပြီး စုံစမ်းဖို့ရာ ဆုံးဖြတ်ခဲ့ကြ။ မဟုတ်ပါစေနဲ့ မဟုတ်ပါစေနဲ့လို့လည်း အထပ်ထပ် ရေရွတ်ဆုတောင်းခဲ့ကြ။ အဲဒီအချိန်လေးမှာ သိစိတ်ကတော့ လုံးဝ မဖြစ်နိုင်ဘူးလို့ အထပ်ထပ်အခါခါ ပြောနေပေမယ့်လည်း ဟိုးအတွင်းမသိစိတ် ကတော့ ဟုတ်များဟုတ်နေလား၊ ဟုတ်ဖို့ကများနေပြီလို့ တိုးတိုးလေး ပြောနေ ပြန်တယ်။

ဦးဦးတို့အားလုံး မဟုတ်ပါစေနဲ့ မဖြစ်ပါစေနဲ့လို့ ဆုတောင်းခဲ့တာတွေ အားလုံး ရေစုန်မျောသွားခဲ့ပြီ။ ယုံသည်ဖြစ်စေ မယုံသည်ဖြစ်စေ ချန်ထားရစ်ခဲ့ တဲ့ သဲလွန်စတွေအားလုံးက တစ်ခုတည်းသော ဖြစ်နိုင်ခြေကို လက်ညှိုးညွှန်ပြ ခဲ့ပြီကောကွယ်။ တကယ့်အကောင်အထည်ကိုတော့ မမြင်ရတော့ဘူး။ မနေ့က ပိုင်ရှင်မဲ့အဖြစ် သဂြိုဟ်လိုက်ကြသတဲ့။ ရဲစခန်းမှာကျန်ရစ်ခဲ့တဲ့ ("အန်တီသက်" ဝယ်ထားပေးခဲ့တဲ့) မျက်မှန်လေးတစ်လက်ရယ်၊ မြစ်ကမ်းဘေးနား ရပ်ထားခဲ့ တဲ့ (ရပ်ကွက်ရုံးက ပိုင်ရှင်မဲ့အဖြစ် သိမ်းထားခဲ့တဲ့) စက်ဘီးလေးတစ်စီး၊ ကျန် ရစ်ခဲ့တဲ့ အဝတ်အစားလေးတွေ၊ ဒီပစ္စည်းလေးတွေကိုကြည့်ရင်း မျက်ရည်တွေ တွေစီးကျနေခဲ့တဲ့ "ဖိုးသား" ရဲ့မေမေ ဘယ်လိုမှကို မယုံနိုင်တော့ပါဘူး။ "သိပ် လိမ္မာခဲ့တဲ့သား၊ ဘာဆိုဘာမှ မဟုတ်တာမလုပ်တတ်ခဲ့တဲ့ အင်မတန်ကြိုးစားခဲ့ တဲ့သား၊ အခုတော့ လုပ်ရက်လိုက်တာ သားရယ်" လို့ တဖွဖွ ရေရွတ်နေလိုက် တာများ…ကြည့်မြင်သူတွေရဲ့ရင်ထဲ အသည်းထဲ ဘယ်လိုခံစားရတယ်ဆိုတာ

ပေါ်လွင်အောင် ဦးဦးတော့ဖြင့် ဘယ်လိုဖော်ပြရမယ်မှန်း မသိတော့ဘူး။ ဦးဦးတို့မကြာခင်လေးကမှ တွေ့ဆုံခင်မင်ခဲ့ကြသူတွေတောင် ဒီလောက်ခံစားကြရရင် "ဖိုးသား" ရဲ့မေမေဆို ဘယ်လောက်တောင် ခံစားရမယ်ဆိုတာ မှန်းဆလို့ကြည့်နိုင်ပါတယ်။ သူတို့မိသားစုရဲ့အကြီးဆုံးသား၊ စာကြိုးစားတဲ့၊ ဒီအရွယ်ရောက်တဲ့အထိ ဘာဆိုဘာမှ အပြစ်ပြောစရာမရှိအောင် လိမ္မာခဲ့တဲ့သား...ခုတော့ ဘယ်လိုအကြောင်းကြောင့်များ ဒီလိုလုပ်ရက်သွားခဲ့ရတာလဲ။ မယုံချင်ပေမယ့် ယုံခဲ့ရပြီ၊ လက်မခံချင်ပေမယ့် ဒါဟာ အမှန်တရားပဲဖြစ်တယ်။ ဘယ်လိုမှ ပြန်လည်ပြောင်းလဲပစ်ဖို့ မရတော့ပြီဖြစ်တဲ့ "ခါးသီးတဲ့ အမှန်တရား"။ "ရက်စက်လှချည်လား "ဖိုးသား" ရာ...မင်း ဘာကြောင့် ဒီလိုလုပ်သွားခဲ့ရတာလဲ။ မင်းကို ချစ်ခင်လေးစား အားကျနေခဲ့တဲ့ မင်းရဲ့ညီလေး၊ ညီမလေးတွေရဲ့နှလုံးသားတွေ ကြေကွဲသွားကြမှာ၊ မင်းဖေဖေနဲ့ မင်းမေမေတို့တွေ ရင်ကွဲကြရမှာ မင်း ဘာဆိုဘာမှ မစဉ်းစားတော့ဘူးလား။ ဒီအရွယ်ထိ မင်း ဆည်းပူးခဲ့တဲ့ပညာတွေ၊ မင်းဖတ်ခဲ့တဲ့စာအုပ်တွေ၊ မင်း ဖြစ်ချင်လိုချင်ခဲ့တဲ့ မျှော်လင့်ချက် စိတ်ကူးအိပ်မက်တွေ ဒါတွေအားလုံး ရေစုန်မျောသွားခဲ့ပြီကော"။

ဒီသတင်းကို ဦးဦးရဲ့ချစ်ဆွေ ရောင်းရင်းကြီး "ကိုရဲ" ကို ချက်ချင်းဖုန်းဆက်ပြီးပြောရတယ်။ ("ကိုရဲ" က မန္တလေးဆေးတက္ကသိုလ်ကိုရောက်လို့ သမီးလေးတို့ရဲ့ဆရာဖြစ်နေပြီ။) "ကိုရဲ" ခမျာ ကြားကြားချင်း မယုံနိုင်အောင် တဖွဖွနဲ့ရင်ထုမနာ ဖြစ်ရရှာတယ်။ ထူးတော့လည်း အထူးသား... ဒီကောင်ကလေးက သူ ချစ်ခင်ကြည်ညိုတဲ့၊ လေးစားအားကျတဲ့ "ကိုရဲ" ကို "Hero" တစ်ယောက်လို ကိုးကွယ်တာ၊ ဒါပေမဲ့ "ကိုရဲ" အနားကိုတော့ မသွားရဲခဲ့ဘူး။ ဦးဦးဆီနေ့တိုင်းလာမယ်၊ ပြီးရင် "ဆရာရေ...ဒီနေ့ ဆရာ "ရဲ" က အတန်းထဲမှာ ဘာတွေပြောလိုက်ပြီ၊ ဘာတွေသင်လိုက်ပြီ၊ ကောင်းလိုက်တာ ဆရာရယ်" လို့ဆိုပြီး "ကိုရဲ" သင်သမျှပြောသမျှကို လာလာပြီး ဖောက်သည်ချမယ်။ ကိုင်း သွားစမ်း... "ဆရာရဲ" ဆီဆိုတော့လည်း မသွားရဲဘူးတဲ့။ ဦးဦးကတော့ဖြင့် "ဆရာရဲ" နဲ့တွေ့တိုင်း "ကိုရဲ" ရေ...ခင်ဗျားကို သိပ်အားကျကြည်ညိုတဲ့ ကလေးလေးတစ်ယောက် ရှိတယ်။ ဒီကောင်လေးက ဘယ်လိုဆိုပြီး အမြဲပြောနေကျဆိုတော့ လူချင်းမတွေ့ဖူးပေ

မယ့်"ဖိုးသား" ကို ကောင်းကောင်းသိနေပြီးသား။ နောက်ဆုံး "ကိုရဲ" မန္တလေး ပြောင်းရတော့မယ်ဆိုတဲ့ သတင်းကြားလို့ နှမြောဝမ်းနည်း စိတ်မကောင်းဖြစ်ကြတဲ့ ကျောင်းသားတွေထဲ ဒီကောင်ကလေးက ထိပ်ဆုံးကဆိုတာ ပြောပြဖို့ရာ လိုမယ်မထင်။

"ကိုရဲ" မပြောင်းခင် ဦးဦးတို့အိမ်မှာ နှုတ်ဆက်ထမင်းစားပွဲလေး လုပ်တော့မှ ("ကိုရဲ" ရဲ့အိမ်ကို မသွားရဲတဲ့) "ဖိုးသား" တို့ တပည့်လေးတွေ ဦးဦးအိမ်မှာ လာဆုံပြီး "ဆရာရဲ" ကို နှုတ်ဆက်ကန်တော့ကြ၊ လက်ဆောင်လေးတွေပေးကြ။ "ဖိုးသား" ကတော့ ထုံးစံအတိုင်း စာချစ်သူဆိုတော့ သူနှစ်သက်မြတ်နိုးတဲ့ စာအုပ်လေးနှစ်အုပ်နဲ့ သူ့ဆရာ "ဆရာရဲ" ကို နှုတ်ဆက်ကန်တော့တယ်။

ဦးဦးကတောင် အဲဒီနေ့မှာပဲ သူတို့နှစ်ယောက်ကို မိတ်ဆက်ပေးပြီး "ဆရာရဲ" ကို အပ်နှံခဲ့ရသေးတယ်။ "ကိုရဲ" ရေ...ဒီကောင်ပေ့ါ၊ ကျွန်တော်ခဏခဏပြောခဲ့တဲ့ ခင်ဗျားကို သိပ်ချစ်ခင်ကြည်ညို အားကျတဲ့ကလေး၊ ဒီကောင်ကလေးက ဘွဲ့လွန်ကို ကလေးအထူးကုတက်မှာ။ ခင်ဗျားရှိတဲ့ တက္ကသိုလ်မှာ လာတက်မယ်လို့ တဖွဖွပြောနေတာ။ ဒီကောင်လေးကို ခင်ဗျားလက် အပ်ပါတယ်ဗျာ" ဆိုတော့ "ကိုရဲ" လည်း ခေါင်းတညိတ်ညိတ်နဲ့ ပြုံးပြုံးကြီး ကြည့်နေခဲ့တယ်။ "ဖိုးသား" တစ်ယောက် "ကိုရဲ" ကိုကြည့်နေတဲ့ အကြည့်တွေကလည်း မမေ့နိုင်စရာပါ။ ချစ်ခင်ခြင်း၊ ကြည်ညိုခြင်း၊ အားကျခြင်း၊ လေးစားခြင်း။ ခွဲခွာရမှာမို့ ဝမ်းနည်းခြင်း၊ နှမြောတမ်းတခြင်း၊ ခံစားချက်ပေါင်းစုံနဲ့ ထူးခြားတဲ့ "ဖိုးသား" ရဲ့မျက်ဝန်းအစုံကို ဦးဦး ငေးကြည့်နေမိတယ် သမီးရေ။

ကြည့်ပါဦး... "ဆရာရဲ" တစ်ယောက် ဒီသတင်းကြားတော့ စုတ်တသပ်သပ်နဲ့ မယုံနိုင်လောက်အောင် အံ့ဩစိတ်မကောင်း ဖြစ်ရတော့တာပေ့ါ။ သူကလည်း "ဖိုးသား" အကြောင်း "ဇီဝက" မဂ္ဂဇင်းထဲ ဝတ္ထုတစ်ပုဒ်ရေးခဲ့သေးတယ်။ မြစ်မင်းဇရာကို တိုင်တည်ပြီး စကားတွေပြောနေတဲ့ "ဆရာရဲ" ရဲ့ဝတ္ထုကလေးဟာလည်း ခံစားချက်အပြည့်နဲ့ ရသမြောက်လှသမို့ ဖတ်ရှုရသူတွေ မျက်ရည်လည်ချင်စရာ ပြောင်မြောက်လှပါတယ်။

သမီးလေး "ထွေး" ...ဦးဦးတော့ဖြင့် ကိုယ့်ရင်ထဲက ခံစားချက်တွေကို

မျိုသိပ်ထားဖို့ရာ မဖြစ်နိုင်လွန်းလို့၊ မတတ်နိုင်လွန်းလို့ သမီးလေးကို ရင်ဖွင့်နေမိပြီကွယ်။ ခါတိုင်းပြောပြနေကျ ဆေးပညာ ဗဟုသုတကလေးတွေအစား ဦးဦး ခံစားနေရတဲ့ အလွမ်းခြေရာ ဝေဒနာလေးတွေကို သမီးလေးကို ပြောပြနေမိပြီ။

မနေ့တုန်းကလည်း နောက်ဆုံးနှစ် ကျောင်းသားကလေးတွေကို စာမသင်ခင် ကဗျာလေးတစ်ပုဒ်အကြောင်း ပြောပြရင်း "ဖိုးသား" ရဲ့အဖြစ်လေးကို လည်း ပြောပြခဲ့မိသေးတယ်။ "ဘဝရဲ့ စိတ်ကူးယဉ် အိပ်မက်ဆီသို့ သွားတဲ့ခရီး" "On The Journey to Your Dreams" ဆိုတဲ့ ကဗျာလေးပေါ့။

ဘဝခရီးကို လျှောက်ကြရတဲ့ လူသားတွေအတွက် အရေးအကြီးဆုံး ကတော့ "ရည်မှန်းချက်ပန်းတိုင်" ဒါမှမဟုတ် "စိတ်ကူးယဉ်အိပ်မက် မျှော်လင့်ချက်" တွေ ရှိဖို့ပါပဲ။ အဲဒီအိပ်မက်တွေ၊ ပန်းတိုင်တွေ ပျောက်ဆုံးသွားတဲ့နေ့ဟာ အဲဒီလူအတွက် အသက်ရှင်လျက်နဲ့ သေသွားတဲ့လူလိုပဲ ဖြစ်လိမ့်မယ်။

အဲဒီပန်းတိုင်ဆီကို သွားတဲ့လမ်းမှာ အနှောင့်အယှက် အတားအဆီးတွေ၊ ပြဿနာတွေ တွေ့ရမှာသေချာပေါက်ပဲ။ ကြုံလာသမျှ အခက်အခဲတွေကို ဖွဲမလျှော့ အားမပျော့ ကျော်လွှားနိုင်ဖို့ ကြိုးစားကြရမယ်။ အဲသလို အခက်အခဲ တိုင်းကို ကျော်လွှားနိုင်ဖို့ ကြိုးစားရင်း လူတစ်ယောက်ဟာ တစ်စထက်တစ်စ ကြံ့ခိုင်လာမယ်၊ ရင့်ကျက်လာမယ်။ ဘဝခရီးမှာ အမှားအယွင်းတွေ တွေ့ကြရမှာ လည်း မွေ့တာပဲ။ အမှားတွေတွေ့တိုင်း အဲဒီအမှားတွေကနေ သင်ခန်းစာယူကြ ရမယ်။ ဘာကြောင့်မှားရသလဲ၊ နောက်တစ်ခါ ဒီလိုအမှားမျိုး ထပ်မမှားအောင် ဘယ်လိုလုပ်ကြရမလဲ။ အမှားကို အမှားမှန်းသိ၊ အမှားကိုပြင်၊ နောက်တစ်ခါ မမှားအောင် ဂရုစိုက်နိုင်ဖို့ လိုတယ်။

ဘဝဆိုတာ ကျောင်းပဲဖြစ်တယ်။ စာမေးပွဲတွေ ဖြေရမယ်။ စာမေးပွဲ အတွက် ကြိုတင်ပြင်ဆင်ရမယ်။ စာမေးပွဲမှာ အောင်တာလည်းရှိသလို ကျရှုံး တာတွေလည်း ရှိမှာအမှန်ပဲ။ ပန်းတိုင်ရောက်ဖို့ စာမေးပွဲပေါင်းများစွာကို ဖြတ် သန်းကျော်လွှားကြရမှာပဲဖြစ်တယ်။ စာမေးပွဲတိုင်းဟာ မိမိကို သင်ခန်းစာတွေ ပေးသွားမှာဖြစ်တယ်။ အောင်မြင်သည်ဖြစ်စေ၊ ကျရှုံးသည်ဖြစ်စေ၊ ကြိုက်သည် ဖြစ်စေ မကြိုက်သည်ဖြစ်စေ၊ စာမေးပွဲဆိုတာတွေကို ရှောင်ရှားသွားလို့မရဘူး။

ထွက်ပြေးပုန်းရှောင်လို့လည်း မဖြစ်နိုင်ပါဘူး။ သေချာပေါက် ဖြတ်သန်းကျော်လွှားသွားရမှာဖြစ်တယ်။

စာမေးပွဲအကြောင်းတွေ ပြောပြရင်း "ဖိုးသား" ရဲ့အကြောင်း သတိရနေမိတယ် သမီးရေ... "Completion Exam" စာမေးပွဲတွေ စပြီးစစ်တဲ့နေ့မှာ စာမေးပွဲခန်းထဲ ရောက်မလာဘဲ ပျောက်ဆုံးသွားခဲ့တဲ့ "ဖိုးသား" ...ကျောင်းမှန်မှန်တက်ပါရဲ့သားနဲ့၊ စာတွေလည်း မှန်မှန်ကျက်ပါရဲ့သားနဲ့၊ စာတွေလည်း ရှောင်းရှောင်းပြေးအောင် ရပါရဲ့သားနဲ့ မနစ်တုန်းက အတန်းတင်စာမေးပွဲမှာ ဘာသာစုံကျရှုံးခဲ့တဲ့ "ဖိုးသား" ...စာမေးပွဲနဲ့ "ဖိုးသား" ရဲ့ကြားထဲမှာ တစ်စုံတစ်ရာသော နားလည်မှုလွဲမှားတာမျိုး၊ ပြဿနာတစ်မျိုးမျိုးတော့ သေချာပေါက် ရှိနေခဲ့လိမ့်မယ်ဆိုတာတော့ ခန့်မှန်းလို့ရနိုင်တယ် သမီးရေ။

မနစ်က ဖြေခဲ့ရတဲ့ စာမေးပွဲကြီးမှာ နောက်တစ်ခါထပ်ပြီး ရင်မဆိုင်ရဲလောက်အောင် ဘယ်လိုများခါးသီးတဲ့ အတွေ့အကြုံတွေ ကြုံဆုံခဲ့ပါလိမ့်။ အဲဒီအတွေ့အကြုံတွေကြောင့် "ဖိုးသား" ရဲ့နှလုံးသားမှာ ဘယ်လိုဒဏ်ရာဒဏ်ချက်တွေများ ရခဲ့ပါလိမ့်။ အဲဒီဒဏ်ရာတွေကြောင့် သူ့ရဲ့စိတ်တွေ ဘယ်လိုများပြောင်းလဲသွားပါလိမ့်။ နောက်ဆုံးကျတော့ ဒီစာမေးပွဲဆိုတာကို ရင်မဆိုင်ရဲ ရင်မဆိုင်ဝံ့တော့လို့ ရှောင်ပုန်းထွက်ပြေးရင်း ကြံမိကြံရာ လုပ်မိလုပ်ရာ လုပ်မိလေသလားလားပေါင်းများစွာနဲ့ပဲ သံသယတွေ ပွားနိုင်တော့တယ်။ တကယ့်အကြောင်းရင်းကိုတော့ မိုးနတ်မင်းကြီးပဲ သိနိုင်လိမ့်မယ်ထင်ပါရဲ့ သမီးရာ။

ပန်းတိုင်ဆီကို အရောက်သွားတဲ့လမ်းမှာ မလွှဲမရှောင်သာ ကြုံရဆုံရမယ့် စာမေးပွဲတွေကို ဘယ်လိုဖြတ်ကျော်ကြမလဲ။ ကဗျာဆရာ စာရေးဆရာကြီးတစ်ဦးရဲ့ "သချိုင်းကုန်းမှာ" ဆိုတဲ့ ရသစာတမ်းလေးတစ်ပုဒ်ကို သတိရချင်စရာပဲသမီးရေ။ အဲဒီစာတမ်းလေးမှာ ငါတို့ရွာနံဘေးမှာ သချိုင်းကုန်းရှိသည် ဆိုတဲ့ စာကြောင်းကလေးနဲ့ "စ" ထားတယ်။ သချိုင်းဟာ ဘယ်လောက်ကြောက်စရာကောင်းတဲ့အကြောင်း၊ ဘယ်လောက်များတောင် ချောက်ချားဖို့ကောင်းတဲ့အကြောင်း၊ ကလေးဘဝကတည်းက အဲဒီအနားကို သွားတောင်မသွားရဲအောင် ကြောက်ဒူးတုန်ရတဲ့အကြောင်း၊ အဲသလို အချက်အလက်လေးတွေနဲ့ သချိုင်း

ဟာ ကြေကွဲစရာဖြစ်တဲ့အကြောင်း စုံလင်ပေါ်လွင်အောင် ရေးသားထားတယ်။ ပြီးတော့မှ သူဟာ သူ့ရဲ့အမေကို ဘယ်လိုချစ်တဲ့အကြောင်း၊ အညာမှာမို့ သူက အမလို့ခေါ်တဲ့ အမေနဲ့ သူငယ်စဉ်ကတည်းက အပြန်အလှန် ချစ်ခင်ခဲ့ကြပုံလေး တွေကို လွမ်းစရာကောင်းအောင် သရုပ်ဖော်ပြန်တယ်။ ဟိုတစ်နေ့ကတော့ သူ ချစ်တဲ့အမေ ဆုံးပါးသွားခဲ့တယ်။ အမေ့ကို သင်္ချိုင်းကုန်းအရောက် သူလိုက်ပို့ခဲ့ ရတယ်။ အခုတော့ သူချစ်တဲ့အမေက သူမုန်းတဲ့၊ သူကြောက်တဲ့ သင်္ချိုင်းကုန်း မှာ ထာဝရလဲလျောင်းနေပြီ။ အမေ သင်္ချိုင်းကိုသွားရသလိုပဲ သူလည်း တစ်နေ့ နေ့မှာ သင်္ချိုင်းကို သွားကိုသွားရမှာဖြစ်တယ်။ အခု အမေ ဘယ်ကိုရောက်သွား ပြီလဲ၊ အမေတို့ သူတို့သွားရမယ့် ခရီးရဲ့အဆုံးဟာ ဘယ်မှာလဲ။ အဲဒီခရီးလမ်းရဲ့ အဆုံးမှာ နိဗ္ဗာန်ဆိုတဲ့ ပန်းတိုင်တစ်ခုရှိတယ်။ အဲဒီပန်းတိုင်ကို သွားရာလမ်းမှာ သင်္ချိုင်းပေါင်းများစွာကို မလွဲမသွေ ဖြတ်သန်းသွားရမှာဖြစ်တယ်။ အဲဒီအတွေး လေးကို ရသွားချိန်ကစပြီး အမေရှိနေပြီ၊ သွားနင့်ပြီဖြစ်တဲ့ သင်္ချိုင်းဆိုတာကို သူ မကြောက်တော့ပါပြီ ဆိုတဲ့အတွေးလေးနဲ့ အဆုံးသတ်ထားခဲ့တယ် သမီးရေ။

အဲသလိုပဲပေါ့ကွယ်…သမီးလေး "တွေး" မှာလည်း စိတ်ကူးအိပ်မက် ပန်းတိုင်ဆိုတာ ရှိတယ်မဟုတ်လား။ အဲဒီပန်းတိုင်ဆီကို ရောက်အောင်သွားတဲ့ စာမေးပွဲပေါင်းများစွာကိုလည်း မလွဲမသွေ ကျော်ဖြတ်သွားရမှာ မဟုတ်လား။ ဒီတော့ ပန်းတိုင်ကိုရောက်ချင်ရင် စာမေးပွဲတွေကို ကျော်ဖြတ်ရမယ်။ စာမေးပွဲ ဆိုတာကလည်း ကြောက်စရာလို့ယူဆရင် ကြောက်လာမယ်၊ ရှောင်တိမ်းချင် မယ်။ တတ်နိုင်ရင် စာမေးပွဲတွေနဲ့ ဝေးရာကို ထွက်ပြေးချင်လာမယ်။ ဒါဟာ လူ့ သဘာဝပဲ။ ကြောက်တတ်သူကို ဖြဲခြောက်တတ်တာကလည်း သဘာဝတရား ပဲဖြစ်တယ်။ ဒါကြောင့် ပန်းတိုင်ရှိရုံနဲ့ မပြီးသေးဘူး။ အဲဒီပန်းတိုင်ရောက်အောင် သွားဖို့ သတ္တိလိုတယ်။ ရဲစွမ်းသတ္တိရှိမှ အားမာန်တွေ တိုးတက်လာမယ်။ ကြံ့ခိုင် မှုတွေလည်း ပြည့်ဝလာမယ်။

ကဗျာလေးရဲ့အဆုံးအပိုဒ်လေးက ဒီလိုဆိုထားတယ် သမီးရေ…

**You will set goals for yourself**

**May you have the courage**

**to make your dreams come true**

**and live the life that you want**

"ဘဝရည်မှန်းချက်တွေ ချမှတ်ရလိမ့်မယ် . . .

သင့်အိပ်မက်တွေကို အကောင်အထည်ဖော်ပြီး

သင့်ဘဝကို စိတ်ကြိုက်ဖန်တီးစေနိုင်ဖို့

သင့်မှာ သတ္တိ ဇွဲ့တွေ ပြည့်စုံမှုရှိပါစေ"

သိပ်မှန်တဲ့စကားပဲ သမီး...ဘဝခရီးလမ်းကို လျှောက်လှမ်းတဲ့နေရာမှာ အရေးအကြီးဆုံး လိုအပ်ချက်ကတော့ သတ္တိရှိဖို့ပါပဲ။ အခက်အခဲတွေကို ကြံ့ကြံ့ခံဖို့၊ မိမိကြောက်ရွံ့စိုးရိမ်တဲ့ အန္တရာယ်အသွယ်သွယ်ကို ကျော်ဖြတ်ပြီး စိတ်ကူးအိပ်မက်တွေ အကောင်အထည်ဖော်နိုင်ဖို့၊ ရည်မှန်းချက်ပန်းတိုင်ဆီကို အရောက်သွားဖို့ မရှိမဖြစ် လိုအပ်ချက်ကတော့ ရဲစွမ်းသတ္တိပဲဖြစ်တယ် သမီးရေ။

ကိုင်း သမီးလေးရေ...ဦးဦး သားလေးတစ်ယောက်လို အင်မတန်ချစ်ခင်တဲ့၊ ဦးဦးကိုလည်း ဆရာတစ်ဦးထက်မက ဖခင်တစ်ယောက်ပမာ တွယ်တာနှောင်ဖွဲ့ခဲ့တဲ့ သံယောဇဉ် နှောင်ကြိုးလေးတစ်ချောင်းတော့ဖြင့် ရက်စက်ဆိုးဝါးတဲ့ ကံကြမ္မာတွေကြောင့် ပြတ်တောက်သွားခဲ့ပြီကော။ ဦးဦးရဲ့ရင်ထဲမှာတော့ "ဖိုးသား" လေး နောက်ဆုံးနှုတ်ဆက်တဲ့အနေနဲ့ လှိုက်လှိုက်လှဲလှဲ ပွဲတင်ထပ်နေတဲ့ သီချင်းလေးတစ်ပုဒ် အမြဲရှိနေရှာမယ်။

"နှုတ်ဆက်ခဲ့ပါတယ်၊ ကျွန်တော်သွားတော့မယ်" တဲ့...သွားတော့ "ဖိုးသား" ရေ၊ သွားပေဦးတော့ . . . နောက်တစ်ခါများ ဆရာနဲ့ ဘဝတစ်ခုခုမှာ ကံကြမ္မာက မျက်နှာသာပေးလို့ ပြန်ကြုံဆုံခွင့် ရှိခဲ့မယ်ဆိုရင် "ဖိုးသား" ရဲ့စိတ်ကူးအိပ်မက်တွေ အကောင်အထည်ဖော်နိုင်တဲ့ ရဲစွမ်းသတ္တိတွေ အပြည့်အစုံနဲ့ ရည်မှန်းချက်လမ်းကြောင်းကို ရဲရဲကြီးလျှောက်လှမ်းနိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ် . . .

«« ¤ »»

၄

# မျိုးဆက်သစ်သို့ မျှော်လင့်ခြင်းများစွာ

ဂ


ပျိုးခက်သစ်
သို့
မျှော်လင့်ခြင်း
များ
၁

# မျိုးဆက်သစ်သို့ မျှော်လင့်ခြင်းများစွာ (၁)

**မန္တလေးဆေးက သမီးလေး 'ထွေး'...**

သမီးဆီကို ဦးဦး စာပြန်နောက်ကျတာ ခွင့်လွှတ်နော်...ဒီတစ်ပတ်လုံး ဦးဦး အရမ်းအလုပ်ရှုပ်နေလို့ပါ။ ဦးဦးတစ်ယောက် အလုပ်မရှုပ်တဲ့အချိန်ဆိုတာများ ရှိသေးလို့လား။ အမြဲတမ်း ဆေးကု၊ စာသင်၊ စာတွေရေးချင်နေတဲ့ လူတစ်ကိုယ် အလုပ်သုံးမျိုးနဲ့ ဦးဦးအတွက် ဘာတွေများ ထူးပြီးအလုပ်ရှုပ်စရာ ရှိသေးလို့လဲလို့များ သမီးက စောဒက တက်လေမလား။ ဒီလိုသမီးရဲ့...ဒီနေ့ ဦးဦးတစ်ယောက် ဖန်ခါးမြေ ဆေးတက္ကသိုလ်ကို ဒီနှစ်မှရောက်လာတဲ့ မောင်မယ်သစ်လွင် အသစ်ကျပ်ချွတ် ဆေးကျောင်းသား ကျောင်းသူကလေးတွေအတွက် အထူးသီးသန့် "ဟောပြောပွဲ" တစ်ခု လုပ်ခဲ့တယ်။ အဲဒီဟောပြောပွဲကြီး ပြီးဆုံးသွားမှပဲ သမီးလေးဆီကိုရေးရမယ့် အကြွေးတင်နေပြီဖြစ်တဲ့ ဟောဒီစာလေးကိုရေးဖို့ အချိန်ပေးနိုင်တော့တာပဲ ဖြစ်တယ်။ အဲဒီဟောပြောပွဲမှာ ဘယ်လောက်တောင်မှ စိတ်အားထက်သန်စွာ ပြောခဲ့ဟောခဲ့သလဲ ဆိုတာကတော့ ပြန်ပြောရမယ်ဆိုရင် အောချရလောက်အောင်ပါ။ ခန်းလုံးပြည့်ရုံသာမက ထိုင်စရာမရှိလို့ ဟိုးကော်ရစ်ဒါတွေအထိတောင် လျှံထွက်နေတဲ့ ကျောင်းသားလေးတွေ၊ ဝင်းလက်တောက်ပတဲ့ မျက်ဝန်းနက်နက်လေးတွေနဲ့ စိတ်ဝင်တစား နားထောင်နေကြတဲ့ ကလေးတွေ...ရယ်စရာပြောရင် စိတ်လွတ်ကိုယ်လွတ် ရယ်မောပြီး လေးနက်တဲ့စကားတွေကို အပ်ကျမတတ် ငြိမ်သက်စွာ စူးစိုက်စွာ နားစိုက်ထောင်ကြတဲ့ ကလေးတွေကိုကြည့်ရင်း မမောနိုင် မပန်းနိုင် ပြောခဲ့ဟောခဲ့

တာ မထင်မှတ်ဘဲ မရည်ရွယ်ထားဘဲ စုစုပေါင်း ၂နာရီခွဲ နီးပါးလောက်တောင် ကြာမြင့်သွားခဲ့တယ် သမီးရေ။ ကိုယ့်ဘာသာတောင် အချိန်တွေဘယ်လောက် ကြာသွားပြီလဲဆိုတာ သတိမပြုမိနိုင်လောက်အောင် စိတ်ရောကိုယ်ပါ ထက် ထက်သန်သန်ကြီးပြောမိကာ ရေဘူးထဲကရေကို မော့လိုက် ပြောလိုက်နဲ့ပေါ့။ နောက်ဆုံး မောလို့မောမှန်းမသိ ပြောချင်တာတွေပြောပစ်လိုက်တာ အခုသတိ ထားမိတဲ့အချိန်ကျတော့ ခြေထောက်တွေက ညောင်းချည့်နေပြီ။ (ငြိမ်ငြိမ်လေး ရပ်ပြီးမပြောဘဲ စင်မြင့်တစ်ခုလုံး လှုပ်ရှားသွားလာရင်း ပြောခဲ့တာကိုး။) စကား ပြောရင် အသံမထွက်တော့ဘူး၊ လည်ချောင်းတွေ ခြောက်ကပ်နာကျင်ပြီး အသံ ဝင်နေတာမို့ အခုစာရေးရင်းတောင် မှန်ချိုသလိပ်ပျော် အသံကောင်းဆေးကို လျက်ဆားလျက်သလို လျက်နေရသေးရဲ့ သမီးရေ…ဘာကြောင့် ဒီလောက် မောအောင် အသံတွေနာအောင် ပြောခဲ့ဟောခဲ့ရတာလဲ။ ဒီလိုပြောလို့ ဘာတွေ များ အကျိုးကျေးဇူးတွေ ရမှာမို့လို့လဲ။ အဲဒီဟောပြောပွဲက ဦးဦးကို ဆုငွေတွေ၊ လက်ဆောင်ပစ္စည်းတွေ ဘယ်လောက်တောင် ချီးမြှင့်မှာမို့လို့လဲလို့ သမီးလေး မေးချင်လေမလား။ သမီး "ထွေး" မေးချင်ချင် မမေးချင်ချင် ဦးဦးက ပြောပြချင် ပြီမို့ ပြောပြတော့မယ်နော်…ဒီဟောပြောပွဲက ဘာရည်ရွယ်ချက်လဲ၊ ဘာတွေ အကျိုးရမှာလဲ၊ ဘာကြောင့် ဒီလိုအလေးအနက်ထားပြီး ကြိုးစားပမ်းစား ဟော ပြောရသလဲ။ မေးခွန်းတွေအတွက် အဖြေကတော့ ဒီလို သမီး "ထွေး" ရေ… ပထမဆုံး ဒီဟောပြောပွဲရဲ့ အဓိပ္ပာယ်နဲ့ ရည်ရွယ်ချက်ကို အရင်ဆုံးပြောပြရလိမ့် မယ်။ ဆေးကျောင်းသား/သူ သစ်လွင်ကလေးတွေ အခုစပြီး လျှောက်လှမ်းဝင် ရောက်လာပြီဖြစ်တဲ့ "ဆေးလောက" မကြာခင်အချိန်အတွင်း ဖူးပွင့်ဝေဆာလာ တော့မယ့် "ဆရာဝန်" ဘဝအတွက် ထားရှိအပ်တဲ့ သဘောထား၊ မွေးမြူရမယ့် စိတ်ဓာတ်၊ ကြိုတင်ပြင်ဆင်ရမယ့် အလေ့အထတွေ၊ ပြောရမယ်ဆိုရင်ကွယ်… အနာဂတ်ရဲ့ မျိုးဆက်သစ် "ဆရာဝန်လောင်း" လေးတွေ မဝေးလှတဲ့ကာလမှာ တကယ့်ကို ထူးချွန်ထက်မြက်လို့ လူနာတွေအားလုံးရဲ့ ယုံကြည်အားထား လေး စားကြည်ညိုကြရမယ့် "ဆရာဝန်ကောင်း" တွေဖြစ်လာအောင် ဦးဦးတို့လို ဆေး လောကထဲ လက်ရှိကျင်လည်နေကြတဲ့ ဆရာဝန်ကြီးတွေ၊ ကျောင်းဆရာကြီး

တွေက လက်တွဲခေါင်း ရှေ့ဆောင်လမ်းပြ ကြိုးဆိုနှုတ်ဆက်ကြတဲ့ပွဲပါပဲ။ သူတို့လေးတွေကို "ပောပြောပွဲ" တစ်ခု လုပ်ရတော့မယ်လို့ သိလိုက်ရတဲ့အချိန်က စပြီး ပောဒီတစ်ပတ်လုံး တခြား ဘာဆိုဘာအလုပ်ကိုမှ စိတ်မဝင်စား၊ အချိန်မပေးနိုင်လောက်အောင် ဒီပောပြောပွဲလေးထဲမှာပဲ ဦးဦးရဲ့စိတ်အာရုံ၊ ဦးနှောက်နဲ့ နှလုံးသား၊ အရာအားလုံး ပျော်ဝင်နစ်မြုပ်နေမိတော့တယ်။ တကယ့်ကို သွားလည်းဒီစိတ် စားလည်းဒီစိတ် ဘာလုပ်လုပ် အချိန်တိုင်း ကုန်ကုန်ပြောရမယ်ဆိုရင်ကွယ်...ညညအိပ်ရာဝင် အိမ်မောကျလို့ အိပ်မက်မက်ရင်တောင် အိပ်မက်ထဲမှာ ကလေးတွေကို "ပောပြောပွဲ" တွေချည်း လုပ်လို့နေ။ ဦးဦးစာရေးဆရာတစ်ယောက်တော့ဖြင့် ကိုယ်ရေးရမယ့် ရေးလက်စစာမူတွေကို မဂ္ဂဇင်းဂျာနယ်တိုက်တွေက တကျည်ကျည်နဲ့ တောင်းလှပြီဖြစ်တဲ့ စာရေးခြင်းအလုပ်တွေအားလုံးကို ပစ်ချ၊ မလုပ်မဖြစ်တဲ့ ဆေးကု စာသင် စတဲ့ နိစ္စဓူဝလုပ်ရတဲ့ တာဝန်တွေကလွဲလို့ ရသမျှအချိန်တိုင်း အခါတိုင်း ဒီကလေးတွေကို ဘာတွေပြောရမယ်၊ ဘယ်လိုပြောရမယ် စတဲ့စတဲ့ စိတ်ထားနှလုံးသားနဲ့ပဲ အသက်ရှင်နေတယ်လို့ ပြောရလောက်အောင် အာရုံဝင်စား၊ တစ်ချောင်းတည်းသော စိတ်ကူးနဲ့ ကြိုးစားပမ်းစားကို ပြင်ဆင်နေမိတော့တယ် သမီးရေ။ ဦးဦးရဲ့နှလုံးသားထဲက သူ့အလိုလို စီးဆင်းထွက်ပေါ်လာတဲ့ ခေါင်းစဉ်ကလေးကတော့ "မျိုးဆက်သစ်သို့ မျှော်လင့်ခြင်းများစွာ" တဲ့။ မကြာခင် ဆေးလောကဇာတ်ခုံထက်က အနားယူရတော့မယ့် မျိုးဆက်ဟောင်း ဆရာဝန်အိုကြီးတစ်ဦးရဲ့ မျိုးဆက်သစ်ဆေးကျောင်းသားလေးတွေပေါ်မှာ ထားရှိတဲ့ စေတနာ မေတ္တာ၊ ပြီးတော့ အနာဂတ်ဆေးလောကအတွက် "မျှော်လင့်ခြင်း" များစွာများစွာနဲ့ပေါ့ သမီးရာ။ ဦးဦးအခုပြောခဲ့တဲ့ ပောပြောပွဲလေးက ဆေးတက္ကသိုလ်တိုင်းမှာ ပထမနှစ် ဆေးကျောင်းသားလေးတွေအားလုံးအတွက် အထူးစနစ်တကျ စီစဉ်ထားတဲ့ "TPPD" လို့ အတိုကောက်ခေါ်ဝေါ်တဲ့ "Total Personal and Professional Development Programme" ကြီးရဲ့ အစီအစဉ်လေး တစ်ခုပဲဖြစ်တယ် သမီးရေ...အနာဂတ်မှာ လူသားတွေရဲ့ အသက်တွေကို ကယ်တင်ကုသကြရမယ့်၊ ဝေဒနာရှင်တွေကို စေတနာ မေတ္တာ ကရုဏာတရားတွေ ထုံမွှမ်းပြီး မိမိတို့တတ်မြောက်ထားတဲ့ ဆေးပညာနဲ့

သက်သာပျောက်ကင်းအောင် ဆေးကုသမှုတွေပေးရမယ့် "ဆရာဝန်" လောင်းလျာကလေးတွေအတွက် ဆေးစာအုပ်ကြီးတွေထဲက ဆေးပညာတွေကို တတ်မြောက်ရုံနဲ့ မပြည့်စုံ မလုံလောက်ဘူး သမီးရေ။

မိမိတို့ရဲ့အလုပ်အကိုင်၊ အသက်မွေးဝမ်းကျောင်းပညာရပ် "Profession" ပေါ်မှာ မိမိတို့ထားရှိအပ်တဲ့ ခံယူချက်၊ ယုံကြည်ချက်၊ မိမိတို့ထားရှိရမယ့် စိတ်နေသဘောထား၊ ပြီးတော့ တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ တည်ဆောက်သွားရမယ့် ဆရာဝန်တွေ ထိန်းသိမ်းစောင့်ရှောက်ရမယ့် ကိုယ်ကျင့်သိက္ခာကျင့်ဝတ်တွေ၊ ဒီလိုအဓိကအရေးကြီးဆုံး အခြေခံလိုအပ်ချက်တွေကို အခုလို ဆေးတက္ကသိုလ်ကို စတင်ဝင်ရောက်လာချိန်မှာကတည်းက အခြေခံအုတ်မြစ် ခိုင်ခိုင်မာမာနဲ့ ပြုစုပျိုးထောင်သွားဖို့၊ သူတို့ရဲ့ရင်ထဲ နှလုံးသားထဲထိ စွဲမြဲအောင် အထပ်ထပ်အခါခါ လေ့ကျင့်သင်ကြားပေးဖို့ရာ အရေးမကြီးပေဘူးလား။ အဲဒီအတွက် ဦးဦးတို့လို ကျောင်းဆရာတွေမှာ တာဝန်ရှိတယ်။ အထူးသဖြင့် "အစကောင်းမှ အနှောင်းသေချာ" ဆိုတဲ့စကားလိုပဲ အခုလို ပထမနှစ် မောင်မယ်သစ်လွင်လေးတွေဘဝနဲ့ ဆေးတက္ကသိုလ်ကြီးကို ရောက်ခါစအချိန်မှာကတည်းက မိမိတို့ရှေ့ဆက်လျှောက်ရမယ့် လမ်းကြောင်းသေချာသိ၊ မိမိဖြစ်လာမယ့် လျှောက်ရမယ့် ဘဝအကြောင်းကို သိရှိနားလည် တန်ဖိုးထားတတ်မယ်ဆိုရင် ဘယ်လောက်တောင် ကောင်းလိုက်မလဲ။

ဒါကြောင့်လည်း ဦးဦးတစ်ယောက် မိမိပြောရမယ့် ဟောပြောပွဲလေးကို အထူးအလေးအနက်ထားပြီး ပြင်ဆင်ဖို့ ကြိုးစားခဲ့တယ် သမီးရေ။ မိမိပြောလိုက်တဲ့ စကားကလေးတစ်ခွန်းကို နားထောင်နေရင်း ဆေးကျောင်းသားတစ်ယောက်တလေရဲ့စိတ်ထဲနှလုံးသားထဲ "ဆရာဝန်" စစ်စစ်အဖြစ် အများအကျိုး လောကအကျိုး သယ်ပိုးရွက်ဆောင်လိုစိတ်တွေ တဖွားဖွားပေါ်လာပြီး ထူးချွန်ထက်မြက်တဲ့ စိတ်ကောင်းနှလုံးကောင်းရှိတဲ့ ဆရာဝန်တစ်ဦးဖြစ်အောင် ကြိုးစားချင်လာအောင် စွမ်းဆောင်နိုင်မယ်ဆိုရင် ဘယ်လောက်တောင်မှ ကြည်နူးပျော်ရွှင်ဖို့ ကောင်းလိုက်မလဲ ... စဉ်းစားကြည့်စမ်း သမီး "ထွေး" ရာ။

အဲသလို ကြည်နူးပီတိလေးတွေကို ခံစားရင်း "အားရှိရတဲ့ ကျောင်း

ဆရာ" ဘဝဟာ ဦးဦးအတွက်တော့ တကယ့်ကို ချစ်မြတ်နိုးဖွယ်ရာပါ။ လွန်ခဲ့တဲ့ ၂နှစ်တုန်းက ဟောဒီဖန်ခါးမြေ ဆေးတက္ကသိုလ်ကို ရာထူးတိုးပြီး ပြောင်းရွှေ့မိန့် ထွက်လာချိန်မှာ ခံစားချက် အတွေးကိုလည်း မှတ်မိသေးတယ်။ ကျောင်းသား ကလေးတွေကို စာသင်တဲ့အခါကျ စာတင်မက စိတ်ကိုပါ သင်ပေးနိုင်တဲ့ ဆရာ တစ်ယောက်ဖြစ်အောင် ကြိုးစားမယ်၊ ပြီးတော့ စာချစ်သူ စာပေဝါသနာရှင်တစ် ဦးမို့ ကိုယ်ပိုင်စာကြည့်တိုက်လေး တစ်ခုထူထောင်ပြီး ကျောင်းသားလေးတွေ စာဖတ်တဲ့ အကျင့်ကလေးတွေရလာအောင် ပျိုးထောင်ပေးမယ်ဆိုတဲ့ စိတ်ကူး အိပ်မက်ပေါ့ သမီးရာ။ ဖန်ခါးမြေရောက်ကတည်းက အဲဒီအိပ်မက်ကို လက်တွေ့ အကောင်အထည်ဖော်ဖို့ ကြိုးစားခဲ့တယ်။

စာသင်ခါနီးတိုင်း ဆေးပညာတွေကို မသင်ခင်မှာ ဆေးကျောင်းသား တွေကို ဆရာဝန်တွေရဲ့ကျင့်ဝတ်၊ ထားရှိအပ်တဲ့ စိတ်သဘောထား၊ ဆရာဝန် အလုပ်ရဲ့ထူးခြားချက်တွေ၊ ဘဝခရီးကို ရင်ဆိုင်ဖြတ်သန်းတဲ့အခါမှာ ကြုံရမယ့် အခက်အခဲတွေအကြောင်း၊ ဘဝအောင်မြင်မှုဆိုတာ ဘာလဲ...စိတ်ချမ်းသာမှု ချစ်ခြင်းမေတ္တာ၊ ဖွဲ့လုံ့လ ဝီရိယတွေအကြောင်း စတဲ့စတဲ့ သောင်းပြောင်းထွေ လာလေးတွေကို ဆွေးနွေးဖြစ်တယ်။ ပြီးတော့ စာကြည့်တိုက်လေးတစ်ခု စတင် ထူထောင်တယ်။ ဖတ်သင့်တဲ့ စာအုပ်ကောင်းကလေးတွေကို ရှာဖွေစုဆောင်း တယ်။ ကျောင်းသားကလေးတွေကလည်း မိမိတို့ဆီမှာ သိမ်းဆည်းထားတဲ့ စာ အုပ်ကောင်းလေးတွေကို သူငယ်ချင်းတွေနဲ့ မျှဝေပြီး ခံစားဖတ်ရှုနိုင်ဖို့ စာအုပ် လေးတွေ အလှူခံတယ်။ အဲဒီလိုနဲ့ ၂နှစ်တာကာလအတွင်းမှာ ဖန်ခါးမြေ ဆေး တက္ကသိုလ်ရဲ့အနယ်နယ်အရပ်ရပ်က တပည့်လေးတွေနဲ့ သာမန် ဆရာတပည့် သံယောဇဉ်ထက်မကတဲ့ ချစ်ခင်မှုတွေနဲ့ သံယောဇဉ်ကြိုးလေးတွေ နှောင်ဖွဲ့ခဲ့ ကြတယ်။ "တစ်ဦးမေတ္တာ တစ်ဦးမှာ" ဆိုတဲ့စကားအတိုင်းပဲ မိမိမေတ္တာစေတ နာနဲ့ သင်ကြားပေးသမျှ ပြောဆိုဆွေးနွေးသမျှဟာ ကျောင်းသားကလေးတွေရဲ့ ရင်ထဲ နှလုံးသားထဲထိ ရောက်ရှိသွားကြပြီး ဆရာဝန်စစ်စစ်ဘဝနဲ့ ဘဝခရီးမှာ အဓိပ္ပာယ်ရှိရှိ ဖြတ်သန်းချင်ကြတဲ့ စိတ်ဓာတ်လေးတွေ ပိုင်ဆိုင်လာကြတယ်။ ကျောင်းသားတွေကြားမှာ စာအုပ်စာပေကို ချစ်မြတ်နိုးတဲ့ စိတ်ဓာတ်လေးတွေ၊

စာအုပ်ကောင်းလေးတွေကို ဖတ်ရှုပြီး တိုးတက်ရင့်ကျက်လာတဲ့ စိတ်ထားနှလုံးသားလေးတွေကိုလည်း တွေ့ရှိခံစားလာရတယ်။ စာကြည့်တိုက်လေးမှာလည်း စာအုပ်လေးတွေ အရေအတွက် တိုးသထက် တိုးတက်လာခဲ့တယ်။ အဲဒီလိုမျိုး ဦးဦးနဲ့ တွေ့ရှိစာသင်ပြီး ပြောင်းလဲလာတဲ့ကလေးတွေက ပြောတဲ့စကားတွေကိုလည်း ကြည့်ဦးလေ…

"ဆရာနဲ့တွေ့ပြီး စာတွေသင်ရတာ နည်းနည်းနောက်ကျသွားတယ်။ အစောကြီးကတည်းကတွေ့ပြီး ဆရာ့စကားလေးတွေ ကြားလိုက်ရရင် ဘဝမှာ ဆရာ့ကို အားကျချစ်ခင်စိတ်နဲ့ ကြိုးစားချင်စိတ်တွေ ပေါ်လာမှာအမှန်ပဲ"

အဲဒီလို စကားလေးတွေကြောင့်လည်း ဆေးတက္ကသိုလ် ရောက်လာခါစ မောင်မယ်သစ်လွင်လေးတွေကို စကားပြောခွင့် ရတော့မယ်ဆိုတဲ့အခါမှာ ဦးဦးဟာ ဒီဟောပြောပွဲကို ပေ့ါပေ့ါတန်တန် သဘောမထားဘဲ တကယ့်စိတ်ထဲ နှလုံးသားထဲကလာတဲ့ စိတ်ရင်းစေတနာရယ်၊ စိတ်အားထက်သန်မှုရယ်၊ မျှော်လင့်ချက်တွေအားလုံးကို ပုံအောပြီး အစွမ်းကုန် ပြင်ဆင်တော့တာပဲဖြစ်တယ် သမီးရေ။

"ဟောပြောပွဲတစ်ခုကို ဘာကြောင့်များ ဒီလောက်တောင် အလေးအနက်ထားရတာလဲ၊ ဘာများအရေးကြီးလို့လဲလို့များ သမီးက မေးချင်လေမလား။ ဦးဦးရဲ့ဘဝမှာ မိမိရဲ့စိတ်ထားနှလုံးသားထဲ စွဲထင်ကျန်ရစ်စေတဲ့၊ ပြီးတော့ မိမိရဲ့စိတ်ကို ဘဝရဲ့အချိုးအကွေ့တစ်ခု ဖြစ်လောက်အောင် ပြောင်းလဲသွားစေခဲ့တဲ့ "ဟောပြောပွဲ" တွေ ရှိခဲ့ဖူးတယ် သမီးရေ။ အဲဒီထဲက မိမိ အမှတ်တရအဖြစ်ဆုံး ဟောပြောပွဲတွေကတော့ ဦးဦးငယ်ငယ် မန္တလေးဆေးတက္ကသိုလ်ကျောင်းသားဘဝမှာ ဦးဦးတို့ကျောင်းကို လာပြီးဟောပြောခဲ့တဲ့ စာရေးဆရာကြီး လူထုဦးလှရဲ့ဟောပြောပွဲရယ်၊ မန္တလေး မီးရထားကွင်းထဲမှာ စာရေးဆရာကြီး "ဦးအောင်သင်း" ဟောပြောခဲ့တဲ့ ဟောပြောပွဲရယ်ပေ့ါ။ လူထုဦးလှရဲ့ ဆေးကျောင်းသား လူငယ်လေးတစ်ယောက်ရဲ့ "နှလုံးသား" ကို ချိန်ရွယ်ပြီး ပစ်လွှတ်လိုက်တဲ့ စကားမြားတံကလေးတွေဟာ ပစ်မှတ်ကို ထိထိမိမိကြီး စိုက်ဝင်ခဲ့ပေတာပဲ။ သူ့ရဲ့ဆေးကျောင်းသားလေးတွေကို ပြောပြတဲ့စကားတွေက ထူးချွန်မြင့်မြတ်တဲ့ ဆရာဝန်

ကြီးတွေအဖြစ် လောကအကျိုး အများအကျိုး ဆောင်ရွက်နိုင်တဲ့ လူတစ်လုံးသူတစ်လုံးဖြစ်လာအောင် ကြိုးစားကြဖို့။ ဒါတင်မက ဆရာဝန်ဖြစ်လာတဲ့အခါကျ မိမိရဲ့ဆေးလောက အတွေ့အကြုံတွေကို စာတစ်စောင်ပေတစ်ဖွဲ့ ရေးသားနိုင်တဲ့ စာရေးဆရာတွေ ဖြစ်လာအောင် ကြိုးစားကြဖို့ လှုံ့ဆော်တိုက်တွန်းခဲ့တယ် သမီးရေ။

နောက်ဟောပြောပွဲတစ်ခုကတော့ စာရေးဆရာကြီး ဦးအောင်သင်းရဲ့ "မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့" ဆိုတဲ့ရည်ရွယ်ချက်နဲ့ လူငယ်တို့ရဲ့စိတ်ထားနှလုံးသားကို ပြုပြင်ပြောင်းလဲပေးနိုင်စွမ်း ရှိတဲ့ပွဲပါပဲ သမီး "ထွေး" ရေ။ အဲဒီပွဲမှာ ဆရာကြီးဟာ လူငယ်ကျောင်းသားကလေးတစ်ယောက်ရဲ့စာပေချစ်မြတ်နိုးမှု အနုပညာပိုးကို လှုံ့ဆော်ပေးနိုင်ရုံသာမက ဟောပြောသူတစ်ယောက်မှာ ဘယ်လိုအရည်အသွေးတွေနဲ့ ပြည့်စုံရမယ်ဆိုတဲ့ အတုယူချင်စရာ အားကျချင်စရာ စကားပြောကောင်းသူ...ပြီးတော့ စကားကောင်းပြောသူတစ်ဦး ဖြစ်ချင်စိတ်ရှိလာအောင်လို့လည်း လမ်းညွှန်ပြသွားနိုင်ခဲ့တယ်။ အဲဒါကြောင့်လည်း ဦးဦးတစ်ယောက် အဲဒီဟောပြောပွဲတွေကို ရင်ထဲနှလုံးသားထဲမှာ စွဲစွဲမြဲမြဲမှတ်မိနေပြီး မိမိကိုယ်တိုင်ကလည်း အဲဒီစာရေးဆရာကြီးတွေလို လူငယ်ကျောင်းသားကလေးတွေရဲ့စိတ်ထားနှလုံးသားတွေကို မိမိရဲ့စကားမြားတံကလေးတွေနဲ့ ရင်ထဲမှန်အောင် ပစ်ခတ်ချင်စိတ်တွေ ပြင်းပြလာခဲ့ရတာပဲဖြစ်တယ် သမီးရေ။ နောက်ဆုံးနဲ့ အရေးအကြီးဆုံး ဘယ်လိုမှ မမေ့နိုင်လောက်အောင် ရင်ထဲအသည်းထဲမှာ စွဲထင်နေခဲ့တဲ့ "ဟောပြောပွဲလေး" တစ်ခုအကြောင်း သမီးကို ပြောပြချင်မိသေးတယ်။ အဲဒီအကြောင်းသိရင် သမီးရယ်ချင်လေမလား၊ ဒါမှမဟုတ် အံ့သြတကြီးဖြစ်သွားလေမလား။ ထူးဆန်းတဲ့၊ ပြီးတော့ ဦးဦးရဲ့ဘဝမှာ တကယ့်ကို အချိုးအကွေ့တစ်ခုအဖြစ် အရေးပါလွန်းတဲ့ အလှည့်အပြောင်းတစ်ခုကို ဖန်တီးပေးခဲ့တဲ့ ဟောပြောပွဲတစ်ခု။ ကြည့်စမ်း...အဲဒီဟောပြောပွဲဟာ ဦးဦး အင်္ဂလန်ကျွန်းမှာ ပညာတော်သင်သွားခဲ့တုန်း ညတစ်ညမှာ ဖြစ်ခဲ့တာ။ လူက အင်္ဂလန်ကျွန်းမှာဆိုပေမယ့် ဟောပြောပွဲတကယ်ဖြစ်ခဲ့တဲ့ နေရာကတော့ အမိမြန်မာနိုင်ငံရဲ့အညာကျေးလက်ဒေသတစ်ခုရဲ့ကျောင်းလေးတစ်ကျောင်းထဲမှာ။ ဟောပြောတဲ့သူက

ဦးဦး ဒေါက်တာစိုးလွင်…နိုင်ငံရပ်ခြားက တော်ဝင်သမားတော်ဘွဲ့ကြီးကို ဆွတ်ခူးနိုင်ခဲ့တဲ့ နာမည်ကျော် အထူးကုဆရာဝန်ကြီး တစ်ဦးအဖြစ်နဲ့ ကျောင်းသားလူငယ်လေးတွေကို ဟောပြောခဲ့တာ။ ကိုင်း…သမီး အံ့ဩသွားပြီလား။ အင်္ဂလန်ကျွန်းကနေ ဘယ့်နှယ်လုပ်ပြီး မြန်မာပြည် အညာကျေးလက်ကို လာဟောပြောခဲ့တာလဲ။ ဒုံးပျံကြီးနဲ့များ လာခဲ့လေသလား။ မြေလျှိုးမိုးပျံပြီးတော့များ တန်ခိုးရှင်တစ်ယောက်လို အစွမ်းပြခဲ့တာလား။ ဒီဟောပြောပွဲမှာ ဟောပြောသူကိုယ်တိုင်က ဘဝမှာ အချိုးအကွေ့တစ်ခုအဖြစ် အကြီးအကျယ် ပြောင်းလဲသွားခဲ့ရတယ်ဆိုပါလား။ တကယ်တမ်းကျတော့ ဟောပြောပွဲကို နားထောင်သူမှသာ ပြောင်းလဲရမှာ မဟုတ်ဘူးလား။ အဲဒါကြောင့် ထူးဆန်းတယ်လို့ ဦးဦးကပြောခဲ့တာပေါ့။

ဒီလိုသမီးရဲ့…အင်္ဂလန်ကျွန်းရဲ့ ဆိုးဝါးပြင်းထန်လှတဲ့ ဆောင်းညတစ်ညမှာ ဦးဦးဆိုတဲ့ ပညာတော်သင် ဆရာဝန်လေးတစ်ယောက် စာမေးပွဲကျရှုံးပြီး စိတ်ဓာတ်တွေ အကြီးအကျယ်ကျဆင်း၊ ရည်မှန်းချက် ပန်းတိုင်တွေပျောက်ဆုံးလို့ "တော်ပါပြီ…ဒီစာမေးပွဲကြီးကို ဆက်မဖြေတော့ဘူး၊ အမိမြေကိုပဲပြန်တော့မယ်၊ ဒီဘွဲ့ကြီးလည်း မလိုချင်တော့ဘူး၊ ငါ့အရည်အချင်းနဲ့ ရမှာလည်းမဟုတ်ဘူး" ဆိုတဲ့ ညံ့ဖျင်းသိမ်ငယ်တဲ့ အတွေးတွေနဲ့ အိမ်ပြန်ချင်စိတ်တွေ ပြင်းပြစွာနဲ့ ဖွဲလျှော့ အားပျော့စွာ အိပ်ပျော်သွားခဲ့တယ်။ အိမ်မောကျသွားတဲ့ ဦးဦးဟာ ထူးဆန်းတဲ့ ဟောပြောပွဲတစ်ခုကို ရောက်ရှိသွားခဲ့တယ်။ ခုနတုန်းက ဦးဦးပြောခဲ့တဲ့ အညာကျေးလက်က ကျောင်းခန်းမလေးတစ်ခုထဲ ဦးဦးနဲ့ တထေရာတည်းတူတဲ့ ဆရာဝန်ကြီးတစ်ယောက်က လူငယ်ကျောင်းသားလေးတွေကို ဟောပြောနေတာ ဦးဦးကိုယ်တိုင် တွေ့ခဲ့ရတယ်။ အဲဒီထဲက ဆရာဝန်ကြီးဟာ နိုင်ငံရပ်ခြားက တော်ဝင်သမားတော်ဘွဲ့ရ နာမည်ကျော် အထူးကုဆရာဝန်ကြီး၊ ပါမောက္ခသမားတော်ကြီး၊ ပြီးတော့ စာရေးဆရာကြီးတစ်ဦးတဲ့။ သူက ဖျတ်လတ်တက်ကြွတဲ့ဟန်ပန်၊ ထက်မြက်ရဲရင့်တဲ့ အသွင်အပြင်၊ လန်းဆန်းပြုံးရွှင်တဲ့ အမူအရာတွေနဲ့ စင်မြင့်ပေါ်မှာ ထက်ထက်သန်သန် အားကြိုးမာန်တက် သွက်သွက်လက်လက်ကြီး ဟောပြောနေတယ်။ ကျောက်သင်ပုန်းပေါ်မှာတော့ သူကိုယ်တိုင်ရေးဆွဲထားတဲ့ ဒုံးပျံကြီးစီးနင်းပြီး ဟိုးမိုးမြင့်ထက်က ပန်းတိုင်ကို အရောက်ချီတက်

နေတဲ့ ရုပ်ပုံကြီးက ထင်းလို့။ အဲဒီပန်းတိုင်မှာ "ယောက်ျားတံခွန် လူရည်ချွန်က ကောင်းကင်တမွတ် ကြယ်ကိုဆွတ်လည်း မလွတ်စတမ်း ရမြဲလမ်း" လို့ ထင်ထင်ရှားရှားကြီး ရေးဆွဲထားခဲ့တယ်။

အမယ် ကြည့်စမ်းပါဦး...သူပြောပြနေတဲ့ "ပန်းတိုင်အရောက် သွားရမည့်ခရီး" ဆိုတဲ့ ဟောပြောပွဲလေးကို ကျောင်းသားလူငယ်လေးတွေက ရွှန်းလက်တောက်ပတဲ့ မျက်ဝန်းလေးတွေနဲ့ စူးစူးစိုက်စိုက် နားထောင်နေကြသတဲ့။ သူတို့ရဲ့မျက်နှာပေါ်မှာလည်း ဟောပြောနေတဲ့ ဆရာဝန်ကြီးကို ချစ်ခင်လေးစားအားကျကြည်ညိုကြတဲ့ အသွင်သဏ္ဍာန်လေးတွေက အထင်းသား။ သူတို့တွေကြီးပြင်းလာရင် အဲဒီလို ဆရာဝန်ကြီးတစ်ယောက် ဖြစ်လာအောင် ကြိုးစားမယ်လို့ လေးလေးနက်နက် သန္နိဋ္ဌာန်ချထားတဲ့ မျက်နှာလေးတွေ။ အဲဒီအချိန်မှာပဲ ဦးဦးတစ်ယောက် ဆောင်းတွင်းအိပ်မက်ကနေ ရုတ်တရက်ကြီးကို နိုးထလာခဲ့တာဖြစ်တယ်။

ခုန အိပ်ရာမဝင်ခင်တုန်းက အားပျော့စိတ်ဓာတ်ကျ ညှိုးငယ်နွမ်းလျတဲ့၊ သူ့ရဲ့ဘောကြောင်တဲ့ ဆရာဝန်လေးတစ်ယောက် အပြီးအပိုင် သေဆုံးသွားခဲ့ပြီ။ အဲဒီအိပ်မက်ကလေးက ဦးဦးကို လန်းဆန်းတက်ကြွစွာ မိမိရဲ့ပန်းတိုင်ဆီကို ဇွဲလုံ့လ ဝီရိယ သတ္တိအပြည့်နဲ့ မရောက်ရောက်အောင် သွားမယ်ဆိုတဲ့ ရဲရင့်ထက်မြက်တဲ့ ဆရာဝန်တစ်ဦးအဖြစ် ပြောင်းလဲပေးလိုက်တာဖြစ်တယ်။ ချက်ချင်းပဲ အိပ်မက်ထဲမှာ မြင်တွေ့ခဲ့ရတဲ့ ဒုံးပုံကြီးနဲ့ ပန်းတိုင်သွားနေပုံကို စာရွက်ဖြူပေါ်မှာ ကူးဆွဲခဲ့တယ်။ ပြီးတော့ စာကြည့်စားပွဲရှေ့မှာကပ်ပြီး ရဲရဲတောက် သစ္စာဆိုခဲ့တယ်။

"မိမိမျှော်မှန်းခဲ့တဲ့ တော်ဝင်သမားတော်ဘွဲ့ကြီးကို မရရအောင်ယူပြီး အမိမြေကိုပြန်မယ်။ မိမိ တတ်မြောက်ဆည်းပူးခဲ့တဲ့ ဆေးပညာတွေနဲ့ အမိမြေက သနားစရာ ဝေဒနာခံစားနေကြရတဲ့ လူနာတွေကို ဆေးကုပေးမယ်။ ဆေးကျောင်းသားလေးတွေကို မိမိလိုဖြစ်အောင် ဆေးပညာတွေ သင်ပေးမယ်။ ပြီးတော့ မိမိတတ်မြောက်တဲ့ ဆေးပညာတွေကို စာတစ်စောင်ပေတစ်ဖွဲ့ရေးသားနိုင်တဲ့ စာရေးဆရာကြီးတစ်ယောက်ဖြစ်အောင် အစွမ်းကုန်ကြိုးစားမယ်" ဆိုတဲ့

ကတိသစ္စာပဲဖြစ်တယ် သမီး "ထွေး" ရေ။

လူတစ်ယောက်ရဲ့ဘဝမှာ အရေးအကြီးဆုံးက စိတ်ဓာတ်နဲ့ သဘောထားပဲဖြစ်တယ်။ အဲဒီစိတ်ဓာတ်နဲ့ သဘောထားဟာ အရာရာကို ဦးဆောင်နိုင်တယ်။ သူကောင်းရင် ကောင်းသလို၊ သူဆိုးရင် ဆိုးသလို၊ အဲဒီလူတစ်ယောက်ရဲ့ "ဘဝ" တစ်ခုလုံး ကပြောင်းကပြန် ဖြစ်သွားစေနိုင်တယ်။ အခု ဥပမာကလေးကိုပဲ ကြည့်လေ...အိပ်ရာမဝင်ခင်တုန်းက ဆရာဝန်လေးက စိတ်ဓာတ်ကျအားငယ် မိမိကိုယ်ကို ယုံကြည်ချက်မရှိ ရည်မှန်းချက်ပျောက်ဆုံး သူရဲဘောကြောင်တဲ့ ဆရာဝန်ကလေးတစ်ယောက်။ သူ့ရဲ့အဲဒီလို ပျော့ညံ့သိမ်ငယ်တဲ့ စိတ်ဓာတ်သဘောထားနဲ့ ဘယ်လိုနည်းနဲ့မှ အောင်မြင်မှုပန်းတိုင်ကို ရောက်အောင်မသွားနိုင်ဘူး။ ပန်းတိုင်ဆီကို ရောက်အောင်သွားဖို့ "အောင်စိတ်" လို့ခေါ်တဲ့ ရဲရင့်တဲ့၊ ထက်သန်တဲ့၊ ပြင်းပြတဲ့ ယုံကြည်ချက်တွေ ဖွဲ့လုံ့လဝီရိယနဲ့ သတ္တိတွေရှိရမယ်။ ဒီအိပ်မက်ထဲက ပောပြောပွဲလေးက ဦးဦးကို သူရဲဘောကြောင်တဲ့ လူဖျင်းလူညံ့လေး တစ်ယောက်ဘဝကနေ ဖွဲ့မလျှော့ အားမပျော့ ပန်းတိုင်ဆီကို မရောက်ရောက်အောင် အရှုံးကြေကြေ အရေခန်းခန်း ကြိုးစားမယ်ဆိုတဲ့ သတ္တိခဲ ဆရာဝန်တစ်ယောက် ဖြစ်လာအောင် ပြောင်းလဲပေးလိုက်တာဖြစ်တယ်။

ဒါကြောင့်လည်း ဦးဦးရဲ့ဘဝမှာ အဲဒီဟောပြောပွဲလေးဟာ အရေးအပါဆုံး၊ အမှတ်တရအဖြစ်ဆုံး အလှည့်အပြောင်းတစ်ခုအဖြစ် မမေ့နိုင်လောက်အောင် ဖြစ်ရတာဖြစ်တယ်။ အခုပြောရမယ့် ဟောပြောပွဲလေးကိုလည်း ဦးဦးရဲ့ အိပ်မက်ထဲက ကြိုတင်ပြီးနိမိတ်ပြတဲ့ အကြွေးတင်နေတဲ့ ထူးခြားတဲ့ လက္ခဏာတွေပေါင်းစုံနေတဲ့ ဟောပြောပွဲလို့ အလေးအနက်ထားပြီး ပြင်းပြထက်သန်တဲ့ စေတနာတွေနဲ့ အကောင်းဆုံး ဟောပြောချင်မိတာဖြစ်တယ် သမီးရေ။

နောက်တစ်ချက် ပိုပြီးထူးခြားတဲ့ အချက်ကတော့ ဒီဟောပြောပွဲလေးမှာ ဦးဦးပြောရဦးမယ့် အနေအထားနဲ့ သတ်မှတ်ချက်ပါပဲ။ ဟောပြောပွဲကို စီစဉ်ပေးတဲ့ "TPPD" အဖွဲ့က ဆရာတွေကို မေးကြည့်မိတယ်။ ဦးဦးကို ဘယ်လိုသတ်မှတ်ပြီး ဟောပြောဖို့ ဖိတ်ကြားခဲ့တာလဲ။ ပြီးတော့ ဘယ်လိုခေါင်းစဉ် အကြောင်းအရာမျိုးကို ဟောပြောစေချင်တာလဲလို့လေ။ ဒီသတ်မှတ်ချက်ကလည်း သိပ်

အရေးကြီးတယ်။ သားဖွားမီးယပ် အထူးကုဆရာဝန်တစ်ယောက်အဖြစ် တွဲဖက်ပါမောက္ခ ကျောင်းဆရာတစ်ယောက်အဖြစ် မိမိရဲ့သားဖွားမီးယပ်ပညာကို ပထမနှစ် ဆေးကျောင်းသားကလေးတွေနဲ့ အကြိုမိတ်ဆက်ပြီး အခြေခံဆေးပညာတွေကို သင်ကြားပေးရမှာဆိုတဲ့ ရည်ရွယ်ချက်ဆိုရင် ပုံစံတစ်မျိုးပြင်။ "TPPD" အဖွဲ့ရဲ့ ဖြေကြားချက်ကို သိရတော့ ဦးဦး ပိုလို့အားတက်ပြီး စိတ်ဝင်စားသွားခဲ့ရတယ် သမီးရေ။ ဦးဦးကို ဟောပြောပွဲဖိတ်ကြားရတဲ့ ရည်ရွယ်ချက်က ဆရာဝန်ကျောင်းဆရာ တစ်ယောက်အဖြစ်သာမကပဲ စာရေးဆရာတစ်ယောက်အနေနဲ့ ကျောင်းသားလေးတွေရဲ့ စိတ်ထားနှလုံးသားကို "အနုပညာ" နဲ့ ဆွဲဆောင်စည်းရုံးပေးပြီး "ဆရာဝန်စစ်စစ်" ဖြစ်လာအောင် ကြိုးစားကြဖို့။ ဆရာဝန်စစ်စစ်တစ်ယောက်ရဲ့ စိတ်ထားသဘောထား၊ ကိုယ်ကျင့်သိက္ခာတွေ မွေးမြူချင်လာအောင် ပဲဖြစ်တယ်တဲ့ သမီးရေ။ ဦးဦးဘဝမှာ ဂုဏ်အယူဆုံး အမြတ်နိုးဆုံး စာရေးဆရာဆိုတဲ့ "အနုပညာရှင်" တစ်ယောက်အနေနဲ့ သတ်မှတ်ဖိတ်ကြားခဲ့တာဆိုတော့ ဦးဦးပြောရမယ့် ဟောပြောပွဲကလေးဟာ "အနုပညာ" ဆန်ဆန် ဆွဲဆောင်နိုင်ရမယ်။ လှုပ်ရှားအသက်ဝင်နေရမယ်။ ပိုလို့တောင် စိတ်ဝင်တစားနဲ့ ပြင်ဆင်ကြိုးစားချင်လာအောင် လှုံ့ဆော်ပေးတဲ့ အနေအထားတစ်ခုဖြစ်ခဲ့တယ် သမီးရေ။

အဲဒါကြောင့်လည်း ဒီဟောပြောပွဲလေး ပြောရတော့မယ်လို့ သိရတဲ့အချိန် တစ်ပတ် ၁၀ရက်လောက်အတွင်းမှာ ဦးဦးတစ်ယောက် စားလည်းဒီစိတ် သွားလည်းဒီစိတ်။ ကုန်ကုန်ပြောရရင် အိပ်ရာဝင် အိပ်ရာထမှာ ခြင်ထောင်အမိုးကိုကြည့်ပြီး စိတ်ကူးထဲမှာ ဟောပြောနေတော့တာပဲ။ အိပ်ရာဝင်သွားရင်လည်း အိပ်မက်ထဲမှာ ဟောပြောနေသလိုလို ခံစားနေမိပြီး စိတ်လှုပ်ရှားမှုတွေအပြည့် ထက်သန်မှုအပြည့်နဲ့ ပြင်ဆင်နေမိတော့တယ် သမီး "ထွေး" ရေ။

ပထမဆုံး စာအုပ်တွေအများကြီး ပြန်ဖတ်ရတယ်။ ဟောပြောရမယ့်ခေါင်းစဉ်ကလေးကလည်း နှလုံးသားထဲက သူ့အလိုလို ထွက်လာခဲ့တယ်။ မိမိရဲ့ရည်ရွယ်ချက် စိတ်ရင်းစေတနာကို ဖော်ကျူးတဲ့ အဓိပ္ပာယ်ပြည့်ဝတဲ့ ခေါင်းစဉ်လေးတစ်ခု...အဲဒီခေါင်းစဉ်ကတော့ "မျိုးဆက်သစ်သို့ မျှော်လင့်ခြင်းများစွာ" တဲ့ သမီးရေ။ မိမိရွေးချယ်တဲ့ ခေါင်းစဉ်နဲ့ သက်ဆိုင်မယ့် စာအုပ်တွေပြန်ဖတ်ပြီး

အဲဒီထဲက ကောင်းနိုးရာရာ အချက်အလက်တွေ စုစည်းရတယ်။ လူငယ်တွေရဲ့ စိတ်ဓာတ်တွေကိုတိုးတက်အောင် မြှင့်တင်ပေးတဲ့စာတွေ ရေးသားခဲ့တဲ့ စာရေးဆရာကြီးဦးအောင်သင်း၊ လူထုစိန်ဝင်း၊ ဆရာဖေမြင့်၊ ဒေါက်တာခင်မောင်ညို၊ ချစ်နိုင်(စိတ်ပညာ)၊ ဒေါက်တာမတင်ဝင်း၊ ကောင်းသန့်၊ ဆရာတော်ဦးဇောတိက၊ ဆရာတော်အရှင်ဆေကိန္ဒ၊ ဆရာတော်အရှင်ဆန္ဒာဓိက စသည်စသည်ဖြင့် စာတွေထဲက ကောက်နုတ်ချက်တွေကို စုစည်းရတယ်။ ပြီးတော့ မိမိတစ်သက်တာလုံး ဖတ်ရှုစုဆောင်းထားတဲ့ စာပေတွေထဲက အဖိုးတန်စကားကလေးတွေ စာစုလေးတွေကို ရွေးချယ်ပြီးတော့ ပန်းကလေးတစ်ပွင့်စီ သီကုံးသလို သီကုံးဖို့ ကြိုးစားရတယ်။

ဒါတင်ဘယ်ကပါဦးမလဲကွယ် … မိမိရဲ့ခံစားချက် အတွေ့အကြုံလေးတွေ ပုံပြင်ဝတ္ထုဇာတ်လမ်းတွေကိုလည်း ဘယ်နေရာမှာ ဘယ်လိုမျိုးထည့်မယ်၊ နားဆင်တဲ့ပရိသတ်တွေ မပျင်းရိ မငြီးငွေ့ရအောင် ရယ်စရာမောစရာလေးတွေ၊ ဟာသလေးတွေ ဘယ်လိုပြောမယ် စသဖြင့်လည်း စီစဉ်ရပြန်တယ်။

မိမိဟောပြောမယ့် အချက်အလက်တွေ၊ အကြောင်းအရာတွေအားလုံးကို အနှစ်ချုပ် "စာစု" လေးတွေကို ပိတ်ကားပေါ်မှာထိုးပြဖို့ ဖလင်ကော်ပြားပေါ် မိမိလက်ရေးနဲ့ ရောင်စုံမင်တံတွေသုံး၊ ကာတွန်းပုံလေးတွေ ရုပ်ပြောင်လေးတွေဆွဲ အရောင်တွေခြယ်နဲ့ ဦးဦးတစ်ယောက် အားတက်သရော ကြိုးစားနေလိုက်တာ အလုပ်လုပ်နေတာနဲ့လည်း မတူ၊ ပန်းချီကားလေးတစ်ချပ်ကို ရေးဆွဲနေတဲ့ အနုပညာရှင်တစ်ဦးလို မိမိဝါသနာပါတဲ့ ကစားနည်းတစ်ခုကို အားပါးတရ ကစားပျော်ရွှင်နေတဲ့ ကလေးငယ်တစ်ယောက်လို ပျော်ရွှင်သွက်လက်ပြီး မောလို့မောမှန်းမသိ။

ပြင်ဆင်တဲ့နေရာမှာလည်း "ပရိသတ်ရှေ့မှာ စကားပြောနည်း ဟောနည်း" နဲ့ပတ်သက်တဲ့ စာအုပ်တွေမျိုးစုံကိုလည်း လေ့လာဆည်းပူးရသေးတယ် သမီးရေ။ စကားပြောတယ်ဆိုတာ နားဆင်သူ ပရိသတ်တွေရဲ့စိတ်နှလုံးကို ဆွဲဆောင်စည်းရုံးနိုင်ဖို့၊ သူတို့တွေ မပျင်းမရိနဲ့ နားဆင်နိုင်အောင် စိတ်ဝင်စားလာအောင် ဟောပြောနိုင်ဖို့ နည်းလမ်းတွေမျိုးစုံ အသုံးပြုပြီး ထိထိရောက်ရောက်

ပြောနိုင်ဖို့ အရေးကြီးတယ်မဟုတ်လား သမီးရေ။ လေးနက်တဲ့ အဆီအနှစ်တွေနဲ့ပြည့်တဲ့ စကားကောင်းတွေကို ပြောပါရဲ့...ပရိသတ်တွေက ကောင်းကောင်းမကြားရ၊ နားမလည်၊ ပျင်းရိစရာကောင်း၊ ဆွဲဆောင်မှုမရှိဘူးဆိုရင်တော့ "ပိုးသာကုန် မောင်ပုံစောင်းမတတ်" ဆိုသလိုမျိုး ပြောသာပြောရပေမယ့် ဘယ်သူ့မှာမှ အကျိုးမရှိတဲ့ အဖြစ်မျိုးနဲ့လည်း ရင်ဆိုင်ရတတ်တယ် မဟုတ်လား။ မိမိက အရှေ့ကပြော အောက်ကပရိသတ်တွေက အိပ်ပျော်တဲ့သူကပျော်၊ စကားများတဲ့သူကများ၊ ပြောရင်းတန်းလန်း ပျင်းရိငြီးငွေ့ ဟောပြောပွဲခန်းမထဲက အပြင်ထွက်သွားတဲ့သူကသွားဆိုရင် ကြိုးစားထားသမျှ ရေစုန်မျောပြီမဟုတ်လား သမီးရာ။ ဒါကြောင့်လည်း "ဟောနည်း ပြောနည်း" စာအုပ်တွေ သေချာဖတ်ရှုလေ့လာပြီး မိမိရဲ့ဟောပြောချက်တစ်ခုကို အထိရောက်ဆုံး စိတ်ဝင်စားဖို့ အကောင်းဆုံး ဆွဲဆောင်စည်းရုံးနိုင်မယ့် နည်းလမ်းတွေ ရှာဖွေလေ့ကျင့် ပြင်ဆင်ရတော့တာပေါ့ကွာ။

ဒါတင်ဘယ်ကပါဦးမလဲ သမီးရာ...ဦးဦးနဲ့ "သားအဖ" ပမာ ချစ်ခင်သံယောဇဉ် တွယ်ငြိနေပြီဖြစ်တဲ့ ဘဘဦးအောင်သင်းဆီကိုလည်း ဖန်ခါးမြေကနေ ရန်ကုန်ကို ဖုန်းဆက်ပြီး ဒီဟောပြောပွဲလေးအကြောင်း ပြောပြ၊ ဘဘဆီက အကြံဉာဏ် တောင်းခံရသေးတယ်။ ဦးဦး စာလေးတွေရေးတာ ဆေးကုပေးတာ စာသင်ပေးနေတာတွေအားလုံးကို အင်မတန်အားပေးတယ် သမီးရေ။ အဲဒီနေ့က ဖုန်းပြောရင်း ဘဘဦးအောင်သင်းက ဦးဦးကို "ငါ့စိတ်ထဲ ဘယ်လိုဖြစ်တယ်မသိဘူးကွာ။ မင်းရဲ့လုပ်ရပ် စိတ်ထားလေးတွေကိုကြည့်ပြီး မင်းကို ပြောမပြနိုင်အောင် ချစ်ခင်တယ်။ ငါ့ရဲ့သားကြီးတစ်ယောက်လိုကို ချစ်ခင်မိတာ" လို့ လှိုက်လှိုက်လှဲလှဲပြောခဲ့တယ်။ ဦးဦးတစ်ယောက် မိမိရဲ့ဘဝမှာ အင်မတန်အရေးပါတဲ့ ချစ်ခင်လေးစားရဆုံး၊ အားကျအတုယူရဆုံး အနုပညာရှင်ကြီးတစ်ဦးရဲ့အဲဒီလို မေတ္တာတရားတွေနဲ့ ထုံမွှမ်းတဲ့စကားတွေကို ကြားလိုက်ရတာ ဟုတ်မှဟုတ်ရဲ့လား၊ အိပ်မက်တွေ မက်နေတာများလား၊ ဝမ်းသာကြည်နူးရလွန်းလို့ တကယ်ပြောတာမှ ဟုတ်ရဲ့လား။ မသေမချာဖြစ်ပြီး ကိုယ့်လက်မောင်းကို လက်သည်းနဲ့ဆိတ် "အဘကိုလည်း" တကယ်ပြောနေတာမှ ဟုတ်ရဲ့လား၊ ထပ်ပြောပါဦးလို့

တောင်းပန်ရတဲ့အထိ ပီတိမျက်ရည်တွေလည်း ရစ်ဝိုင်းလို့ပေါ့ကွယ်။

ဘဘဦးအောင်သင်းက ဦးဦးကို အဖိုးတန်စကားကလေးတွေ ပြောခဲ့တယ်။ ဆရာဝန်တစ်ယောက်ရဲ့အရေးအကြီးဆုံးစိတ်ဓာတ်ဟာ ...

"ကိုယ်အသက်ရှင်နေသမျှ ကာလပတ်လုံး သူများတွေ အသက်ရှင်ဖို့ ကျွန်တော်တို့ ကြိုးပမ်းပါ့မယ်" ဆိုတာမျိုး ဖြစ်ရမယ်။

"လူတစ်ယောက်ရဲ့တန်ဖိုးဟာ လူ့လောကကြီးထဲ မိမိ "လူ" ဖြစ်လာခြင်းဟာ တခြားလူတွေအတွက် ဘယ်လောက် အဖိုးတန်သလဲဆိုတာနဲ့ တိုင်းတာရမယ်"

"လူတစ်ယောက်ရဲ့ကိုယ်ကျင့်တရားဆိုတာ သူတစ်ပါးအတွက် ကိုယ်ကကျင့်ရတဲ့ တရားဖြစ်တယ်၊ ကိုယ့်အတွက်ပဲ မဟုတ်ရဘူး" တဲ့။

ဦးဦး ချစ်ခင်လေးစားတဲ့ ဘဘဦးအောင်သင်းရဲ့စကားကလေးတွေ၊ အားပေးမှုကလေးတွေကြောင့် ဒီဟောပြောပွဲကို မိမိရဲ့အကောင်းဆုံး စိတ်ရင်းစေတနာတွေနဲ့ အစွမ်းကုန် ကြိုးစားပြင်ဆင်ဖို့ ခွန်အားတွေ ရလာတော့တယ် သမီးရေ။ ကိုင်း...ဒီလိုနဲ့ပဲ ဦးဦးတစ်ယောက် အချိန်တိုင်း အချိန်တိုင်း စိတ်ထဲနလုံးသားထဲ စူးစိုက်နစ်မြုပ်စွာ ပြင်ဆင်ခဲ့တဲ့ "မျိုးဆက်သစ်သို့ မျှော်လင့်ခြင်းများစွာ" ဆိုတဲ့ ဟောပြောပွဲလေးကို စင်မြင့်ထက်မှာပြောဖို့ တစ်စတစ်စ နီးကပ်လာခဲ့ပြီ။ သမီးလေးစိတ်ဝင်စားရင် နောက်တစ်လ ဆက်ရေးမယ်နော်။ ဒီတစ်လတော့ "ဤမျှသာ" ...

«« ¤ »»

၃

# မျိုးဆက်သစ်သို့ မျှော်လင့်ခြင်းများစွာ

၂

# ပျိုးခက်သစ်သို့ မျှော်လင့်ခြင်းများစွာ ၂



# မျိုးဆက်သစ်သို့ မျှော်လင့်ခြင်းများစွာ (၂)

**မန္တလေးဆေးက သမီးလေး 'ထွေး'...**

ဦးဦးတစ်ယောက် အိမ်အရှေ့က ကုက္ကိုပင်ကြီးအောက်မှာ ပက်လက်ကုလားထိုင်လေး ချပြီးထိုင်ရင်း သမီး "ထွေး" ဆီ ပေးစာလေးတစ်စောင် ရေးဖို့ပြင်ဆင်နေပြီ။ လေကလေး တဖြူးဖြူးနဲ့မို့ ကုက္ကိုပင်ရိပ်က အေးမြပါဘိခြင်း။ ဟိုးကုက္ကိုပင်မြင့်ထက်ကို မော့ကြည့်မိတော့ စိမ်းရွက်နုကလေးတွေ တဝေဝေနဲ့ အုံ့ဆိုင်းနေတဲ့ အပင်ကိုင်းထက်မှာ ပြေးတမ်းလိုက်တမ်း ဆော့ကစားနေကြတဲ့ ရှဉ့်ငပေါလေးတွေကို ကြည်နူးဖွယ် မြင်တွေ့ရတယ်ကွယ်။

ဦးဦးတစ်ယောက်တော့ဖြင့် စာမရေးနိုင်သေးဘဲ တော်တော်ကြီးကြာအောင် လေညင်းကလေးကို ရှူရှိုက်ရင်း သဘာဝအလှကို ငေးမောခံစားနေမိတယ် သမီးရေ။

ဟိုးတစ်လောတုန်းက ပေါဒီကုက္ကိုပင်အောက် ဒီနေရာလေးမှာပဲ ထိုင်ရင်း မြင်ခဲ့ရတဲ့ရှုခင်းနဲ့ တခြားစီ ဖြစ်လို့နေပါရောလား။ အဲဒီတုန်းက လေကလေးတစ်ချက်အဝှေ့မှာ ဟိုးပင်မြင့်က ရွက်ဝါလေးတွေ ဝေ့ကာဝိုက်ကာနဲ့ တဖွဲဖွဲကြွေကျ။ အဲဒီရွက်ဝါလေးတွေက နွေဦးရဲ့လေရူးမှာ မြေပြင်ပေါ် ရုပ်တိုက်ပြေးလွှားကစားနေကြတယ်။ ဦးဦးရဲ့ကိုယ်ပေါ်ကို တဖြုတ်ဖြုတ် ဝေ့ဝဲကြွေကျလာတဲ့ ရွက်ဝါလေးတွေကို ငေးမောကြည့်ရင်း ရွက်ဝါကြွေတဲ့ နွေဦးရာသီရဲ့အလှအပကို ခံစားနေမိရော။

ကိုင်း...အဲဒီတုန်းက ကြွေကျသွားခဲ့တဲ့ ရွက်ဝါလေးတွေရဲ့နေရာမှာ

ရွက်စိမ်းရွက်နုလေးတွေ တဝေဝေနဲ့ အစားထိုးဝင်ရောက်လာပုံ၊ ဒီရွက်နုလေးတွေလည်း သူ့အဆင်းသူ့အလှနဲ့ လောကကြီးအလှဆင်နေပုံကို ကြည့်ရမြင်ရ၊ အဲဒါ လောကရဲ့ဖြစ်မြဲဓမ္မတာပဲမဟုတ်လားသမီး "ထွေး" ရာ။ အခုလည်းကြည့်လေ ... ဦးဦးတော့ဖြင့် စိမ်းရွက်နုကလေးတွေနဲ့ ဝေဆာနေတဲ့ ကုက္ကိုပင်ရိပ်မှာ ထိုင်ရင်း အတွေးတွေက ဖန်ခါးမြေဆေးတက္ကသိုလ်မှာ ကျင်းပခဲ့တဲ့ "မျိုးဆက်သစ်သို့ မျှော်လင့်ခြင်းများစွာ" ဆိုတဲ့ ပောပြောပွဲကလေးဆီကို အပြေးအလွှားရောက်လို့သွားခဲ့ပြီ။ ခန်းမကြီးတစ်ခုလုံး ပြည့်နေရုံသာမက နေရာမရလို့ အပြင်ဘက် ကော်ရစ်ဒါတွေဆီကိုတောင် ရောက်နေပြီး ဦးဦးပြောမယ့် စကားကလေးတွေကို ငံ့လင့်စောင့်စားနေကြတဲ့ မောင်မယ်သစ်လွင် ဆေးတက္ကသိုလ်ကျောင်းသား လူငယ်ကလေးတွေရဲ့အသွင်သဏ္ဌာန်ဟာ ဦးဦးရဲ့စိတ်နှလုံးကို ရွှင်ပြုံးစေတယ်။ နုပျိုလန်းဆန်းတဲ့ ဆေးကျောင်းသား လူငယ်ကလေးတွေရဲ့ရွှန်းလက်တောက်ပနေတဲ့ မျက်လုံးလေးတွေကိုကြည့်ရင်း ဦးဦးတော့ဖြင့် သူတို့ရဲ့ခေတ်တွေကူးပြီး မိမိကိုယ်ကို နှစ်ပေါင်း၃၀လောက် ပြန်ငယ်သွားသလို ခံစားလိုက်ရတယ်။

"မင်္ဂလာပါ ..."

"သားတို့သမီးတို့ကို တွေ့မြင်ရတာ ဆရာ့ရဲ့စိတ်တွေ နုပျိုလန်းဆန်းပြီး တကယ့် ရောင်စုံပန်းခင်းကြီးတစ်ခုထဲ ရောက်သွားသလိုပဲ ကြည်နူးပျော်ရွှင်မိတယ်" ဆိုတဲ့ တကယ့်ရင်ထဲက ထွက်လာတဲ့ နှုတ်ဆက်စကားလေးတစ်ခွန်းကို လိုက်လိုက်လှဲလှဲ ပြောမိတယ်။

"မျိုးဆက်သစ်လူငယ်"
နုပျိုလန်းဆန်း
စိမ်းလန်းစိုပြည်
ရွှင်ပျကြည်လင်
ဖျတ်လတ်သွက်လက်
တောက်ပရောင်ခြည်
အားမာန်ပြည့်ဝ

မဝေးလှတဲ့ အနာဂတ်မှာ

အလှဆုံး ဖူးပွင့်လာမယ့်

ရောင်စုံပန်းခင်းကြီးပေါ့ . . .

ဦးဦးမြင်တွေ့နေရတဲ့ လူငယ်လေးတွေရဲ့အသွင်သဏ္ဍာန်ကို ဖော်ပြနေတဲ့ ကဗျာလေးတစ်ပုဒ်က ဦးဦးရဲ့နှုတ်ဖျားကနေ စကားနင်းပွင့်ကလေးတွေလို တစ်ပွင့်ပြီးတစ်ပွင့် ကြွေကျလာကြပြီ။

"သားတို့သမီးတို့ကို မြင်ရတာ စိမ်းရွက်နုကလေးတွေနဲ့ ဝေဆာလန်းဆန်းနေတဲ့ တောအုပ်တစ်အုပ်ထဲကို ရောက်သွားသလိုပါပဲ။ ရွက်ဟောင်းတွေကြွေကျ မြေခကြတဲ့နေရာမှာ စိမ်းရွက်နုလေးတွေ တဝေဝေနဲ့ အစားထိုးအလှဆင်ကြရတာဟာ လောကရဲ့ဓမ္မတာပဲမဟုတ်လား။ မကြာခင် ဆရာတို့တစ်တွေ ကပြလှုပ်ရှား အသုံးတော်ခံခဲ့ကြတဲ့ ဟောဒီဆေးလောက ဇာတ်ခုံကြီးထက်မှာ သားတို့သမီးတို့တွေဟာ ဆရာတို့ရဲ့နေရာကို အစားထိုးဝင်ရောက်ပြီးတော့ အလှဆင်ကြရမှာဖြစ်တယ်။ အဲဒါကြောင့် ဒီနေ့ပွဲလေးဟာ မျိုးဆက်ဟောင်း ဆရာဝန်ကြီးတစ်ယောက်က သူတို့ရဲ့နေရာမှာ မကြာခင်အချိန်အတွင်း အစားထိုးဝင်ရောက်လာကြတော့မယ့် မျိုးဆက်သစ် ဆရာဝန်အလောင်းအလျာလေးတွေကို "မျှော်လင့်ခြင်းများစွာ" နဲ့ ကြိုဆိုနှုတ်ခွန်းဆက်သတဲ့ အခမ်းအနားပဲ ဖြစ်ပါတယ်။

ဟုတ်တယ်လေ သမီး "ထွေး" ရဲ့...သမီး "ထွေး" အပါအဝင် ဦးဦးရဲ့ ဟောပြောပွဲခန်းမကြီးထဲက ဆေးကျောင်းသားကလေးတွေအားလုံးဟာ ဦးဦးတို့ရဲ့ပြည်သူတစ်ရပ်လုံး အားကိုးအားထားပြုကြရမယ့် ဆေးပညာရှင်ကြီးတွေ မကြာခင် ဖြစ်လာကြတော့မယ်။ အနာဂတ်ရဲ့ခေါင်းဆောင်လောင်းလေးတွေ ဖြစ်တဲ့ သူတို့လို မျိုးဆက်သစ် လူငယ်ကလေးတွေရဲ့လက်ထဲမှာ ဦးဦးတို့နိုင်ငံပြည်သူတွေအားလုံးရဲ့ကံကြမ္မာရှိနေတယ် မဟုတ်လား။ ဒါကြောင့် ဥယျာဉ်မှူးကျောင်းဆရာတစ်ယောက်ဖြစ်တဲ့ ဦးဦးတို့ဟာ မိမိတို့ပြုစုပျိုးထောင် ရေလောင်းပေါင်းသင်ရင်း အလှပဆုံး ဖူးပွင့်လာကြတော့မယ့် ပန်းကလေးတွေကိုကြည့်ပြီး အနာဂတ်အတွက် မျှော်လင့်ခြင်းများစွာနဲ့ ကြည်နူးရင်ခုန်ကြရတာ သဘာဝပဲ

ဖြစ်တယ်။

ပထမဆုံး နှုတ်ခွန်းဆက်စကားကလေးကို ပြောပြီးတဲ့အခါမှာတော့ ဒုတိယအဆင့်က ဦးဦးဟာ မိမိကိုယ်ကို ပရိသတ်တွေနဲ့ မိတ်ဆက်ပေးခြင်းပဲဖြစ်တယ် သမီးရေ။ တစ်ယောက်ပြောတဲ့စကားကို တစ်ယောက်ကနားဝင်ဖို့၊ လေးလေးစားစား နားထောင်ဖို့ဆိုတာဟာ နှစ်ဦးသားရဲ့နှလုံးသားချင်း စိတ်ထားချင်း စိတ်ဝိညာဉ်လိပ်ပြာတွေကို အပြန်ပြန်အလှန်လှန် ကူးလူးယှက်သွယ် နားလည်ခင်တွယ်ကြမှသာ ဖြစ်နိုင်တယ်လို့ ဦးဦးက ခံယူထားတာကိုး။

"သားတို့ သမီးတို့တွေကို မြင်တွေ့ရတာဟာ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀လောက်တုန်းက မန္တလေးဆေးတက္ကသိုလ်ကို ပထမဆုံးရောက်လာတဲ့ သစ်လွင်ဆေးကျောင်းသားလေးတစ်ယောက်ကို ပြန်ပြောင်းမြင်ယောင် လွမ်းတမိတယ်။ မင်းတို့လိုပဲ တောသားလေးတစ်ယောက် မန္တလေးရွှေမြို့တော်ကို မအူမလည် ယောင်ချာချာနဲ့တက်လာတဲ့ ဆေးကျောင်းသားလေးတစ်ယောက်ပေါ့။ အဲသည်တုန်းက အဖြစ်အပျက်ကလေးတွေကို ပြန်တွေးကြည့်လိုက်တော့ ရယ်စရာလည်း ကောင်း၊ ပျော်စရာလည်း ကောင်း။ အဲသည်တုန်းက ဆရာတို့နေဖို့ နေရာချပေးခဲ့တာ "ဗထူးဆောင်"...အဆောင်ဘေးမှာ စိမ်းလန်းတဲ့ မြက်ခင်းကြီးတွေရှိတဲ့ ဘောလုံးကွင်းရှိတယ်။ စရောက်တဲ့နေ့ ညနေမှာပဲ မိုးတွေရွာချခဲ့တယ်။ ဆရာရယ်၊ သူငယ်ချင်းနှစ်ယောက်ရယ် ဘောလုံးကွင်းကြီးထဲ ဘောင်းဘီတိုလေးတွေကိုယ်စီနဲ့ အင်္ကျီချွတ်ပြီးတော့ ဘောလုံးထွက်ကန်ခဲ့ကြတယ်၊ အဲသည်လို ဘောလုံးကိုပဲ အတင်းလုပြီး မဲကန်နေကြတုန်း ထီးကြီးတစ်ချောင်းဆောင်းပြီး လျှောက်လာတဲ့ လူကြီးတစ်ယောက်ကို မတော်တဆ ဝင်တိုက်မိမလိုဖြစ်သွားခဲ့တယ်။ အဲဒီလူကြီးက "ဟေ့ကောင်လေးတွေ ဒါ ဆေးတက္ကသိုလ်ကွ...မင်းတို့ ဘယ်က ကလေးတွေလဲ" လို့ မျက်နှာထားတည်တည်ကြီးနဲ့ မေးပါလေရော။ အဲသည်တော့မှ ကိုယ့်ကိုယ်ကိုယ်ရော၊ သူငယ်ချင်းနှစ်ယောက်ကိုရော သေချာကြည့်တော့ သုံးယောက်စလုံးက တကယ့်ကို ပုပုသေးသေး ပိန်ပိန်ညှက်ညှက်ကလေးတွေ၊ အင်္ကျီကလည်း ချွတ်ထားတာဆိုတော့ ကာယဗလကလည်း ဘယ်ခေပ့ါမလဲ...နံရိုးအပြိုင်းပြိုင်းနဲ့ပေါ့။ ဒီတော့ အဲဒီလူကြီးက ဒီလမ်း

ဘေး ရပ်ကွက်ထဲက ကလေးတွေ ဆေးကျောင်းထဲ ဘောလုံးလာဝင်ကန်တယ် လို့ ထင်သွားတာပေ့ါကွာ။ အဲဒီမှာပဲ ဘောလုံးကိုကောက်ပြီး ဝေးရာကို ပြေးကြ တော့တာပေ့ါ။ နောက်တစ်နေ့ ကျောင်းတွေဖွင့်တော့မှ အဲဒီလူကြီးဟာ ဆရာ တို့ရဲ့မကြာမီမှာ အင်မတန် ချစ်ခင်ကြရတဲ့ ခန္ဓာဗေဒ "Anatomy" က ကထိက ဆရာကြီး "ဒေါက်တာဂျွန်လုနိုင်" ဆိုတာ ဖြစ်နေမှန်း သိခဲ့ကြရတယ်။

အခန်းထဲမှာ ခုတင်ကလေးတွေက ပုပုကလေးတွေ...တောသားပီပီ သေတ္တာကြီးတစ်လုံးနဲ့ လာခဲ့တာဆိုတော့ သေတ္တာထည့်ပြီး အဖုံးဖွင့်လို့မရဘူး ဖြစ်နေတယ်။ ဒီတော့အဆောင်ကထွက်ပြီး ဆေးကျောင်းကြီးထဲ တစ်ပတ်လှည့် အုတ်ခဲလိုက်ရှာတယ်...ခုတင်ခြေရင်းကို ခုဖို့လေ။ ဆေးကျောင်းထဲက တစ်နေ ရာမှာ အုတ်ခဲပုံအကြီးကြီး ပုံထားတာ တွေ့ခဲ့ရတယ်။ နေ့ခင်းကြီးတော့ အုတ်ခဲ တွေကို မယူရဲဘူး။ ညနေခင်း အမှောင်ထုဝင်ရောက်လာချိန် လူမှန်းမသိတသိ အချိန်လောက်မှာတော့ ဆရာရယ်၊ သူငယ်ချင်း "စိုးဝင်း" ရယ် နစ်ယောက်သား ဂုန်နီအိတ်ကြီးတစ်လုံးနဲ့ အုတ်ပုံဘေးကို အသာလေး ချဉ်းကပ်လာခဲ့ကြတယ်။ လူတွေလစ်ပြီ ဘယ်သူမှလည်း မတွေ့ဘူးဆိုပြီး ဂုန်နီအိတ်ကြီးချ၊ အိတ်ပေါ်ကို အုတ်ခဲတွေစီတင်၊ အားလုံးပြီးလို့ လစ်မယ်လည်းလုပ်ရော အဲဒီအနားက အိမ် တစ်အိမ်ကနေပြီး တုတ်ကောက်ကြီးတစ်ချောင်း ကိုင်ပြီးတော့ အဘိုးကြီးတစ် ယောက် ပြေးထွက်လာတယ်။ "ဟေ့ကောင်လေးတွေ...မင်းတို့ ဘယ်သူတွေ လဲ၊ ဘာလို့ အုတ်ခဲတွေ လာခိုးနေရတာလဲ" လို့ အော်တော့တာပဲ...ဆရာရယ်၊ သူငယ်ချင်း "စိုးဝင်း" ရယ် နစ်ယောက်သား အုတ်ခဲတွေထည့်ထားတဲ့ ဂုန်နီထုပ် ကြီး "မ" ပြီး ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင် ပြေးလိုက်ရတာ လျှာ ကိုထွက်လုရောပဲ။ အဆောင်ရောက်တော့မှ အုတ်နီခဲတွေနဲ့ ခုတင်တိုင်၄တိုင် ကို ခုလိုက်ကြတယ်။ အိုကေ...အဲဒီတော့မှပဲ အဆင့်အတန်းမြင့်မြင့်နဲ့ နေလို့ရ သွားတော့တယ်။ ခုတင်က မြင့်သွားတော့ သေတ္တာရဲ့အဖုံးကိုလည်း ဖွင့်လို့ရပြီ။ မောမောနဲ့ အိပ်ကြတယ်။ နောက်တစ်နေ့...မောင်မယ်သစ်လွင် ကြိုဆိုပွဲအချိန် အခမ်းအနားလုပ်တယ်။ အဲဒီအခမ်းအနားမှာ မိန့်ခွန်းပြောပြီး ကြိုဆိုနှုတ်ဆက် စကားပြောတဲ့ ပါမောက္ခချုပ်ကြီးရဲ့ပုံစံကို ကြည့်လိုက်ကြတော့မှ သူငယ်ချင်းနစ်

ယောက် ပါးစပ်အပေါင်းသား ဖြစ်သွားကြရတော့တယ်။ "ပော့ကောင်ရေ… အဲဒီဆရာကြီးဟာ ညတုန်းက ငါတို့ကို တုတ်ကောက်ကြီးနဲ့လိုက်တဲ့ အဘိုးကြီး မဟုတ်ဘူးလား" ဆိုတော့မှ…ဟုတ်လိုက်သမှ နှစ်ယောက်စလုံး အဲဒီအခန်းထဲ မနေရဲဘဲ တစ်ယောက်နဲ့တစ်ယောက် လက်ကုတ်ပြီး အသာလစ်ပြေးရတော့ တာပဲ။

ကိုင်း သမီးလေး "ထွေး" ရေ…ဦးဦးရဲ့မိတ်ဆက်စကားက ဘယ့်နှယ် နေသလဲ။ ကျောင်းဆရာ တစ်ယောက်အနေနဲ့ ပြီးတော့ ဟောပြောတဲ့သူ တစ် ယောက်အနေနဲ့ ဟောပြောပွဲစစချင်း ပရိသတ်တွေရဲ့ ကျောင်းသားလေးတွေရဲ့ ပျော်ရွှင်မှု၊ ချစ်ခင်မှု၊ စိတ်နှလုံးသားရဲ့နှိုးဆွပေးနိုင်တဲ့ ဟောပြောပွဲ၊ ဒါမှမဟုတ် စာသင်ခန်းဟာ ပျော်ရွှင်ရယ်မောမှုလေးတွေနဲ့ သွက်လက်လှုပ်ရှား အသက်ဝင် စိုပြည်နေဖို့ အရေးကြီးတယ်လို့ ဦးဦးကတော့ ယုံကြည်မိပါတယ်။ အဲဒါကြောင့် ဟောပြောပွဲကို ဒီလို ကိုယ်တွေ့ဖြစ်ရပ်ကလေးတွေနဲ့ ဟာသကလေးတွေပြော ပြီး သူတို့ရဲ့စိတ်နှလုံးကို ပြုံးပျော်ရယ်မောသံတွေ တဟားဟားနဲ့ သာယာစိုပြည် သွားစေတာပေါ့ကွာ။ ဒီဖြစ်ရပ်ကလေးတွေကို ရိုးရိုးတန်းတန်း ပြောတာမဟုတ် ဘဲ ကာတွန်းရုပ်ကလေးတွေနဲ့ တန်ဆာဆင်ပြီး ပြောပြတာ၊ ပြီးတော့ ဦးဦးကိုယ် တိုင်ကလည်း စင်မြင့်ပေါ်မှာ ဟောပြောတဲ့ ခုံကလေးနောက်မှာ ငြိမ်ငြိမ်ကြီးရပ် ပြီး အသင့်ရေးထားတဲ့ စာရွက်ထဲက စာတွေကိုကြည့်ပြီး ဖတ်ပြတာမျိုးကို လုံးဝ မကြိုက်ဘူး။ အဲသလိုမျိုး ပြောတာမျိုးက အင်မတန် ငြီးငွေ့ဖို့ကောင်းလိုက်တာ။ ဒါကြောင့်မို့ ဦးဦးကတော့ ဟောပြောပွဲ စင်မြင့်တစ်ခုလုံး ပြည့်ပြည့်စင်အောင် လှုပ်ရှား သွားလာပြီး လိုအပ်ရင် လိုအပ်သလို အမူအရာတွေနဲ့ သရုပ်ဆောင်ပြီး ပြောပြ ရတဲ့ဟန်ပန်မျိုးတွေကို သဘောကျတာ။ တစ်ခုတော့ရှိတာပေါ့ကွယ်…လုံချည် တော့ မဝတ်ရဲဘူး။ အဲသလို အငြိမ်မနေဘဲ စင်မြင့်ပေါ်လျှောက်သွားရင်း ပုဆိုး ကွင်းလုံးကျွတ်သွားမှဖြင့် အရှက်ကြီး ဟက်တက်ကွဲရချေရဲ့။ ဒါကြောင့်လည်း စတိုင်ကျကျ ဝတ်လာတယ်လို့ ထင်မှတ်ရအောင် ဘောင်းဘီလက်ရှည် (ဟုတ် ပေါင်) ဘောင်းဘီရှည်ကိုဝတ်၊ ရုပ်အင်္ကျီအဖြူ လက်ရှည်မှာမှ ကြောင်လျှာသီး နီနီရဲရဲကိုတပ်ပြီး သွက်သွက်လက်လက် လှုပ်ရှားရတော့တာပေါ့။ တကယ်တမ်း

အမှန်တရားက ဘောင်းဘီဝတ်ထားတာ စတိုင်ကျအောင် မဟုတ်၊ လုံချည်ဆိုရင် လွတ်လွတ်လပ်လပ် မလှုပ်ရှားနိုင်ရုံသာမက အဆင်မသင့်ရင် ကျွတ်ကျနိုင်တဲ့ အန္တရာယ်ကလည်း ရှိတာကြောင့်ဖြစ်တယ်။

သူတို့လေးတွေကိုကြည့်ရင်း မိမိရဲ့ငယ်ဘဝ ဆေးတက္ကသိုလ်ကျောင်းသားဘဝကို လွမ်းတတ်တဲ့ စိတ်ခံစားချက်ကလေးကို အရင်ပြောပြပြီးတော့မှ ဦးဦး ကိုယ့်ကိုယ်ကိုယ် သူတို့ကလေးတွေနဲ့ မိတ်ဆက်ဖြစ်တော့တယ် သမီးရေ။ ကလေးတွေကတော့ သူတို့တွေဆီကို အပတ်စဉ် စာရေးဆရာကြီးတွေ၊ ဆရာဝန်ကြီးတွေ စသဖြင့် တစ်ယောက်ပြီးတစ်ယောက် ဟောပြောပွဲတွေ လာလုပ်ကြတယ်။ ခေါင်းစဉ်အမျိုးမျိုးနဲ့ တစ်ယောက်တစ်မျိုး မရိုးရလေအောင် ပြောကြတာတွေ နားထောင်ကြရတယ်။ အဓိက ရည်ရွယ်ချက်ကတော့ ဒီလို အထူးကု ဆရာဝန်ကြီးတွေ စာရေးဆရာကြီးတွေရဲ့ဘဝအတွေ့အကြုံတွေ အတွေးအမြင် ဒဿနတွေကို ကြားနာနားထောင်ရပြီး သူတို့လေးတွေရဲ့အနာဂတ်မှာ ဖြစ်လာမယ့် ဆရာဝန်ဘဝမှာ ပညာလည်း ပြည့်ဝတဲ့အပြင် စိတ်ထားရော နှလုံးသားပါ လှပတဲ့ ဆရာဝန်စစ်စစ်တွေ ဖြစ်လာဖို့၊ ပြီးတော့ ဖန်ခါးမြေဆေးတက္ကသိုလ်ကို မိဝေးဖဝေး ရောက်လာကြပြီး အပေါင်းအသင်းတွေမှားယွင်း ပျက်စီး၊ ရည်မှန်းချက်ကလေးတွေ ပျောက်ကွယ်ပြီးတော့ လမ်းမှားရောက်သွားမယ့် အရေးတွေကနေ ကာကွယ်ကြဖို့ရယ်၊ ဒီလိုနုနယ်တဲ့ ဆယ်ကျော်သက်အရွယ် အများစုက (၁၇ - ၁၈နှစ်) လူငယ်လေးတွေအတွက် အတုယူအားကျစရာ စံပြပုဂ္ဂိုလ်တွေ တွေ့သွားပြီး ကြီးလာရင် သူတို့လို ထင်ရှားကျော်ကြား အောင်မြင်တဲ့ ဆရာဝန်ကြီးတွေ ဖြစ်လာအောင် ကြိုးစားချင်စိတ်တွေ လမ်းပြကြယ်နောက်လိုက်ချင်တဲ့ အားကျစိတ်တွေ ဖြစ်လာစေချင်တဲ့ စေတနာတွေပဲဖြစ်ပါတယ်။

အဲဒီတော့ ဒီနေ့ သူတို့တစ်တွေကို လာရောက်ဟောပြောတဲ့ ဦးဦးဟာ ဘယ်သူလဲ၊ ဘာတွေလုပ်သလဲ၊ ဘာတွေ သူများတွေထက် ထူးခြားတာတွေရှိသလဲ၊ သူ့ရဲ့စိတ်ထားနှလုံးသားက ဘယ်လိုလဲ၊ သူ့ရဲ့အတွေးအမြင် ဒဿနတွေကကော ဘယ်လိုတွေများ သူများတွေထက် ထူးခြားနေသလဲ၊ ဒီနေ့ သူက ဘာကြောင့် ဘာတွေလာဟောပြောမှာလဲ၊ သူ့မှာ အားကျအတုယူစရာ တစ်စုံတစ်

ယောက်ရော ရှိရဲ့လား စသဖြင့် သူတို့လေးတွေရဲ့ စိတ်ထဲမှာ သို့လော သို့လော သံသယတွေ မရှင်းလင်းတာတွေ ရှိနေနိုင်တယ်မဟုတ်လား သမီးရာ။ ဦးဦးဟာ တွဲဖက်ပါမောက္ခ ကျောင်းဆရာတစ်ယောက် ဆိုပေမယ့်လည်း သူတို့လေးတွေကို တကယ်သင်ကြားရတဲ့ ဆရာတစ်ယောက်တော့ မဟုတ်သေးဘူး။ ဦးဦးသင်ရမယ့် ဘာသာရပ်က "သားဖွားမီးယပ် ဆေးပညာ" ဖြစ်တယ်။ အဲဒီဘာသာရပ်ကလည်း သူတို့လေးတွေ နောက်ထပ် ၄နှစ်လောက်နေမှ နောက်ဆုံးနှစ်အပိုင်း "က" ဆိုတဲ့ သင်တန်းကိုရောက်မှ သင်ရမှာဖြစ်တယ်။ အဲဒါကြောင့် ပြောရမယ်ဆိုရင် သူတို့တွေဟာ ဦးဦးကျောင်းဆရာကို တစ်ခါမှတောင် မြင်ဖူးမယ်မထင်၊ ကြားလည်းကြားဖူးမယ် မထင်။ နောက်တစ်မျိုးဖြစ်တဲ့ ဆရာဝန်ဘဝဆိုတာကရော ဦးဦးဟာ "သားဖွားမီးယပ်" အထူးကု ဆရာဝန်တစ်ဦးဖြစ်တယ်။ ကိုယ်ဝန်ဆောင်မိခင်တွေကို ပြုစုစောင့်ရှောက် ဆေးကု မွေးဖွားပေးရတယ်။ အမျိုးသမီးမီးယပ်ရောဂါမျိုးစုံကို ကုသပေးတယ်။ အဲဒီရောဂါတွေကလည်း သူတို့လို ဆေးကျောင်းသူ၊ ကျောင်းသား မောင်မယ်သစ်လွင်ကလေးတွေနဲ့ ဘာဆိုဘာမှ သိပ်မသက်ဆိုင် မပတ်သက်သေးတာမို့ ဦးဦးရဲ့ဆရာဝန်ဘဝဟာလည်း သူတို့တွေအတွက် ထူးထူးခြားခြား ခံစားစရာ ဟုတ်မယ်မထင်ဘူး။

တစ်ခုပဲ...ဦးဦးအတွက် အားကိုးအားထားပြုစရာ "ဘဝ" တစ်မျိုးရှိနေတာကို ဦးဦး သတိထားမိတယ်။ အဲဒါကတော့ တခြားဆရာဝန်တွေ ကျောင်းဆရာတွေနဲ့ မတူတဲ့ "ဘဝ" တစ်မျိုးပါပဲ။

အဲဒီဘဝကတော့ ဦးဦးရဲ့အချစ်မြတ်နိုးဆုံး၊ ဂုဏ်အယူရဆုံး "စာရေးဆရာ" ဘဝပါပဲ။ ဦးဦး ဝါသနာအလျောက်ရေးခဲ့တဲ့ စာတိုပေစကလေးတွေကို ဖတ်ရှုပြီးဖြစ်တဲ့ စာဖတ်ပရိသတ်ကလေးတွေ ဒီကလေးတွေထဲ ပါကောင်းပါနိုင်တယ် ဆိုတဲ့အချက်ဟာ ဦးဦးရဲ့အခု ဟောပြောချက်အတွက် အားပြင်းတဲ့ မြားတစ်စင်းဖြစ်နိုင်တယ်။ "အနုပညာ" ဆိုတဲ့မြားနဲ့ သူတို့တွေ နှလုံးသားကို တည့်တည့်မတ်မတ်ကြီး ချိန်ရွယ်ပြီး ပစ်လွှတ်နိုင်ဖို့ အရေးကြီးတယ် မဟုတ်လား။

ဘာကြောင့် ဒီလိုပြောရသလဲဆိုတော့ ဟောပြောပွဲမလုပ်ခင် လွန်ခဲ့တဲ့ တစ်ပတ် နှစ်ပတ်လောက်တုန်းက ဦးဦးရဲ့အိမ်စုတ်ကလေးကို မိန်းကလေး

ငယ်လေး သုံးယောက် အလည်အပတ်ရောက်လာကြတယ်။ စက်ဘီးကလေးတွေ ကိုယ်စီစီးလို့ နုပျိုလန်းဆန်း သွက်လက်ဖျတ်လတ်တဲ့ မိန်းမပျိုကလေးသုံးယောက်...သူတို့တွေကို နေရာထိုင်ခင်းပေးပြီး နှုတ်ဆက်စကားဆိုကြတော့မှ သူတို့ကလေးတွေဟာ ပောဒီဖန်ခါးမြေ ဆေးတက္ကသိုလ်ကြီးကို ဒီနှစ်မှရောက်လာကြတဲ့ ပထမနှစ် ဆေးကျောင်းသူကလေးတွေ ဖြစ်သတဲ့။ တကယ့်ကို နယ်စုံပယ်စုံကနေ ရောက်လာကြပြီး ဒီရောက်မှ သူငယ်ချင်းတွေ ဖြစ်သွားကြတာ။ တစ်ယောက်က "ပုသိမ်" က၊ တစ်ယောက်က "မော်လမြိုင်" က၊ တစ်ယောက်ကတော့ "ဒိုက်ဦး" ကတဲ့။ ကိုင်း ဟုတ်ပါပြီ...တွေ့ရတာဝမ်းသာပါတယ်။ သမီးတို့တွေက ဆရာ့ဆီကို အခု ဘာကိစ္စနဲ့ လာကြတာလဲလို့ စပ်စုကြည့်တော့မှ... သူတို့လေးတွေရဲ့ လွယ်အိတ်ကလေးတွေထဲက စာအုပ်လေးတစ်အုပ်စီထုတ်ပြီး ဦးဦးရဲ့ရှေ့ကို ချပြီးတော့မှ သူတို့လေးတွေက ဦးဦးရဲ့အမာခံ စာဖတ်ပရိသတ်ကလေးတွေ ဖြစ်နေတဲ့အကြောင်း၊ အခု စာရေးဆရာ "ဒေါက်တာစိုးလွင်" ကို လာပြီးမိတ်ဆက်ရင်း သူတို့ အခု အမြတ်တနိုး အမှတ်တရ သိမ်းဆည်းထားကြတဲ့ အကြိမ်ကြိမ်အခါခါ ဖတ်ရှုပြီး ကြိုက်နှစ်သက်လှတဲ့ ဦးဦးရေးခဲ့တဲ့ "ဆရာဝန်စစ်စစ်ဖြစ်ချင်တယ်နှင့် ဆေးလောကဇာတ်ခုံပေါ်က အတွေ့အကြုံများ" ဆိုတဲ့ စာအုပ်ကလေးထဲမှာ အမှတ်တရ ဒဿနစကားကလေးတွေ ရေးပေးပြီးတော့ လက်မှတ်ထိုးပေးဖို့ပဲ ဖြစ်သတဲ့။ ဟုတ်ပါရဲ့...အဲဒီတော့မှ စာအုပ်ကလေးတွေကို သေချာကြည့်မိတော့တယ်။ သေသေချာချာကို ပလတ်စတစ် အဖုံးကလေးနဲ့ အမြတ်တနိုး သေချာဖုံးအုပ်ထားခဲ့တာ။ ဒီစာအုပ်လေးတင်သာမက တခြား ဦးဦးရေးတဲ့ စာအုပ်လေးတွေကိုလည်း ဖတ်ရှုပြီး အင်မတန် ကြိုက်နှစ်သက်တဲ့ အကြောင်းပြောကြတယ်။ ဦးဦးတို့စားဖို့လည်း မုန့်တွေဝယ်လာပြီး လက်ဆောင်ပေးသေးရဲ့။

ဦးဦးရဲ့စာအုပ်လေးတွေထဲက သူတို့လေးတွေ သိချင်တဲ့ အချက်ကလေးတွေကိုလည်း စိတ်ဝင်တစား မေးခဲ့ကြသေးတယ်။ အဲဒီထဲက မှတ်မှတ်ရရတွေကတော့ ဦးဦးတို့အိမ်ထဲ အခု အင်မတန်စွာတေးလန်တဲ့၊ မျောက်ရှုံးအောင်ဆော့ကစားနေတဲ့ ချွေးဖြူမလေးကိုကြည့်ပြီး ဒီချွေးဖြူမလေးဟာ "အပျိုကြီးပဲ

ဖြစ်စေချင်" ဝတ္ထုလေးထဲက "ချောငယ်" ဆိုတဲ့ ခွေးလေးလားဆိုတာ၊ ပြီးတော့ သူတို့ကလေးတွေကို ဦးဦးနဲ့အတူ ချည့်ခံစကားပြောနေတဲ့ ဦးဦးရဲ့တစ်ဦးတည်းသော ဇနီးချော မဟေသီ လှိုင်ထိပ်ခေါင်တင် မင်းအန်တီ...ဆူညံပူညံ "ဒေါ်ဂျမ်းတော" ကိုလည်းကြည့်ပြီး အခု အန်တီက ဆရာ့ဝတ္ထုလေးတွေထဲက ဒေါက်တာငြိမ်းချမ်းကတော် "အန်တီသက်" လားလို့ မေးသေးရဲ့။ မဟုတ်ဘူးထင်တယ်... အဲဒါက တစ်ယောက်၊ ဒါက တစ်ယောက်လို့ နောက်သလိုလို အတည်လိုလိုနဲ့ ဟိုလိုလိုဒီလိုလို ပြောရသေးတယ်။ နောက်ဆုံးနဲ့ အလေးနက်ဆုံး သူတို့ကလေးတွေထဲကတစ်ယောက် ပြောခဲ့ မေးခဲ့တဲ့ မေးခွန်းက ဒီလိုကွယ့်...ဦးဦးရေးခဲ့တဲ့ "အပျိုကြီးပဲဖြစ်စေချင်" စာအုပ်ထဲက "ကြမ္မာအလှည့်" ဆိုတဲ့ ဝတ္ထုလေးထဲက ဇာတ်ကောင် ခြေထောက်နှစ်ဖက်စလုံးမရှိတဲ့ ဆေးကျောင်းသူကလေး "နန်း" ဟာ "အခု ဘယ်မှာလဲ၊ ဘယ်နတန်း ရောက်နေပြီလဲ" တဲ့။ "အဲဒီမမကို သူ တွေ့ချင် ခင်ချင်သတဲ့"။ ဦးဦးကလည်း အံ့သြတကြီးနဲ့ ဘာကြောင့် ဒီလိုမေးရတာလဲဆိုတာ စပ်စုတော့မှ...အဲဒီစာအုပ်လေးကို သူ ဆယ်တန်းကို တက်ခါနီးအချိန်မှာ ဖတ်ရတယ်။ ဝတ္ထုလေးထဲက "နန်း" ဟာ ခြေထောက်မပါတဲ့ ဒုက္ခိတကလေးဖြစ်လျက်နဲ့တောင် ဘဝကို အရှုံးမပေးဘဲ စာကြိုးစားလိုက်တာ ဆယ်တန်းကို ဘာသာစုံဂုဏ်ထူးနဲ့ အထူးချွန်ဆုံးအောင်မြင်...မြန်မာတစ်ပြည်လုံး တတိယဆုရပြီး ဆေးတက္ကသိုလ်ကျောင်းသူကြီး ဖြစ်သွားခဲ့တာကို ဖတ်ရတော့ အားကျစိတ်နဲ့ အစွမ်းကုန် သူကြိုးစားခဲ့တယ်။ အဲဒီ "နန်း" ဆိုတဲ့ အစ်မဟာ သူ့ရဲ့ကျေးဇူးရှင်တစ်ဦးဖြစ်လို့ သူ သိပ်ကိုတွေ့ချင်ပါတယ်လို့ ပြောလာခဲ့တယ်။

အဲဒီတော့မှ ဦးဦးကလည်း ဒီကောင်မလေးက ဘယ်သူပါလိမ့်ဆိုတဲ့ မျက်စိနဲ့ ကြည့်မိတော့တယ်။ ဒီကောင်မကလေးကိုလည်း ရင်းရင်းနှီးနှီး မြင်ဖူးသလိုပဲ။ ဆံပင်တိုတို မျက်နှာဝိုင်းဝိုင်း မျက်မှန်ကလေးနဲ့ ချစ်စဖွယ် အပြုံးပိုင်ရှင် သွက်လက်ဖျတ်လတ် ချစ်စရာ ကလေးမလေးက ဘယ်သူလဲ။ ဒီတော့မှ သူတို့ထဲကတစ်ယောက်က "ဆရာ...သူက "မေသူကျော်" လေ။ ဒီနှစ် မြန်မာတစ်ပြည်လုံး အမှတ်အများဆုံးရခဲ့တာ" လို့ဝင်ပြောခဲ့တယ်။ ဟုတ်သားပဲ...ဒီမျက်နှာလေးကို သတင်းစာတွေ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ ခဏခဏ တွေ့ဖူးနေတာ။

ဒါကြောင့် သိပါတယ်လို့ စဉ်းစားနေတာ။

ကိုင်း...သူတို့လေးတွေရဲ့အပြောအရ သူတို့သူငယ်ချင်းတွေထဲမှာလည်း ဦးဦးရဲ့စာဖတ်ပရိသတ်တွေ အများကြီးရှိတဲ့အကြောင်း၊ ဦးဦးလာပြောမယ့် ဟောပြောပွဲအတွက်လည်း သူတို့တွေအားလုံး ရင်ခုန်စိတ်လှုပ်ရှားနေတဲ့အကြောင်း၊ စိတ်ဝင်တစားနဲ့ လာနားထောင်ကြမှာ ဖြစ်တဲ့အကြောင်း သိရတော့တယ်။ ဒီစကားမှန်တယ်...အခုပဲကြည့်လေ၊ ဟောပြောပွဲမှာ ကလေးတွေက ခန်းမကြီးနဲ့တောင် မဆံ့အောင် တစ်စုတစ်ဝေးကြီး တက်လာကြ။ ရှေ့ဆုံးတန်း ရှေ့ဆုံးခုံမှာ ဦးဦးရဲ့စာဖတ်ပရိသတ်ကလေးတွေဖြစ်တဲ့ ကျောင်းသူကလေးသုံးယောက်က ထိပ်ဆုံးက နေရာယူထားကြတယ်။ သူတို့ကလေးတွေကိုကြည့်ပြီး ပြုံးပြလိုက်တော့ သူတို့ရဲ့မျက်နှာလေးတွေ ဝင်းပသွားလိုက်တာ။

ကိုင်း သမီးလေး "ထွေး" ရေ...ဒီကျောင်းသားလေးတွေကို ဦးဦးတစ်ယောက် မိမိရဲ့စာဖတ်ပရိသတ်လေးတွေအဖြစ် သတ်မှတ်ပြီး မိမိပြောချင်လှတဲ့ စကားလေးတွေ ပြောရမှာ။ ဟောပြောပွဲစီစဉ်တဲ့ အင်္ဂလိပ်စာဆရာမ ကထိကကြီး "ဒေါ်လှဲ့လှဲ့" ကိုလည်း မေးကြည့်တော့...

"ဆရာရဲ့အဓိက စာရေးဆရာတစ်ဦးအနေနဲ့ သတ်မှတ်တန်ဖိုးထားပြီး ဟောပြောပွဲ ဖိတ်ကြားတာဖြစ်တယ်။ ကလေးတွေအားကျအောင် သူတို့ရဲ့စိတ်ဓာတ်ကလေးတွေကို ဆရာဝန်စစ်စစ် ဖြစ်စေချင်တာမို့ "ဆရာဝန်စစ်စစ်ဖြစ်ချင်တယ်" စာအုပ်ကိုရေးတဲ့ ဆရာ့ကို ဖိတ်ကြားတာဖြစ်ပါတယ်" လို့ ဆရာမကဖြေခဲ့တယ် သမီးရေ။

ဟုတ်တယ်...ဦးဦးကလည်း "အနုပညာ" ဆိုတာက အင်မတန့်ကို အင်အားကြီးမားတယ် ဆိုတဲ့စကားကိုပဲ ယုံကြည်တယ်။ အဲဒါကြောင့် ဒီဟောပြောပွဲမှာ အဓိကက အနုပညာရှင် "စာရေးဆရာ" တစ်ဦးအဖြစ် မိမိကိုယ်ကို သဘောထားပြီး မိမိရဲ့အနုပညာနဲ့ ဟောဒီကလေးတွေရဲ့စိတ်နှလုံးကို ဆွဲဆောင်စည်းရုံးနိုင်မယ်လို့ စိတ်ဆုံးဖြတ်ထားတယ် သမီးရေ။

ဒါကြောင့် ဦးဦးဟာ...

"ဆရာဝန်စစ်စစ် ဖြစ်စေချင်" ဆိုတဲ့ စာအုပ်ကလေးကို ရေးသားခဲ့တဲ့

မိမိရဲ့ဆောင်ပုဒ်ကလေးက…

နောက်ဆုံးထွက်သက်ထိ

ဆေးကု

စာသင်

စာတွေရေးချင်နေတဲ့…

"ဒေါက်တာစိုးလွင်"

ဖြစ်တဲ့အကြောင်း မိမိကိုယ်ကို မိတ်ဆက်ရတော့တယ် သမီးရေ။

ကိုင်း…မိတ်ဆက်လို့တောင် မပြီးသေးဘူး၊ ဦးဦးရဲ့စာက အရှည်ကြီး ဖြစ်ရပြီမို့ သမီး "ထွေး" တစ်ယောက် မျက်စိညောင်းမယ့်အရေးက ရှောင်ရှားနိုင်ဖို့ ဒီတစ်လတော့ ဒီမှာပဲ "ဤမျှသာ" တော့မယ်နော်။

သမီးလေး "ထွေး" စိတ်ဝင်စားသေးရင် နောက်တစ်လ ဆက်ကြဦးစို့နော်…

«« ¤ »»

# ၆

# သကာဝန် စစ်စစ် ပြဆေးပင်

တာအော်များ ရေစို ပျက်စီး
ပျောက်ဆုံးလျှင် တန်ဖိုးအတိုင်း
ပေးလျော်ရမည်။

# အရောဝင် စစ်စစ် ဖြစ်စေချင်



# ဆရာဝန်စစ်စစ် ဖြစ်စေချင်

**မန္တလေးဆေးက သမီးလေး 'ထွေး' . . .**

ရွှေမန်းမြေရဲ့နာမည်ကျော် နေပူ ဖုန်ထူ ခြင်တွေပေါလှပါတဲ့ "အညာနွေ" ကို အန်တုကာ များပြားကျယ်ပြောလှတဲ့ ဆေးပညာတွေကို ဦးနှောက်ထဲ အတင်းသွတ်သွင်းရတာ မောပန်းနွမ်းနယ်နေပြီလား။ စာတွေကို ရှေ့ကကျက်သွားလိုက် နောက်ကမေ့သွားလိုက် ဖြစ်နေရတဲ့အထဲ တသီတတန်းကြီး စောင့်ဆိုင်းနေတဲ့ များပြားလှတဲ့ စာမေးပွဲတွေနဲ့ ရင်ဆိုင်တိုးနေရတာရော စိတ်ဓာတ်တွေကျနေပြီလား။ တောင့်ထားလိုက်စမ်း...မောတယ် ပန်းတယ် သဘောမှာမထားဘဲ အစွမ်းကုန် ကြိုးစားလိုက်စမ်း သမီးလေး "ထွေး" ရေ။ "ရွှေးထွက်များမှ သွေးထွက်နည်းမယ်" ဆိုတဲ့ ဆောင်ပုဒ်လေး ကြားဖူးတယ်ဟုတ်...ပြိုင်ပွဲဝင်မယ့် အားကစားသမားတစ်ယောက်ဟာ ပွဲမဝင်ခင်မှာ ပြင်းပြင်းထန်ထန် လေ့ကျင့်ကြိုးစားပါမှ အောင်ပွဲကို လက်မှာပိုင်ပိုင်ရနိုင်မယ်။ ဒီလိုပဲပေ့ါ...သမီးတို့လို မဝေးတော့တဲ့ အနာဂတ်မှာ ဆရာဝန်ဘွဲ့ကြီး ဆွတ်ခူးတော့မယ့် ဆေးကျောင်းသူလေးအတွက်ဆိုရင်လည်း ဆေးပညာတွေကို ဖွဲ့မလျှော့ အားမပျော့စတမ်း ပိုင်ပိုင်နိုင်နိုင် လေ့ကျင့်ကျက်မှတ်နိုင်ပါမှ တကယ့်ကို လူ့အသက်တွေကို ကယ်တင်နိုင်တဲ့၊ အရည်အချင်းပြည့်ဝတဲ့ "ဆရာဝန်စစ်စစ်" တွေ ဖြစ်လာမယ်။ အဲဒါကြောင့် ကြိုးစားလိုက်စမ်းပါ သမီး "ထွေး"...သမီး အခု အပင်ပန်းခံ ကျက်မှတ်နေသမျှ ဆေးပညာတွေဟာ မဝေးလှတဲ့ အနာဂတ်ကာလမှာ လူ့အသက်တွေကို ကယ်တင်နိုင်အောင် စွမ်းဆောင်ပေးမှာဖြစ်ပါတယ်။ ဟုတ်တယ်သမီးရေ... အနာဂတ် ဆေးလောကရဲ့အကောင်းအဆိုး ကံကြမ္မာဟာ သမီးလေး "ထွေး"

တို့ လူငယ်ဆေးကျောင်းသားတွေရဲ့လက်ထဲမှာရှိတယ်။

အဲဒါကြောင့်လည်း ဦးဦးက "မျိုးဆက်သစ်သို့ မျှော်လင့်ခြင်းများစွာ" ဆိုတဲ့ ခေါင်းစဉ်လေးနဲ့ ပထမနှစ် ဆေးကျောင်းသားလေးတွေကို ဟောပြောခဲ့သမျှ ဟိုးအဝေး ရွှေမန်းမြေက သမီးလေး "ထွေး" ကတစ်ဆင့် မြန်မာတစ်နိုင်ငံလုံးရဲ့လူငယ်လေးတွေအားလုံးအတွက် ရည်ရွယ်ပြီး ဟောဒီစာလုံးလေးတွေကို ပန်းကုံးလေးတစ်ကုံး သီကုံးသလို အမြတ်တနိုးနဲ့ လေးလေးစားစား သီကုံးရေးသားနေတာဖြစ်တယ်။ ဒီနေ့ပဲကြည့်ဦးလေ…အခု ဒီစာလေးကိုရေးတာ နံနက်ခင်း၃နာရီတိတိ၊ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပစ်ဖို့ကောင်းလှတဲ့ နံနက်ခင်းလေးတစ်ခုမှာ သမီးလေးဆီကို ဒီနေ့တော့ ဟောဒီစာလေး မရောက်ရောက်အောင် ရေးပြီးပို့မှဆိုတဲ့ "ဇော" လေးနဲ့ အိပ်ရာက နိုးထလာတာဖြစ်တယ်။ "အာရောဂျ" မဂ္ဂဇင်းရဲ့အယ်ဒီတာမလေး "ဖွန်နိုင်ဦး" ခမျာလည်း နေ့စဉ်နဲ့အမျှ ဖုန်းဆက်ပြီး တကျည်ကျည် စာမူတောင်းလှုပြီ မဟုတ်လား။

ပထမဆုံး ဆေးကျောင်းသားကလေးတွေကို ဦးဦးဟာ ဘယ်သူပါလို့ မိတ်ဆက်တဲ့ အခန်းလေးကို သမီး "ထွေး" ကို ပြောပြနေခဲ့တယ်။ အခုအချိန်မှာ ကလေးတွေကို ဟောဒီစင်မြင့်ပေါ်က မိတ်ဆက်စကားပြောနေတဲ့ ဦးဦး ဆရာဝန်၊ ကျောင်းဆရာ၊ စာရေးဆရာရဲ့ငယ်စဉ်ဘဝ အတွေ့အကြုံလေးတွေကတစ်ဆင့် ဘယ်ပုံဘယ်နည်း ဆရာဝန်တစ်ဦးရဲ့ဘဝကို ချစ်မြတ်နိုးတတ်လာပုံ၊ တစ်နေ့ကျ ငါကြီးလာရင် ဘယ်လိုဖြစ်ချင်တယ်ဆိုတဲ့ ရည်မှန်းချက်ကလေးတွေ ဝင်ရောက်လာပုံ အကြောင်းလေးတွေဟာ ဦးဦးရဲ့နှလုံးသားထဲကနေပြီး နှုတ်ဖျားကို စီးဆင်းထွက်ပေါ်လာခဲ့ပြီ သမီး "ထွေး" ရေ။

"ဟိုးလွန်ခဲ့သော နှစ်ပေါင်း၅၀ နီးပါးလောက်တုန်းက သီတင်းကျွတ်လပြည့်ည…လမင်းကြီး ဝင်းဝင်းပပသာတဲ့ ညတစ်ညမှာ မြန်မာပြည်မြေလတ်ပိုင်း "ပျော်ဘွယ်" လို့အမည်ရတဲ့ မြို့ကလေးတစ်မြို့ ရပ်ကွက်ထဲက လူကြီးသူမတွေကို အခါကြီးရက်ကြီးမို့ လိုက်ကန်တော့တဲ့ မိခင်လောင်းတစ်ဦး ရုတ်တရက် ဗိုက်နာလာလို့ အိမ်ကို အပြေးပြန်ခဲ့ရသတဲ့။ အိမ်ကိုလည်းပြန်အရောက် အရပ်ထဲက လက်သည်ကို သွားခေါ်နေတုန်းမှာပဲ ပေါက်စနီတာရဲလေးတစ်ယောက်

ကို မျက်နှာဖုံးစွပ်လေးနဲ့ ပြွတ်ခနဲ မွေးဖွားလာခဲ့သတဲ့။ ပေါက်စလေး၊ သေးသေးကလေးမို့ သူ့ရဲ့ငယ်နာမည်က "ပေါက်စ" လို့ အမည်တွင်ခဲ့တယ်။ အခုအချိန်မှာ သားဖွားမီးယပ် အထူးကုဆရာဝန်ကြီးတစ်ယောက် ဖြစ်လာခဲ့တဲ့ ကလေးလေးတစ်ယောက်ဟာ မွေးဖွားတုန်းကတော့ ဆရာဝန်မပြောနဲ့ လက်သည်တောင်မမီလိုက်ဘူးတဲ့ ကလေးတို့ရေ...

အဲဒီကလေးလေး ကျောင်းစတက်တော့ အဆော့မက်၊ ကစားမက်။ အတန်းထဲမှာလည်း ဟိုးဘိတ်ရေးက။ သူ့အချစ်ဆုံး သူငယ်ချင်းဆီက စာတွေခိုးချ။ ဒီလိုနဲ့ပဲ တစ်ရက်ကျတော့ သူ စာတွေခိုးချတာကို ဆရာမ "မိ" သွားပါလေရော။ စာခိုးချလို့ အရိုက်ခံရ၊ အတန်းထဲမှာ မတ်တတ်ရပ်ပြီး အပြစ်ဒဏ်ပေးခံခဲ့ရတဲ့ ကျောင်းသားဆိုးကလေး၊ ပျင်းကလေးတစ်ယောက်ရဲ့ဘဝတစ်ဆစ်ချိုးအပြောင်းအလဲတွေနဲ့ကြုံတဲ့ ရက်ကလေးတစ်ရက်ကို ဘဝတစ်သက်မှာ ဘယ်တော့မှ မေ့သွားမှာမဟုတ်ဘူး။ အဲဒီနေ့က ကျောင်းသားတွေအားလုံးကို စုဝေးပြီးတော့ စားပွဲခုံကြီးပေါ်မှာ အထုပ်ကြီးတွေနဲ့ အခမ်းအနားတစ်ခု လုပ်ခဲ့တယ်။ ကလေးတွေက အဲဒီအထုပ်ကြီးထဲ ဘာတွေပါပါလိမ့်လို့ စိတ်ဝင်တစားနဲ့ ကြည့်နေကြတဲ့ထဲ အဲဒီပေါက်စကလေးရဲ့ မျက်လုံးတွေက ပုစွန်ဆိတ်လိုပဲ ပြူးထွက်နေတာပေါ့။ ဆရာမကြီးက အထုပ်တစ်ထုပ်ကိုဖောက်ပြီး အထဲက ပစ္စည်းတွေကိုထုတ်လို့ တစ်ခုပြီးတစ်ခု ကလေးတွေကို သွားရည်တမျှားမျှားကျလာအောင်ပြသတော့တယ်။ အားပါးပါး...ကလေးတွေအတွက် အင်မတန်ကို လိုချင်မက်မောစရာကောင်းတဲ့ ကစားစရာ အရုပ်ကလေးတွေ။ အရုပ်တွေ အများကြီးထဲကမှ ခုထက်ထိ မျက်စိထဲစွဲနေအောင် မှတ်မိတဲ့ပစ္စည်းလေးက လက်ထဲကလွှင့်ပစ်လိုက်ရင် အဝေးကြီးကို ရှိုးခနဲရောက်သွားပြီးမှ လက်ဝါးမှာ ဖျတ်ခနဲ လာပြီးကပ်တဲ့ ရောင်စုံဘောလုံးလေး တစ်လုံး။ လိုချင်လိုက်တာ...အဆော့အကစားမက်မောလွန်းတဲ့ ကလေးလေးဆိုတော့ ဒီလိုကစားစရာပစ္စည်းတွေ လိုချင်မက်မောလှတယ်ဆိုတာ ဘယ်ထူးဆန်းမလဲ။ ဆရာမကြီးက "မင်းတို့ အခု ဆရာမပြတဲ့ ကစားစရာတွေ မလိုချင်ဘူးလား" လို့ မေးတယ်။ "လိုချင်ပါတယ်" လို့ အော်ကြတဲ့အထဲ ဘယ်သူ့အသံက အကျယ်ဆုံးဖြစ်မလဲ စဉ်းစားကြည့်စမ်း...ကိုင်း

ဆရာမ နာမည်ခေါ်တဲ့ ကျောင်းသား အတန်းရှေ့ကို ထွက်ခဲ့ပါ။ ဦးဦး စာခိုးချနေကျ အချစ်ဆုံးသူငယ်ချင်းရဲ့နာမည်ကိုခေါ်လို့ ဒီကောင်က အရှေ့ကို ထွက်သွားတယ်။ အဲဒီကစားစရာအထုပ်ကြီးကို သူက ရသွားပြီ။ ကြည့်စမ်း ဘယ်လောက်တောင် မနာလိုစရာ ကောင်းလိုက်မလဲ။ ဆရာမက ပြောတယ်...အခုကျောင်းသားလေးဟာ စာမေးပွဲမှာ အတန်းထဲမှာ အမှတ်အများဆုံး ပထမရတဲ့အတွက်ကြောင့်မို့ ဒီကစားစရာတွေကို "ဆု" အဖြစ် ရတာဖြစ်တယ်။ မင်းတို့လည်း ဒီလို "ဆု" ကို လိုချင်ရင် သူ့လို စာတော်အောင် ပထမရအောင် ကြိုးစားကြကွယ့်လို့ ပြောလိုက်တဲ့ ဆရာမရဲ့စကားဟာ အဲဒီကျောင်းသားလေးတစ်ယောက်ရဲ့စိတ်နှလုံးကို နှိုးဆွပေးနိုင်ခဲ့တယ်။ အရင်တုန်းက အဆော့မက်၊ ကစားမက်၊ အမေကတုတ်တစ်ချောင်းနဲ့ စာကျက်ခိုင်းမှ အရိုက်ခံရမှာကိုကြောက်ပြီး ဟန်ဆောင်ပန်ဆောင် စာကျက်တဲ့ ကလေးတစ်ယောက်ဟာ အခု ဘယ်သူကမှ စာကျက်ခိုင်းစရာ မလိုတော့ဘဲ ကြိုးစားလိုက်တာ နောက်နှစ်ကစပြီး အတန်းထဲမှာ ပထမဆုရတဲ့ ကလေးလေးတစ်ယောက် ဖြစ်သွားသတဲ့။ လူဆိုတာ...မိမိလိုချင်တာ ဖြစ်ချင်တာ တစ်ခုရှိလာဖို့ သိပ်ကို အရေးကြီးတဲ့အကြောင်း ဘဝနဲ့ရင်းပြီး သိလာခဲ့တာဖြစ်တယ်။ မိမိရဲ့စိတ်ထဲ၊ နှလုံးသားထဲ တစ်ခုခုကို လိုချင်စိတ်၊ စားချင်စိတ်၊ ပြောရမယ်ဆိုရင် ရည်မှန်း ချက်တွေ ရှိလာပြီဆိုရင် တခြားဘယ်သူကမှ သူ့ကို တုတ်နဲ့ရိုက်ပြီးတော့ ခိုင်းစရာ မလိုတော့ဘူး။ ကိုယ့်အသိစိတ်နဲ့ကိုယ် ကြိုးစားလာတော့မှာပဲဖြစ်တယ်။

တိုက်တိုက်ဆိုင်ဆိုင် အဲဒီလို စပြီးစာကြိုးစားတဲ့ စာတော်တဲ့ ကလေးတစ်ယောက်အဖြစ် ပြောင်းလဲရောက်ရှိလာတဲ့ အချိန်မှာပဲ ဒီထက်ပိုပြီး ထူးခြားတဲ့ ဘဝရဲ့အားကျရမယ့် "လမ်းပြကြယ်" ကို စပြီးတွေ့လာခဲ့တဲ့အဖြစ်နဲ့ ကြုံရပြန်တယ်။ မိမိအားကျ အတုယူ၊ သူ့လိုဖြစ်ချင်လာအောင် ဆွဲဆောင်နိုင်တဲ့ ဆရာဝန်ကြီးတစ်ယောက် ဆရာတို့မြို့ကလေးကို ပြောင်းရွှေ့ရောက်ရှိလာတယ်။ သူ့အကြောင်း လူတွေပြောကြ၊ သတင်းစာတွေထဲမှာ ဖတ်ရ၊ မြို့လူထုကလည်း ဆရာဝန်ကြီး မြို့ကိုရောက်ရှိလာလို့ ဂုဏ်ယူရ...သူ့ရဲ့နာမည်က ဆရာဝန်ကြီး "နာဂသိန်းလှိုင်" တဲ့။ ပုံပြင်ဆန်ဆန် သူ့ရဲ့ကောင်းဆန်ဆန် သူ့ရဲ့ခွဲစိတ်ပညာ စေတနာ

မေတ္တာ စွန့်စားခန်းတွေအားလုံးဟာ ကလေးတစ်ယောက်ရဲ့နုနယ်တဲ့နှလုံးသားထဲမှာ တကယ့်ကို အားကျဖွယ်ကောင်းတဲ့ သူ့ရဲကောင်းကြီးတစ်ဦးပါပဲ။ သူဟာ ဘယ်သူကမှ စေလွှတ်တာမဟုတ်ဘဲ ဘယ်သူမှမသွားချင်တဲ့ နာဂတောင်တန်းကို မိမိအသိစိတ်နဲ့ သွားပါရစေလို့ ခွင့်တောင်းပြီး ရောက်အောင်သွားခဲ့တယ်။ မဖွံ့ဖြိုးသေးတဲ့ နာဂတိုင်းရင်းသားတွေကို စေတနာအပြည့်နဲ့ ဆေးကုသမှုတွေ ပေးခဲ့တယ်။ အစဦးပိုင်းမှာ သူ့ကို မယုံကြည်ဘူး။ ရောဂါတွေဆိုတာကလည်း နတ်မိစ္ဆာတွေ ပြုစားတာဖြစ်တယ်။ အနောက်တိုင်း ဆေးပညာကိုလည်း မယုံကြည်။ ပထမဆုံး လည်ပင်းကြီးရောဂါတွေကို ခွဲစိတ်ကုသခဲ့ရတဲ့ အဖြစ်အပျက်လေးကလည်း တကယ့်ကို ရင်တုန်စရာ ရင်ခုန်စရာ စွန့်စားခန်းလေးတစ်ခုပါပဲ။ တောင်ပေါ်ရွာလေးတစ်ရွာရဲ့ သစ်ပင်တစ်ပင်အောက်မှာတဲ့...အဲဒီလည်ပင်းက အကျိတ်အလုံးကြီးကို ခွဲစိတ်ဖို့ပြင်ဆင်တော့ ရွာသားတွေဟာ လုံးဝမယုံကြည်ဘူး။ ဆရာဝန်ကြီးက ဒီအလုံးကြီးကို ခွဲစိတ်ပြီး ရောဂါကိုကုပေးမယ်။ မအောင်မြင်ရင် သူ့လည်ပင်းကို ဓားနဲ့ခုတ်ဖြတ်ပစ်လိုက်ဆိုတဲ့ ရဲရဲတောက်သတ္တိနဲ့ အဲဒီလည်ပင်းကြီးကို မိမိရဲ့အသက်နဲ့ အလောင်းအစား အရင်းအနှီးလုပ်ပြီး ခွဲစိတ်ခဲ့ရတာ။ တစ်စုံတစ်ရာ မှားယွင်းသွားခဲ့ရင်တော့ သူ့ရဲ့ကုပ်ပေါ်မိုးထားတဲ့ ဓားကြီးနဲ့ လည်ပင်းအပြတ် ခုတ်ခံရမယ့်ပွဲ။ မအောင်မြင်ရင် သူ့ဘဝ သူ့ရည်မှန်းချက်တွေ ရေစုန်မျောပြီ။ အဲဒီရဲရဲတောက် အလောင်းအစားဟာ အောင်မြင်တယ်။ ဒီလိုနဲ့ ခွဲစိတ်မှုတွေကို စွမ်းစွမ်းတမံ လုပ်ခဲ့တာတွေ အောင်မြင်လာတော့ ဆရာဝန်ကြီးကို တဖြည်းဖြည်း သူတို့လူမျိုး နာဂတွေရဲ့နတ်ဆရာကြီး ဖခင်ကြီးတစ်ယောက်လို ချစ်ခင်အားကိုး၊ ကိုးကွယ်ဆည်းကပ်လာကြတဲ့အထိ...ပြီးတော့ ဒီဆရာဝန်ကြီးရဲ့နာမည်ဟာလည်း "နာဂသိန်းလှိုင်" ရယ်လို့ ကျော်ကြားပြီး ထင်ရှားလာခဲ့တယ်။ အဲဒီလို သူ့ရဲကောင်း ဆရာဝန်ကြီးတစ်ယောက် မြို့ကိုရောက်လာတယ်။ သူ့ရဲ့နာမည်သတင်းကြောင့် ဆရာတို့ မြို့ကလေးကို ဒီဆရာဝန်ကြီးနဲ့ ခွဲစိတ်ခံချင်လွန်းလို့ မြန်မာပြည်အနှံ့အပြားက လူနာတွေ တဖွဲဖွဲ ရောက်လာကြတယ်။ ဆရာဝန်ကြီးကလည်း တစ်နေကုန် တစ်နေခန်း ခွဲစိတ်တော့တာပဲ။ ဒီဆရာဝန်ကြီးကို လှူဒါန်းကြတဲ့ ငွေကြေးတွေအားလုံးကိုလည်း ဆေးရုံကို ပြန်လှူတယ်။

ပြီးတော့ ဆေးရုံဝင်းကြီးထဲမှာ အဆောင်သစ်တွေ၊ ခွဲခန်းအသစ်တွေ ဆောက်တယ်။ ကိုယ်ကျိုးအတွက် မသုံးဘူး စသဖြင့် သူ့ရဲ့သတင်းတွေ မွှေးလို့...တစ်ရက်မှာတော့ ဆရာကြီးနဲ့ တွေ့ခွင့်ရတယ်။ အဲဒီအချိန်မှာ သူ့ကို အရမ်းအားကျပြီးတော့ ခွဲစိတ်ဆရာဝန်ကြီးတစ်ယောက် ဖြစ်ချင်စိတ်တွေ တဖွားဖွားပေါ်နေပြီ။ "ဘဘဆရာကြီးလို ဆရာဝန်ကြီး လုပ်ချင်တယ်" လို့ပြောတော့...ဆရာကြီးက "ဆရာဝန်ဖြစ်ချင်ရင်တော့ စာကြိုးစားရမယ် သားသားရဲ့" လို့ ပြန်ပြောခဲ့တယ်။ စာကြိုးစားဖို့၊ ပညာမှာ အထူးချွန်ဆုံးဖြစ်မှ ဆရာဝန်ကြီးတစ်ယောက် ဖြစ်လာမှာဆိုတဲ့ အသိကို ရလာခဲ့တယ်။

ဒါကြောင့် လူငယ်လေးတစ်ဦး ကြီးလာရင် ဘယ်လိုမျိုး ဖြစ်ချင်မယ်၊ ဘယ်လိုလူမျိုးဖြစ်အောင် ကြိုးစားမယ်ဆိုတာဟာ "လမ်းပြကြယ်"၊ သူ့ရဲ့အားကျကြည်ညိုရတဲ့ "သူရဲကောင်း" ရှိဖို့လိုတယ်။ ပြီးတော့ မိမိဖြစ်ချင်၊ ရောက်ချင်တဲ့ ပန်းတိုင်...လူသားဟာ ဘယ်လိုမျိုး ဖြစ်ရမလဲဆိုတဲ့ စိတ်ကူးအိပ်မက်ဟာ သိပ်ကိုအရေးကြီးတယ်။

ပြီးတော့ လူတစ်ယောက်ရဲ့ "ဝါသနာ" "စိတ်" ဆိုတာကလည်း သူ့ဘဝခရီးအတွက် သိပ်ကိုအရေးကြီးတဲ့ လွှမ်းမိုးသွားစေနိုင်တဲ့ အင်အားတစ်ခုပဲဖြစ်တယ်။ ဆရာ့ရဲ့ဝါသနာ ဗီဇကတော့ စာပေကိုချစ်မြတ်နိုးခြင်း၊ စာဖတ်ဝါသနာပါခြင်းပဲဖြစ်တယ်။ မိမိဟာ ဆရာဝန်ဖြစ်ချင်လာတယ်၊ စာပေကို ချစ်မြတ်နိုးတယ်။ ဒါကြောင့် စာတွေဖတ်တဲ့အခါ ဆရာဝန်နဲ့ ပတ်သက်တဲ့စာတွေကို ပိုပြီးစိတ်ဝင်တစား ဖတ်ဖြစ်တယ်။ စာအုပ်စာပေတွေထဲက ဆရာဝန် သူရဲကောင်းတွေကို ပိုပြီးအားကျ၊ သူတို့လို ဖြစ်ချင်တဲ့စိတ်တွေ တဖွားဖွား ပေါ်ပေါက်လာခဲ့တယ်။

ဟိုးငယ်ငယ်ကလေးကတည်းက ဖတ်ခဲ့ရပြီး ကြိုက်နှစ်သက်လွန်းလို့ မှတ်စုစာအုပ်ထဲမှာ ကူးထားခဲ့တဲ့ ကဗျာလေးတစ်ပုဒ်ကို ဖတ်ပြမယ်...

"ဆရာဝန်"
သစ္စာရှိပါတဲ့
မေတ္တာပြည့်ရှိုမျက်နှာ
မဝင့်မကြွား

အားထားသူလေးစားရတယ်

သမားဆရာ . . .

စေတနာပီပီပြင်နဲ့

ဝေဒနာရှင်တွေကို ညှာ

အသပြာ မခင်သူမှ

"ဆရာဝန်" ပဲ . . .

အနစ်နာခံ

သစ္စာမှန် ရင်မှာထွေးလို့ရယ်

ကာကွယ်ကာ ကုသမှုတွေ ပေးရတယ်

ဆေးဆရာဂုဏ်ယူနဲ့ . . .

ကဗျာဆရာ "ယုဝတီခင်ဦး" (ကလေးအထူးကုဆရာဝန်ကြီး "ဒေါက်တာဒေါ်ရီရီလှ") ရေးခဲ့တဲ့ ကဗျာလေးပါ။ ဒီကဗျာလေးထဲကလို "ဆရာဝန်" မျိုးဖြစ်ချင်တဲ့ဆန္ဒတွေ ပေါ်ပေါက်လာခဲ့တယ်။

ပြီးတော့ ဆရာဝန်တစ်ယောက်မှာ... "ခြင်္သေ့ရဲ့နှလုံးသားနဲ့ မိန်းမရဲ့လက်များ" ရှိရမယ်။

သဘောက...ဆရာဝန်ဆိုတာ ရဲရင့်ရမယ်၊ ဖျတ်လတ်ရမယ်၊ သတ္တိရှိရမယ်၊ စိတ်ဓာတ်ကြံ့ခိုင်ရမယ်၊ အဆုံးအဖြတ်ပေးရဲရမယ်၊ တစ်ချိန်တည်းမှာပဲ ကြင်နာရမယ်၊ ပျော့ပျောင်းရမယ်၊ စဉ်းစားချင့်ချိန်နိုင်ရမယ်။

အဲသည်လို ဆန့်ကျင်ဘက် အရည်အချင်းတွေနဲ့ ပြည့်ဝရမယ်ဆိုတဲ့ ကမ္ဘာကျော် ဆရာဝန်ကြီး "ဒေါက်တာနော်မန်ဘတ်သွန်း" ရဲ့စကားလေးတွေကိုလည်း စာအုပ်ထဲမှာ ကူးရေးပြီးတော့ အဲသလို အရည်အချင်းတွေနဲ့ ပြည့်ဝတဲ့ ဆရာဝန်ကြီးတစ်ယောက် ဖြစ်ချင်စိတ်တွေနဲ့ ပြည့်လျှမ်းလာခဲ့တယ်။

ဟုတ်တယ်...ဆရာဝန်ဘဝဆိုတာ ဘယ်လောက်တောင် အားကျဂုဏ်ယူစရာကောင်းတဲ့ ဘဝလဲ။ သားတွေ သမီးတွေ...မဝေးလှတဲ့ အနာဂတ်ကာလ ဒီဆေးတက္ကသိုလ်ကြီးမှာ ၅နှစ်၊ ၆နှစ်တာကာလ ပညာတွေ သင်ယူပြီး "MBBS" ဘွဲ့ကြီး ဆွတ်ခူးပြီးတဲ့အခါ ဖြစ်လာမယ့် "ဆရာဝန်" ဘဝကို လှမ်းပြီး

ကြည့်လိုက်စမ်း...

"ဆရာဝန်" ဘဝဆိုတာ... "Professional" ဖြစ်တယ်။ ဒီစကားရဲ့ အဓိပ္ပာယ်ကတော့ အထူးကျွမ်းကျင်အောင် လေ့ကျင့်သင်ကြားပေးတဲ့ ပညာနဲ့ အသက်မွေးဝမ်းကျောင်းသူ၊ လူနာအသိုင်းအဝိုင်းထဲမှာ မြင့်မားတဲ့ ဂုဏ်သိက္ခာ ရှိသူလို့ ဆိုတယ်။ ဟုတ်တာပေါ့...မင်းတို့တွေ ဟောဒီဆေးတက္ကသိုလ်ကြီးမှာ ၅နှစ်တိတိ ခက်ခဲနက်နဲတဲ့ ရှုပ်ထွေးကျယ်ပြန့်တဲ့ ဆေးပညာတွေကို ဆရာပေါင်း များစွာရဲ့သင်ကြားမှုအောက်မှာ အပတ်တကုတ် ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲ နဲ့ ကျားကုတ်ကျားခဲ လေ့လာဆည်းပူးရမှာဖြစ်တယ်။

မင်းတို့ ဆရာဝန်ဘဝကို လွယ်လွယ်လေးနဲ့ မရနိုင်ဘူး။ ဘာကြောင့် လဲဆိုတော့ ဆရာဝန်ဆိုတာ လူ့အသက်တွေကို ကယ်တင်ရတဲ့သူ၊ မိမိရဲ့ဆေး ပညာနဲ့ အသက်ပေါင်းများစွာကို ကယ်တင်ခွင့်ရတဲ့သူ။ လောကမှာ အရေးကြီး ဆုံး အဖိုးအတန်ဆုံးဟာ လူ့အသက်တွေပဲ မဟုတ်လား။ "အသက်" ထက် ပိုပြီး အဖိုးထိုက်တန်တာ ဘာများရှိသေးလို့လဲ။ ဒါကြောင့် အဖိုးထိုက်တန်လှတဲ့ လူ့ အသက်တွေကို ကယ်တင်နိုင်သူရဲ့အဖြစ်ဟာ လွယ်လွယ်နဲ့ မရနိုင်ဘူးလို့ဆိုတာ ပေါ့။ ဒါကြောင့်လည်း ဘယ်နိုင်ငံမှာမဆို လူသားတွေထဲမှာမှ ဉာဏ်ရည်အမြင့် ဆုံး၊ အတော်ဆုံး၊ အထူးချွန်ဆုံး၊ ကိုယ်ရည်ကိုယ်သွေး အကောင်းဆုံးတွေထဲက မှ ဆေးတက္ကသိုလ် တက်ခွင့်ရကြတာဖြစ်တယ်။ ဟုတ်တယ်လေ...သဘာဝ ကျတာပေါ့။ လူတွေရဲ့အရေးအကြီးဆုံး တန်ဖိုးအရှိဆုံး အသက်တွေကို ပုံအပ် ထားရတဲ့ ဆရာဝန်ဟာ ခပ်ညံ့ညံ့ ခပ်တုံးတုံး အရည်အချင်းမပြည့်ဝ ဉာဏ်ရည် နိမ့်တဲ့ လူတွေဖြစ်နေရင် အားလုံး ဒုက္ခရောက်ကုန်မှာပေါ့။ ဒါကြောင့် ဆရာဝန် လောင်း ဆေးကျောင်းသားတွေဟာ ထူးချွန်ရမယ်၊ ထက်မြက်ရမယ်၊ ကြိုးစား ရမယ်၊ နိုးကြားရမယ်။ ပြောရမယ်ဆိုရင် သူများတကာတွေထက် ခေါင်းတစ်လုံး သာတဲ့ ဉာဏ်ရည်ဉာဏ်သွေးရှိရမယ်။ ဆရာတို့ နိုင်ငံမှာဆိုရင် တက္ကသိုလ်ဝင် စာမေးပွဲမှာ အမှတ်အများဆုံးနဲ့ ထိပ်ဆုံးကအောင်တဲ့ အထူးချွန်ဆုံး ကျောင်းသူ ကျောင်းသားတွေသာ ဆေးတက္ကသိုလ်ကျောင်းသား ဖြစ်နိုင်တာဖြစ်တယ်။ ဒါ ကြောင့်မို့ ဆေးတက္ကသိုလ်ရောက်ချင်ရင် စာကြိုးစားရမယ်ဆိုတာ လူတိုင်းလူ

တိုင်း သိရှိလက်ခံထားတဲ့ အမှန်တရားဖြစ်တယ်။

ဟုတ်တယ်လေ...အခု ဆရာ့ရှေ့က သားတို့သမီးတို့ ဆေးကျောင်းသားလေးတွေအားလုံးဟာ မြန်မာပြည်တစ်လွှား တိုင်းနဲ့ပြည်နယ် အသီးသီးမှာ ဆယ်တန်းစာမေးပွဲကို ထိပ်ဆုံးက အောင်မြင်ခဲ့တဲ့ အတော်ဆုံး ကျောင်းသားတွေပဲဖြစ်တယ်။ ဒီအတိုင်းပဲ ဆက်ကြိုးစားသွားပြီး ဆေးပညာကို အထူးကျွမ်းကျင်စွာ တတ်မြောက်တဲ့ အဆင့်မြင့်မားတဲ့ "ဆရာဝန်စစ်စစ်" တွေ ဖြစ်လာဖို့ ဆရာကတော့ လုံးဝယုံကြည် မျှော်လင့်အားထားမိတာ အမှန်ပဲ။

သားတို့ သမီးတို့တစ်တွေ ဆေးတက္ကသိုလ်ကနေ သင်ကြားအောင်မြင်ပြီး "ဆရာဝန်ဘွဲ့" ဆွတ်ခူးသွားတဲ့အခါမှာ အရည်အသွေးငါးရပ်နဲ့ ပြည့်စုံတဲ့ "5 Star Doctors" တွေဖြစ်လာဖို့ ဆရာတို့ ယုံကြည်မျှော်လင့်ထားတယ်။

(၁) "Good Health Care Provider"
ထိရောက်တဲ့ ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်သူ...

(၂) "Good Leader"
ထက်မြက်တဲ့ ခေါင်းဆောင်မှု ပေးနိုင်သူ...

(၃) "Good Communicator"
အဆင်ပြေ ချောမွေ့အောင်မြင်အောင် ပြောဆိုဆက်ဆံစည်းရုံးနိုင်သူ...

(၄) "Good Decision Maker"
မှန်ကန်တဲ့ ဆုံးဖြတ်ချက်ပေးနိုင်သူ...

(၅) "Skillful Manager"
ကျွမ်းကျင်ထက်မြက်စွာ စီမံခန့်ခွဲတတ်သူ...

ကိုင်း တွေ့ပြီမဟုတ်လား...ဆေးကုတတ်ရုံ၊ ဆေးပညာ ကျွမ်းကျင်ထက်မြက်ရုံမျှနဲ့ "ဆရာဝန်ကောင်း" တစ်ယောက်ဖြစ်ပြီလို့ မပြောနိုင်ဘူး။ အခုပြောပြတဲ့ "အရည်အချင်း" တွေနဲ့ပြည့်စုံတဲ့ ဘက်ပေါင်းစုံ ထူးချွန်ထက်မြက်တဲ့ "5 Star Doctors" တွေဖြစ်လာအောင် မိမိကိုယ်မိမိ လေ့ကျင့်ကြိုးစားရမှာဖြစ်တယ်။

"ဆရာဝန်ဘွဲ့ကြီး" ကိုဆွတ်ခူးပြီး ဆရာဝန်ပညာနဲ့ အသက်မွေးဝမ်း

ကျောင်းပြီဆိုရင် သားတို့သမီးတို့ရဲ့အနာဂတ်ဘဝခရီးဟာ တကယ့်ကို လူတိုင်းက ချစ်ခင်လေးစား အားကိုးယုံကြည်ကြရမယ်။ လူ့အသက်တွေကို ကယ်တင်တဲ့သူတွေ၊ ပြီးတော့ လူ့အသိုင်းအဝိုင်းတစ်ခုလုံးက အမြင့်မြတ်ဆုံးလို့ သတ်မှတ်ကြတဲ့ ဘဝပိုင်ရှင်တွေ၊ ပြီးတော့ လူမှုရေးနယ်ပယ်မှာ မြင့်မားတဲ့ ဂုဏ်သိက္ခာရှိတဲ့သူတွေ ဖြစ်လာမယ်။

ပြောရမယ်ဆိုရင် ဆရာဝန်ဆိုတာ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝတဲ့ ပညာရှင်တွေဖြစ်တယ်။ မိမိအလုပ်ကို မိမိလုပ်ရင်းနဲ့ကို နေ့စဉ် ကုသိုလ်ရနေတဲ့ လူတွေလည်းဖြစ်တယ်။ ဒါကြောင့် ဆရာဝန်ဖြစ်လာမယ့် လူတွေဟာ မိမိကိုယ်ကိုဉာဏ်ရည်အမြင့်ဆုံး၊ စိတ်ထားအကောင်းဆုံး၊ ကိုယ်ရည်ကိုယ်သွေး အပြည့်ဝဆုံး "ဒေါင်ဒေါင်မြည်" လူသားတွေ ဖြစ်လာအောင် မိမိကိုယ်ကို ကြိုးစားအားထုတ်ရမယ်၊ လေ့ကျင့်ပျိုးထောင်ရမယ်။

ပြောရမယ်ဆိုရင် ဆရာဝန်စိတ်ဓာတ်နဲ့ ပြည့်ဝတဲ့ "ဆရာဝန်စစ်စစ်" တွေဟာ သာမန်လူတွေထက် သာလွန်ထူးမြတ်ရမယ်။ အဲဒီတော့ သားတို့သမီးတို့ဟာ ပညာလည်းပြည့်ဝ၊ နှလုံးသားလည်းလှပတဲ့ "ဆရာဝန်စစ်စစ်" တွေဖြစ်လာအောင် အခုလို ပထမနှစ်ဆေးကျောင်းသား ဘဝမှာကတည်းက မိမိကိုယ်ကို လေ့ကျင့်ပျိုးထောင်ရမှာဖြစ်တယ်။

ကိုင်း သမီးလေး "ထွေး" ရေ...လူငယ်လေးတွေကို မကြာခင် မဝေးလှတဲ့ "အနာဂတ်" မှာ မွန်မြတ်တဲ့ စိတ်ထားပိုင်ရှင်၊ ပြည့်ဝတဲ့ ဆေးပညာတတ်ကျွမ်းသူ ဆရာဝန်စစ်စစ်တွေ ဖြစ်လာအောင် ခံယူချက်စိတ်ထားတွေ မွေးမြူပြီး ကြိုးစားချင်လာအောင် ဦးဦးတစ်ယောက်တော့ဖြင့် ကြိုးစားပမ်းစား စိတ်ရောကိုယ်ပါ ဟောပြောနေမိပြီ။ ပြောရင်း ပြောရင်း...အာတွေခြောက်၊ ရေတွေငတ်လာလို့ ရေတစ်ဖန်ခွက် ဝဝကြီး သောက်လိုက်ရသေးရဲ့။ ဦးဦးရဲ့ဟောပြောပွဲက လေးနိဒါန်း၊ မိမိကိုယ်ကို မိတ်ဆက်ခြင်းနဲ့ ဆရာဝန်လောင်းလေးတွေကို ဆရာဝန်စစ်စစ်တွေ ဖြစ်လာစေကြောင်း ဆုမွန်တောင်းခြင်းဆိုတဲ့ ခေါင်းစဉ်ကလေးတွေ ပြီးဆုံးသွားပြီပေါ့။

မနေ့ညနေကပဲ ဦးဦးဆီကို အလယ်တန်း ကျောင်းဆရာမကြီးတစ်

ယောက် သူ့ရဲ့ရောဂါကိုလာပြတယ်။ သူက ဦးဦးရဲ့စာဖတ်ပရိသတ်တဲ့။ ဦးဦးရေးခဲ့တဲ့ "ဆရာဝန်စစ်စစ်ဖြစ်ချင်တယ်" ဆိုတဲ့စာအုပ်ကလေးကို သူ့ရဲ့သမီး ၉တန်းအောင်ထားတဲ့ကျောင်းသူကို ဒီနွေရာသီကျောင်းပိတ်ရက်မှာ ဖတ်ခိုင်းခဲ့တယ်။ ဒီစာအုပ်ကလေးကိုဖတ်ရှုပြီး ဒီကလေးမလေးဟာ အဲဒီဝတ္ထုထဲက "ဒေါက်တာငြိမ်းချမ်း" ကိုအားကျပြီး သားဖွားနဲ့မီးယပ် အထူးကုဆရာဝန်ကြီးဖြစ်အောင် သူအစွမ်းကုန်ကြိုးစားမယ်လို့ ခိုင်ခိုင်မာမာကြီး ဆုံးဖြတ်ချက်ချလိုက်တယ် ဆိုတဲ့အကြောင်း သူ့မေမေ ကျောင်းဆရာမကြီးက ဦးဦးကို ဝမ်းသာစကားလေးတွေပြောသွားတယ်။ ဒီကလေးမလေးဟာ ဉာဏ်ရည်လည်းထက်မြက်တယ်။ စာပေလည်း ဝါသနာပါပြီး စာစီစာကုံးပြိုင်ပွဲတွေမှာ ဆုပေါင်းများစွာ ဆွတ်ခူးခဲ့သူ… အတန်းထဲမှာလည်း အဆင့်၁ - ၂ အမြဲရအောင် ထူးချွန်သူတစ်ဦး ဖြစ်သတဲ့။

ဦးဦးဆရာဝန် စာရေးဆရာတစ်ယောက်တော့ဖြင့် မိမိရေးတဲ့စာအုပ်လေးတစ်အုပ်ကြောင့် လူငယ်ကျောင်းသူလေးတစ်ယောက် ဘဝမှာ ဆရာဝန်ဖြစ်ချင်စိတ်တွေ တဖွားဖွား ပေါ်ပေါက်လာတယ်။ အဲဒီလိုဖြစ်လာအောင် အစွမ်းကုန်ကြိုးစားတော့မယ်ဆိုတာကို သိလိုက်ကြားလိုက်ရတဲ့အခါမှာ စိတ်ထဲနှလုံးသားထဲ ခံစားရတဲ့ ပီတိဟာ ဘယ်လိုအရာနဲ့မှ လဲလှယ်လို့ မရလောက်အောင်ကို တန်ဖိုးကြီးမားလွန်းလှတယ် သမီးရေ။

ကိုင်း သမီး "ထွေး" ရေ… ဦးဦးရဲ့စာလေးကို ဒီတစ်လတော့ ဒီမှာပဲ အဆုံးသတ်ဦးမယ်နော်။ ဦးဦးကလည်း မိမိချစ်ခင်မြတ်နိုးတဲ့ ဆေးကု၊ စာသင်၊ စာတွေရေးချင်တဲ့ ဝါသနာကို ဆက်ပြီးအသက်ထက်ဆုံး ရင်မှာပိုက်ထွေးထားမယ်။ သမီး "ထွေး" လည်း မကြာမီအချိန်အတွင်းမှာ "MBBS" ဘွဲ့ကြီးသာမက ဘွဲ့လွန်ဒီဂရီတွေပါ ဆွတ်ခူးနိုင်တဲ့ "အထူးကုဆရာဝန်မကြီး" တစ်ယောက်ဖြစ်လာပါစေလို့ ဆုတောင်းပေးမယ်နော်…

«« ¤ »»

"

အဲဒါကြောင့် တက္ကသိုလ်ကို ရောက်တယ်ဆို တာဟာ "ဘဝနေနည်း" တွေကို လက်တွေ့ လေ့ကျင့်တာပဲဖြစ်တယ်။ မိမိရဲ့ "အနာဂတ် ဘဝ" အတွက် လိုသလို ထိန်းကျောင်းပဲ့ကိုင် နိုင်ဖို့ အတွေးအခေါ်ဒသနနဲ့ စိတ်နေသဘော ထား…

"

# ၃

# တက္ကသိုလ
# ဖကျွန်းသာသို့


တက္ကသိုလ
မြကျွန်းသာ
သို့

# တက္ကသိုလ် မြကျွန်းအသို့

မန္တလေးဆေးက သမီးလေး 'ထွေး' …

သမီးဆီ ဒီစာလေးကို ရေးမယ်လို့ စာရေးစားပွဲမှာ ထိုင်လိုက်ချိန် … ဘာရေးရင် ကောင်းမလဲလို့ စဉ်းစားတွေးတောလိုက်ချိန်မှာပဲ အတွေးအာရုံထဲ ပထမဆုံး ဝင်ရောက်လာသူတွေကတော့ ဒီနေ့နေ့လယ်ပိုင်းမှာ ဦးဦးရဲ့အခန်းထဲ ခေါ်ပြီး တွေ့ဆုံရတဲ့ "နောက်ဆုံးနှစ် ဆေးကျောင်းသား" လေးတွေပါပဲ။ ကျောင်းပြေးတဲ့ ကျောင်းခေါ်ကြိမ် ၇၅ရာခိုင်နှုန်းမပြည့်တဲ့ ကျောင်းသားတွေကို သီးသန့်ခေါ်ယူပြီး တွေ့ဆုံရတဲ့ပွဲ…ဘာကြောင့် ကျောင်းချိန်မှန်မှန် မတက်ရသလဲ၊ ဘယ်လိုအခက်အခဲတွေ ရှိနေလို့လဲ၊ နောက်ကို ကျောင်းမှန်မှန်တက်ဖို့ ခေါ်ယူသတိပေးဆုံးမရတဲ့ပွဲ…ဦးဦးရဲ့ရှေ့မှာ ကျောင်းပြေးတဲ့ ကျောင်းသားလေးတွေ တစ်စုကြီး ရပ်နေလေရဲ့။

ဦးဦးတော့ဖြင့် အဲဒီအချိန်မှာ ဦးဦးရဲ့မိတ်ဆွေရောင်းရင်းကြီး "ကိုရဲ" (ပါမောက္ခ/ဌာနမှူး "ဒေါက်တာရဲမြင့်ကျော်" / "လက်ဘာရည်ကျော်") ကို သတိရမိတာအမှန်ပဲ။ ကျောင်းပြေးတဲ့ ကျောင်းသားတွေဟာ "ဆရာရဲ" နဲ့တွေ့ရမှာကို သေလောက်အောင် ကြောက်ကြသတဲ့…ကြောက်မယ်ဆိုလည်းကြောက်စရာ၊ "ဆရာဝန်ကောင်း" တွေကို ရွေးထုတ်ပေးချင်လှတဲ့ စေတနာစိတ်ဓာတ် ကြီးမားလွန်းတဲ့ "ဆရာရဲ" ရဲ့ စွဲချက်က … "ကျောင်းပြေးတဲ့ ကျောင်းသားတွေဟာ လူသတ်မှုကို ကျူးလွန်မယ့် လူသတ်တရားခံတွေတဲ့။ မင်းတို့ ကျောင်းမတက်ဘူးဆိုတာဟာ လောကမှာ အကြီးကျယ်ဆုံး ယုတ်မာမှုကြီးကို ကျူးလွန်နေတာပဲ။ ကျောင်းမတက်ဘူးဆိုတော့ လူနာတွေကို စမ်းသပ်နည်း၊ ဆေးကုသနည်းတွေ

ကို မင်းတို့တွေ သေချာမတတ်တော့ဘူး။ ဆေးကုသနည်းကို သေချာမတတ်ဘဲ မကြာခင် ဆရာဝန်ဖြစ်တော့မယ်။ ဆေးမကုသတတ်ဘဲ ဆေးကုတဲ့ ဆရာဝန်ရဲ့ လက်ထဲမှာ အသက်ကိုအပ်နှံမယ့် လူနာတွေရဲ့အဖြစ်ကို စဉ်းစားကြည့်စမ်း… အဲဒီလူနာတွေကို မင်းတို့ဟာ အသက်ကယ်တာမဟုတ်ဘဲ သတ်တော့မှာဖြစ်တယ်။ ဒါကြောင့် ကျောင်းမတက်တဲ့ ဆေးကျောင်းသားဟာ လူသတ်မှုတွေကို ကျူးလွန်မယ့် အကြီးအကျယ်ဆုံး ယုတ်မာမှုကြီးကို လုပ်ဆောင်တဲ့တရားခံပဲ"

အဲသလို "ဆရာရဲ" ရဲ့ (အမျိုးသားစာပေဆုရ စာရေးဆရာပီပီ) ပြင်းပြ ထိရှပြီး နားထောင်ရသူ ကျောင်းသားရဲ့နှလုံးသားကို ထိုးဖောက်သွားမတတ် ထိရောက်လေးနက်တဲ့ စကားလုံးတွေကို ဦးဦးကတော့ မြင်ယောင် ကြားယောင် နေမိတော့တယ်။

"ကိုရဲရေ…ဒီကျောင်းပြေးတဲ့ ငနဲကလေးတွေကို ခင်ဗျားဆီ ပို့လိုက်ချင်ပြီ"

အိုးလုလုကလေး လိုချင်ရင် ခပ်နာနာပုတ်ခတ်ပြီး ရွှံ့စေးကို ပုံဖော်ယူရသတဲ့။ နာနာပုတ်လေ အိုးကောင်းကလေးရလေ။ အဲဒီလိုပါပဲကွယ်…ဦးဦးတို့ ကျောင်းဆရာဘဝ ဆိုတာကလည်း ကျောင်းပြေးတဲ့ လူဆိုးကျောင်းသားလေးတွေကို ကျောင်းမှန်မှန်တက်လာအောင်၊ ကျောင်းစာမှာ တော်အောင်၊ စာသင်ခန်းထဲမှာ ပျော်အောင်၊ အနာဂတ်မှာ ထူးချွန်ထက်မြက်တဲ့ "ဆရာဝန်ကောင်း" တွေဖြစ်အောင် နည်းလမ်းမျိုးစုံသုံးပြီး ပြုစုပျိုးထောင် မြေတောင်မြှောက်ရမယ့် ဝတ္တရားရှိတာ မဟုတ်လား။ ချော့တစ်ခါ ခြောက်တစ်လှည့်၊ ဆူတစ်ခါ ကြိမ်းတစ်လှည့်၊ အလှည့်ကျတော့ မနွဲ့စတမ်းပေါ့ကွာ။

ဦးဦးတို့ ကျောင်းဆရာတွေဆိုတာ ပန်းဥယျာဉ်ကြီးတစ်ခု သာယာလှပ စိမ်းလန်းနေတဲ့ ပန်းကလေးတွေကို ဝေဆာပွင့်ဖူးလာအောင် ပြုစုပျိုးထောင်ပေးကြရတဲ့ ဥယျာဉ်မှူးတွေပဲဖြစ်တယ်။ ဒီဥယျာဉ်ကြီးထဲ အလှဆုံး အမွှေးဆုံး ပန်းကလေးတွေကိုပဲ ဖူးပွင့်ဝေဆာလာတာကို တွေ့လို မြင်လိုလှတဲ့သူတွေပါ။ ဒီပန်းပင်တွေရဲ့အလှကိုဖျက်ဆီးမယ့် ပေါင်းမြက်တွေနဲ့ အမှိုက်သရိုက်တွေကို ရှင်းလင်းသုတ်သင်ပစ်ရမယ့် တာဝန်ရော မရှိပေဘူးလား။ ပေါင်မြက်တွေချည်း

ရှင်သန်ကြီးထွားလာရင် ဒီပန်းဥယျာဉ်ကြီးရဲ့အလှအပဟာ ယုတ်လျော့မသွားနိုင်ဘူးလား။

"မျိုးဆက်သစ်သို့ မျှော်လင့်ခြင်းများစွာ" ဆိုတဲ့ခေါင်းစဉ်နဲ့ ဆောင်းပါးရှည်ကြီး တစ်ပုဒ်ရေးနေတဲ့ ဦးဦးဆရာဝန် ကျောင်းဆရာတစ်ယောက်တော့ဖြင့် ရှေ့မှာ စီရီရပ်နေတဲ့ ကျောင်းပြေးတဲ့ ကျောင်းသားဆိုးလေးတွေကို ငေးကြည့်ရင်း ဝမ်းနည်းကြေကွဲမှု၊ အားမလိုအားမရ ဖြစ်မှုတွေနဲ့ ခါးသီးတဲ့ခံစားမှုတစ်မျိုးရင်ထဲဝင်ရောက်လာနေတာကို သတိပြုမိနေတော့တယ်။

အနာဂတ်ဆေးလောကကြီးရဲ့ကံကြမ္မာဟာ မင်းတို့လို မျိုးဆက်သစ်ဆေးကျောင်းသား လူငယ်တွေရဲ့လက်ထဲမှာရှိနေတယ်။ ဆေးလောကကြီးကိုတစ်ချိန်မှာ ဂုဏ်သိက္ခာရှိရှိနဲ့ တိုးတက်မြင့်မားရအောင် ဖန်တီးမြှင့်တင်နိုင်တာလည်း မင်းတို့ပဲ။ စုတ်ပြတ်သတ်ပြီး တစ်စစီ ကျိုးပဲ့သွားအောင် ဖန်တီးဖျက်ဆီးနိုင်တာလည်း မင်းတို့ပါပဲ။ "ဝါးကိုဖျက်တာ ဝါးမျက်" တဲ့။ ဆရာတို့ "ဆရာဝန်"တွေရဲ့ "ဂုဏ်သိက္ခာ" တိုးတက်မြင့်မားလာအောင်၊ မြင့်သထက်မြင့်လာအောင်ဆရာတို့ရဲ့လက်ထဲကနေ ပခုံးထမ်းတာဝန်ကို လွှဲပြောင်းယူကြတော့မယ့် မင်းတို့မှာ တာဝန်ရှိတယ်။ "ဆရာကောင်း" ဆိုတာ မိမိထက် ထူးချွန်ထက်မြက်တဲ့တပည့်လေးတွေကို မွေးထုတ်ပေးနိုင်မှ တာဝန်ကျေမှာ။ ဆရာထက် တပည့်ကတော်၊ အဲဒီတပည့်က ဆရာဖြစ်...သူ့ရဲ့တပည့်တွေက သူ့ထက်တော်မှ ဒီဆေးလောကကြီး တစ်ဆင့်ထက်တစ်ဆင့် တိုးတက်မြင့်မားလာမှာဖြစ်တယ်။ ဆရာကတော့ ဆရာကောင်းဖြစ်ချင်တယ်။ ဆရာတို့ထက် ပိုပြီးထူးချွန်ထက်မြက်တဲ့တပည့်တွေကို မွေးထုတ်ပေးချင်လှပါတယ်။

ပြီးတော့...မင်းတို့တွေဟာ မကြာခင်မှာ ဆရာဝန်ဖြစ်လာတော့မယ့်နောက်ဆုံးနှစ် ဆေးကျောင်းသားတွေဖြစ်တယ်။ ဆရာဝန် ဖြစ်လာပြီဆိုတာနဲ့မင်းတို့ဟာ "Professional" တွေ ဖြစ်လာတော့မှာ။ "Professional" ဆိုတာဟာ အထူးလေ့ကျင့် သင်ကြားမှုတွေ လိုအပ်တဲ့ ဂုဏ်သိက္ခာအဆင့်မြင့်မားတဲ့အလုပ်တစ်ခုကို လုပ်ကိုင်သူ၊ မိမိအလုပ်အကိုင်မှာ အထူးကျွမ်းကျင်မှုနဲ့ ပညာအဆင့်မြင့်မားမှုတို့ကို ပြသနိုင်သူလို့ အဓိပ္ပာယ်ရတယ်။ "ဆရာဝန်ပညာ" ဆို

တာ ဆရာတွေ ကုံကူလက်လှည့် သင်ပေးသလို အထူးကြပ်မတ်ပြီး အနီးကပ် လက်ထပ်သင်ကြားပေးနိုင်မှသာ တတ်မြောက်နိုင်တဲ့ ပညာဖြစ်တယ်။ ကျောင်း မတက်ဘဲ၊ ဆရာရဲ့သင်ကြားပေးမှုမပါဘဲ အဝေးရောက် စာပေးစာယူဘွဲ့လိုမျိုး ဘွဲ့ရသွားရုံနဲ့ မင်းတို့တွေ ဆေးပညာတတ်လိမ့်မယ်၊ ဆရာဝန်ကောင်းတွေ ဖြစ် လိမ့်မယ်လို့ ထင်သလား။ ဆရာစိတ်ပူတာက မင်းတို့တွေ ဆေးပညာကို ထိထိ ရောက်ရောက်မတတ်ဘဲ ဆရာဝန်တွေဖြစ်သွားမယ့် ကိစ္စကိုပါပဲ။ ဆေးပညာကို ကောင်းကောင်းမတတ်တဲ့ ရမ်းကုတွေများလာရင် ဒီလူတွေဟာ လူ့အသက်ကို ကယ်တင်တဲ့ ဆရာဝန်တွေမဟုတ်ဘဲ သူတို့လက်ထဲ လူသတ်မယ့်လက်နက်ကို ထည့်ပေးလိုက်တဲ့ လူသတ်သမားတွေ ဖြစ်လာကြမှာကို ဆရာ အကြီးအကျယ် စိတ်ပူနေမိပြီ။

သမီးလေး "ထွေး" ရေ...ဦးဦးတစ်ယောက်တော့ဖြင့် အိုးလှလှလေး တွေ လိုချင်ဇောနဲ့ ခပ်နာနာလေး ပုတ်ခတ်နေပါပြီ။

"အတတ်လည်းသင် ပဲ့ပြင်ဆုံးမ
သိပ္ပမကျန် ဘေးရန်ဆီးကာ
သင့်ရာအပ်ဖို့ ဆရာတို့
ကျင့်ဖို့ ဝတ်ငါးဖြာ"

ဆိုတဲ့ ဆရာကျင့်ဝတ်တွေကို ကျေပွန်ချင်လှပါတယ်။ ဒါကြောင့်လည်း ဟုတ်မှန် တယ်၊ အကျိုးလည်းရှိတယ်...တစ်ဖက်သားကတော့ သိပ်မနာခံချင်တဲ့ စကား မျိုးကို ဆရာတစ်ယောက်အနေနဲ့ စေတနာ၊ မေတ္တာ အပြည့်အဝထားပြီး ပဲ့ပြင် ဆုံးမရတာဖြစ်တယ်။ ဒါမှသာ နောင်တစ်ချိန် သူတို့တွေ ဆရာဝန်ဖြစ်လာကြတဲ့ အခါ သူတို့ကကျူးလွန်မယ့်၊ သူတို့တွေပေါ်မှာ ကြုံလာရမယ့် ဘေးရန်အန္တရာယ် တွေက တားဆီးကာကွယ်နိုင်မှာ မဟုတ်လား။

သမီးလေး "ထွေး" ရော ကျောင်းမှန်မှန်တက်ရဲ့လား... "ကျောင်းမှန် မှန်တက် စာမခက်" ဆိုတဲ့စကားကလေးကို အမြဲသတိရနော်။ ဆရာတွေ ဆေး ပညာတွေကို သင်ပေးနေတယ်ဆိုတာ ဆေးစာအုပ်ကြီးတွေထဲက စာတွေကို ဓါးသည်မရွေး ရွတ်ဖတ်ပြီး အလွတ်ကျက်ခိုင်းတာမျိုး မဟုတ်ဘူး။ သူတို့တွေရဲ့

နှစ်ပေါင်းများစွာသော ဆေးလောက အတွေ့အကြုံတွေကိုပါ လက်ဆင့်ကမ်းပြီး လက်တွေ့မှာ ဆောင်ရမယ့် ရှောင်ရမယ့် ဘဝရဲ့သင်ခန်းစာတွေကို သင်ပေးနေတာဖြစ်တယ်။ ဒါကြောင့်လည်း ဆေးရုံတွေကို မရောက်ရောက်အောင် လာကြရမယ်။ လူနာတွေကို သေချာစမ်းသပ် လေ့လာကြရမယ်။ တချို့က ထင်ချင်ထင်မယ်။ ဆေးပညာဆိုတာ ဆေးစာအုပ်တွေကို ကျက်မှတ်ရင် ရတာပါပဲ။ ကျောင်းတက်စရာ၊ ဆေးရုံကို မှန်မှန်လာစရာ မလိုပါဘူး၊ ဆေးစာအုပ်တွေ ဖတ်လိုက်ရင်လည်း အတူတူပဲလို့လေ ... မတူဘူး သမီးရေ။

ဦးဦးတို့ ဆေးလောကရဲ့ဦးဆောင်ဆရာဝန်ကြီး တစ်ဦးဖြစ်တဲ့ "Sir William Osler" ရဲ့ ကမ္ဘာကျော် စကားလေးတစ်ခွန်းရှိတယ် ...

"To study the phenomena of disease without books is to sail an uncharted sea while to study books without patients is never to go to sea at all"

"စာအုပ်မဖတ်ဘဲ ရောဂါတို့အကြောင်း လေ့လာခြင်းသည် လမ်းညွှန်မြေပုံမပါဘဲ ပင်လယ်ထဲ ရွက်လွှင့်သည်နှင့် တူသည်။ လူနာတို့ကို မလေ့လာဘဲ စာအုပ်တွေကိုသာ ဖတ်နေသူကတော့ ပင်လယ်ကိုပင် လုံးဝမရောက်ဖူးသူပင်တည်း"

သိပ်မှန်တဲ့စကား ဖြစ်တယ်သမီးရေ။ ဆရာဝန်ကောင်း တစ်ယောက်ဖြစ်လာဖို့ စာအုပ်တွေချည်း ဖတ်ရုံနဲ့မလုံလောက်၊ လူနာတွေကိုလည်း စမ်းသပ်လေ့လာရတယ်။ စာတွေ့ရော၊ လက်တွေ့ရော မျှမျှတတ ပေါင်းစပ်ကြိုးစားပါမှ "ဆရာဝန်ကောင်း" တစ်ယောက် ဖြစ်လာမှာဖြစ်တယ်။

ကိုင်း သမီး "ထွေး" ရေ ... "မျိုးဆက်သစ်သို့ မျှော်လင့်ခြင်းများစွာ" ဆိုတဲ့ ခေါင်းပုဒ်လေးကို လက်သုံးထားတဲ့ ဦးဦးတစ်ယောက် မိမိပြောဆိုဆုံးမလိုက်တဲ့ စကားတွေကြောင့် ဆေးကျောင်းသားလေးတွေ နောက်ဆို ကျောင်းမပျက်တော့ဘဲ ကျောင်းမှန်မှန် တက်ချင်စိတ်ကလေးတွေ ထက်သန်ပြောင်းလဲသွားပါစေလို့ ဆုတောင်းမျှော်လင့်ကြစို့နော်။ လူဆိုတာဒီလိုပဲ...မလိမ္မာ တစ်ခါတော့ မိုက်မှားကြစမြဲပါ။ ဦးဦး ကျောင်းဆရာနဲ့တွေ့ဆုံပြီး လိမ္မာသွားကြတဲ့ ဆေး

ကျောင်းသားကလေးတွေ အများကြီးရှိနေတာကို မျက်ဝါးထင်ထင် မြင်တွေ့နေရတာမို့ ဦးဦးကတော့ ဘယ်တော့မှ စိတ်ပျက်အားလျော့မှာ မဟုတ်ပါဘူး။

အခုလည်းကြည့်လေ…ဦးဦးတို့တွေ ကျောင်းပြေးတဲ့ ကျောင်းသားလေးတွေအကြောင်း တစ်ခန်းရပ်ပြီး ကျောင်းမပြေးတဲ့ ကျောင်းသားလေးတွေအကြောင်း ဆက်ကြဦးစို့နော်။ ဦးဦးရဲ့ဟောပြောပွဲလေးကို ပထမနှစ် သစ်လွင်ကျောင်းသားလေးတွေ ခန်းလုံးကျွတ် တက်ရောက်ကြတယ်။ ခန်းမထဲတောင် မဆံ့လို့ ခန်းမအပြင်ဘက်မှာတောင် မတ်တတ်ရပ်နေကြရတဲ့ ကျောင်းသားကလေးတွေကိုလည်း တွေ့ရတယ်။ ပြောရင်းဆိုရင်း ဟိုးနောက်ဆုံးတန်းက ခြောင်းခနဲ အသံကြီးတစ်ခု ကြားလိုက်ရတယ်။ ဟော ဘာများဖြစ်တာပါလိမ့်…သေချာကြည့်မိတော့မှ တခြားဟုတ်ရိုးလား၊ ခုံတန်းရှည်ပေါ်မှာ ကျောင်းသားတွေ မဆံ့မပြဲ အများကြီး တက်ထိုင်ကြရာက ခုံတန်းကြီး ကျိုးကျသွားတဲ့အသံ ဖြစ်နေတာကိုး။

ဦးဦးပြောပြနေတဲ့ စကားလေးတွေကို မျက်ဝန်းတောက်တောက်ကလေးတွေနဲ့ စိတ်ဝင်တစား နားထောင်နေကြတဲ့ ဆေးကျောင်းသား ကျောင်းသူမောင်မယ်သစ်လွင်ကလေးတွေကို ကြည့်ရင်း ဦးဦးတစ်ယောက် "တက္ကသိုလ်ကျောင်းသား" ဘဝကလေးကိုတောင် လွမ်းဆွတ်တမ်းတ သတိရမိသလိုပဲ။

သားတို့ သမီးတို့ရေ…မင်းတို့တွေရဲ့လွတ်လပ်ပျော်ရွှင်ပြီး တက်ကြွလန်းဆန်းနေတဲ့ တက္ကသိုလ်ကျောင်းသားဘဝလေးကို လှမ်းမြင်ရတော့ ဆရာရဲ့ငယ်ငယ်က တက္ကသိုလ်ကျောင်းသား ဘဝကလေးကို မြင်ယောင်လွမ်းမိတာ အမှန်ပါပဲ။

"တက္ကသိုလ်ကျောင်းသားဘဝ" ဆိုတာ လူသားတစ်ယောက်ရဲ့ဘဝမှာ အင်မတန်ထူးခြားတဲ့ အမှတ်တရ လွမ်းစရာ ချစ်စရာကောင်းလှတဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ ဘဝဖြစ်တယ်။ ဆရာကတော့ ငယ်ဘဝကို မှတ်မိပါသေးတယ်…ဟိုးငယ်ရွယ်စဉ် ကလေးဘဝကတည်းက စာအုပ်စာပေတွေကို ချစ်မြတ်နိုးပျော်ရွှင်စွာ ဖတ်ရတဲ့အရသာကို ကြိုက်နှစ်သက်တယ်။ ဝတ္ထုလေးတွေ ဖတ်တဲ့အခါ

ကျတော့လည်း "တက္ကသိုလ်နောက်ခံ" ဝတ္ထုတွေကိုမှ ပိုပြီးစွဲစွဲလမ်းလမ်း ဖတ်မိတယ်။ စာရေးဆရာကြီး "ဇဝန" ရေးတဲ့ ကောလိပ်ကျောင်းသား ကောလိပ်ဂျင်၊ "တက္ကသိုလ်ဘုန်းနိုင်" ရေးတဲ့ တက္ကသိုလ်နောက်ခံဝတ္ထုတွေ၊ ဒါတွေဟာ ဆရာတို့တွေ စွဲလမ်းခဲ့ရတဲ့ ဝတ္ထုတွေပေါ့။ သီချင်းလေးတွေဆိုရင်လည်း တက္ကသိုလ်နောက်ခံ... "တက္ကသိုလ်ကျောင်းက ငွေလမင်း"၊ "မြကျွန်းညိုညို တက္ကသိုလ်" "ချစ်ရက်ရှည်ရှည် အင်းလျားမြေ" စတဲ့စတဲ့ သီချင်းကလေးတွေကို စွဲလမ်းပြီး "တက္ကသိုလ်" ဆိုတဲ့ "မြကျွန်းညိုညို" ကို ရောက်ချင်ဇောနဲ့ ရူးခဲ့ရတာလည်း အမောပဲ။

"တက္ကသိုလ်" ဆိုတာ အဲသလို စိတ်ကူးယဉ်ချင်စရာ ကောင်းလှတဲ့ လှပအေးချမ်းတဲ့ တသီးတသန့် ငြိမ်းချမ်းတဲ့ နယ်မြေလေးဖြစ်တယ်။ အဲဒီနေရာလေးကိုမှ မရောက်ရ ပညာမသင်ခဲ့ရဘူးဆိုရင် လူဖြစ်ရကျိုး မနပ်ဘူးလို့တောင် ပြောလို့ရတဲ့ စိတ်ကူးယဉ် ကမ္ဘာလေးတစ်ခုဖြစ်တယ်။ ဆရာကြီး "ရွှေဥဒေါင်း" ရဲ့ "တစ်သက်တာမှတ်တမ်း" စာအုပ်ကို ဖတ်ရချိန်မှာတော့ တက္ကသိုလ်ဆိုတာ မရောက်ရောက်အောင် သွားရမယ့်နေရာဆိုတာ ပိုလို့တောင် နိုင်မာသွားတော့တယ်။ ဆရာကြီးကိုယ်၌က ပညာထူးချွန်ပါလျက်နဲ့ မိဘတွေရဲ့စီးပွားရေးအခြေအနေနဲ့ တခြားအခြေအနေ အရပ်ရပ်ကြောင့် တက္ကသိုလ်ပညာကို သင်ခွင့်မရခဲ့ဘူး။ တက္ကသိုလ်ကျောင်းသားတွေနဲ့ တွေ့ဆုံခဲ့ရချိန်မှာ သူ့စိတ်ထဲ ဖြစ်ပေါ်လာတဲ့ ခံစားချက်တစ်ခုကတော့ . . . လူငယ်တိုင်းဟာ မိမိတို့ရဲ့ဘဝမှာ လူလူသူသူဖြစ်ဖို့၊ တိုးတက်ရင့်ကျက်စေဖို့ တက္ကသိုလ်ဆိုတာ မရောက်မဖြစ် တက်ရောက်သင်ကြားရမည့် နေရာဖြစ်တယ်လို့ အမှတ်တရ ရေးသားထားခဲ့တယ်။

ဟုတ်တယ် သားတို့ သမီးလေးတို့ရေ...မင်းတို့တွေဟာ အခုဆိုရင် လူငယ်ဘဝရဲ့အမှတ်တရအဖြစ်ဆုံး တက္ကသိုလ်ကျောင်းသား ကျောင်းသူဘဝကို ကံကောင်းထောက်မစွာ ပိုင်ဆိုင်နေကြပြီ။ တက္ကသိုလ်ဆိုတဲ့ "တက္ကသီလာ မြကျွန်းသာ" ကို ရောက်ရကျိုးနပ်အောင် တက္ကသိုလ်ကျောင်းသားဘဝကို ပီပီပြင်ပြင် ကပြအသုံးတော်ခံသွားနိုင်ဖို့ သိပ်ကိုအရေးကြီးတာပေါ့...တက္ကသိုလ်နယ်မြေဆိုတာဟာ "ဆင်စွယ်နန်းတော်" ကြီးလို့ တင်စားခေါ်ဝေါ်ကြတဲ့ တသီး

တသန့်နယ်မြေ၊ လူငယ်တွေ လွတ်လပ်ပျော်ရွှင်အေးချမ်းစွာ ပညာသင်ကြရတဲ့ နယ်မြေ၊ ပတ်ဝန်းကျင်အားဖြင့်လည်း အလှပဆုံးနေရာတွေမှာ ရွေးချယ်တည်ဆောက်ထားတဲ့ နယ်မြေဖြစ်တယ်။ အဆင့်မြင့်တဲ့၊ ယဉ်ကျေးတဲ့၊ လူသားတွေချည်းရှိတဲ့ ပျော်ရွှင်ဖွယ်ရာကောင်းတဲ့ နယ်မြေလည်းဖြစ်တယ်။ လူငယ်ဘဝရဲ့ လွတ်လပ်မှု ပျော်ရွှင်မှုတွေကို အစွမ်းကုန် အသုံးချလို့ရတဲ့နေရာ၊ တစ်နိုင်ငံလုံးကနေ ရောက်လာကြတဲ့ အပေါင်းအသင်း မိတ်ဆွေကောင်းတွေ အများကြီးနဲ့ တစ်စုတစ်ဝေးကြီး ဆုံတွေ့ပြီးတော့ ပေါင်းသင်းဆက်ဆံရေး မိုးကုပ်စက်ဝိုင်းကို အကျယ်ပြောဆုံး တည်ဆောက်နိုင်တဲ့နေရာ၊ လူငယ်တစ်ယောက်အနေနဲ့ မိမိကိုယ်တိုင် မိမိရဲ့ခြေထောက်ပေါ်ကို ရဲရဲရပ်ပြီး ကိုယ်ပိုင်ရွေးချယ်မှု၊ မိမိကိုယ်ကို ထိန်းကျောင်းမှု၊ မိမိကိုယ်မိမိ ယုံကြည်မှု ဆင်ခြင်တုံတရားတွေ ပြည့်ဝသထက် ပြည့်ဝလာအောင် မွေးမြူနိုင်တဲ့နေရာ ...ဒါတင်မက မိမိရဲ့ဦးနှောက်ဖွံ့ဖြိုး တိုးတက်လာစေရုံတင်မဟုတ်ဘဲ လှပတဲ့ "နှလုံးသား" ဇာတ်လမ်းကလေးတွေကိုလည်း လွတ်လွတ်လပ်လပ် ရွေးချယ်ဖန်တီးနိုင်တဲ့ စိတ်ကူးယဉ်ကမ္ဘာ။ နောက်ဆုံး တစ်နေ့ အနာဂတ်မှာ မိမိရဲ့အသက်မွေးကျောင်း ဘဝကြီးတစ်ခုကို ထုဆစ်တည်ဆောက်ဖို့ အစစအရာရာ ကြိုတင်ပြင်ဆင်ခွင့်ရတဲ့ ပြင်ဆင်ကြရတဲ့ နေရာတစ်ခုလည်းဖြစ်တယ်။

ပြောရမယ်ဆိုရင်တော့ လူငယ်တစ်ယောက်ရဲ့ဘဝကို အကောင်းဆုံး "Polished" တောက်ပြောင် လူလားမြောက်စေတဲ့ နေရာဟာ တက္ကသိုလ်ဖြစ်တယ်။

လူငယ်တစ်ယောက်ကို မိမိကိုယ်မိမိ ယုံကြည်မှုအားကောင်းတဲ့ လူကောင်းလူတော် "Gentleman" တစ်ယောက်ဖြစ်အောင် ထုဆစ်ပုံဖော်ပေးတဲ့ နေရာတစ်ခုလည်းဖြစ်တယ်။ ပြီးတော့ တက္ကသိုလ်ဆိုတဲ့နေရာဟာ အကောင်းဆုံး အတော်ဆုံး လူတော်လူကောင်းတွေ၊ လူ့အဖိုးတန်တွေ စုစည်းရာဖြစ်တာမို့ မိမိဘဝရဲ့ရှေ့ဆောင်လမ်းပြ အတုယူစရာ စံပြပုဂ္ဂိုလ် သူရဲကောင်းတွေကို ကြုံဆုံတွေ့မြင် အားကျအတုယူပြီး မိမိဘဝကိုလည်း အဲဒီလမ်းပြကြယ် နောက်ကလိုက်ပြီး "စိတ်ကူးယဉ်အိပ်မက်" တွေကို အကောင်အထည်ဖော်နိုင်တဲ့ နေရာ

လည်းဖြစ်တယ် သားတို့သမီးတို့ရေ…

ဒါကြောင့် မင်းတို့တစ်တွေဟာ အခုဆို "ဖန်ခါးမြေတက္ကသိုလ်" ဆိုတဲ့ အမိတက္ကသိုလ်ကြီးကို ကံကောင်းထောက်မစွာ ရောက်လာပြီး တစ်နိုင်ငံလုံးက နယ်မြေအနှံ့အပြားက ရောက်လာပညာသင်ကြတဲ့ သူငယ်ချင်းတွေ အများကြီးနဲ့ မိတ်ဆွေအပေါင်းအသင်းတွေ ဖြစ်လာကြပြီ။ ဆေးတက္ကသိုလ်တွေ အားလုံးထဲမှာ တစ်နိုင်ငံလုံးက ဆေးကျောင်းသားတွေ အစုံအလင်ဆုံး ပေါင်းစည်းထားတဲ့ တက္ကသိုလ်ကြီးဖြစ်တယ်။

ဒီသူငယ်ချင်းတွေနဲ့ တဖြည်းဖြည်း ကာလတာရှည် ပညာသင်ယူကြရင်းနဲ့ မိတ်ဆွေအပေါင်းအသင်း ဖြစ်သွားကြတာတွေ၊ ဒီထက်ပိုပြီး စိတ်အနေပြောင်းပြီး ချစ်သွားကြတဲ့ နှလုံးသားဇာတ်လမ်းတွေကိုလည်း အမှတ်တရ ကြုံတွေ့ကြရမှာပဲဖြစ်တယ်။ ဒီတက္ကသိုလ်ထဲ ရောက်ခြင်းအားဖြင့် ဒီထဲမှာ တွေ့တဲ့သူဆို ချစ်ကြိုက်ပြီး ကောက်ယူလိုက်ရင်တောင် အနည်းဆုံး ဆရာဝန်ကိုတော့ ရမှာအသေအချာပဲ မဟုတ်လား။

တက္ကသိုလ်ပညာကို သင်ယူကြတဲ့နေရာမှာ အဓိကအရေးအကြီးဆုံးက "ပညာ" ဆိုတဲ့ တကယ့်အနှစ်သာရကို ရယူသွားနိုင်ဖို့ သတိထားရမယ်။ ဒီတက္ကသိုလ်က ပြီးဆုံးအောင်မြင်သွားတဲ့အခါမှာ ရိုးရိုးတန်းတန်း ဘွဲ့လက်မှတ်စာရွက်ကလေးတစ်ခု၊ ဘွဲ့ဝတ်စုံနဲ့ ဓာတ်ပုံတစ်ပုံ ဧည့်ခန်းထဲ ချိတ်လိုက်ရုံပဲဆိုရင်တော့ တက္ကသိုလ်ရောက်ရကျိုးနပ်မှာ မဟုတ်ဘူး။ တက္ကသိုလ်ပညာဆိုတာ စဉ်းစားဆင်ခြင် စိတ်ကိုသင်တဲ့ပညာဖြစ်တယ်။ အကြားအမြင် ဗဟုသုတတွေနဲ့ပြည့်စုံပြီး အကောင်းအဆိုး အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်တဲ့ အသိဉာဏ်နဲ့ပြည့်စုံသွားပါမှ တက္ကသိုလ်ကို ရောက်ရကျိုး၊ တက္ကသိုလ်ပညာကို သင်ယူရကျိုးနပ်မှာဖြစ်တယ်။ စာတွေပဲတတ်ပြီး စဉ်းစားဆင်ခြင်နည်းကို မတတ်ခဲ့ရင် ဘာဘွဲ့ကြီးပဲရရ အဓိပ္ပာယ်မရှိသေးဘူး။ ဒါကြောင့် စာတွေကိုအလွတ်ရရုံနဲ့ မပြီးသေးဘူး။ ချဲ့ထွင်ပြီး အကျိုးအကြောင်း ဆင်ခြင်တတ်အောင် မိမိကိုယ်ကို လေ့ကျင့်ပေးရမယ်။ ဉာဏ်ရည်ထက်မြက်မှု၊ ဦးနှောက်လေ့ကျင့်မှုဟာ ဓားလိုပဲ အမြဲတမ်း သွေးနေ သုံးနေမှ ထက်မြက်ပြောင်လက်နေမယ်။ တွေးတောဆင်

ခြင်း ရှုမြင်နည်းကို တတ်ရမယ် ... လေ့ကျင့်ရမယ်။

တက္ကသိုလ်ကျောင်းသား ဆိုတဲ့ဘဝဟာ လူငယ်ဘဝရဲ့အလွတ်လပ်ဆုံး၊ အလှပဆုံး၊ အသွက်လက်ဆုံး၊ အထက်မြက်ဆုံး ဘဝဖြစ်တယ်။ အကောင်းဆုံးလူသားတစ်ယောက်ဖြစ်အောင် ထုဆစ်ပြုပြင်လာတဲ့ နေရာဖြစ်တယ်။ အဲဒါကြောင့် တက္ကသိုလ်ကျောင်းသားတွေပီသအောင် ပြောဆိုပြုမူ ဝတ်စားနေထိုင်တတ်ဖို့ အရေးကြီးတယ်။ ကိုယ်နှုတ်အမူအရာကအစ အပြောအဆို အဝတ်အစားဟာ ယဉ်ကျေးသိမ်မွေ့ရမယ်။ သပ်သပ်ရပ်ရပ်လည်းဖြစ်ရမယ်။ တက္ကသိုလ်ကျောင်းသားဟာ လမ်းဘေးစရိုက်တွေနဲ့ မရောယှက်ရဘူး။ အနေအထိုင် အပြုအမူ အပြောအဆို အဝတ်အစားအားလုံးဟာ အပြင်လူတွေက မြင်လိုက်တာနဲ့ "တက္ကသိုလ်ကျောင်းသား" ပါပဲလားဆိုတာ သတိပြုမိနိုင်လောက်အောင် စနစ်တကျ အဆင့်မြင့်မြင့် ဖြစ်နေဖို့လိုတယ်။ ဟုတ်တယ်လေ...တက္ကသိုလ်ဆိုတာ အဆင့်အမြင့်ဆုံး လူသားတွေကို မွေးထုတ်ပြုစု ပျိုးထောင်ပေးနေတဲ့ နေရာကြီး မဟုတ်လား။ ဒါကြောင့် တက္ကသိုလ် ပညာတတ်ဆိုတာကို "ဆင်စွယ်နန်းတော်" လို့လည်း ခေါ်ဝေါ်ကြတယ် မဟုတ်လား။

တက္ကသိုလ်ပညာကို သင်ယူရာမှာ၊ ပညာရပ်တစ်ခုခုကို လေ့လာရာမှာ "W" ခြောက်လုံး..."Where, When, Why, Who, Which, How" စတဲ့ အချက်အလက်တွေနဲ့ စနစ်တကျလေ့လာနည်းကို သင်ကြားလေ့ကျင့်ပေးတာ ဖြစ်တယ်။

ဘယ်တော့၊ ဘယ်မှာ၊ ဘယ်သူက၊ ဘာကြောင့်၊ ဘယ်လို၊ ဘယ်သို့လုပ်မှာလဲဆိုတဲ့ "ဘကုန်း" ခြောက်လုံးနဲ့ လေ့လာနည်းကို တတ်မြောက်သွားရမယ်။ ဒီလိုလေ့လာနည်းကို တတ်မြောက်ပြီဆိုရင် ငါးကလေးတစ်ကောင်ချင်းကို ပေးတာမျိုးမဟုတ်ဘဲ ငါးမျှားနည်းကို သင်ကြားပေးလိုက်သလို နောက်ပိုင်းအနာဂတ်မှာ ဘယ်လိုအလုပ်မျိုးတွေပဲလုပ်လုပ် တက္ကသိုလ်ပညာကို မတတ်မြောက်တဲ့သူနဲ့ နှိုင်းယှဉ်ရင် ပိုပြီးစနစ်တကျ ထိထိရောက်ရောက် အလုပ်လုပ်နိုင်မှာဖြစ်တယ်။

ပြီးတော့ တက္ကသိုလ်ပညာဟာ "How to solve the problem?"

ပြဿနာဖြေရှင်းနည်းတွေကို နည်းလမ်းမျိုးစုံနဲ့ လေ့ကျင့်သင်ကြားပေးတာဖြစ်တယ်။ ပြဿနာတစ်ခုကို ဘယ်လိုဘယ်ပုံ ရင်ဆိုင်မယ်၊ ဘယ်လိုအကြောင်းရင်းကြောင့် ဖြစ်တယ်ဆိုတာ နည်းလမ်းတွေ စနစ်တကျ ရှာဖွေစူးစမ်းမယ်၊ အဓိကအကြောင်းရင်း တရားခံကို ရှာဖွေဖော်ထုတ်နိုင်ပြီဆိုမှ ဒီပြဿနာကို အဖြေရှာနည်းတွေ အများကြီးထဲကမှ အကောင်းဆုံး ဖြေရှင်းနည်းကို ရွေးချယ်မယ်၊ ပြီးတော့မှ အထိရောက်ဆုံး ဖြေရှင်းမယ်ဆိုတဲ့ အလေ့အကျင့်နည်းလမ်းဟာ ဘဝတစ်ခုလုံးကို ဆက်လျှောက်ရာမှာလည်း အဖိုးမဖြတ်နိုင်တဲ့ "ဘဝသင်ခန်းစာ" တွေ ရရှိစေမှာ အမှန်ပဲဖြစ်တယ်။

ဒါတင်မကဘူး...တက္ကသိုလ်မှာ စာမေးပွဲတွေကို ရင်ဆိုင်ကျော်လွှားကြရမယ်။ ဘဝရဲ့အရေးအကြီးဆုံး ပထမစိန်ခေါ်ချက် "Challenge" တွေကို ရင်ဆိုင်တွေ့ဆုံပေးတာဖြစ်တယ်။ အခက်အခဲတွေရင်ဆိုင်မှ အရည်အသွေးဟာ ပိုပြီးတောက်ပြောင် ထက်မြက်လာမယ်။ စာမေးပွဲဆိုတာဟာ လူတစ်ယောက်ရဲ့ အရည်အသွေးကို ထက်မြက်လာအောင် ဓားသွေးပေးတဲ့ မရှိမဖြစ် အရာတစ်ခု ဖြစ်တယ်။ ဒီစာမေးပွဲတွေကို အကောင်းဆုံးပြင်ဆင်ပြီး ရင်ဆိုင်ကျော်လွှားရင်းကနေ တစ်နေ့တခြား အရည်အသွေး တိုးတက်လာမယ်။ "Challenge" စိန်ခေါ်မှုဆိုတာတွေနဲ့ ရင်ဆိုင်မကျော်လွှားဘဲနဲ့ ထူးချွန်ထက်မြက်တဲ့ လူသားတစ်ဦး ဘယ်တော့မှ ဖြစ်မလာနိုင်ဘူး။ ဒီလိုစာမေးပွဲတွေကို ရင်ဆိုင်ကျော်လွှားနိုင်ပြီဆိုရင် နောက် တက္ကသိုလ်က ထွက်သွားတဲ့အခါမှာ ရင်ဆိုင်ရမယ့် ဘဝစာမေးပွဲတွေအတွက်လည်း ကြိုတင်ပြင်ဆင်ထားတဲ့ သဘောဖြစ်တယ်။

အဲဒါကြောင့် တက္ကသိုလ်ကို ရောက်တယ်ဆိုတာဟာ "ဘဝနေနည်း" တွေကို လက်တွေ့လေ့ကျင့်တာပဲဖြစ်တယ်။ မိမိရဲ့ "အနာဂတ်ဘဝ" အတွက် လိုသလို ထိန်းကျောင်းပဲ့ကိုင်နိုင်ဖို့ အတွေးအခေါ် ဒဿန၊ စိတ်နေသဘောထား၊ ခံစားချက်နှလုံးသား၊ ဂုဏ်သိက္ခာ၊ အရည်အချင်းတွေ စတဲ့ လိုအပ်ချက်တွေအားလုံးကို ပြည့်ဝလာအောင် ပြင်ဆင်ပေးတဲ့ နေရာနဲ့အချိန်ပဲဖြစ်တယ်။ ဒါကြောင့် ဒီလိုအခြေအနေ အချိန်အခါကို အကောင်းဆုံးတည်ဆောက် အသုံးချပြီး ပညာလည်းပြည့်ဝ နှလုံးသားလည်းလှပတဲ့ ဆရာဝန်တွေဖြစ်လာအောင် ကြိုးစားကြ

ရမယ်။

သမီး "ထွေး" ရေ…ဦးဦးတော့ဖြင့် ဟိုးရှေ့ကမြင်နေရတဲ့ မျက်ဝန်းတောက်တောက်ကလေးတွေကို ကြည့်ရင်း အားမာန်တွေ ပိုလို့တောင် ပြည့်ဝလာသလိုပါပဲ။ ဒီလူငယ်လေးတွေဟာ ဦးဦးတို့ရဲ့ အနာဂတ်ဆေးလောကကြီးကို အကောင်းဆုံး အလှပဆုံးဖြစ်အောင် ထုဆစ်ပုံဖော်ပေးမယ့် အနာဂတ်ရဲ့ သားကောင်းလေးတွေ မျိုးဆက်သစ်လေးတွေပဲ မဟုတ်လား။ အဲဒါကြောင့် ဦးဦးက "မျိုးဆက်သစ်သို့ မျှော်လင့်ခြင်းများစွာ" ထားမိတာ…အဲဒီအတွေး မျှော်လင့်ချက်တွေ၊ ယုံကြည်ချက်တွေ တစ်နေ့ သေချာဖြစ်လာရမယ်။ အဲဒါ သမီးလည်း ယုံကြည်လက်ခံတယ် မဟုတ်လား။ သမီး "ထွေး" အကောင်းဆုံး တက္ကသိုလ်ကျောင်းသူလေး ဖြစ်ပါစေ…

«« ¤ »»

# ၁

# ကိုယ့် အလုပ်မှာ ကိုယ် ပျော်ရမယ်

# ကိုယ့်အလုပ်မှာ ကိုယ်ပျော်ရမယ်



# ကိုယ့်အလုပ်မှာ ကိုယ်ပျော်ရမယ်

မန္တလေးဆေးက သမီးလေး 'ထွေး' . . .

"ဦးဦးနော် ဦးဦး...ဘာတွေများ အလုပ်တွေရှုပ်ပြီး သမီးဆီ စာမရေးရ သလဲ။ အလုပ်တွေ တကယ်ရှုပ်ပြီး စာလုံးဝမရေးနိုင်ဘူးဆိုရင်လည်း ဦးဦးရဲ့စာ တွေကို ဘယ်မဂ္ဂဇင်း၊ ဂျာနယ်မှာမှ တွေ့ရမှာမဟုတ်ဘူး။ ခုတော့ သမီး "ထွေး" ဆီတော့ စာမရေးဘဲ တခြားမဂ္ဂဇင်း၊ ဂျာနယ်တွေထဲ ရေးနေတာကျတော့ ဘာ သဘောလဲ . . . သမီးကို မချစ်တော့လို့၊ ဂရုမစိုက်တော့လို့ ဆိုတဲ့သဘောလား။ ဒီတစ်ခါ သမီးဆီ စာမရေးရင်တော့ ဦးဦးကို တစ်သက်လုံး မခေါ်တော့ဘူး" . . . ဘာညာသာရကာနဲ့ ဆူညံပေါက်ကွဲနေတဲ့ သမီးလေး "ထွေး" ရဲ့စာကို ဦးဦးဖတ် ရပါတယ်။

ဆောရီး သမီးလေး "ထွေး" ရေ... "ပဲရီးဆောရီး တောကြီးမြိုင်လယ်" ခွင့်လွှတ်ဖို့ပဲ အနူးအညွတ် တောင်းပန်ပါတယ်လို့ သမီးလေး "ထွေး" မကျေနပ် မချင်း ပြန်ချော့ရတော့မှာပါပဲ။ စိတ်မကောက်ပါနဲ့ သမီးရယ် . . . သမီးကို မချစ် တော့လို့၊ ဂရုမစိုက်တော့လို့ ဆိုတဲ့သဘောမျိုး မဟုတ်ရေးချ မဟုတ်ရပါ။ ဒါဖြစ် ရင် ဘာဖြစ်လို့ သမီးဆီကျ စာမရေးဘဲ တခြားစာတွေကျတော့ ရေးရသလဲလို့ သမီးမေးတော့ ဘယ်လိုဖြေရမယ်ဆိုတာ ဆင်ခြေဆင်လက်တွေ ပေးကြည့်ရ ဦးမယ်နဲ့တူပါရဲ့ . . .

သမီးသိတဲ့အတိုင်း ဦးဦးတစ်ယောက် ဖန်ခါးမြေဆေးတက္ကသိုလ်မှာ ၂နှစ်နဲ့ ၂လတိတိ တာဝန်ထမ်းဆောင်ပြီးချိန်မှာပဲ ရန်ကုန် ဆေးတက္ကသိုလ် (၁) ကိုပြန်လည်ပြောင်းရွှေ့ရတယ်။ ဝန်ထမ်းဆိုတော့ ပြောင်းရွှေ့ရတာ ဆန်းကြယ်

တဲ့ကိစ္စတော့ မဟုတ်ပေဘူး။ ရန်ကုန်ရောက်လာတာနဲ့ ဦးဦးတစ်ယောက် ဒုက္ခတွေ လှလှကြီးရောက်တော့တာပဲလို့ ပြောရမလား၊ အိုကေမှာ စိုပြည်လာပြီလို့ ပြောရမလား…ဘယ်လိုပြောရပါ့။

သမီးလေး "ထွေး" သိတဲ့အတိုင်း ဦးဦးက "ဆရာဝန်၊ ကျောင်းဆရာ၊ စာရေးဆရာ" ဆိုတဲ့ "ဘဝသုံးမျိုး" နဲ့ တစ်လှည့်စီ တစ်ပြန်စီ ရောစပ် ခွဲဝေ ကျင်လည်နေရတဲ့သူ…ဒီဘဝသုံးမျိုးစလုံးကို ချစ်မြတ်နိုးစွာ ဘယ်ဟာကိုမှ မပိုမလိုရအောင် အချိုးညီညီပေါင်းစပ် အသက်ရှင်နေထိုင်သူဖြစ်လို့ "Family" မဂ္ဂဇင်းအင်တာဗျူးမှာ ဦးဦးရဲ့ဘဝသုံးမျိုးမှာ ကျင်လည်နေတဲ့ဘဝကို "သုံးနားညီတြိဂံ" လို့ ခေါင်းစဉ်တပ်ပြီး နာမည်ပေးခဲ့တယ်။ "သုံးနားညီတြိဂံ" ဆိုတဲ့အတိုင်း ဘဝသုံးမျိုးစလုံးကို အချိုးညီညီ အချိန်ခွဲဝေပြီးတော့ လှုပ်ရှားနေထိုင်နေတဲ့ ဦးဦးတစ်ယောက် ဖန်ခါးမြေမှာတုန်းက အဆင်ပြေပြေ။ မြို့ရန်ကုန်လည်း ပြန်ရောက်ရော ဦးဦးရဲ့စာဖတ်ပရိသတ်တွေနဲ့ လူနာဟောင်းတွေကလည်း ဦးဦးသတင်းကြားတာနဲ့ သူတို့ရဲ့ရောဂါကလေးတွေ လာပြသ၊ တိုင်ပင်ကြ။ ဆေးခန်းတွေကလည်း ဦးဦးနောက်ကိုလိုက်ပြီး ဆေးခန်းထိုင်ပေးဖို့ အပူကပ်ကြ။ ဒါနဲ့ပဲ ဦးဦးဆရာဝန်တစ်ယောက် ဖန်ခါးမြေမှာတုန်းက လူနာတစ်ယောက်မှ မရှိတဲ့ဘဝကနေ တစ်နေ့တစ်နေ့ ဆေးကုရတဲ့လူနာတွေ အဆပေါင်းများစွာ တိုးပွားလာတဲ့ ဆရာဝန်ဖြစ်လာတယ်။ ဆေးကုဖို့၊ လူနာကြည့်ဖို့၊ ခွဲစိတ်ဖို့ အချိန်တွေ အများကြီး ပိုပေးလာရတယ်ပေါ့။ ဒါက "ဆရာဝန်ဘဝ" …

နောက်ထပ် "ကျောင်းဆရာဘဝ" ကလည်း ပိုလို့တောင်မှ ဆိုးနေပါရော။ ဖန်ခါးမြေမှာတုန်းက ဆရာဝန်လောင်း ဆေးကျောင်းသားလေးတွေကိုပဲ စာသင်ရတဲ့ ကျောင်းဆရာ ဦးဦးတစ်ယောက် မြို့ရန်ကုန်ကျတော့ ဆေးပညာမဟာသိပ္ပံ ဘွဲ့လွန်ကျောင်းသားတွေ၊ တခြားဘာသာရပ် ဘွဲ့လွန်ကျောင်းသားတွေ၊ အထွေထွေရောဂါကု ဆရာဝန်သင်တန်းတွေ စတဲ့စတဲ့ သင်တန်းတွေများလာတော့ "ကျောင်းဆရာဘဝ" အတွက်လည်း အချိန်တွေ ပိုပြီးပေးလာရတော့တယ်။ စာသင်ရတဲ့ ကျောင်းဆရာဆိုတာက စာသင်တော့မှ ဖုတ်ဖက်ခါထပြီး သင်ချင်ရာသင်၊ ပြောချင်ရာပြောလို့ ရတာမဟုတ်…စာမသင်ခင်မှာ သင်ခန်း

စာအတွက် ကြိုတင်ပြင်ဆင်ရတဲ့အတွက်လည်း အချိန်တွေက အများကြီးပေးရတာကိုး။ ဒါက အလုပ်ပိုများ၊ ပိုရှုပ်လာတဲ့ "ကျောင်းဆရာဘဝ" ...

နောက်ဆုံးနဲ့ ဦးဦးတန်ဖိုးအထားဆုံး "စာရေးဆရာဘဝ" အကြောင်းကိုလည်း ပြောပြရဦးမယ်။ သမီးကို ဦးဦးပြောပြဖူးတဲ့အတိုင်း ဦးဦးဟာ ငယ်စဉ်ကလေးဘဝကတည်းက တစ်နေ့ကြီးလာရင် စာရေးဆရာလုပ်မှာ...ရသစာပေဝတ္ထုတွေရေးတဲ့ "စာရေးဆရာဘဝ" ကို မျှော်မှန်းအားကျခဲ့တာ။ ကြီးလာတော့ မျှော်မှန်းထားတဲ့အတိုင်း စာရေးဆရာ ဖြစ်လာခဲ့တယ်။ ဒါပေမဲ့ ရသစာပေလေး မဆိုသလောက်ပဲ ရေးနိုင်တဲ့၊ အဓိက ဆေးပညာပေးဆောင်ပါးတွေ အရေးများတဲ့ "ဆရာဝန် စာရေးဆရာ" တစ်ယောက် ဖြစ်လာခဲ့တယ်။ အခြေအနေက အဲသလို ပေးခဲ့တာကိုး။

ဒီလိုပဲ စာဖတ်ပရိသတ်တောင်းဆိုလို့၊ အယ်ဒီတာတွေ တောင်းဆိုလို့ "ဆေးပညာပေး" စာပေတွေကို ရေးနေခဲ့ပေမယ့် တကယ်တမ်း ရေးချင်တာက "ရသစာပေ" ပဲဖြစ်တယ်။ ဒ့ါအပြင် ဦးဦးဟာ ကျောင်းဆရာတစ်ယောက်လည်း ဖြစ်တော့ ကျောင်းဆရာဘဝမှာ ကြုံတွေ့ရတဲ့ တပည့်ကလေးတွေကို ပြောပြတဲ့ အကြောင်းကလေးတွေကို စာရေးချင်၊ ရေးဖြစ်လာတယ်။ ရန်ကုန်ရောက်တော့ အလုပ်ရှုပ် အလုပ်များချိန်၊ ဦးဦးပြန်ရောက်တယ်ကြားတော့ မဂ္ဂဇင်းနဲ့ ဂျာနယ်တွေကလည်း စာမူတွေပိုင်းတောင်းကြချိန်၊ လက်မလည်အောင် စာတွေရေးနေရချိန်မှာ "အာရောဂျ" မဂ္ဂဇင်း အယ်ဒီတာမလေး "ဖွန်နိုင်ဦး" က ဦးဦးကို စကားကလေးတစ်ခွန်း ပြောလာတယ်...ဦးဦးပရိသတ်က ဆေးပညာပေးဆောင်းပါးတွေကို ပိုပြီးလိုလားတောင်းဆိုကြတယ် ဆိုတဲ့အကြောင်း...ဒါက ဘာကိုဆိုလိုတာလဲ၊ ဒီစကားရဲ့အဓိပ္ပာယ်ကဘာလဲ။ ဆေးပညာပေးတွေကို ပိုလိုလားတယ်ဆိုတော့ အခု ဦးဦးရေးနေတဲ့ "မျိုးဆက်သစ်သို့ မျှော်လင့်ခြင်းများစွာ" ဆိုတဲ့အကြောင်းအရာကို ပရိသတ်က မလိုလားတော့ဘူး ဆိုတဲ့သဘောလား...ဦးဦးရဲ့ စိတ်အတွေးတွေ ဝေဝေဝါးဝါးဖြစ်သွားခဲ့တယ် သမီးရေ။

ဦးဦးတို့ စာရေးသူဆိုတာဟာ စာဖတ်ပရိသတ်က လက်ခံဖတ်ရှုအားပေးမှ ရှင်သန်ရသူတွေပါ။ ပရိသတ်က လက်မခံ၊ အားမပေးတော့တဲ့ တစ်နေ့ ...

သူစာတွေကို ဖတ်မယ့်သူမရှိတော့တဲ့ တစ်နေ့ . . . ဘယ်လောက်ပဲ ရေးချင်ရေးချင် ဘယ်သူမှမဖတ်ရင် သူ့အလိုလို ကျဆုံးပျောက်ကွယ်သွားရမယ့်သူတွေပါ။ စာဖတ်သူတွေရဲ့ဆန္ဒဟာ အယ်ဒီတာကတစ်ဆင့် ဦးဦးဆီကို ရောက်လာတော့ ဦးဦးလည်း ဒီခေါင်းစဉ်ကိုဆက်ရေးဖို့ တွံ့ဆိုင်းသွားခဲ့တာ အမှန်ပါပဲ။ ကိုင်း သမီးလေး "ထွေး" ရေ...ဘာကြောင့် ဦးဦး သမီးဆီ စာမရေးဖြစ်တာ ကြာသွားရသလဲ ဆိုတာ သိပြီနော်။ နံပါတ် (၁) အချက်က အလုပ်များလို့၊ မအားလို့။ နံပါတ် (၂) အချက်ကတော့ ဦးဦးစိတ်တွေ ဝေဝါးထွေပြားပြီး ယောင်ချာချာဖြစ်နေလို့၊ ဘာရေးလို့ ဆက်ရေးရမှန်းလည်း မသိတော့လို့ပါ။ ဟိုလိုလို ဒီလိုလိုနဲ့ ကလောင်ကို ကိုင်ရင်း ငိုင်တိုင်တိုင်ဖြစ်ရာက စာတွေမရေးဖြစ်တော့တာ ဖြစ်တယ်သမီးရေ၊ ဒီတော့ သမီးလေး "ထွေး" အပါအဝင် စာဖတ်ပရိသတ်ရဲ့ဆန္ဒကို ဦးဦး သိချင်လှပါတယ်။ ဦးဦး ဘာစာတွေဆက်ရေးရမလဲ ဆိုတဲ့ကိစ္စကိုပေါ့။ ပရိသတ်ကြီးဆီက အသံတွေကို ကြားချင်လွန်းလှပါတယ်။

ကိုင်း သမီး "ထွေး" ရေ...ပရိသတ်ကြီးဆီက အသံတွေကိုစောင့်ရင်း ရေးလက်စ "မျိုးဆက်သစ်သို့ မျှော်လင့်ခြင်းများစွာ" ဆိုတဲ့ ခေါင်းစဉ်ကလေးကို ဆက်ကြည်းစို့နော် . . . ဖန်ခါးမြေ ဆေးတက္ကသိုလ်ကို ရောက်လာခါစ မောင်မယ်သစ်လွင် ဆေးကျောင်းသား ကျောင်းသူလေးတွေကို ကြိုဆိုနှုတ်ဆက်တဲ့ ဟောပြောပွဲကလေးတစ်ခုအကြောင်း သမီး "ထွေး" ကို ပြောပြနေခဲ့တာ မဟုတ်လား။ အဲဒီဟောပြောပွဲလေးရဲ့ခေါင်းစဉ်က "မျိုးဆက်သစ်သို့ မျှော်လင့်ခြင်းများစွာ" တဲ့။

အနာဂတ်ဆေးလောကရဲ့သွေးသစ် ဆရာဝန်လောင်းလေးတွေကို ယခုလက်ရှိ ဆေးလောကထဲ ကျင်လည်နေတဲ့ "အထူးကုဆရာဝန်ကြီး" တစ်ယောက်ရဲ့ချစ်ခင်စွာ၊ အားထားစွာ အားပေးတဲ့ စကားကလေးတွေ လေထဲမှာ ပျောက်ကွယ်မသွားရအောင် စာထက်မှာ အက္ခရာတင်ဖို့ ကြိုးစားနေတာပဲဖြစ်တယ် သမီး "ထွေး" ရေ...ဒါတင်မက မြန်မာပြည်တစ်လွှား တခြားတက္ကသိုလ်တွေက ကျောင်းသားလေးတွေ အားလုံးအတွက်လည်း ရည်ရွယ်တာဖြစ်တယ်။

မြန်မာပြည် တစ်နံတစ်လျားကနေ တက္ကသိုလ်ဝင်စာမေးပွဲကို အမှတ်

အများဆုံးနဲ့ ထူးချွန်စွာ အောင်မြင်လာသူတွေ အများစုဟာ "ဆေးတက္ကသိုလ်" ကို ရောက်ရှိပညာသင်ကြတာ အစဉ်အလာတစ်ရပ်လို ဖြစ်နေတယ် သမီးရေ။ သူတို့လေးတွေ အားလုံးလိုလိုဟာ ဆယ်တန်းမှာ အမှတ်တွေကောင်းကောင်း ရတာနဲ့ မိဘဆွေမျိုး အသိုင်းအဝိုင်းအားလုံးက "မင်း...ဆေးတက္ကသိုလ်တက်ရမယ်" ဆိုပြီး ဝိုင်းဝန်းဖိအားပေးခြင်း ခံရတာနဲ့ပဲ ဆေးတက္ကသိုလ်ကို ဝါသနာပါ ပါ မပါပါ၊ ရောက်ချင်ချင် မရောက်ချင်ချင် ရောက်လာကြရတာဟာ ခေတ်ရေစီး ကြောင်းလို့ပဲ ပြောရမလား။

၁၆နှစ် - ၁၇နှစ်သားအရွယ် လူငယ်ကလေးတွေ အများစုဟာ မိမိရဲ့ အနာဂတ်အိပ်မက် မျှော်မှန်းချက်ဆိုတာ ဘာလဲ ရေရေရာရာ မသိကြသေးဘူး။ ဘယ်အရာကို ဝါသနာပါတယ်၊ မပါဘူးဆိုတာလည်း သေသေချာချာ မသိကြ သေးတဲ့ အရွယ်တွေပေါ့။ နဂိုကတည်းက "ဆရာဝန်" လုပ်ချင်လို့ဆိုတဲ့ စိတ်ကူး အိပ်မက်နဲ့ ဆေးကျောင်းတက်တဲ့ ကလေးတွေလည်းရှိမယ်။ အများစုကတော့ ဘာရယ်ညာရယ်မဟုတ်ဘဲ ခေတ်ရေစီးကြောင်းထဲ အလိုက်သင့် စီးမျောရင်း ဝင်ရောက်လာတာဖြစ်တယ်။

အဲဒီအထဲမှာ သနားကရုဏာသက်စရာ အကောင်းဆုံးကတော့... တခြား သူ အင်မတန်စိတ်ပါဝင်စားတဲ့ တက်ရောက်ချင်လှတဲ့ "တက္ကသိုလ်" ရှိ ပါလျက်သားနဲ့ မိဘဆွေမျိုးတွေက ဖိအားပေးမှုကို မလွန်ဆန်နိုင်တာကြောင့် လုံးဝစိတ်မပါ လက်မပါနဲ့ မလွှဲသာလို့ ဆေးတက္ကသိုလ်ကို ရောက်လာခဲ့ကြတဲ့ ကလေးတွေပါပဲ သမီးရာ။

ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ဝါသနာပါပါ မပါပါ၊ တက်ချင်ချင် မတက်ချင် ချင် ဒီကျောင်းသားကလေးတွေဟာ ရှည်လျားလှတဲ့ ဆေးတက္ကသိုလ်ကျောင်း သားဘဝကို ဖြတ်သန်းကျော်လွှား သွားကြရမှာကတော့ အမှန်ပါပဲ။ ဝါသနာပါ ပြီးသား ကျောင်းသားလေးတွေ အတွက်ကတော့ ဆေးပညာတွေကို လေ့လာ ဆည်းပူးရတာဟာ သူ့အတွက် ပျော်စရာ။ ဝါသနာပါတယ် မပါတယ် မရှိပေမယ့် ဆေးတက္ကသိုလ်တက်ရင်း ဆရာဝန်ကြီးတွေထဲက မိမိလေးစား အားကျကြည် ညိုပြီး သူ့လိုဖြစ်ချင်တယ်လို့ စိတ်ကူးယဉ်အိပ်မက်တွေကို အကောင်အထည်

ဖော်ချင်စိတ်ဖြစ်လာအောင် ဆွဲဆောင်လမ်းညွှန်ပေးနိုင်တဲ့ လမ်းပြကြယ်တွေနဲ့ တွေ့မြင်ပြီးတော့ "ဆရာဝန်ကောင်း" တွေဖြစ်လာအောင် ကြိုးစားသွားကြတဲ့ ကျောင်းသားတွေလည်း ရှိတာပါပဲ။

အဲ... "ပြဿနာ" ကတော့ ဒီဆေးပညာတွေကို ဘယ်ပုံဘယ်နည်းနဲ့မှ ဝါသနာမပါ၊ စိတ်မဝင်စား၊ မိမိဝါသနာပါတာကိုလည်း မလုပ်ရတော့ စိတ်တွေညစ်၊ မိမိကိုဖိအားပေးပြီး ဆေးကျောင်းကို အရောက်ပို့ဆောင်ပေးခဲ့ကြတဲ့ မိဘဆွေမျိုး အသိုင်းအဝိုင်းတွေကိုလည်း စိတ်ထဲကမကျေနပ်၊ မိမိနဲ့ အံဝင်ခွင်ကျမဖြစ်တဲ့ ဆေးပညာတွေကို လေ့လာရင်း ငြီးငွေ့၊ အရွဲ့တိုက်ချင်စိတ်နဲ့ လုပ်ချင်ရာလုပ်မယ်ဆိုပြီး ပျက်စီးခြင်းလမ်းကြောင်းပေါ် ရောက်သွားကြတဲ့ ကလေးတွေပါပဲ။

ကိုယ်လုပ်ချင်ရာ ဖြစ်ချင်ရာကို မလုပ်ရ မဖြစ်ရတဲ့ဘဝမှာ "ဖြစ်ချင်ရာတွေ ဖြစ်စမ်းကွာ" ရယ်လို့ စိတ်အချဉ်ပေါက်ပေါက်နဲ့ မထူးဇာတ်ကို ခင်းကြတဲ့သဘောတွေလည်းဖြစ်တယ်။ သူတို့လုပ်ချင်တာကို မလုပ်ရလို့ စိတ်ညစ်ရတဲ့ထဲ မလုပ်ချင်တာကို ဇွတ်အတင်း လုပ်ခိုင်းတဲ့အခါမှာ "ဖြစ်ချင်ရာဖြစ်စမ်းကွာ" ဆိုပြီး အရွဲ့တိုက်ချင်တဲ့စိတ်၊ မိမိကို စိတ်ညစ်အောင် လုပ်သူတွေကို (မသိစိတ်ထဲကနေ) ပြန်ပြီး (ကလဲ့စားချေချင်တဲ့) မိမိလိုစိတ်ညစ်အောင် ပြန်လုပ်ချင်စိတ်တွေနဲ့ ထင်ရာစိုင်းတတ်တာမျိုးတွေ ရှိတတ်တယ်။

အဲသလိုမျိုးတွေဖြစ်လာရင် မိမိရဲ့ဘဝအနာဂတ်ဟာလည်း မလှမပအကျည်းတန်၊ မိဘဆွေမျိုးတွေလည်း စိတ်ညစ်ညူး၊ ဟိုမရောက် ဒီမရောက်နဲ့ ဘယ်နေရာမှာမှ ဖြစ်ထွန်းမလာတော့ဘဲ ဟိုယောင်ယောင် ဒီယောင်ယောင်နဲ့ ဘဝဇာတ်သိမ်းရတတ်တာပေါ့။

အဲဒါကြောင့် ဦးဦးက ကျောင်းသားကလေးတွေကို ဘယ်လိုနည်းနဲ့ပဲရောက်ရောက် ဆေးတက္ကသိုလ်ကို ရောက်လာပြီဆိုရင် မိမိဘဝ၊ မိမိရဲ့မိသားစုသာမက လောကအကျိုးကိုပါ ဆောင်နိုင်သူ လူ့အဖိုးတန်တစ်ယောက် ဖြစ်လာအောင် ကြိုးစားဖို့ အားပေးတိုက်တွန်းရတာဖြစ်တယ်။ ဟုတ်တယ်သမီးရေ... လူ့လောကမှာ နေထိုင်လှုပ်ရှားကြရတဲ့အခါ အမြဲတစေ မိမိကြိုက်နှစ်သက်တာ

လုပ်ချင်တာတွေချည်း လုပ်ရတာမျိုး မဖြစ်နိုင်ဘူး။ မလုပ်ချင်ပေမယ့်လည်း မလွှဲသာမရှောင်သာ လုပ်ရတာမျိုးတွေ ရှိတာအမှန်ပဲ မဟုတ်လား။ မိမိမလုပ်ချင်တဲ့ အလုပ်တစ်ခုကို မလုပ်ချင်ဘဲ လုပ်နေရပါလား ဆိုတဲ့အတွေးတွေနဲ့ စိတ်ဖိစီးပြီး မပျော်မရွှင်ဖြစ်နေမယ်၊ နောင်တတွေရနေမယ်၊ စိတ်ဆင်းရဲနေမယ်ဆိုရင် ကိုယ့်ဘဝကိုယ် နှစ်သလိုပဲဖြစ်မှာ။ ဘာဆိုဘာမှ အကျိုးမရှိ။ ရခဲတဲ့လူ့ဘဝ တစ်ခဏလေးမှာ "ပျော်ရွှင်မှု၊ စိတ်ချမ်းမြေ့မှု" ဆိုတာ ရကိုရမှဖြစ်မှာ မဟုတ်လား။

ဟုတ်တယ် သမီးလေး "ထွေး" ရေ...လူ့လောကမှာ ကျင်လည်ကြရတဲ့ လူသားတွေအတွက် ဘယ်အရာက အရေးအကြီးဆုံးလဲဆိုတာ သိဖို့လိုအပ်တယ်။ အဲဒီမရှိမဖြစ် အလိုအပ်ဆုံးအရာဟာ "စိတ်ပျော်ရွှင်ချမ်းမြေ့မှု" ပဲ။ အခု ဦးဦးတို့တွေ မရမက အရှုံးအမူး လိုက်ရှာနေကြတဲ့ အရာအားလုံးဟာ သေချာစဉ်းစားကြည့်လိုက်တော့ စိတ်ချမ်းသာပျော်ရွှင်မှုများ ရမလားဆိုတဲ့ အတွေးနဲ့ပဲ မဟုတ်လား။ ပိုက်ဆံတွေ အများကြီးရချင်တယ်၊ ရာထူးစည်းစိမ်ဥစ္စာ၊ အာဏာတွေရချင်တယ်၊ ဘွဲ့တွေအများကြီး ရချင်တယ်၊ ပညာတွေအများကြီး တတ်ချင်တယ်၊ ဒါတွေရလာရင် စိတ်ချမ်းမြေ့ပျော်ရွှင်လိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ပဲ မဟုတ်လားကွယ်။

"စိတ်ချမ်းမြေ့ပျော်ရွှင်မှု" ဆိုတာဟာ ဘယ်လိုမျိုးကမှ ရနိုင်တာလဲ။ ပိုက်ဆံထဲမှာရှိသလား။ ပစ္စည်းဥစ္စာ၊ တိုက်တာ၊ စည်းစိမ်တွေထဲမှာလား။ ရာထူးအာဏာတွေထဲမှာလား။ ဘွဲ့ဒီဂရီတွေထဲမှာလား။ သမီးပဲစဉ်းစားကြည့်...သမီးရဲ့ပတ်ဝန်းကျင်ကို အသာငဲ့စောင်းပြီးကြည့်၊ ရွှေဘုံကြီးပေါ်မှာ စံနေပြီး စိတ်ဆင်းရဲနေသူတွေ၊ ရာထူးအာဏာတွေ ကြီးမားပေမယ့် အိပ်မပျော် စားမဝင် သောကရောက်နေကြသူတွေ၊ အောင်မြင်ကျော်ကြား ချမ်းသာနေပါလျက်နဲ့ ကိုယ့်ဘဝကိုယ် အဆုံးစီရင်၊ မူးယစ်ဆေးစွဲ ဘဝပျက်သွားကြတဲ့သူတွေ တစ်ပုံတစ်ပင်ကြီး မဟုတ်လားကွယ်။

စိတ်ချမ်းမြေ့ပျော်ရွှင်မှုကို ရစေမယ့် အဓိကအကျဆုံး လိုအပ်ချက်နဲ့ အရေးအကြီးဆုံး ပိုင်ဆိုင်ရမယ့် အရာကတော့ "Attitude" စိတ်ထားသဘောထား မှန်ကန်မှုပဲဖြစ်တယ် သမီး "ထွေး" ရေ...စိတ်သဘောထား မမှန်ကန်ရင်

သမီးမှာ ဘယ်လောက် စည်းစိမ်ဥစ္စာ၊ ရာထူးအာဏာတွေ ရှိရှိ တကယ့်ပျော်ရွှင်ချမ်းမြေ့မှုကိုတော့ ရမှာမဟုတ်ဘူး။ ဘယ်လိုနေရာ ဘယ်ဘဝပဲရောက်ရောက် ဘာနဲ့ပဲကြုံကြုံ စိတ်သဘောထား မှန်ကန်မှသာ စစ်မှန်တဲ့ ပျော်ရွှင်ချမ်းမြေ့မှုကို ရနိုင်တယ် သမီးရေ။

ဟောဒီစာကြောင်းလေးကို ဖတ်ကြည့်ပါဦး . . .

"Happiness doesn't come from doing what we like to do but from liking what we have to do"

"ပျော်ရွှင်မှုဟူသည် မိမိတို့ လုပ်ချင်သောအရာကို လုပ်ရခြင်းမှ ဖြစ်မလာ . . . မိမိတို့လုပ်ရသည့် အလုပ်ကို နှစ်သက်ခြင်းသာ ဖြစ်လာသည်" တဲ့။

ကိုင်း . . . တွေ့လား သမီးရေ။ မိမိလုပ်ချင်တဲ့အရာကို လုပ်ရရင် ပျော်မယ်၊ စိတ်ချမ်းသာမယ် ဆိုတာကတော့ ဘာထူးဆန်းသလဲ။ ဒါပေမဲ့ သမီးရာ . . . လောကကြီးမှာ မိမိလုပ်ချင်တာတွေချည်း အမြဲလုပ်နေမယ်ဆိုတာမျိုး ဖြစ်နိုင်ပါ့မလား။ တစ်ခါတစ်ရံမှာ မိမိမလုပ်ချင်ပေမယ့် မလွှဲမရှောင်သာ လုပ်ဖို့ကြုံလာရတာတွေ ရှိမှာပဲ။ အဲဒီအခြေအနေကို ပြောင်းလဲပစ်ပြီး လုပ်ချင်တာကိုပဲ လုပ်မယ်လို့ ဖန်တီးနိုင်ရင်တော့ "အိုကေ" ပေါ့။ အဲဒီလိုမဟုတ်ဘဲ အဲဒီအခြေအနေကို မပြောင်းလဲနိုင်တော့ဘူးဆိုရင် သမီး ဘာလုပ်မလဲ . . . အဲဒီအခါကျ ပြောင်းလဲပစ်ရမယ့်အရာ၊ ပြောင်းလဲပစ်နိုင်တဲ့အရာ တစ်ခုကတော့ သမီးမှာ ရှိနေတာအမှန်ပါပဲ။ အဲဒီအရာက သူများတွေ မပိုင်ဘူး။ သူများတွေလက်ထဲမှာ မရှိဘူး။ မိမိရဲ့ကိုယ်ပိုင်ပစ္စည်းစစ်စစ်ဖြစ်တယ်။ ကိုယ်ပိုင်ဖြစ်တာမို့ မိမိဘာသာမိမိ အချိန်မရွေး ပြောင်းလဲပစ်နိုင်တယ်၊ ပြုပြင်နိုင်တယ်။ အဲဒီအရာကတော့ မိမိခံယူချက် စိတ်ထားသဘောထားပါပဲ။

မိမိ မလွှဲမရှောင်သာ လုပ်ကိုလုပ်ရတော့မယ်၊ အလုပ်ကိုပဲ စိတ်ထဲက နှစ်သက်လာအောင် မိမိစိတ်ထားကို ပြောင်းလဲလိုက်ရုံပါပဲ။ ဒီအလုပ်ကို စိတ်ထဲက နှစ်သက်လာမှသာ အဲဒီအလုပ်ထဲ မိမိရဲ့စိတ်ထားနှလုံးသား၊ ဘဝတစ်ခုလုံး ထည့်ပြီး စိတ်ပါလက်ပါ လုပ်ဖြစ်လာမှာ မဟုတ်လား။

"Happiness comes from putting our hearts in our

work and doing it with joy and enthusiasm"

ပျော်ရွှင်မှုဟူသည် မိမိ၏အလုပ်ထဲ မိမိ၏စိတ်နှလုံးသားကို နှစ်မြှုပ်၍ ဝမ်းပန်းတသာ စိတ်ပါလက်ပါလုပ်ခြင်းမှ ဖြစ်လာသည်။

ဟုတ်တယ် သမီး "ထွေး" ရေ...လောကမှာ မိမိလုပ်ရတဲ့အလုပ်ကို နှစ်သက်စွာ စိတ်ရောကိုယ်ပါ ကြိုးစားပမ်းစား လုပ်နေကြသူတွေကို တွေ့ဖူးရဲ့မဟုတ်လား။ အဲဒီအလုပ်က နောင်အခါမှာ ဘယ်လိုအကျိုးအမြတ်တွေ ရလာမယ်၊ ရမလာဘူးဆိုတာ မသေချာပေမယ့် သေချာနေတာ တစ်ခုတော့ရှိတယ်။ အဲဒီအရာကတော့ သူတို့တွေဟာ အဲဒီအလုပ်ကို လုပ်နေတုန်းမှာကို စိတ်ထဲမှာ နှစ်သက်ရွှင်လန်းစွာနဲ့ ပျော်ရွှင်နေတယ်ဆိုတာပါပဲ။

အခုပဲကြည့်လေ...အခု သမီးဆီရေးနေတဲ့ စာကြောင်းလေးတွေကို ဦးဦးက သေချာစူးစိုက်ကြည့်နေမိတယ်။ စားပွဲရှေ့မှာချထားတဲ့ နာရီကလေးရဲ့ လက်တံက "သုံး" မှာ ပြနေတယ်။ မနက်စောစော အရုဏ်တောင် မတက်သေးချိန်၊ လူတွေအားလုံး အိပ်မောကျနေချိန်၊ အိပ်စက်ဖို့ အကောင်းဆုံးအချိန်လေးမှာ ဦးဦးရဲ့ကမ္ဘာကလေးထဲ ဦးဦးရယ်၊ စားပွဲပေါ်က စာရွက်ဖြူဖြူလေးရယ်၊ အဲဒီစာရွက်ဖြူဖြူကလေးပေါ်မှာ ပြေးလွှားနေကြတဲ့ ကလောင်နစ်သွားလေးရယ်၊ ကလောင်ဖျားကနေ တစ်လုံးပြီးတစ်လုံး ထွက်ပေါ်လာတဲ့ စာလုံးဝိုင်းဝိုင်းလေးတွေရယ်ကိုကြည့်ရင်း ပျော်ရွှင်ကြည်နူးနေတဲ့ ဦးဦးရဲ့စိတ်အစဉ်ကို ဦးဦးကိုယ်တိုင် မျက်ဝါးထင်ထင် မြင်တွေ့ခံစားနေရတယ် သမီးရေ။ မိမိရေးနေတဲ့ စာလုံးလေးတွေဟာ မိမိရဲ့စိတ်ထားနှလုံးသားထဲက တသွင်သွင်စီးကျလာတဲ့ စမ်းရေကြည်ကလေးတွေလိုပါပဲ။ ဒီလိုမျိုး မိမိနှစ်သက်စွာ စိတ်ပါလက်ပါ လုပ်လိုက်တဲ့ အလုပ်ကလေး လုပ်နေရချိန်ဟာ မိမိရဲ့အပျော်ရွှင်ရဆုံး စိတ်အချမ်းသာရဆုံး အချိန်လေးတွေပဲ မဟုတ်လား။

ဒါကြောင့် ဦးဦးက ဆေးကျောင်းသားလေးတွေကို စိတ်ထားသဘောထား ခံယူချက် အရေးအကြီးဆုံးဆိုတဲ့အကြောင်း လေးလေးနက်နက် ပြောပြနေတာပဲဖြစ်တယ်။ မိမိလုပ်ကိုလုပ်ရမယ့် အလုပ်တစ်ခုကို အကောင်းဆုံး စိတ်ထားသဘောထားနဲ့ အကောင်းဆုံးလုပ်ပြီး အောင်မြင်ပျော်ရွှင်စွာ ဘဝခရီးကို

ဖြတ်သန်းနေကြတဲ့ လောကဥပမာလေးတွေကို ပြောပြရတယ်။ အကောင်းဆုံး ဥပမာကတော့…အခု အင်မတန်ကို ထင်ရှားကျော်စောနေတဲ့ တရားစာ ရေး၊ တရားဟော၊ တရားပြနေတဲ့ ဆရာတော် "အရှင်ဆန္ဒာဓိက"၊ ဦးဦးရဲ့သူငယ်ချင်း လုပ်ငန်းရှင် သူဌေးကြီးတစ်ဦး၊ ပြီးတော့ ဦးဦးရဲ့တပည့်လေး အလုပ်သင်ဆရာဝန်လေး တစ်ယောက်အကြောင်းပေါ့။

ကိုင်း သမီးလေး "ထွေး" ရေ…ဦးဦးစာလည်း တော်တော်ရှည်သွားပြီမို့ သမီးလေး မျက်စိညောင်းနေတော့မှာ စိုးရိမ်မိသမို့ ဒီတစ်ပတ်တော့ ဒီမှာပဲ နိဂုံးချုပ်တော့မယ်။ အခုနကပြောခဲ့တဲ့ ဥပမာလေးကိုတော့ ရှေ့တစ်ပတ် ဆက်ပြောပြမယ်နော်။ စောင့်လို့သာ မျှော်ပေတော့…

သမီးလေး "ထွေး" တစ်ယောက် စိတ်သဘောထား မှန်မှန် ပျော်ရွှင်စွာနဲ့ မိမိလုပ်ရတဲ့အလုပ်ကို နှစ်သက်မြတ်နိုးတတ်ပါစေ…

«« ¤ »»

# ၉

# စိတ်သဘောထား မှန်ပါမှ

# စိတ်သဘောထား မှန်ပါမှ



# စိတ်သဘောထား မှန်စေမှု

**မန္တလေးဆေးက သမီးလေး 'ထွေး' . . .**

သမီး လက်ရှိရောက်နေတဲ့နေရာ၊ လုပ်နေရတဲ့အလုပ်ကို ကျေနပ်နှစ်သက်ရဲ့လား။ ကိုယ်လက်ရှိနေထိုင် လှုပ်ရှားနေရတဲ့ အချိန်တွေကိုရော ပျော်ရွှင်ချမ်းမြေ့မှု ရှိပါရဲ့လား။ သမီး အဲဒီမေးခွန်းကို ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးမေးကြည့်ဖူးရဲ့လား။ အဲဒီအမေးကိုရော အမှန်အတိုင်း မညာစတမ်း ဖြေမလား။ ဘာကြောင့် ဒီမေးခွန်းကို မေးရတာလဲ . . .

သမီးပဲ စဉ်းစားကြည့်လေ . . . လူတွေ လူတွေ ဦးဦးတို့ပတ်ဝန်းကျင်က "လူတွေ" (ဦးဦးတို့လည်း အပါအဝင်ပေါ့) စိတ်ကူးယဉ်အိပ်မက်တွေ၊ မျှော်လင့်ချက်တွေ တစ်ပုံတစ်ခေါင်းကြီးနဲ့ အသက်ရှင်သန် လှုပ်ရှားနေကြတယ် မဟုတ်လား။ မိမိစိတ်ကူးမျှော်လင့်တဲ့ ပန်းတိုင်ကိုရောက်တဲ့အခါ၊ ကိုယ်မျှော်လင့်ထားတဲ့ အချိန်တစ်ချိန်ကို ရောက်တဲ့အခါ . . . အဲဒီအခါကျရင် ဘယ်လောက်တောင်မှ ပျော်စရာကောင်းလိုက်မလဲ၊ ဘယ်လောက်တောင် ကြည်နူးချမ်းမြေ့လိုက်မလဲ နဲ့ ရင်ခုန်စိတ်လှုပ်ရှားမှု မျှော်လင့်တမ်းတကြတယ်။ အဲဒီတစ်နေ့နေ့ တစ်ချိန်ချိန်မှာ ပျော်ရွှင်ရမှာပဲဆိုတဲ့ မျှော်လင့်ချက်ကို ရင်မှာပိုက်ပြီး အခုလုပ်နေရတဲ့အလုပ်တွေ၊ "နေ" နေရတဲ့ အချိန်တွေမှာတော့ အလိုမကျ ဒေါသတွေ၊ ပူပန်စိုးရိမ်စိတ်သောကတွေ ပင်လယ်ဝေလို့ မပျော်မရွှင် စိတ်လက်မကြည်မလင် ဖြစ်နေကြရတယ်။

မိမိ ရည်မှန်းပျော်ရွှင် လုပ်ချင်နေတဲ့ အလုပ်ကတစ်ခု၊ အခု မလွှဲသာမရှောင်သာ လုံးဝမလုပ်ချင်ဘဲ လုပ်နေရတဲ့အလုပ်က တစ်ခု . . . ထပ်တူညီမျှ မဖြစ်

တဲ့အခါကျရင် ပိုလို့ကောင်း ဆိုးလိမ့်မယ်။ အဲဒီအခါကျ ဘယ်လိုလုပ်မလဲ၊ ဘယ်လိုတွေလုပ်ရင် ပိုကောင်းမလဲ၊ ဒီထက်ကောင်းတဲ့ နည်းလမ်းများ ရှိဦးမလား… ဒီအချက်တွေက အလေးအနက်ထားပြီး စဉ်းစားကြည့်ရမယ့် အချက်တစ်ခုဖြစ်တယ် သမီးရေ။

"လူ့ဘဝ" ဆိုတာ တစ်ခဏလေးပါ…ဘဝတာတိုတို နေမညီခြင်မှာ ဘဝလမ်းကို ပျော်ရွှင်ချမ်းမြေ့ ကျေနပ်ခြင်းများစွာနဲ့ လျှောက်လှမ်းနိုင်ပါမှ ပီတိသုခ ပျော်ရွှင်မှုတွေကို ခံစားရပါမှ ဒီဘဝကို ရောက်ရကျိုးနပ်မှာ။ "ပျော်ရွှင်မှု" ဆိုတာ လုံးဝမရှိပါဘဲ ဘဝခရီးကို လျှောက်လှမ်းနေကြရရင် ဒီဘဝဟာ ဘာများအဓိပ္ပာယ် ရှိတော့မှာလဲ။

ဒီဘဝတိုတိုကလေးထဲ ခေတ္တရောက်လာတဲ့ ရခဲတဲ့အချိန်လေးထဲမှာ အချိန်တွေ အလဟဿ ဖြုန်းတီးမပစ်သင့်ဘူး။ ဒါကြောင့် ငါ ဒီလောကကြီးထဲ ဘာလုပ်ဖို့ ရောက်လာတာလဲ၊ ငါ တကယ်လုပ်ချင်တဲ့ အလုပ်ကရော ဘာလဲ၊ ဘယ်လိုအလုပ်ကိုလုပ်ရရင် ပျော်ရွှင်မှာလဲ၊ ငါ့ရဲ့ဘယ်သူနဲ့မှမတူတဲ့ ပင်ကိုဗီဇ အရည်အချင်းက ဘာလဲ၊ ငါ့ရဲ့ဝါသနာကရော…စတဲ့စတဲ့ မေးခွန်းလေးတွေကို မေးရလိမ့်မယ်။ အမှန်အတိုင်း ဖြေကြည့်ရမယ်…

ကိုယ်မလုပ်ချင်တဲ့အလုပ်၊ မရောက်ချင်တဲ့နေရာ၊ မသွားချင်တဲ့ ခရီးတစ်ခုကို သူများက အတင်းအဓမ္မသွားခိုင်း လုပ်ခိုင်းလို့ မလွှဲမရှောင်သာ လုပ်ရသွားရတာမျိုး သမီး ကြုံဖူးသလား။ အဲဒီအခါကျ သမီး အဲဒီအလုပ်ကို လုပ်ရတာ ဘယ်လိုနေသလဲ၊ ပျော်ရွှင်ကျေနပ်မှုရော ရှိပါရဲ့လား၊ စိတ်ရောချမ်းသာရဲ့လား။ ပြီးတော့ သမီးလုပ်တဲ့ အလုပ်ကရော အောင်မြင်ပါရဲ့လား။ သူများတွေနဲ့နှိုင်းယှဉ်ရင်ရော ဘယ်လိုနေသလဲ…မိမိလုပ်တဲ့အလုပ်ရဲ့အရည်အသွေးက အိုကေမှာ စိုပြည်ရဲ့လား။

ဦးဦးရဲ့အိမ်နီးချင်း ကလေးတစ်ယောက်အကြောင်း ပြောပြချင်သေးတယ်။ သူ့ရဲ့ဝါသနာဗီဇက "စက်မှုလက်မှု"…သူ ဆယ်တန်းအောင်တော့ အင်ဂျင်နီယာတစ်ယောက် ဖြစ်ချင်တာ။ သူ့မိဘတွေကလည်း မော်တော်ကားကြီးတွေ (ကုန်တင်တဲ့ကား၊ လိုင်းဆွဲတဲ့ကားမျိုးစုံ) ပိုင်ဆိုင်လုပ်ကိုင်နေကြတာ။ သူ

ငယ်ငယ်လေးကတည်းက အဲဒီကားကြီးတွေကို စိတ်ဝင်စားတယ်။ ကားပျက်တာပြင်ရတာ၊ ကားနဲ့ပတ်သက်တဲ့ အရာအားလုံးကို စိတ်လှုပ်ရှားပျော်ရွှင်သူ၊ ကျောင်းပိတ်ရက်တွေမှာ ကားကြီးတွေနောက်ကို လျှောက်လိုက်၊ ကားပြင်တဲ့နေရာမှာဝင်ကူနဲ့ မော်တော်ကားတွေကို အထူးစိတ်ဝင်စားတဲ့သူ…ဆယ်တန်းအောင်တော့ သူ့ခမျာ (ကံဆိုးစွာနဲ့) အမှတ်တွေက ကောင်းနေပါရော။

သူ့ရည်မှန်းချက်က အင်ဂျင်နီယာလိုင်းလျှောက်မယ်၊ ဘွဲ့ရပြီးရင် အဲဒီမော်တော်ကားနဲ့ ပတ်သက်တဲ့လုပ်ငန်းကိုပဲ တိုးချဲ့ပြီးလုပ်မယ်။ အဲဒီမှာ သူ့အဖေက သူ့ကို ဆရာဝန်လိုင်း အတင်းအကျပ် တက်ခိုင်းပါလေရော။ သူ့သားကြီးကို "ဆရာဝန်" ဖြစ်စေချင်တဲ့ ဖခင်ရဲ့ဆန္ဒ…ဆေးတက္ကသိုလ်ဝင်ခွင့်ကို ကံကောင်းထောက်မလို့ ရတောင့်ရခဲရပါလျက်နဲ့ မတက်ရကောင်းလားလို့ သားရဲ့ဆုံးဖြတ်ချက်ဆန္ဒကို မကျေမနပ် ဖြစ်တော့တာပေါ့။ "ဆေးတက္ကသိုလ်" တက်ခွင့်ဆိုတာကို သူတို့က ရတောင့်ရခဲရတဲ့ ဆုလာဘ်ကြီးတစ်ခုလို ကံကောင်းထောက်မလို့ရတဲ့အခွင့်အရေးလို့ သတ်မှတ်လေသလားမသိ။ ကောင်လေးက "ဆေးတက္ကသိုလ်" လုံးဝမတက်ချင်ဘူး။ လူနာတွေ ရောဂါတွေမြင်ရင် (စဉ်းစားရင်တောင်) အန်ချင်နေတဲ့သူ၊ "ဆရာဝန်" အလုပ်ကိုလည်း ခါးခါးသီးသီးကို မလုပ်ချင်တဲ့သူ၊ သွေးမြင်ရင်တောင် မူးမေ့ချင်သူ၊ သူဝါသနာပါ ပျော်ပျော်ရွှင်ရွှင် လုပ်ချင်တာက "မော်တော်ကား" တွေ၊ "စက်မှုလက်မှုပညာ" တွေ…

နောက်ဆုံး…သားအဖနှစ်ဦးရဲ့တိုက်ပွဲမှာ ဗီတိုအာဏာကို အသုံးချနိုင်ခဲ့တဲ့ ဖခင်က အနိုင်ရသွားခဲ့တယ်။ ဒီကောင်လေးခမျာလည်း သူ အင်မတန်မသွားချင် မတက်ချင် မဖြစ်ချင်တဲ့ ဆေးတက္ကသိုလ် ကျောင်းသားတစ်ယောက်ဖြစ်လာခဲ့တယ်။ သမီးပဲစဉ်းစားကြည့်…ဆေးတက္ကသိုလ်မှာ ဒီကောင်ကလေးပျော်ရွှင်ပါ့မလား၊ အောင်မြင်ပါ့မလား။ ဒီကလေးရဲ့ဘဝကို ဦးဦးတော့ စိတ်ဝင်တစား ဘေးကစောင့်ကြည့်နေခဲ့တယ်။

လူတစ်ယောက်နဲ့ တစ်ယောက်ဆိုတာက တူတာမဟုတ်၊ အပြောင်းအလဲ ဆိုတာတွေကလည်း မျိုးစုံဖြစ်နိုင်ပေတာကိုး…အနာဂတ်ဆိုတာ ဘာဆိုဘာမှ ပြောလို့မရ၊ ကျောင်းတက်ရင်းနဲ့ပဲ ဝါသနာပါသွားလေမလား။ ဒီကလေး

ဆေးတက္ကသိုလ်တက်တယ်…တော်ပါသေးရဲ့ အိုးမကွာ အိမ်မကွာ မိဘအိမ်က နေပြီးတော့ ကျောင်းတက်ရလို့၊ သူ ကျောင်းမှာ လုံးဝမပျော်ရွှင်ဘူး။ စိတ်ဆင်းရဲ ကြီးစွာနဲ့ ကျောင်းတက်နေရတယ်။ ကျောင်းမတက်ဘဲ ပြေးတဲ့ရက်တွေလည်း အများကြီး။ အဝေးကို ခွဲပြီးလွှတ်လိုက်ရတဲ့ တက္ကသိုလ်ဆိုရင် ဒီကလေး သေချာ ပေါက်ပျက်စီးပြီး လေလွင့်သွားနိုင်တယ်။ ထင်ထားတဲ့အတိုင်းပါပဲ…ဒီကလေး စာမေးပွဲတွေ တဖုန်းဖုန်း ကျတော့တာပါပဲ။ စိတ်တွေညစ်၊ စိတ်ဓာတ်တွေကျပြီး အိမ်ထဲက အိမ်ပြင်မထွက်၊ အိမ်တွင်းပုန်းကလေး ဖြစ်လိုက်သေးတယ်။

ကိုင်း သမီးရေ…ဒီဆေးကျောင်းသားကလေးဟာ ကျောင်းမှာ မပျော် ဘူး၊ စာလည်း မတော်ဘူး။ စာမေးပွဲတွေကျလိုက်၊ နောက်ဆက်တွဲ "Supplementary" စာမေးပွဲတွေ ထပ်ဖြေလိုက်။ တစ်ခါကများ ကျောင်းဆက်မတက် ချင်တော့ပါဘူးဆိုပြီး စိတ်ဓာတ်တွေကျလို့ အိမ်ကို ဆန္ဒတွေပြသေးတယ်။ ဦးဦး အဲသည်တုန်းက သူ့ကို စကားပြောခဲ့ရသေးတာ မှတ်မိသေးတယ်…တကယ် တမ်းကျတော့ ဒီကျောင်းကို စတက်ကတည်းက မှားခဲ့တာ။ (သူတက်သင့်တာ "စက်မှုလက်မှု အင်ဂျင်နီယာတက္ကသိုလ်" လေ။) အခုတော့လည်း မတက်ချင် တက်ချင် မပျော်မရွှင် စိတ်မပါဘဲတက်ခဲ့ရင်း ခရီးတစ်ဝက်မက ကျိုးခဲ့ပြီ။ နောက် ဆုံးနှစ် အပိုင်း(က)တောင် ရောက်ခဲ့ပြီ။ အခုချိန်ကျမှ ကျောင်းထွက်တော့ရော ဘယ်လိုလုပ်မလဲ။ သူတက်ချင်တဲ့ အင်ဂျင်နီယာ တက္ကသိုလ်လည်း တက်ခွင့် မရနိုင်တော့ဘူး။ ဒီတော့…ဒီကလေးကို ဦးဦးက "မင်း လုပ်ချင်တာတွေ လုပ်ဖို့ ဆိုရင် လမ်းတစ်ခုပဲ အကောင်းဆုံးတွေ့တယ်။ အဲဒီလမ်းကတော့ ဆေးကျောင်း ကို အမြန်ဆုံးနှုန်းနဲ့ပြီး၊ ဘွဲ့မြန်မြန်ရအောင် ကြိုးစား။ ဘွဲ့ရပြီးတိုင်း မင်း ဆရာဝန် လုပ်ရမယ်လို့ ဥပဒေ မရှိပါဘူး။ ဘွဲ့ရပြီဆိုတာနဲ့ မင်းမိဘတွေလည်း စိတ်ကျေ နပ်မှာပါ။ အဲဒီကျမှ မင်းလုပ်ချင်တဲ့၊ ဝါသနာပါတဲ့ မော်တော်ကားလုပ်ငန်းတွေ လုပ်ပေတော့…အခုလို ကျောင်းမတက်၊ စာမကျက်၊ စာမေးပွဲတွေကျနဲ့ဆိုရင် ဒီကျောင်းကြီးမှာ မပျော်ပါဘဲနဲ့ အကြာကြီး ဆက်တက်နေရလိမ့်မယ်" စသဖြင့် ပြောပြရတော့တာပေါ့ သမီးရာ။

ကိုင်း ဒီလိုနဲ့ပဲ အချိန်တွေ တဖြည်းဖြည်း ကုန်ဆုံးလာခဲ့တယ်။ အခုဆို

ဒီကလေး ဆရာဝန်ဘွဲ့ရပြီးသွားတာ ၅နှစ်လောက် ရှိခဲ့ပေါ့။ သူ့အိမ်မှာ ဆရာဝန်ဘွဲ့ဝတ်စုံကြီးနဲ့ ရိုက်ထားတဲ့ ဓာတ်ပုံကြီးတစ်ပုံ ချိတ်ထားတယ်။ သူကတော့ သူဝါသနာပါ ပျော်ရွှင်တဲ့ မော်တော်ကားလုပ်ငန်းတွေကို အားကြိုးမာန်တက် လုပ်နေလေရဲ့။ သူ ဆေးကျောင်းတက်ခဲ့တယ်၊ ဆရာဝန်ဘွဲ့ ရခဲ့တယ်ဆိုတာ ရေမှာအရုပ်ရေးသလို ဘာအရာမှ မထင်ခဲ့ဘူး။ မင်္ဂလာဆောင်ဖိတ်စာမှာ ဒေါက်တာဘယ်သူ "MBBS" ဆိုတဲ့ ဘွဲ့ထူးကို ထည့်ရိုက်လို့ရတယ် … ဒီလောက်ပါပဲ။

ဒီဖြစ်ရပ်လေးဟာ ဦးဦးက အဆန်းတကြယ်လုပ်ပြီး ပြောပြနေစရာမလိုလောက်အောင် ဖြစ်ရိုးဖြစ်စဉ် တွေ့နေကျ ဇာတ်လမ်းကလေးတစ်ပုဒ်ပါပဲ။ ဆေးကျောင်းတက်မယ်၊ ဆရာဝန်ဘွဲ့ယူမယ်၊ ပြီးမှ တခြားလုပ်ချင်တဲ့ အလုပ်ကိုလုပ်မယ်။ ဆရာဝန်ဘွဲ့ဆိုတာ ရတုန်းရခိုက် ရယူထားရမယ့် အခွင့်အရေးတစ်ခုလို့ပဲ သတ်မှတ်တယ်။ ဆေးကျောင်းကလည်း မလွဲသာလို့ တက်ခဲ့ရ… ဆေးစာတွေကျက်ရတာလည်း ဝဋ်ဒုက္ခတစ်မျိုး၊ မကျက်ချင်ဘဲ စာမေးပွဲအောင်ရုံ အဖြစ်လောက်ပဲ ကျက်မှတ်ခဲ့။ ပြီးတာနဲ့ ခေါင်းထဲကနေ ဆေးပညာတွေ ပြန်ထုတ်ပစ်။ ကျောင်းပြေးမယ်၊ ဝတ်ကျေတမ်းကျေ စာကျက်မယ်။ ဒီလိုနဲ့ပဲ မိမိ တန်ဖိုးမထားတဲ့၊ မလုပ်ချင်တဲ့ အလုပ်တစ်ခုကို မလုပ်ချင်လုပ်ချင်နဲ့ အဖြစ်သဘော လုပ်ရင်းလုပ်ရင်းက ဒီလူသားတစ်ယောက်ရဲ့ စရိုက်ဟာ ဖြစ်သလို တော်ရိလျော်ရိပဲလုပ်တတ်တဲ့ အပျင်းထူတဲ့၊ အရာရာ ပေါ့တီးပေါ့ဆ သဘောထားတဲ့ စရိုက်သဘာဝအဖြစ်ကို မိမိကိုယ်တိုင်က သတိမထားမိပါဘဲ သူ့အလိုလို ရောက်ရှိသွားတော့မှာလေ … ဦးဦးစိတ်မှာ ပူပန်မိတာ အဲဒီအချက်ပါပဲ။

လုပ်ပါများရင်၊ အလေ့အကျင့်တွေများရင် အဲဒီလုပ်ရပ်တွေဟာ သူ့ရဲ့ သင်္ကေတ ဖြစ်သွားမယ်။ အဲသလိုပဲ လုပ်တတ်တဲ့ လုပ်လေ့ရှိတဲ့ ပေါ့တီးပေါ့ဆတွေးတတ်မြင်တတ်၊ လုပ်တတ်ကိုင်တတ်တဲ့ "လူပေါ့" တစ်ယောက် ဖြစ်သွားမယ်။ အဲဒီအကျင့်စရိုက်မျိုးတွေ ရသွားတဲ့လူတစ်ယောက် ဖြစ်သွားမှာကတော့ တကယ့်ကို နမြောစရာကောင်းလှတယ် သမီးရေ။

ဒါပေမဲ့ လူတိုင်းတော့လည်း ဒီလိုမဟုတ်ပေဘူး။ ဦးဦးတွေ့ဖူး ကြုံဖူးတဲ့ တခြားသာမန်လူတွေနဲ့ လားလားမှမတူတဲ့ ထူးဆန်းတဲ့လူသားတွေလည်း

ရှိခဲ့တယ်…သူတို့တွေရဲ့ထူးခြားချက်ကလေးတွေ၊ အတုယူစရာ အားကျစရာ သင်ခန်းစာယူစရာလေးတွေကို သမီးကို ပြောပြချင်မိတယ်။

ပထမဆုံး စံပြပုဂ္ဂိုလ်ကတော့ အခု တစ်နိုင်ငံလုံး မသိသူမရှိလောက်အောင် ထင်ရှားကျော်ကြားလှတဲ့၊ သူ့ရဲ့စာတွေ မဖတ်ဖူးသူမရှိ၊ သူ့ရဲ့ဝတ္ထုစာရေးတွေ မနာဖူးသူမရှိ၊ သူ့ရဲ့နှာမည်ကြီးရုံနဲ့ လေးစားကြည်ညို ချစ်ခင်ခြင်းကို ခံယူရတဲ့ ဆရာတော် "အရှင်ဆန္ဒာဓိက" ပဲ သမီးရေ…သူဟာ ငယ်စဉ် ကလေးဘဝကတည်းက ပညာထူးချွန်သူ၊ လူရည်ချွန် သုံးထပ်ကွမ်း။ သူ ကိုးတန်းအောင်တဲ့နှစ်မှာ သာသနာ့ဘောင်ထဲ အပြီးဝင်ပြီး ဘုန်းကြီးဝတ်ချင်စိတ်တွေပဲ ထက်ထက်သန်သန် ပေါ်လာတယ်။ ကျောင်းလည်း ဆက်မတက်ချင်တော့ဘူး။

အဲဒီမှာပဲ…ကျောင်းသားလေးဟာ မိဘတွေဆီက ဘုန်းကြီးဝတ်ခွင့်တောင်းသတဲ့။ မိဘတွေကလည်း ဒီလောက် ပညာထူးချွန်တဲ့သားလေးမို့ ဆေးကျောင်းတက်၊ ဆရာဝန်ဖြစ်စေချင်တယ်နဲ့ တူပါရဲ့…ပြီးတော့ စိတ်များပြောင်းသွားမလားဆိုပြီး ချက်ချင်းခွင့်မပေးဘဲ လွန်ဆွဲနေကြတယ်။ နောက်ဆုံးတော့ သားလေးကို ဆယ်တန်းစာမေးပွဲကိုတော့ ဖြေပါဦး၊ စာမေးပွဲပြီးမှ ဘုန်းကြီးဝတ်ချင်ဝတ်ဆိုတဲ့ သဘောတူညီချက်နဲ့ ဆယ်တန်းကျောင်းကိုတက် စာမေးပွဲကို ဖြေခိုင်းခဲ့တယ်။

တကယ်တမ်းကျတော့ ဒီကျောင်းသားလေးဟာ လုံးဝကို ပိုင်ပိုင်နိုင်နိုင်ကြီး ဆုံးဖြတ်ချက်တွေ ချပြီးသွားပြီ။ စိတ်ပြောင်းမှာလည်း မဟုတ်တော့ဘူး။ ဒါပေမဲ့ မိဘတွေလည်း စိတ်ချမ်းသာအောင် ထားခဲ့တဲ့ကတိအတိုင်း ဆယ်တန်းစာမေးပွဲကြီးကိုဖြေဖို့ ပြင်ဆင်သတဲ့။ ကဲ…ဒီနေရာမှာ စဉ်းစားကြည့်ကြစို့နော်။ တကယ်တမ်းကျတော့ ဒီဆယ်တန်းစာတွေကို သူ မကျက်ချင်တော့ဘူး။ စိတ်လည်းမဝင်စားတော့ဘူး။ စိတ်ဝင်တစား ကျက်မှတ်လေ့လာချင်တာက မြတ်စွာဘုရား ဟောကြားခဲ့တဲ့ တရားဒေသနာ…ပိဋကတ်သုံးပုံ။ အခုတော့ မိဘတွေရဲ့ဆန္ဒကိုလိုက်လျောပြီး သူမကျက်ချင်တဲ့ ကျောင်းစာတွေကျက်ခဲ့၊ သူမတက်ချင်တဲ့ ဆယ်တန်းကျောင်းကို တက်ခဲ့ရတာ။ တော်ရုံတန်ရုံ သာမန်လူဆိုရင် ကိုယ်မလုပ်ချင်တဲ့ အလုပ်လုပ်လို့လည်း ဘာဆိုဘာမှ အကျိုးရှိမှာမဟုတ်တဲ့ အလုပ်။

ဒီတစ်သက် ဘုန်းကြီးဝတ်မယ့် လူတစ်ယောက်အတွက် ဆယ်တန်းမှာ ဂုဏ်ထူး ဘယ်နခု ပါရမယ်၊ အမှတ်ဘယ်လောက် ရရမယ်ဆိုတာ အရေးလည်းမပါ၊ လို လည်းမလိုအပ်တော့တဲ့အတွက် ဒီကျောင်းစာတွေကို ကြိုးစားပမ်းစား ကျက်ပါ တော့မလား။ ကျက်လည်း ဘာထူးမှာလဲ။ ဒါကြောင့် စာမေးပွဲအောင်ရုံလောက် ပဲ ဝတ်ကျေတမ်းကျေ ကျက်လိုက်ပြီး "Easy Going" အေးအေးသက်သက်နဲ့ နေသွားလိုက်ရင်ကော သူ့ကို ဘယ်သူက ဘာပြောမှာလိုက်လို့။

ဒါပေမဲ့ ဒီကျောင်းသားလေးဟာ ဦးဦး အစုနကတွေးသလို တွေးတတ် တဲ့ သာမန်လူတစ်ယောက် မဟုတ်ခဲ့ပေဘူး။ အဲဒီ မလွှဲသာမရှောင်သာလုပ်ရ တဲ့ ဆယ်တန်းကျောင်းတက်ခြင်း၊ စာမေးပွဲဖြေခြင်းဆိုတဲ့ အလုပ်တွေအားလုံး ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားသွန်ခွန်စိုက် အစွမ်းကုန် ကြိုးစားလုပ်ဆောင် ခဲ့သတဲ့။ ပြီးတော့ ဆယ်တန်းစာမေးပွဲ ဖြေပြီးတာနဲ့ အောင်စာရင်းထွက်တာကို တောင် မစောင့်တော့ဘဲ မိဘတွေနဲ့ သဘောတူညီထားတဲ့ ကတိစကားအတိုင်း အမရပူရတောင်မြို့ရဲ့ မဟာဂန္ဓာရုံကျောင်းတိုက်မှာ သာသနာ့ဘောင်ကို အပြီး ခိုလှုံ ဝင်ရောက်သွားတော့တယ်။

သူ ဘုန်းကြီးဖြစ်သွားတဲ့အချိန် ဆယ်တန်းအောင်စာရင်းတွေ ထွက်။ အမှတ်တွေကြေညာတော့ ဒီကျောင်းသားလေးဟာ ခြောက်ဘာသာ ဘာသာစုံ ဂုဏ်ထူး။ ပြီးတော့ မြန်မာတစ်ပြည်လုံးမှာ ဒုတိယအမှတ်အများဆုံး ရခဲ့တယ်။ အဲဒီခေတ်မှာ အဲဒီသတင်းဟာ ထူးခြားအံ့သြဖွယ် လူတိုင်းက စိတ်ဝင်စားကြတဲ့ သတင်းထူးတစ်ပုဒ်ဖြစ်ခဲ့တယ် သမီးရေ။

လူသားတစ်ယောက်ချင်း ခံစားရတဲ့ ရောဂါဝေဒနာတွေကို ကုသပေး ရမယ့် ဆရာဝန်အလုပ်အစား လူသားတွေအများကြီးရဲ့စိတ်နှလုံးထဲက ဝေဒနာ တွေကို တရားရေအေး အမြိုက်ဆေးနဲ့ တိုက်ကျွေးကုသနိုင်တဲ့ "ဘုရားသမား တော်" ဘုန်းကြီးဘဝကို သူ ရွေးချယ်လျှောက်လှမ်းခဲ့တယ်။ ဘုန်းကြီးဘဝနဲ့ဖြေ ဆိုခဲ့တဲ့ သာသနာ့စာမေးပွဲတွေမှာလည်း မြန်မာတစ်ပြည်လုံး အမှတ်အများဆုံး နဲ့အောင်မြင်ခဲ့တာမို့ "ပထမကျော်" ဆိုတဲ့ ဘွဲ့ထူးဂုဏ်ထူးတွေ ရခဲ့တယ်။ "မွှာ ကထိက" စာမေးပွဲတွေကို ဆက်တိုက်အောင်မြင်ပြီး သူ့ဝါသနာအတိုင်း တရား

ဟော၊ တရားပြ၊ တရားစာတွေ ရေးသားပြီး သာသနာ့အလုပ်တွေ လုပ်ခဲ့တယ်။ တခြားဘယ်သူနဲ့မှမတူ တစ်မူထူးခြားတဲ့ဟန်ပန်နဲ့ အနုပညာမြောက်နေတဲ့ သူ့ရဲ့တရားဟောကြားပုံ၊ တရားစာတွေကို လွယ်လွယ်ရှင်းရှင်း ခေတ်လူငယ်တွေ နားလည်သဘောပေါက် စိတ်ဝင်စားလာအောင် ရေးသားဟောပြောနိုင်ပုံတွေကြောင့် အခုဆိုရင် မြန်မာတစ်ပြည်လုံးမှာ မသိသူမရှိလောက်အောင် နာမည်ကျော်ကြား အောင်မြင်ထင်ရှားလှတဲ့ တရားဟော ဓမ္မကထိက ဆရာတော်တစ်ပါး ဖြစ်လာခဲ့တယ်။

သူ ထင်ရှားအောင်မြင်လာချိန်မှာ ဆရာတော်ကို အင်တာဗျူးတစ်ခု လုပ်ခဲ့တာ ဦးဦးဖတ်ခဲ့ရတယ်...အဲဒီအင်တာဗျူးထဲမှာ ဆရာတော်ရဲ့ငယ်ဘဝ ဆယ်တန်းကျောင်းသားဘဝကို ပြန်ပြီးသုံးသပ် မေးမြန်းခဲ့တာ စိတ်ဝင်စားစရာ။ "ဒီဆယ်တန်း စာမေးပွဲပြီးတာနဲ့ သာသနာ့ဘောင်ထဲကို အပြီးအပိုင် ဝင်ရောက်ရတော့မယ်ဆိုတာ သိသိကြီးနဲ့ ဘာကြောင့် ဘာသာစုံဂုဏ်ထူး တစ်ပြည်လုံးမှာ ဒုတိယရတဲ့အထိ အမှတ်တွေ အရမ်းကောင်းအောင် ကြိုးစားအားထုတ်ခဲ့ရသလဲ" ဆိုတဲ့အမေးကို ဆရာတော်က ဒီလိုဖြေတယ်...

"သူဟာ ဒီစာမေးပွဲကို ဖြေတဲ့အခါ ရမယ့်အမှတ်က ဘယ်လောက်ဆိုတာတွေ၊ ဒီအမှတ်တွေက သူ့အတွက် ဘယ်လောက် အကျိုးရှိစေမယ်ဆိုတာတွေ ထည့်မစဉ်းစားခဲ့ပါဘူးတဲ့။ သူ့ရဲ့စရိုက် သူ့ရဲ့ဗီဇကိုက ဘယ်အလုပ်ကိုပဲလုပ်လုပ် သူ့ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အကောင်းဆုံးတွေပဲ လုပ်တတ်တာမို့ အခုကိစ္စမှာလည်း သူ့အကျင့်အတိုင်း၊ သူ့ထုံးစံရှိတဲ့အတိုင်း လုပ်ရိုးလုပ်စဉ်လေးကို လုပ်လိုက်တာပါ။ ဘာမှ ထွေထွေထူးထူး မဟုတ်ပါဘူး" လို့ ဆရာတော်က ပြောသွားခဲ့တယ်။

"ဒီဆယ်တန်းစာမေးပွဲက ရတဲ့အမှတ်တွေက သူ့ ဆေးတက္ကသိုလ်ကိုလည်း တက်မှာမဟုတ်တော့ ကြိုးစားခဲ့ရတာတွေဟာ အလဟဿ အချည်းနှီး ဖြစ်မနေဘူးလား။ ကြိုးစားခဲ့တာတွေက ရတဲ့အကျိုးနဲ့ရော ထိုက်တန်ပါရဲ့လား" ဆိုတဲ့အမေးကို သူ ဖြေသွားခဲ့တာက ဒီလို..."အခုအချိန်မှာ သူ့လုပ်ရပ်တွေကို ပြန်ပြီးသုံးသပ်ကြည့်လိုက်တော့ အချည်းနှီး မဖြစ်ရုံသာမက အဲဒီရခဲ့တဲ့အမှတ်

တွေ၊ အောင်မြင်မှုတွေဟာ အခု သူလုပ်နေတဲ့ သာသနာပြုတဲ့ လုပ်ငန်းတွေမှာ ကြီးမားတဲ့ အထောက်အကူတွေ ပေးခဲ့သတဲ့။ "ပုဂ္ဂိုလ်ခင်မှ တရားမင်" ဆိုတဲ့ စကားလိုပဲ သူ တရားတွေဟောတဲ့အခါ၊ တရားစာအုပ်တွေ ရေးတဲ့အခါ လူထု ပရိသတ်တွေက သူ့နာမည်ကြားရုံနဲ့တင် ဒီဆရာတော်ဟာ လူ့ဘဝ ဆယ်တန်း စာမေးပွဲကြီးမှာ ဘာသာစုံဂုဏ်ထူးထွက်ပြီး မြန်မာတစ်ပြည်လုံး ဒုတိယရခဲ့တဲ့ ဆရာတော်…နယ်နယ်ရရ မဟုတ်ဘူး၊ သူဟောကြားတဲ့ တရားတွေဟာလည်း တခြားသူတွေနဲ့မတူဘဲ ထူးခြားမှာပဲဆိုတဲ့ အထင်ကြီးလေးစားမှုနဲ့ စိတ်ဝင်တစား နာယူမှတ်သားခဲ့ကြသတဲ့။ မိမိပြုလုပ်ခဲ့တဲ့ အလုပ်တိုင်းဟာ သူနဲ့ထိုက်တန်တဲ့အကျိုးကို ပေးစမြဲပါပဲ။ မိမိကမရည်ရွယ်ဘဲ လုပ်ခဲ့သော်လည်း အဲဒီကြိုးစားမှုဖွဲ့လုံ့လ ဝီရိယရဲ့အသီးအပွင့်တွေကို ခံစားရတယ်။ သူ့ရဲ့အခုအချိန် သာသနာပြုလုပ်ငန်းတွေမှာ အဲဒီဆယ်တန်းတုန်းက အမှတ်တွေဟာ ကြီးစွာသော အကျိုးကျေးဇူးတွေ ပေးခဲ့တယ်" လို့ ကောက်ချက်ချခဲ့တယ်။

ကိုင်း သမီးရေ…ဆရာတော်ရဲ့ဖြစ်ရပ်ကလေးဟာ သင်ခန်းစာယူဖို့ ကောင်းလှတယ်။ ဒီဖြစ်ရပ်ကလေးကို ကြည့်လိုက်ရင် လူဆိုတာ မိမိစိုက်ပျိုးတဲ့ အပင်ကို ရိတ်သိမ်းရတယ်… "You Reap What You Sow" ဆိုတဲ့စကားကလေးနဲ့ မကိုက်ညီပေဘူးလား။ ဘယ်အလုပ်မဆို အကောင်းဆုံးတွေကိုပဲ လုပ်မယ်ဆိုတဲ့ စိတ်ထားကလေးကရော ကြည်ညိုလေးစားဖို့ မကောင်းပေဘူးလား။ နောက်ပြီး လောကကြီးဟာ ကိုယ်ပေးလိုက်တဲ့ အရာတွေကို ပြန်ပြီးပေးတတ်တယ်ဆိုတဲ့ သဘာဝတရားကြီးကိုလည်း သမီး ယုံကြည်လက်ခံရမယ်။

ကိုင်း သမီးရေ…အခုပြောခဲ့တဲ့ ဖြစ်ရပ်လေးနှစ်ခုကနေ သမီးကရော ဘယ်လိုသင်ခန်းစာလေးတွေ ထုတ်ယူနိုင်ခဲ့သလဲ။ လောကကြီးမှာ ကျင်လည်ကြရတဲ့ လူသားတွေအဖို့ အမြဲတစေ မိမိလုပ်ချင်တာတွေလည်း လုပ်ပိုင်ခွင့်ရဖို့ဆိုတာ မဖြစ်နိုင်ဘူး။ အခြေအနေ အချိန်အခါအရ မလွှဲမရှောင်သာ ကိုယ်စိတ်မဝင်စားတဲ့၊ စိတ်မပါတဲ့၊ မလုပ်ချင်တဲ့ အလုပ်တွေကို လုပ်ချင်ချင် မလုပ်ချင်ချင် လုပ်ကိုလုပ်ရမယ့် အဖြစ်တွေနဲ့ ကြုံကိုကြုံရမှာဖြစ်တယ်။ အဲဒီအခါကျ ဘယ်လိုတွေလုပ်ကြမလဲ။ ငါမှ မလုပ်ချင်တာ ဖြစ်သလို တော်ရိလျော်ရိပဲ လုပ်မယ်ဆိုပြီး

ဖြစ်ကတတ်ဆန်း လုပ်မလား။ အဲဒါမှမဟုတ် ဘာအလုပ်ကိုပဲ လုပ်ရလုပ်ရ မိမိရဲ့ အကောင်းဆုံးစိတ်ထား အကောင်းဆုံးအရည်အချင်းတွေနဲ့ အကောင်းဆုံးဖြစ်အောင် လုပ်မယ်ဆိုတဲ့ စိတ်ထားပြီး အကောင်းဆုံးလုပ်မလား။ လောကကြီးမှာ မိမိက ပြောင်းလဲပစ်လို့ မရနိုင်တာတွေ အများကြီးရှိမှာ အမှန်၊ တခြားဘာတွေကိုမှ မပြောင်းလဲပစ်နိုင်ရင်တောင် မိမိပိုင်ဆိုင်တဲ့ မိမိရဲ့လက်ထဲမှာရှိတဲ့ ပြောင်းလဲပစ်လို့ ရတာကတော့ မိမိရဲ့ "စိတ်သဘောထား" ပဲဖြစ်တယ် သမီးရေ။ မိမိရဲ့ ခံယူချက် စိတ်သဘောထားလေးကို ပြောင်းလဲလိုက်တာနဲ့ တခြားအရာတွေလည်း လိုက်ပြီးပြောင်းလဲသွားတာ တွေ့ရမှာအမှန်ပဲ။

သမီးလေး "ထွေး" တစ်ယောက် မှန်ကန်သော စိတ်သဘောထားနဲ့ လောကလမ်းမှာ အကောင်းဆုံး ခရီးသွားတစ်ယောက် ဖြစ်ပါစေ...

«« ¤ »»

# ၁၀

# ကောသလရာဇာကြီး
# အိပ်မက်တို့
# မည်သည်

# ကောသရာရာ ဖြေသိမ်းမှုနည်းတိုး မှန်သည်



# ကေသရာဇာ ခြင်္သေ့မင်းတို့မည်သည်

**မန္တလေးဆေးက သမီးလေး 'ထွေး' ...**

အရင်တစ်ပတ်က မရောက်တာ နှစ်ပေါင်းများစွာ ကြာမြင့်လှပြီဖြစ်တဲ့ ရွှေမန်းမြေကို ဦးဦး တစ်ခေါက်တစ်ခါ အလွမ်းပြေရောက်ခဲ့တယ်။ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀၊ ခရစ်နှစ် ၁၉၈၀ပြည့်နှစ်မှာ ရွှေမန်းမြေကို ဆေးပညာတွေ သင်ယူ ဆည်းပူးဖို့ ဆေးကျောင်းသားလေးတစ်ယောက်အဖြစ် ရောက်ရှိခဲ့တယ်။ ၅နှစ် တိတိ ဆရာဝန်ပညာတွေသင်ပြီး ၁၉၈၅မှာ ဆရာဝန်ဘွဲ့ဆိုတဲ့ တောင်ပံလေးကို တပ်ခွင့်ရခဲ့တယ်။ အတောင်တွေစုံလို့ အမိတက္ကသိုလ်ကနေ ပျံသန်းထွက်ခွာပြီး တော့ ကိုယ်စီကိုယ်စီ ရေကြည်ရာမြက်နုရာကို ရောက်ရှိအသက်မွေးခဲ့ကြတာ နှစ်ပေါင်းအစိတ်တောင် ကြာညောင်းခဲ့ကြပါရောလား။

ဦးဦးတို့တွေ ဆေးတက္ကသိုလ်ရောက်တော့ အသက် ၂၀ပတ်ဝန်းကျင် လူငယ်ကလေးတွေ...အခု နှစ်၃၀ ကြာခဲ့ပြီဆိုတော့ အသက်၅၀ပတ်ဝန်းကျင် "လူကြီး" အဘိုးကြီး အဘွားကြီးပေါက်စတွေ ဖြစ်ကုန်ပြီပဲ။

နှစ်ပေါင်းများစွာ ကွဲကွာနေကြရတဲ့ သူငယ်ချင်းတွေအားလုံး မန်းမြေ မှာပြန်လည်ဆုံစည်းကြဖို့၊ ပြီးတော့ မိမိတို့ကို ဆေးပညာတွေ သင်ကြားပေးခဲ့တဲ့ ဆရာ ဆရာမတွေကို ကျေးဇူးဆပ်တဲ့အနေနဲ့ ပူဇော်ကန်တော့ကြဖို့ ဆိုတဲ့ရည် ရွယ်ချက်တွေနဲ့ ဒီပွဲကလေးကို စီစဉ်ခဲ့ကြတာဖြစ်တယ်။ ဦးဦးလည်း အလုပ်တွေ သောင်းချောက်ထောင် များမြောင်လှတဲ့ကြားထဲက ဒီပွဲလေးကိုတော့ မဖြစ်ဖြစ် အောင်နွှဲမယ်လို့ အားအခဲကြီးခဲမိပေါ့။ သွားဖို့စီစဉ်ပြီးခါမှ တိုက်တိုက်ဆိုင်ဆိုင် ဦးဦးတို့သွားမယ့်ရက်မှာ ဆေးရုံမှာ သင်တန်းတစ်ခုနဲ့ တိုးပါလေရော။ ခွင့်ယူပြီး

တော့ ခရီးသွားဖို့ကိစ္စတောင် မရေမရာ ဖြစ်သွားသေးတယ်။ နောက်ဆုံးတော့ ကံကောင်းထောက်မစွာနဲ့ အဆင်ပြေပြေ အညာပြန်ခရီးကို စနိုင်ခဲ့တော့တယ် သမီးရေ။

ရွှေမန်းမြေကို အလည်ပြန်တဲ့နေ့က မနက်အစောကြီး ကုန်းမြင့်သာ စုရပ်မှာ ရန်ကုန်က သူငယ်ချင်းတွေဆုံပြီး ဟီးနိုးကားကြီးတစ်စီး အတူတူစီးလို့ ခရီးထွက်ကြမယ်ပေါ့။ အေးမြတဲ့ဆောင်းနံနက် ဝေလီဝေလင်းမှာ သူငယ်ချင်းတွေ ပြန်ဆုံကြတော့ "ဟေး" "ဝါး" နဲ့ ငယ်မူတွေပြန်ပြီး ပျော်ပျော်ပါးပါး ဆူညံနေအောင် နှုတ်ဆက်ကြတယ်။ အသက်တွေကြီးလာလို့ အဘိုးကြီး အဘွားကြီးပုံစံပြောင်းနေကြတဲ့ သူငယ်ချင်းတွေ ရုတ်တရက် မမှတ်မိကြတာမျိုးတွေတောင် ရှိရဲ့...ငိုအားထက် ရယ်အားသန်ဖြစ်ရတဲ့ အဖြစ်လေးကလည်း တစ်သက်မမေ့နိုင်စရာပါပဲ။

ရန်ကုန်ကနေပြီး ဦးဦးတို့ရဲ့ဆရာတချို့မန္တလေးအထိ လိုက်ကြမှာမို့ စုရပ်ဆီကို ရောက်လာကြတယ်။ ကာကွယ်ရေးနဲ့ လူမှုရေး ဆေးပညာဌာနမှူး ဆရာကြီး "ဦးဝင်းနိုင်" လည်း ဂျာကင်အင်္ကျီ ဘောင်းဘီအရှည်နဲ့ ခုံ့ခုံ့ညားညား ရောက်လာလေရဲ့...ဆရာကြီးဟာ အသက်ဂုဝကျော် စဝနည်းပါး ရှိနေပေမယ့် အသက်နဲ့မမျှအောင် နုပျိုလန်းဆန်းလို့။ ဦးဦးတို့သူငယ်ချင်းတွေ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြပြီး ဆူဆူညံညံ ပွဲဖက်နှုတ်ဆက်။ အဲဒီအချိန်မှာ "မျိုးလွင်" ဆိုတဲ့ သူငယ်ချင်းလည်း ရောက်လာတယ်။ နံနက်ခင်း ဝေလီဝေလင်း မှောင်ရီပိုးတဝါးမှာ ဒီငနဲက ဆရာကြီးကို ရုတ်တရက်မမှတ်မိဘူး။ ဦးဦးကို သူက တိုးတိုးလေးမေးတယ်။ သူ ဘယ်သူလဲလို့ပေါ့...ဦးဦးလည်း တိုးတိုးလေး ပြန်ဖြေလိုက်တယ်။ "ဦးဝင်းနိုင်" လေလို့...အဲဒီမှာပဲ ဒီငနဲက ဘယ်လိုသဘော ပေါက်သွားတယ် မသိ၊ ဆရာကြီးရှိရာကို ပြေးသွားပြီး ပခုံးကို အားပါးတရဖက် လိုက်တယ်။ ပြီးတော့ "ဟေ့ကောင် "ဝင်းနိုင်ကြီး" ...နေကောင်းတယ်မဟုတ်လား၊ တွေ့ရတာဝမ်းသာတယ်ကွာ။ ဒီကောင်တွေကို မှတ်မိတယ်မဟုတ်လား။ ဒီကောင်က "စိုးလွင်"၊ ဒီကောင်က "စန်းဌေး"၊ ဒီကောင်က "စန်းလှိုင်" လေကွာ" ဆိုပြီး ကျန်တဲ့သူငယ်ချင်းတွေနဲ့ပါ မမှတ်မိမှာစိုးလို့ ပြန်မိတ်ဆက်ပေးနေရော။

ဦးဦးတို့ ကျန်တဲ့သူငယ်ချင်းတွေအားလုံးလည်း ရုတ်တရက် ကြောင်သွားပြီး ဘာပြောလို့ပြောရမှန်းမသိအောင် ယောင်ချာချာဖြစ်သွားတယ်။ ကြည့်စမ်း...တွေ့တာနဲ့ ဦးချက်ကန်တော့ရမယ့် ဆရာကြီးကို အားပါးတရ ပခုံးကိုဖက်ပြီး သူငယ်ချင်းတစ်ယောက်လိုမျိုး နှုတ်ဆက်နေတဲ့ "မျိုးလွင်ကြီး" ရဲ့အမူအရာဟာ ဦးဦးတို့တွေအားလုံးအတွက် ဘယ်တော့မှ မေ့ပျောက်လို့ရမှာ မဟုတ်တော့တဲ့ အဖြစ်ကလေးပါပဲ။ ဆရာကြီးကလည်း ပြုံးဖြီးဖြီးပဲ လုပ်နေတော့တာပေါ့။ ဆရာကြီးအတွက် တကယ်တမ်းတွေးကြည့်ရင် အင်မတန်ကို ဂုဏ်ယူရမယ့်ကိစ္စဖြစ်တယ်။ သူငယ်ချင်းတွေနဲ့တောင်မှ မှားလောက်တဲ့အထိ ဆရာကြီးရဲ့နုပျိုလန်းဆန်း အရွယ်တင်နေတဲ့ ကုသိုလ်ကံက ဘယ်လောက်တောင် အားကျဖို့ကောင်းသလဲနော်။

ခဏနေလို့ သူငယ်ချင်းတွေအားလုံး တဝါးဝါးတဟားဟားနဲ့ "မျိုးလွင်ကြီး" ကို ဝိုင်းဆဲကြ၊ ဝိုင်းပြောကြတော့မှ ဒီကောင်ကြီး အူတီးအူကြောင်နဲ့ ဘာလုပ်လို့လုပ်ရမှန်းမသိအောင် ရှက်ကိုးရှက်ကန်းတွေ ဖြစ်လို့ပေါ့။ "မသိဘူးလေကွာ...မင်းက "ဝင်းနိုင်" လို့ပြောလိုက်တော့ ငါတို့ရဲ့သူငယ်ချင်း "Chest" (အဆုတ်နဲ့ရင်ခေါင်း) ပါမောက္ခ "တီလုံးဝင်းနိုင်" လို့ပဲအောက်မေ့ပြီး အားရပါးရနှုတ်ဆက်လိုက်မိတာကွာ။ ဆရာကြီးမှန်းသိရင် ဒီလိုလုပ်ပါ့မလား...မျက်နှာပူလိုက်တာကွာ၊ သေလိုက်ပါတော့" ရယ်လို့ သူ့နဖူးသူရိုက်ပြီး တဖျစ်တောက်တောက်ပြောပါလေရော။

အဲဒီနေ့ကလေးက တကယ့်ကို ပျော်စရာကောင်းလှတဲ့ ခရီးလေးဖြစ်သွားတယ်။ ရန်ကုန် - မန္တလေးလမ်းတစ်လျှောက် မြို့တွေမြို့တွေက သူငယ်ချင်းတွေ ကားကြုံစောင့်စီးကြတာမို့ သူငယ်ချင်းတစ်ယောက် ကားပေါ်ကိုတက်လာတိုင်း ဆူညံအော်ဟစ်ပြီး နှုတ်ဆက်ကြ။ နှစ်ပေါင်းများစွာ မဆုံတွေ့ဖြစ်ကြတော့တဲ့ သူငယ်ချင်းတွေ ခုလိုပြန်တွေ့ကြချိန်မှာ ငယ်မူငယ်သွေးတွေပြန်ပြီး စကားလက်ဆုံ ပြောမကုန်ကြ။ တစ်နေ့လုံး သွားရတဲ့ခရီးဟာ တဝါးဝါး တဟားဟားနဲ့ မန္တလေးကို ရောက်လို့ရောက်မှန်းတောင် သတိမထားမိလောက်အောင် ပျော်စရာကောင်းလှတဲ့ အမှတ်တရခရီးလေး ဖြစ်ခဲ့တယ်။

မန္တလေးမြို့ထဲဝင်လာတော့ အားလုံးဟာ ဒီနှစ်ပေါင်းအစိတ်လောက် အတွင်းမှာ အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ပြီဖြစ်တဲ့ မြို့ရှုခင်းကို တအံ့တဩ ကြည့်လို့ပေါ့။ ညဘက်မှာလုပ်တဲ့ ညစာစားပွဲမှာတော့ မန္တလေးက၊ မြန်မာပြည် အထက်ပိုင်း၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းက လာရောက်ကြတဲ့ သူငယ်ချင်းတွေ၊ နိုင်ငံရပ်ခြား အမေရိကား၊ တရုတ် (တိုင်ပေ) စသဖြင့် ရောက်နေတဲ့ သူငယ်ချင်း တွေအားလုံး ပြန်ဆုံကြတဲ့ပွဲ ...

နောက်နေ့မနက်ခင်း မဟာမြတ်မုနိဘုရားကြီးကို စောစောထလို့ ဖူးကြတယ်။ ဟိုးဆေးကျောင်းသားဘဝက အပတ်စဉ် စက်ဘီးလေးစီးလို့ ဘုရား ဖူးခဲ့ကြတဲ့ အဖြစ်ကလေးတွေကို ပြန်ပြောင်းအောက်မေ့ချင်စရာ ... "Oriental House" စားတော်ဆက်မှာ ပြုလုပ်တဲ့ "အာစရိယပူဇော်ပွဲ" မှာတော့ ငယ်စဉ်က ပညာသင်ပေးခဲ့ကြတဲ့ ဆရာကြီး ဆရာမကြီးတွေနဲ့ သူငယ်ချင်းတွေအားလုံး စုံစုံ ညီညီ တွေ့ဆုံခွင့်၊ နှုတ်ဆက်ကန်တော့ခွင့်ကို ရခဲ့တော့တာပါပဲ။ ဘယ်လောက် တောင် တန်ဖိုးရှိပြီး မျက်ရည်လည်ဝိုင်းရအောင် ခံစားချက်မျိုးစုံ ရောပြွမ်းနေတဲ့ နေ့ကလေးလဲ ...

မြန်မာ့ဓလေ့ ထုံးတမ်းတွေထဲမှာ အင်မတန်ကို ချစ်စရာ၊ ဂုဏ်ယူစရာ ကောင်းတဲ့ အလေ့အထလေးကတော့ အခုလို ဆရာကန်တော့ပွဲ အခမ်းအနား လေးပါပဲ သမီးရေ။ စင်မြင့်ထက်မှာထိုင်နေတဲ့ ဆရာ ဆရာမတွေ ရာကျော် စုံစုံ ညီညီကို ဦးနှိမ်ညွှတ်တွားပြီး လက်အုပ်ချီမိုး ရှိခိုးကန်တော့ခွင့်ရတဲ့ အဖြစ်လေး ဟာ ဦးဦးတို့ သူငယ်ချင်းတွေအားလုံးရဲ့ရင်ထဲ နှလုံးသားထဲမှာ ကြည်နူးပီတိနဲ့ မျက်ရည်တွေ သီသီဝေ့လာအောင် ထူးခြားဆန်းကြယ်တဲ့ ခံစားမှုလေးတွေကို ပေးစွမ်းနိုင်ပါပေတယ်။

ဦးဦးတို့အားလုံးဟာ အခုချိန်မှာ မိမိရဲ့နယ်ပယ်အသီးသီးမှာ လူကြီး တွေဖြစ်နေကြပြီ။ ဒါပေမဲ့ အခုအချိန်မှာ မိမိတို့ရဲ့ဆရာ ဆရာမတွေရဲ့ရှေ့မှောက် မှာ ပီဘိကျောင်းသားလေးတွေလို ခံစားကြရတယ်။ ဆရာကြီး ဆရာမကြီးတွေရဲ့ ဆိုဆုံးမစကားတွေကိုလည်း ညွှတ်နူးတဲ့ နှလုံးသားနဲ့ ရိုသေလေးစားစွာ နာခံခဲ့ ကြရတယ်။ တန်ဖိုးရှိလှတဲ့ ဆုံးမစကားလေးတွေကိုလည်း မိမိတို့ရဲ့နှလုံးသား

တွေထဲအထိ စိမ့်နေအောင် မှတ်သားနာယူသွားကြမှာ ဖြစ်ပါတယ်။

ဆရာကြီး "ဦးမြသောင်း" ကပြောတယ်...တပည့်တွေအားလုံး တူညီဝတ်စုံ (ဒီပွဲအတွက် အထူးမှာယူချုပ်လုပ်ထားတဲ့ ဂျက်ကက်လေးတွေ) ကိုယ်စီဝတ်ပြီး အားလုံးညီညာဖြဖြ ကန်တော့ကြတာ မြင်တွေ့ရခြင်းဟာ ဒါ ပထမဆုံးပါပဲတဲ့။ ဆရာကန်တော့ပွဲတစ်ခုမှာ နာမည်ကျော် ဆရာဝန်စာရေးဆရာမ "ဂျူး" က ကျောင်းသားဘဝတုန်းက စာမေးပွဲနီးချိန်မှာ ဆရာတွေကို ကန်တော့ပွဲလုပ်ကြတာဟာ ဘာပဲပြောပြော စာမေးပွဲအောင်ဖို့ပဲဖြစ်ဖြစ်၊ အမှတ်များများရချင်လို့ပဲဖြစ်ဖြစ် နည်းနည်းပါးပါး ကိုယ့်အတွက် မျှော်ကိုးမှုကလေး တစ်ခုတလေပါဝင်တတ်တယ်။ အခုလိုအချိန်မျိုးမှာ ဆရာတွေကို ကန်တော့ကြတာကတော့ ငယ်ငယ်တုန်းက စာမေးပွဲနီးလို့ ကန်တော့ကြတာနဲ့ လားလားမျှမတူဘဲ ဆရာတွေဆီက ဘာဆိုဘာမှ မျှော်ကိုးလိုချင်လို့မဟုတ်တဲ့ မွန်မြတ်သန့်စင်လှတဲ့ ကျေးဇူးဆပ်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီကန်တော့ပွဲလေးတွေဟာ ဘဝမှာ အင်မတန်ဖြူစင်မြင့်မြတ် ဂုဏ်ယူဝမ်းမြောက်ဖို့ ကောင်းလှတဲ့အကြောင်း အမှတ်တရပြောသွားခဲ့တယ် သမီးရေ။

ဒီပွဲမှာ ဦးဦးတို့ကို ဆုံးမစကားပြောကြား၊ ဦးဦးတို့ကလည်း ကြဲတောင့်ကြဲခဲ ရှိခိုးကန်တော့ခွင့်ရတဲ့ ဆရာမကြီးကတော့ တပည့်တွေအားလုံးက "မာမီလေး" လို့ ချစ်စနိုးခေါ်ကြတဲ့ ဆရာမကြီး "ဒေါ်မြင့်မြင့်အေး" ပဲဖြစ်တယ်။ ဦးဦးတို့ကို ဆေးပညာတွေ သင်ပေးခဲ့တဲ့ ပါမောက္ခကြီးဟာ အခု တကယ်တမ်း အလုပ်လုပ်နေတာက အမေရိကန်ပြည်က ဆေးတက္ကသိုလ်တစ်ခုမှာ ပါမောက္ခလုပ်နေတာ။ သူ့ကို ဦးဦးတို့တွေ ကန်တော့ခွင့်ရအောင် တွေ့ဆုံခွင့်ရအောင် ဆုံးမစကားတွေ နားထောင်ခွင့်ရအောင် မရမက တကျည်ကျည်နားပူပြီး ခေါ်ပေးခဲ့တဲ့ပုဂ္ဂိုလ်ကတော့ ဦးဦးတို့သူငယ်ချင်း "ကျော်ဝင်း" ပါပဲ။ မာမီလေးဟာ အစိမ်းရင့်ရောင်ဝတ်စုံနဲ့ နပျိုလန်းဆန်းပြီး ဦးဦးတို့တွေကို ဆုံးမစကားတွေ အများကြီးပြောသွားခဲ့တယ်။ သူ့ကို ဒီမန်းမြေကို မရောက်ရောက်အောင် စရိတ်ခံပြီး ခေါ်ဆောင်ပေးခဲ့တဲ့ "ကျော်ဝင်း" ကိုလည်း ကျေးဇူးစကား ဆိုသွားခဲ့တယ်။ ဒီကန်တော့ပွဲ ဖြစ်မြောက်ရေးအတွက်လည်း အလှူငွေတွေ သိန်းပေါင်းများစွာ ရင်းနှီးပြီး အဝေး

ရောက် ဆရာမကြီးကိုလည်း မရောက်ရောက်အောင် ခေါ်ငင်ပေးခဲ့တဲ့ "ကျော်ဝင်း" ဆိုတဲ့ သူငယ်ချင်းကို ဦးဦးတို့တွေအားလုံးကလည်း ကျေးဇူးတင်ကြတယ် သမီးရေ။

တကယ်တမ်း ဆရာမကြီးကို သူ ကန်တော့ချင်လွန်း၊ တွေ့ချင်လွန်း။ သူငယ်ချင်းတွေအားလုံးလည်း ကန်တော့ခွင့်ရအောင် သူ မရရအောင် ခေါ်ငင်ခဲ့တယ်ဆိုပေမယ့် သူငယ်ချင်းဟာ ဆရာကြီး ဆရာမကြီးတွေ သင်ကြားပေးခဲ့တဲ့ ဆေးပညာနဲ့ အသက်မွေးဝမ်းကျောင်းတဲ့ ဆရာဝန်တစ်ယောက် မဟုတ်ခဲ့လေဘူး။ သူ့ရဲ့သူမတူအောင် အမျှော်အမြင်နဲ့ ဉာဏ်ပညာကြီးမားတဲ့ စီးပွားရေးလုပ်ငန်းကြီးပေါင်း မြောက်မြားစွာနဲ့ အင်မတန်ချမ်းသာတဲ့ "သူဌေးကြီး" တစ်ယောက်ဖြစ်နေပြီ။

သမီးလေး "ထွေး" ကို ဦးဦးက အရင်လက လူတစ်ယောက်မှာ ထားရှိသင့်တဲ့ "စိတ်သဘောထား" ခံယူချက်တွေအကြောင်း ပြောပြနေခဲ့တာ မဟုတ်လား။ မိမိလုပ်ချင်တာ၊ မလုပ်ချင်တာ ဘာဆိုဘာမှ ထည့်မတွက်ဘဲ မိမိလုပ်ကို လုပ်ရတော့မယ့် အလုပ်တစ်ခုကို ရောက်ရာနေရာမှာ မိမိရဲ့အကောင်းဆုံးစိတ်ထား၊ အကောင်းဆုံး အရည်အသွေးနဲ့ မဆုတ်မနစ် ဇွဲရှိရှိ ပြောင်မြောက်အောင် လုပ်မယ်ဆိုတဲ့ စိတ်သဘောထားဟာ လူတစ်ယောက်ရဲ့ "အောင်မြင်ခြင်းနိမိတ်ပုံ"၊ "ထူးခြားတဲ့ အမှတ်အသား" ဖြစ်သွားတယ် ဆိုတဲ့အကြောင်းလေး ပြောပြခဲ့တယ်။

မြတ်စွာဘုရားရဲ့တရားတော်တွေကို လူငယ်လေးတွေ ရင်းနှီးချစ်ခင်ပြီး လိုက်နာကျင့်သုံးနိုင်အောင်၊ ချစ်ခင်မြတ်နိုးလာအောင် တရားဟော တရားပြ တရားစာတွေရေးနေတဲ့ နိုင်ငံကျော် ဆရာတော် "အရှင်ဆန္ဒာဓိက" ရဲ့အတုယူစရာ စိတ်ထားကလေးကိုတောင် ဥပမာပေးခဲ့သေးတယ်။ နောက်တစ်ယောက် ဦးဦးရဲ့စိတ်ထဲ နှလုံးထဲစွဲထင်ပြီး ချီးကျူးဂုဏ်ယူရမယ့် သူငယ်ချင်းတစ်ယောက်အကြောင်းကို သမီးလေးကိုပြောပြဖို့ ကြံရွယ်ထားခဲ့တာ အခုတော့ တကယ့်ကို တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ ဒီသူငယ်ချင်းတော့ လမ်းလျှောက်ရင်း ခလုတ်တိုက်မိဦးတော့မှာပဲ။ သူ့အကြောင်းတွေကို ကြိုက်မုန်း မကြိုက်မုန်းမသိဘဲ တစ်နိုင်ငံ

လုံးသိအောင် ဦးဦးက ပြောပြတော့မှာမို့ပါ။ အခု ဆရာကန်တော့ပွဲမှာ သူ့ကိုပြန်ဆုံတွေ့ရတယ်။

"မန္တလေးဆေးတက္ကသိုလ်" ကို ၁၉၈၀မှာ ဒုတိယနှစ် အမ်ဘီကျောင်းသားတစ်ယောက်အဖြစ် "ဗထူးဆောင်" ကို မယောင်မလည် ရောက်လာခဲ့တော့အခန်းဖော်က သူငယ်ချင်း "ကျော်ဝင်း" ပဲဖြစ်တယ်။ ထုံးစံအတိုင်း တစ်ရပ်တစ်ကျေးက သူငယ်ချင်းတွေ ဆုံတွေ့ကြတာဆိုတော့ တစ်ယောက်ကိုတစ်ယောက်မိတ်ဆက်ကြ၊ စကားတွေပြောကြနဲ့ တစ်စတစ်စ ရင်းနှီးလာခဲ့ကြတယ်။ အဲဒီကျတော့မှ သူ့ရဲ့အကြောင်း တစေ့တစောင်း သိလာခဲ့ရတယ်။ ဆေးတက္ကသိုလ်ကိုရောက်လာကြတဲ့ ကျောင်းသားနှစ်ဦး တစ်ခန်းတည်းမှာ အတူဆုံစည်းခဲ့၊ တစ်ယောက်နဲ့တစ်ယောက် တကယ့်ကို ပြဒါးတစ်လမ်း သံတစ်လမ်း။ ရည်ရွယ်ရာပန်းတိုင်ချင်းက လုံးဝကို ကွဲပြားခြားနားလို့နေတယ်။ ဦးဦးက ဘာကြောင့် ဆေးတက္ကသိုလ်လာတက်လဲဆိုတာ သိပ်ကိုရှင်းလင်းတယ်။ ဆရာဝန်လုပ်ဖို့၊ ဆရာဝန်ပညာနဲ့ အသက်မွေးဖို့၊ ငယ်စဉ်ကတည်းက အားကျဖြစ်ချင်ခဲ့တဲ့ ခွဲစိတ်ဆရာဝန်ကြီးတစ်ယောက် လုပ်ဖို့...သူငယ်ချင်း ဆေးကျောင်းကို ရောက်လာတာကလည်း သိပ်ရှင်းတယ်။ အမှတ်တွေအများကြီးရပြီး အထူးချွန်ဆုံး ကျောင်းသားတွေအတွက်တော့ အမြင့်မားဆုံးနဲ့ ဂုဏ်သိက္ခာအရှိဆုံး တက္ကသိုလ်ဟာ "ဆေးတက္ကသိုလ်" ဖြစ်လို့ပဲတဲ့။ အဲဒီတုန်းက (လွန်ခဲ့တဲ့ နှစ်၃၀တုန်းက) မြန်မာပြည်ရဲ့အတော်ဆုံး အမှတ်အများဆုံး ကျောင်းသားတွေဟာ "ဆေးတက္ကသိုလ်" ကိုပဲရွေးချယ်လေ့ရှိကြတာကိုး။ အမှတ်အများဆုံး ရတဲ့သူတွေ အင်ဂျင်နီယာတက္ကသိုလ် တက်ကြတယ်ဆိုရင် ငါလည်း အင်ဂျင်နီယာတက္ကသိုလ် တက်မှာပဲတဲ့။ ဒါ သူ့ရဲ့သဘောထား။ သူ ဘာဖြစ်ချင်တာလဲ၊ ဆရာဝန် ဖြစ်ချင်တာလားဆိုတော့မဟုတ်ရေးချ မဟုတ်...သူဖြစ်ချင်တာက သူဌေးကြီးတစ်ယောက်။ အင်မတန်ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးတစ်ယောက်အဖြစ်ကို မျှော်မှန်းခဲ့တာ...

ဆေးကျောင်းကိုက ဒီလိုပဲ တခြားရွေးစရာမရှိလို့ ရောက်လာတာဖြစ်တယ်။ ဒီကိစ္စကို ဘာကြောင့် ဦးဦးကရေးကြီးခွင့်ကျယ် ပြောနေရသလဲ...သမီးကသိချင်မယ်။ တခြားသူတွေ ဒီလိုပဲ ဆေးကျောင်းကို ရောက်လာတယ်။ ဆရာ

ဝန်လုပ်မှာမဟုတ်ဘူး။ ဘွဲ့လေးတစ်ခု ရရုံသက်သက်ပဲ။ သူတို့ရဲ့ရည်မှန်းချက်၊ ဝါသနာက တခြားနေရာဆိုရင် ဆေးကျောင်းမှာ ပင်ပန်းကြီးစွာ စာကြိုးစားတာ မတွေ့ရတတ်ဘူး။ စာမေးပွဲ အောင်ရုံလောက်ပဲ။ ဒီလိုပဲ သက်သက်သာသာနဲ့ အသာလေး မျှောလိုက်သွားရုံနဲ့ သူတို့ရဲ့အရည်အချင်းနဲ့ ဆရာဝန်ဘွဲ့ကတော့ လွယ်လွယ်ရသွားတတ်တာပါပဲ။

ဒီကောင်ကြီးကတော့ ထူးကိုထူးခြားလှတဲ့သူ...ဆရာဝန်အလုပ်ကို လုပ်မှာလည်းမဟုတ်၊ ဆရာဝန်ပညာကို မြတ်နိုးခြင်းလည်းမရှိ၊ သူဌေးကြီးဖြစ် အောင် စီးပွားရေးလုပ်မယ့်သူ ...ဒီကောင် စာကြိုးစားချက်၊ စာတွေ လေ့လာ ချက်က ကမ်းကုန်တယ်။ ဦးဦးတို့လို ဆရာဝန်လုပ်မယ်၊ ဆရာဝန်ပညာတွေကို မြတ်နိုးတန်ဖိုးထားတယ်ဆိုတဲ့ ကျောင်းသားတွေအားလုံးထက် ဒီကောင်ကြီး က စာတွေကို အရှုံအမူး အသည်းအသန်ဖတ်တယ်။ စာကြည့်တိုက်က စာအုပ် တွေ ငှားပြီးဖတ်တယ်။ ရိုးရိုးပြဋ္ဌာန်းစာတင်မက တခြား "Reference" စာအုပ် တွေမျိုးစုံကို လိုက်ဖတ်တယ်။ ဥပမာ - "Anatomy" ဆိုတဲ့ ခန္ဓာဗေဒပညာကို ဦးဦးတို့အားလုံးက ဒုတိယနှစ်မှာသင်တဲ့ စာအုပ်ကိုပဲ ဖတ်တဲ့အချိန်မှာ ဒီငနဲက နောက်ဆုံးနှစ်အပိုင်း(ခ)မှာ ပြဋ္ဌာန်းတဲ့ "Surgical Anatomy" ခွဲစိတ်ပညာနဲ့ ပတ်သက်တဲ့ ခန္ဓာဗေဒစာအုပ်ကြီးတွေ ဖတ်တယ်။ သူ့စားပွဲပေါ်မှာ စာအုပ်ပုံကြီး တွေချည်းပဲ။ တစ်ခန်းတည်း အတူနေတဲ့ သူငယ်ချင်းအချင်းချင်းမို့ သူ ဘယ်လို စာတွေကျက်တယ်ဆိုတာ အသိဆုံး...မသိချင်လည်း မျက်မြင်ဖြစ်နေတာကိုး။

သူ့ရဲ့ထူးခြားချက်က ချမ်းလည်းမချမ်းတတ်ဘူး။ ဘယ်လောက်အေး အေး အခန်းထဲမှာနေရင် အင်္ကျီဝတ်လေ့ မရှိဘူး။ အင်္ကျီချွတ်နဲ့ ပုဆိုးလေးဝတ် ပြီး စာကြည့်စားပွဲမှာ စာကြည့်နေတာကိုပဲ တွေ့ရတယ်။ နည်းနည်းညဉ့်နက်ရင် ဦးဦးတို့ ခြင်ထောင်ချပြီး အိပ်ရာဝင်ပြီ။ ဦးဦးတို့ တခေါခေါနဲ့ အိပ်မောကျနေချိန် ဒီငနဲက စာကျက်နေတယ်။ တစ်ရေးနိုး ရှူရှူးထပေါက်ရင် ဒီကောင်စာကျက်နေ တုန်း။ သူ့ခုတင်မှာ ခြင်ထောင်ချပြီး အိပ်မောကျနေတာဆိုလို့ တစ်ခါမှကောင်း ကောင်းမတွေ့ရ။ တစ်ခါတလေ သူ သိပ်ပင်ပန်းညောင်းညာရင် ခုတင်ပေါ် ခဏ တက်ပြီး အသာလှဲ၊ မှိန်းမယ်။ စောင်လည်းမခြုံ၊ ခြင်ထောင်လည်း မချ။ အေးရင်

ခြင်ကိုက်ရင် လန့်နိုးလာမယ်။ အဲဒီအခါ စာထကျက်။ ကိုင်း ... ဘယ်လောက် အံ့ဩစရာ ထူးဆန်းတဲ့ငနဲလဲ။

အတန်းထဲမှာ သူထက်တော်တဲ့သူဆိုလို့ စာကြမ်းပိုး တရုတ်ကြီးတစ်ယောက်ပဲရှိတယ်။ ဒီကောင် "ကျော်ဝင်း" စာမေးပွဲဖြေတော့ အမှတ်တွေအများကြီးရလို့ ဂုဏ်ထူးဝင်ဖြေရတယ်။ ဆေးကျောင်းမှာ ဂုဏ်ထူးကို ဒီအတိုင်းပေးတာမဟုတ်ဘူး။ "Grand Viva" လို့ခေါ်တဲ့ ဆေးကျောင်း၃ကျောင်းလုံးက ပါမောက္ခအားလုံး ဝိုင်းသမပြီး မေးချင်ရာမေးတဲ့ အထူးနှုတ်ဖြေဖြေပြီး အားလုံးသဘောကျမှ ပေးတာ။ ဒီကောင်ကြီး အဲဒီ "Grand Viva" ကိုရောက်မယ်၊ ပြီးရင် အဲဒီမှာ ပါမောက္ခတွေနဲ့ အငြင်းအခုံ လျှောက်လုပ်မယ်။ သူဖတ်ထားတဲ့ တခြားအတန်းက စာကြီးပေကြီးတွေ လျှောက်ပြောမယ်။ ဒါနဲ့ပဲ သူ့ကိုအမြင်ကတ်ပြီး ဂုဏ်ထူး မပေးဘူး။ ဒါပေမဲ့ ဒီကောင် စာသိပ်တော်တာ သူငယ်ချင်းတိုင်းက သိကြတယ်။

ဒီလိုနဲ့ပဲ ဆေးကျောင်းတစ်ကျောင်းလုံး အထူးချွန်ဆုံး ကျောင်းသားတစ်ယောက်အဖြစ်နဲ့ ဆရာဝန်ဘွဲ့ကို ရရှိခဲ့တယ်။ သူ ရည်မှန်းချက်ထားခဲ့တဲ့အတိုင်း ဆရာဝန်မလုပ်ဘူး။ စီးပွားရေးကိုပဲ ဇောက်ချပြီးလုပ်တယ်။ ဆေးကျောင်းပြီးကတည်းက ဆေးစာတွေ လုံးဝမဖတ်တော့ဘဲ စီးပွားရေးလုပ်ငန်းတွေကို သူလုပ်လိုက်တာ ဘယ်သူနဲ့မှမတူတဲ့ အတွေးအခေါ် အယူအဆတွေ၊ စိတ်ကူးစိတ်သန်းတွေနဲ့ စီးပွားရေးလုပ်ငန်းကြီးတွေ မြောက်မြားစွာကို အောင်အောင်မြင်မြင်ကြီးလုပ်နေတဲ့ တကယ့်သူဌေးကြီး ဖြစ်နေပြီ။ အခု ဆရာကန်တော့ပွဲကို အလှူငွေအများဆုံးထည့်တဲ့၊ ပြီးတော့ ဟိုးအမေရိကားရောက်နေတဲ့ "မာမီလေး" ကို စရိတ်ခံပြီးတော့ မရမက အတင်းခေါ်ခဲ့ပေးတဲ့သူအဖြစ် ဂုဏ်ယူစရာကောင်းတဲ့၊ ကျေးဇူးတင်ဖို့ကောင်းတဲ့၊ သူငယ်ချင်းတွေအားလုံးက သတ်မှတ်ရတဲ့သူတစ်ယောက် ဖြစ်ခဲ့တယ်။

ကိုင်း...ဦးဦးပြောချင်တဲ့ ရည်ရွယ်ချက်ကို သိပြီလား။ ဘာကိုဆိုလိုသလဲ ဆိုတာကိုရော မှန်းဆနိုင်ပြီလား။ ဒီသူငယ်ချင်းကိုကြည့်စမ်း...ဆရာဝန်လုပ်ဖို့မဟုတ်ဘဲ ဆေးကျောင်းကိုတက်တယ်။ သူဟာ အထူးချွန်ဆုံး အကောင်းဆုံးဆိုတဲ့ ဂုဏ်ပုဒ်နဲ့အညီ အမြဲ သူ့ကိုယ်သူ အကောင်းဆုံး ကြိုးစားနေခဲ့တယ်။

ဝါသနာပါပါ မပါပါ၊ လုပ်လုပ် မလုပ်လုပ်၊ ဆေးပညာမှာလည်း အထူးချွန်ဆုံးဖြစ်အောင် ကြိုးစားတယ်။ သူ့ကိုယ်သူ အမြဲတမ်း ထက်မြက်သွက်လက်နေအောင် အမြဲတမ်းသွေးနေတဲ့ ဓားတစ်လက်လိုပါပဲ။ ဒီလိုမျိုး အကောင်းဆုံး အတော်ဆုံး အရည်အသွေးတွေကို မိမိဝါသနာမပါတဲ့ ဆေးပညာမှာတောင် ပြသနိုင်တာဆိုတော့ သူ တကယ်ဝါသနာပါတဲ့၊ သူမြတ်နိုးတဲ့၊ သူ့ရဲ့ရည်ရွယ်ချက်ဖြစ်တဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီး တစ်ယောက်ဖြစ်အောင် ကြိုးစားတဲ့နေရာမှာလည်း ဘယ်လောက် ထူးချွန်ထက်မြက်လိုက်သလဲဆိုတာ တွေးကြည့်ရုံနဲ့တင် သိနိုင်တယ် သမီးရေ။

အဲဒါကြောင့် "ပတ္တမြားမှန်ရင် ဘယ်တော့မှ နွံမနစ်ဘူး"။ ဘယ်နေရာရောက်ရောက် ပတ္တမြားဟာ ပတ္တမြားပဲဖြစ်တယ်။ ကျောက်အဖြုန်းတွေနဲ့ တခြားစီပဲဆိုတာ အမြဲသက်သေပြနေတယ်။ အမြဲတမ်းသွေးနေတဲ့ဓား၊ အမြဲသုံးနေတဲ့ဓားဟာ ဘယ်တော့မှ သံချေးမတက်ဘူး…အမြဲထက်မြက်နေတယ်။ ဒီဥပမာတွေကို ကြည့်ပါဦး သမီး…သမီးလည်း ဘယ်နေရာရောက်ရောက်၊ ဘာပဲလုပ်လုပ် မိမိရဲ့အကောင်းဆုံး အရည်အသွေး၊ အကောင်းဆုံးစိတ်ထား၊ အကောင်းဆုံး လုံ့လဝီရိယကို ပြမယ်ဆိုတဲ့ စိတ်ထားမျိုးမွေးရမယ်။

ဘယ်သားကောင်ကိုပဲ လိုက်လိုက် "ကေသရာဇာ ခြသေ့်မင်းတို့မည်သည်" တူညီသော ဖွဲ့သတ္တိ၊ လုံ့လဝီရိယကို အမြဲပြလေ့ရှိတယ်ဆိုတဲ့ ဆိုရိုးလေးအတိုင်း သမီးလေး "ထွေး" လည်း အဲဒီ ကေသရာဇာ ခြသေ့်မင်းတို့ထုံး နှလုံးမူပြီး အကောင်းဆုံး အရည်အသွေး ခွန်အားစိုက်ထုတ်မှုကို ပြနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်…

«« ¤ »»

# ၁၁

# ပယောင်းလား
# သံပကတိလား



# ပင်ယောင်းလား...သံမဏိလား

**မန္တလေးဆေးက သမီးလေး 'ထွေး'...**

"မန္တလေးဆေးတက္ကသိုလ်"ကနေ မဝေးလှတဲ့ အချိန်ကလေးအတွင်းမှာ "MBBS" ဆိုတဲ့ တောင်ပံလေးကိုတပ်ဆင်လို့ ပျံသန်းထွက်ခွာရတော့မယ် နော်...ဆရာဝန်မကြီးတစ်ယောက် ဖြစ်လာတော့မယ်၊ ရောဂါဝေဒနာ ခံစားနေကြရတဲ့ သနားစရာ လူနာတွေကို သမီးတတ်မြောက်တဲ့ ဆေးပညာနဲ့ ကူညီနိုင်တော့မယ်။ လူ့အသက်တွေကို ကယ်တင်နိုင်တော့မယ်။ တွေးကြည့်လိုက်ရင် ဘယ်လောက်တောင် တန်ဖိုးရှိလိုက်တဲ့ ပျော်စရာ ဂုဏ်ယူစရာ ကောင်းလိုက်တဲ့ဘဝလဲ။

သမီးလေး အခု ပင်ပင်ပန်းပန်း ကြိုးစားပမ်းစား ခေါင်းတွေပူအောင် ဦးနှောက်တွေ အရည်ပျော်လုမတတ် ကျက်မှတ်လေ့လာနေရတဲ့ "ဆေးပညာ" တွေက သာမန်စာမေးပွဲအောင်ရုံ၊ ဆရာဝန် ဘွဲ့ဒီဂရီကလေး အိမ်မှာချိတ်ထားရုံ မဟုတ်ပေဘူး။ အခုကျက်နေတဲ့ စာလေးတစ်ပုဒ်ဟာ ဆရာဝန်ဖြစ်လာတဲ့အခါ လူနာတွေရဲ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်မယ့်အဖြစ်ကို သမီးသိရင် ပင်ပန်းရကျိုးနပ်ပြီ။ အခု အိပ်ရေးတွေ အပျက်ခံပြီး သူများတက္ကသိုလ်ကျောင်းသားတွေနဲ့ လားလားမှမတူဘဲ စာအုပ်ပုံကြီးတွေကြားမှာ ခါးချည့်အောင် တကုပ်ကုပ်နဲ့ စာတွေကျက်ရတာကို ဝင့်ကြွားပါလို့လုပ်ရတာ...ဆေးကျောင်းသားဖြစ်ရတာ ကံဆိုးလေခြင်းရယ်လို့ စိတ်တိုအလိုမကျ၊ မိမိဘဝကိုမိမိ မကျေမနပ်ဖြစ်နေမလား။ ဒါမှမဟုတ် ဒီနေ့ ငါကျက်လိုက်တဲ့ စာလေးတစ်ပုဒ်ဟာ နောင် ဆရာဝန်ဖြစ်တဲ့အခါ လူနာပေါင်းများစွာရဲ့အသက်တွေကို ကယ်တင်နိုင်မယ့် ဆေးပဲ

လို့ မိမိဖတ်နေတဲ့ စာလေးတစ်ပုဒ်ရဲ့တန်ဖိုးကို မြှင့်တင်ဂုဏ်ယူမလား…သမီး ကြိုက်သလို ရွေးချယ်နိုင်ပါတယ်။

ဦးဦးတို့တွေ ဆရာဝန်ဘဝနဲ့ နှစ်ပေါင်းများစွာ လှုပ်ရှားလာရတဲ့အခါ ကျ မိမိရဲ့ဆေးပညာနဲ့ လူနာပေါင်းများစွာရဲ့အသက်တွေကို ကယ်တင်နိုင်ခွင့်ကို ဂုဏ်ယူစဖွယ် ကြည်နူးစဖွယ် ရရှိပိုင်ဆိုင်လာကြတယ်။ အဲသလို ကယ်တင်ခွင့် ကူညီနိုင်ခွင့်ရလို့ အသက်ချမ်းသာ ဝေဒနာတွေ ပျောက်ကင်းသွားကြတဲ့ လူနာ တွေနဲ့ ကြုံရဆုံရတဲ့အခါ ခံစားရတဲ့ ကြည်နူးပီတိ အပျော်အပြုံးတွေဟာ ဟိုးငယ် ငယ် ဆေးကျောင်းသား ဘဝတစ်လျှောက်လုံးမှာ တကုပ်ကုပ်နဲ့ ကြိုးစားပမ်းစား ဆေးပညာကို လေ့လာဆည်းပူးခဲ့ခြင်းရဲ့ရလဒ်ပေပဲလို့ မြင်လာခဲ့ရတယ်။ ဒီလို ခံစားချက်တွေကို မကြာခင် ဒီလမ်းပေါ်ကို တက်လျှောက်ရမှာဖြစ်တဲ့ သမီးလေး "ထွေး" ကို သိစေချင်တယ်။ ဒါမှသာ အခု ငါတို့ ပင်ပင်ပန်းပန်း စာတွေကြိုးစား နေရတဲ့အဖြစ်ကို ပျော်ပျော်ရွှင်ရွှင် စိတ်အားထက်ထက်သန်သန်နဲ့ လုပ်နိုင်မှာ ပါလို့ ဦးဦးထင်မိတာ။

ဘာကြောင့်လဲဆိုတော့ လူဆိုတာ ကိုယ်လုပ်ရတဲ့ အလုပ်အပေါ်မှာ ဘယ်လိုစိတ်ထား သဘောထားနဲ့ လုပ်နေလဲဆိုတာ သိပ်ကိုအရေးပါလို့ပဲဖြစ် တယ်။ နောက်ပြီး ဒီထက်ပိုအရေးကြီးတာက မိမိရဲ့တန်ဖိုးကို မိမိသိရှိနားလည် ဖို့၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ဖို့၊ တခြားလူတွေက မိမိကို ဘယ်လိုပဲတန်ဖိုးဖြတ် ဖြတ်၊ တန်ဖိုးချချ ဒီလောက်အရေးမကြီးဘူး။ ကိုယ့်တန်ဖိုးကို ကိုယ်ချလိုက်ပြီဆို ရင်တော့ ပွဲပြီးသွားပြီ၊ အရေးလည်း သိပ်ကြီးသွားပြီ။ သမီးရဲ့အနာဂတ်မှာ သမီး ဘာတွေဖြစ်လာမယ်ဆိုတာကို အဓိက အဆုံးအဖြတ်ပေးမယ့်သူဟာ ဘယ်သူ လဲ၊ အခု ချက်ချင်းထပြီး မှန်ထဲကိုကြည့်လိုက်…အဲဒီသူဟာ မှန်ထဲမှာ မြင်နေရ တဲ့သူပဲဖြစ်တယ်။ ဒီအသိဟာ သိပ်ကိုအရေးကြီးတယ် သမီးရေ…ဦးဦးဟာ ဒီ အသိတရားကို ကိုယ့်ဘဝရဲ့ခါးသီးတဲ့အတွေ့အကြုံ ခံစားချက်တွေကနေ ရရှိခဲ့ တာပါ။

ဒီနေ့ စာသင်ခန်းလေးထဲမှာ ကျောင်းသားလေးတစ်ယောက်ရဲ့စာကို ဖတ်ပြပြီး ဆွေးနွေးပွဲလေးတစ်ခု လုပ်ဖြစ်တယ်။ သူ့စာလေးထဲမှာ သူ့ခံစားချက်

ကလေးတွေကို ရင်ဖွင့်ထားခဲ့တယ်။ သူက ဆေးတက္ကသိုလ်ကို ဝါသနာမပါဘဲ မိဘတွေ အတင်းတက်ခိုင်းလို့ ရောက်လာခဲ့တာဖြစ်တယ်။ ဆေးကျောင်းတက်ရတာကိုလည်း မပျော်ဘူး…စိတ်ညစ်သတဲ့။ သူမပျော်တဲ့ စိတ်မဝင်စားတဲ့ ဆေးပညာဘာသာရပ်တွေကို တန်ဖိုးလည်းမထားဘူး။ စာမေးပွဲတွေမှာဆိုရင်လည်း နောက်ဆက်တွဲစာမေးပွဲ "Supplementary" တွေနဲ့ချည်း ဘိတ်ချေးက အောင်ခဲ့တာဖြစ်သတဲ့။ ဒါပေမဲ့ အခု နောက်ဆုံးနှစ် ဆေးကျောင်းသားဘဝကို ရောက်လာတော့ သူ့ရဲ့စိတ်ထားတွေ၊ အတွေးအခေါ်တွေ ပြောင်းလဲလာခဲ့သတဲ့။ ဦးဦးရဲ့ "ဆရာဝန်စစ်စစ် ဖြစ်ချင်တယ် နှင့် ဆေးလောကဇာတ်ခုံပေါ်က အတွေ့အကြုံများ" ဆိုတဲ့ စာအုပ်ကလေးကို သူငယ်ချင်းတစ်ယောက်ဆီက ဖတ်လိုက်ရတဲ့ အချိန်ဟာ သူ့ဘဝရဲ့တစ်ဆစ်ချိုး ပြောင်းလဲတဲ့အချိန်။ အဲဒီမှာပဲ တိုက်တိုက်ဆိုင်ဆိုင် ဦးဦးနဲ့ စာသင်ခန်းထဲမှာ ဆုံတွေ့ခဲ့တယ်။ ဦးဦးရဲ့စာအုပ်လေးတွေကိုဖတ်ပြီး သူလေးစားချစ်ခင်တဲ့ "စာရေးဆရာ" ကို သူတို့ရဲ့ဆရာအဖြစ် အတန်းထဲမှာ ကြုံဆုံလိုက်ရတော့ သူ သိပ်ကိုပျော်ရွှင်သတဲ့။ ပြီးတော့ ဦးဦးရဲ့ဘဝကို အားကျမိသတဲ့…လူနာတွေကို ဆေးကုပေးနေတဲ့ ဦးဦးလို အထူးကုဆရာဝန်ကြီးတစ်ယောက်၊ ပြီးတော့ ကျောင်းသားလေးတွေကို စာသင်ပေးနေတဲ့ ကျောင်းဆရာကြီးတစ်ယောက် ဖြစ်ချင်တဲ့စိတ်တွေ တဖွားဖွားပေါ်လာသတဲ့။

အဲဒီမှာပဲ သူဟာ ဦးဦးဆီ စာလေးတစ်စောင် ရေးလိုက်တာဖြစ်တယ်။ သူအားကျဖြစ်ချင်နေတဲ့ အထူးကုဆရာဝန်ကြီးတစ်ယောက် ဖြစ်မှုဖြစ်နိုင်ပါ့မလား။ သူ့ရဲ့အတိတ်ဘဝက သူ မကြိုးစားခဲ့တာ၊ ပေတေလေလွင့်ပြီး ဆေးပညာကို စိတ်မဝင်စားခဲ့တာ၊ ဆေးကျောင်းသား ဘဝတစ်လျှောက်လုံး မထူးချွန်ခဲ့တဲ့ သာမန်အောက်အဆင့်ကပဲ နောက်ဆက်တွဲ စာမေးပွဲတွေနဲ့ လိမ်ဖယ်လိမ်ဖယ် အတန်းတွေတက်ခဲ့တာတွေက သူ့ကို အရိပ်မည်းကြီးလို ခြောက်လှန့်နေသတဲ့။ ဒါကြောင့် အခု နောက်ဆုံးနှစ်ကျမှ အမြင်မှန်ရပြီး စာတွေကြိုးစားရင်ရော အချိန်မီသေးရဲ့လား။ အနာဂတ်မှာ သူအားကျစိတ်ကူးယဉ်ပြီး ဖြစ်ချင်လှတဲ့ အထူးကုဆရာဝန်ကြီးတစ်ယောက် ဖြစ်ဖို့ဆိုတာ မဖြစ်နိုင်ဘူးထင်တယ်ဆိုပြီး စိတ်အားငယ်မိတဲ့အကြောင်း၊ စာတွေ ကျက်တော့မယ်ဆိုရင်တောင် ပြီးခဲ့တဲ့အတိတ်ကို

နောင်တရ။ ဒီလိုအတွေးလေးတွေက သူ့ကို နှိပ်စက်နေတာကို သူ ဘယ်လိုရင်ဆိုင်ဖြေရှင်းရမလဲဆိုပြီး ဦးဦးဆီ စာရေးလို့ မေးမြန်းထားခဲ့တာဖြစ်တယ်။ ဒီလိုစိတ်ဓာတ်ကျနေတဲ့အချိန်မှာပဲ ဆရာတစ်ယောက်က သူ့ကို စာမေးတာကို သူက ကောင်းကောင်းမဖြေနိုင်တာမို့ "အသုံးမကျဘူး...ဒီလိုပုံစံမျိုးနဲ့ ဘယ်တော့မှ စာမေးပွဲအောင်မယ့်ကောင်လည်း မဟုတ်ဘူး။ မင်းဟာ ဒီလိုသာဆိုရင်တော့ လူ့အသက်ကို ကယ်ဖို့နေနေသာသာ လူသတ်မယ့်ဆရာဝန်ပဲ ဖြစ်လာမှာ" လို့ ကြိမ်းမောင်းဆူပူတာကို ခံလိုက်ရတဲ့အခါ သူဟာ သူ့ကိုယ်သူ အကြီးအကျယ်အားငယ်ဝမ်းနည်းသွားခဲ့တယ်။ ဒီဆရာကြီး ပြောတဲ့အတိုင်းဆိုရင်တော့ အထူးကုဆရာဝန်ကြီးမပြောနဲ့၊ လူ့အသက်ကိုတောင် မကယ်နိုင်တဲ့ ခပ်တုံးတုံး ခပ်နုံနုံဆရာဝန်ပဲ ဖြစ်တော့မှာဆိုပြီး အားအင်တွေကုန်ဆုံးလို့ ကြိုးစားချင်တဲ့စိတ်တွေလည်း ပျောက်ကွယ်လွင့်ပါးခဲ့ရသတဲ့။

ကိုင်း...သမီးလေး "ထွေး" ကကော ဘယ်လို ထင်မြင်ယူဆမိသလဲ။ ဒီကျောင်းသားလေးရဲ့အနာဂတ်ဟာ ဘယ်လိုဖြစ်လာမလဲ။ ဦးဦးကတော့ သူ့ကို ဦးဦး ငယ်ဘဝနဲ့နှိုင်းယှဉ်ပြီး ကိုယ်ချင်းစာမိတယ်။ တကယ်တမ်း လူတစ်ယောက်ရဲ့အနာဂတ် ဘယ်လိုဖြစ်လာမယ်ဆိုတာဟာ ဒီလူ သူ့ကိုယ်သူ ဘယ်လိုတန်ဖိုးဖြတ်ပြီး ခံယူတယ်ဆိုတဲ့အချက်က အဓိကအကျဆုံးဖြစ်တယ်။ လူတစ်ယောက်ဟာ သူ့ကိုယ်သူ ဘာလဲဆိုပြီး သတ်မှတ်လိုက်တဲ့ သတ်မှတ်ချက်အတိုင်း သေချာပေါက်ဖြစ်လာမှာပဲ။

ဦးဦးရဲ့အဖြစ်ကိုပဲကြည့်လေ...ဦးဦး ပြောခဲ့တဲ့အတိုင်း တကယ့်ကိုဖြစ်ခဲ့တာ။ ဘဝဆိုတာ တစ်သမတ်တည်း အမြဲ ဒီအတိုင်းရှိနေတာ မဟုတ်...အနိမ့်အမြင့် အတက်အကျတွေနဲ့။ ဖြစ်ခဲ့ ပျက်ခဲ့၊ မြင့်ခဲ့ နိမ့်ခဲ့၊ အရာအားလုံးဟာ နောက်ဆုံးကျတော့ "မိမိ" ကသာ "အဓရာ" ဆိုတာပါပဲ။

ဆယ်တန်းကျောင်းသားဘဝကို ပြန်မြင်ယောင်မိတယ်...အဲဒီတုန်းက မြို့နယ်အထက်မှာ ၉တန်းအောင်တော့ အတန်းထဲမှာ ဦးဦးက ဒုတိယ။ ဆယ်တန်းနှစ်လည်းရောက်ရော ဦးဦးရဲ့စိတ်တွေ ပြောင်းလဲလာတယ်။ စာအုပ်စာပေတွေဖတ်ရင်း ဆယ်တန်းစာမေးပွဲမှာ မြန်မာတစ်ပြည်လုံး ထူးထူးချွန်ချွန်အောင်

မြင်ပြီး ဆေးကျောင်းရောက်၊ နာမည်ကြီး ဆရာဝန်ကြီးတွေဖြစ်သွားတဲ့ အားကျစဖွယ် လမ်းပြကြယ်တွေကို မြင်ရတယ်။ ပြီးတော့ ဒီစာမေးပွဲကိုဖြေရာမှာ မိမိရဲ့ ကျောင်းကသူငယ်ချင်းတွေနဲ့ ယှဉ်ပြိုင်ရမှာမဟုတ်ဘဲ တစ်နိုင်ငံလုံးက ကျောင်းသားတွေနဲ့ ယှဉ်ပြိုင်ရမှာဖြစ်တယ်။ အထူးသဖြင့် အဲဒီတုန်းက တစ်ပြည်လုံးမှာ နာမည်ကျော်တဲ့ ကျောင်းကြီးတွေရှိတယ်။ ရန်ကုန်မှာ ဒဂုံ (၁)၊ ပဲခူးက အမှတ် (၃) ကျောင်း။ အဲဒီကျောင်းတွေက အထူးချွန်ဆုံးကျောင်းသားတွေ ပေါ်ထွက်ခဲ့တာ။ ဒါကြောင့် ဦးဦးရဲ့စိတ်ထဲမှာ ဘယ်လို ကြုံးဝါးလိုက်သလဲဆိုတော့ စာကျက်တော့မယ်ဆိုတိုင်း ငါဟာ ဒီစာမေးပွဲမှာ ရန်ကုန်က ဒဂုံ (၁) ကျောင်းသားတွေ၊ ပဲခူး အမှတ် (၃) ကျောင်းက ကျောင်းသားတွေနဲ့ ပြိုင်မှာဖြစ်တယ်။ အခုအချိန်ဆိုရင် ဒီကောင်တွေ စာကိုဖင်ထောင်အောင် ကြိုးစားနေမှာ သေချာတယ်။ သူတို့တွေနဲ့ပြိုင်မယ့် ငါဟာ ပေါ့တီးပေါ့ဆ လုပ်လို့မရဘူး။ အမှတ်တွေ အများကြီးရအောင် စာတွေကို သေချာကျက်ရမယ်ဆိုပြီး ရည်မှန်းချက်ကို မြင့်မြင့်ထားလို့ အားသွန်ခွန်စိုက် ကြိုးစားခဲ့တယ်။

ကြည့်စမ်း…ဆယ်တန်းအောင်တော့ မယုံကြည်နိုင်လောက်အောင် အောင်မြင်မှုတွေ ရခဲ့တယ်။ ဦးဦးရဲ့အမှတ်က ဦးဦးတို့ကျောင်းရဲ့ သမိုင်းကြောင်းမှာ မရဖူးသေးတဲ့ စံချိန်တင်အမှတ်ဖြစ်တယ်။ ဦးဦးရဲ့အမှတ်ဟာ နာမည်ကြီးလှပါတယ်ဆိုတဲ့ ပဲခူးအမှတ် (၃) ကျောင်းရဲ့ အမြင့်မားဆုံး အမှတ်ထက်တောင် ပိုတယ်။ ဇတန်းနှစ်တုန်းက ဦးဦးထက် အမှတ်ပိုများပြီး ပထမရခဲ့တဲ့ ကျောင်းသူရဲ့ အမှတ်ဟာ ဦးဦးထက် အပြတ်အသတ်ကြီးကို နည်းခဲ့တယ်။

ဒီအဖြစ်ကိုကြည့်စမ်း…ဦးဦးဟာ ကိုယ့်ရဲ့တန်ဖိုးကိုမြှင့်၊ ရည်ရွယ်ချက်ကိုမြှင့်တင်ပြီး ကြိုးစားခဲ့လို့ ဒီလိုမျိုး မထင်မှတ်တဲ့ အောင်မြင်မှုတွေကို ရခဲ့တာဖြစ်တယ်။ ဒါပေမဲ့ ဆက်ကြည့်ပါဦး…ဦးဦး တော်ခဲ့တာရှိသလို ချော်ခဲ့တာတွေလည်း အများကြီး၊ အောင်မြင်တာရှိသလို ရှုံးနိမ့်ခဲ့တာတွေလည်း များမှများ။

"မန္တလေးဆေးတက္ကသိုလ်" ကို အဆင့် (၃) နဲ့ ရောက်တယ်။ ဖြစ်ချင်တော့ အဲဒီအချိန်က ဦးဦးဟာ စာရူးပေရူးထတဲ့အချိန်၊ ဆေးကျောင်းမတက်ခင် အားနေတဲ့အချိန်တွေမှာ ဂန္ထဝင်ဝတ္ထုကြီးတွေကို မရမက လိုက်လံစုဆောင်းပြီး

အသေအလဲ ဖတ်ခဲ့တယ်။ မိမိတက်ရမယ့် ဆေးကျောင်းအတွက် ဘာဆိုဘာမှ မပြင်ဆင်ခဲ့ဘူး။ ကျောင်းလည်း "စ" ဖွင့်ရော ပေထိဆိုတာနဲ့ ကွဲတော့တာပါပဲ။ "Top 10" အဖွဲ့ထဲမှာ ကားရားကားရားနဲ့ စာတွေသင်တာကို ရုတ်တရက်မလိုက်နိုင်ဘူး။ ဘေးကလူတွေကိုကြည့်တော့ ကျောင်းမဖွင့်ခင်ကတည်းက ဒီကျောင်းက စာတွေကို ကြိုပြီးတော့များ သင်ထားတာလား အောက်မေ့ရတယ်။ ပထမဆုံးဖြေတဲ့ လပတ်စာမေးပွဲမှာ စာမေးပွဲဖြေနည်းကိုလည်း ကောင်းကောင်းနားမလည်ဘဲ အားပါးတရ ဖြေပစ်လိုက်တာ ဟက်တက်ကွဲတော့တာပါပဲ။ "MCQ" ခေါ်တဲ့ အမှားအမှန်ရွေးရတဲ့ စာမေးပွဲမှာ "Minus System" လို့ခေါ်တဲ့ မှန်ရင် တစ်မှတ်ရပြီး မှားရင် တစ်မှတ်အလျှော့ခံရတဲ့နည်းကို နားမလည် ပါးမလည်နဲ့ မေးခွန်းအားလုံးကို သေချာမသိဘဲ အကုန်ဖြေပစ်လိုက်တယ်။ တကယ်တမ်းကျတော့ ဒီစာမေးပွဲမျိုးမှာက ပိုင်မှဖြေရတယ်။ မပိုင်ဘဲနဲ့ဖြေလိုက်လို့ မှားသွားတယ်ဆိုရင် မှန်ထားတဲ့ အမှတ်တစ်မှတ်ကိုပါ အလျှော့ခံရပြီး ဒုက္ခရောက်နိုင်တယ်။ ဦးဦး အဲဒီပထမဆုံးစာမေးပွဲမှာ ရလိုက်တဲ့ရမှတ်က အမှတ်၁၀၀ပေးတဲ့ထဲမှာ ၈မှတ်တဲ့။ ကိုယ့်ရဲ့ "Roll No" က (၃)၊ "Top 10" ရဲ့ထိပ်ဆုံးနား၊ စာမေးပွဲအမှတ်စာရင်းကပ်တော့ ရှက်လိုက်တာ။ မျက်နှာဘယ်နားသွားထားရမှန်း မသိ လောက်အောင် သူများတွေက အမှတ်၈၀ကျော် ၉၀ရတဲ့အချိန်မှာ ဦးဦးအမှတ်က ၈မှတ်...အတန်းထဲမှာ ကိုယ့်ထက် ၈မှတ်ထက်နည်းတဲ့သူတောင် ရှိရဲ့လား မသိဘူး။ ရှက်လွန်းလို့ ဆက်မကြည့်ရဲတော့ဘူး။

အဲဒီစာမေးပွဲမှာ ကျသွားတာ အမှတ်ကလေးတစ်ခုတည်း မဟုတ်ဘူးသမီး။ တကယ် ထိခိုက်နစ်နာ ဆုံးရှုံးသွားခဲ့တာက ဘဝတစ်ခုလုံးနဲ့တောင် ရင်းရတော့မလို့။ အဲဒါကတော့ စိတ်ဓာတ်ကျဆင်းသွားခြင်း (သို့မဟုတ်) မိမိကိုယ်ကိုယုံကြည်မှု ပျောက်ဆုံးသွားခြင်း (သို့မဟုတ်) မိမိရဲ့တန်ဖိုးကို မိမိချပစ်လိုက်ခြင်းပါပဲ။

ငါဟာ အလကားပဲ...ငါ အရည်အချင်းမရှိဘူး။ ငါညံ့တယ်...တော်ပြီ ဒီနေ့ကစပြီး ဘယ်သူနဲ့မှလည်း မပြိုင်တော့ဘူး။ စာမေးပွဲတွေမှာလည်း အောင်ရင်တော်ပါပြီ...ဂုဏ်ထူးဆိုတာလည်း လုံးဝရနိုင်တဲ့ မျှော်လင့်ချက်မှမရှိတော့

တာ။ ဆေးကျောင်းမှာ ဂုဏ်ထူးရဖို့က အပတ်စဉ် လစဉ် စာမေးပွဲတွေမှာလည်း အမှတ်ကောင်းမှ ရတာကိုး။ အဲဒီလို သတ်မှတ်လိုက်တာနဲ့ ကိစ္စပြတ်သွားတော့ တာပါပဲ သမီး။ ငါဟာ အလကားပဲလို့ သတ်မှတ်လိုက်ရုံနဲ့ အလကားလူဖြစ်သွား တာ။ ဒါကြောင့်ပြောတာ မိမိကိုယ်ကို တကယ်တမ်း အဆုံးအဖြတ်ပေးသွားတာ ဟာ မှန်ထဲမှာ မြင်ရတဲ့သူပါလို့။

ဒုတိယအမ်ဘီကစပြီး တတိယအမ်ဘီ နှစ်တန်းစလုံး ဘာဆိုဘာမှ မထူးခြားတဲ့ သာမန်ကျောင်းသားပဲ ဖြစ်သွားတယ်။ ဖြစ်မှာပေါ့...ကိုယ့်ကိုယ် ကိုယ် အဲဒီလိုပဲ သတ်မှတ်လိုက်တာကိုး။ ကံကောင်းထောက်မစွာနဲ့ နောက်ဆုံး နှစ် အပိုင်း (က) မှာတော့ မိမိရဲ့ဝါသနာ၊ ပါရမီနဲ့ အရည်အသွေးက ပြန်ပြီးပေါ်လာ တယ်။ ဦးဦးက ကာကွယ်လူမှုဆေးပညာကို စိတ်ဝင်စားတယ်။ ပန်းချီ၊ ကာတွန်း၊ ဒီဇိုင်းလေးတွေ ဝါသနာပါတယ်။ စာရေးရတာ ပျော်တယ်။ အဲဒီနှစ်မှာ ဆားလင်း ကြီးမြို့နယ်ကို ပြည်သူ့ဘဝ လက်တွေ့လေ့လာရေး ကွင်းဆင်းရတယ်။ ပြန်လာ တော့ စာတမ်းတစ်ခု ပြုစုရတယ်။ ဦးဦးတို့အဖွဲ့ရဲ့စာတမ်းကို ဦးဦးတစ်ယောက် မိမိရဲ့အရည်အချင်းတွေအားလုံး သေချာသုံးကာ အကောင်းဆုံးကြိုးစားပြီး ရေး ခဲ့တယ်။ ဘယ်သူနဲ့မှမတူတဲ့ ကာတွန်းပုံတွေ၊ ပန်းချီ ဒီဇိုင်းလေးတွေနဲ့ အပျံစား အမိုက်စားလုပ်ခဲ့တဲ့ ဦးဦးရဲ့စာတမ်းက အားလုံးထဲမှာ ထူးခြားဆန်းပြား အရောင် အသွေး စုံလင်လှပလွန်းနေတယ်။ ဆရာတွေက ဦးဦးကို သတိပြုမိသွားတယ်။

အဲဒီဘာသာရပ်မှာ ဦးဦး ဂုဏ်ထူးနဲ့ အောင်မြင်ခဲ့တယ်။ အဲဒီဂုဏ်ထူး နဲ့အတူ တန်ဖိုးဖြတ်လို့ မရနိုင်လောက်အောင် ဦးဦး ပြန်ပြီးရလိုက်တာကတော့ ပျောက်ဆုံးသွားတဲ့ ယုံကြည်မှုတွေ ပြန်ရလာခြင်းပဲဖြစ်တယ်။ ငါဟာ အလကား မဟုတ်ဘူး။ ငါဟာ အရည်အချင်းရှိသူဖြစ်တယ်။ ဘယ်သူနဲ့မဆို ပြိုင်မယ်ဆိုရင် ပြိုင်နိုင်တဲ့သူဖြစ်တယ်။ ငါဟာ တန်ဖိုးရှိတဲ့သူ၊ အဲဒီတစ်ချိန်တည်းမှာပဲ ဦးဦးဆီ စာရေးတဲ့ ကျောင်းသားကလေးလိုပဲ ဦးဦးရဲ့ဆရာတွေကို အားကျပြီး အထူးကု ဆရာဝန်ကြီးတစ်ယောက်ဖြစ်လာဖို့ ရည်မှန်းမိတယ်။

ဆေးကျောင်းသားဘဝရဲ့ နောက်ဆုံးအဆုံးအဖြတ် "Final Part II" စာမေးပွဲကြီးမှာ အမြင့်မားဆုံး စိတ်ဓာတ်၊ အကြိုးစားဆုံး ကျောင်းသားတစ်ဦး

အဖြစ် သက်သေပြနိုင်ခဲ့တယ်။ ဘာသာတိုင်းမှာ "Grade 4" ဂုဏ်ထူးမှတ်နီးပါး တွေရခဲ့တယ်။ အဲဒီက ဆက်ပြီးတော့လည်း ရောက်ရာနေရာမှာ အကောင်းဆုံး ဖြစ်အောင် ကြိုးစားတယ်။ ငါ့မှာ ဘယ်သူနဲ့မှမတူတဲ့ ထူးခြားတဲ့ အရည်အချင်း တွေရှိတယ်။ ဒါကြောင့် ငါ့နည်းငါ့ဟန်နဲ့ ငါကိုယ်တိုင် အရည်အသွေးကို ပြမယ် ဆိုပြီး ဆက်၍ဆက်၍ ကြိုးစားခဲ့ရင်းကနေ အခုလို အခြေအနေကို ရောက်လာခဲ့ တာဖြစ်တယ် သမီးရေ။

အမြဲတမ်းကြီး အောင်မြင်နေတာ မဟုတ်ဘူး။ မအောင်မြင်ဘဲ ကျရှုံး တဲ့အခါတွေလည်း ရှိခဲ့တာပါပဲ။ ဒါပေမဲ့ ဘယ်လိုအခက်အခဲ အဆုံးအရှုံးတွေနဲ့ ပြဿနာတွေနဲ့ပဲကြုံကြုံ ငါဟာ အခက်အခဲတွေကို ကျော်လွှားနိုင်တဲ့ ဖွဲ့လုံ့လ ဝီရိယနဲ့ အရည်အချင်းရှိတယ်။ ဒါကြောင့် စိတ်ဓာတ်မကျဘဲ ထပ်ကာထပ်ကာ ကြိုးစားမယ်ဆိုပြီး ပြန်ကြိုးစားခဲ့တယ်။ ဖွဲ့ကို မလျှော့ခဲ့ဘူး။ အဲဒါကြောင့်လည်း နောက်ဆုံးကျတော့ မိမိဖြစ်ချင်တဲ့ အထူးကုဆရာဝန်ကြီးတစ်ယောက် ဖြစ်လာ ခဲ့တာဖြစ်တယ်။

ဒါတင်ဘယ်ကဦးမှာလဲ ... မိမိရဲ့စိတ်ဟာ မိမိကို ဆုံးဖြတ်ပေးတယ်၊ သူများကဆုံးဖြတ်တာဟာ အမှန်တကယ် အရေးမပါဘူး ဆိုတဲ့အချက်ကိုလည်း စာရေးဆရာဖြစ်လာဖို့ လျှောက်ခဲ့ရတဲ့လမ်းမှာ မျက်ဝါးထင်ထင် တွေ့ခဲ့ရတယ်၊

ဦးဦးက ငယ်ငယ်ကတည်းက စာရူးပေရူး ... အနာဂတ် ငါကြီးလာတဲ့ အခါကျရင် စာရေးဆရာကြီးတစ်ယောက် ဖြစ်လာရမယ်လို့ အမြဲတစေ စိတ်ကူး ယဉ်အိပ်မက် မက်ခဲ့သူဖြစ်တယ်။ ဆေးကျောင်းသား ဘဝတစ်လျှောက်လုံးမှာ တော့ စာမရေးခဲ့ပါဘူး။ ကျောင်းစာတွေထဲမှာပဲ နစ်မြုပ်အလုပ်ရှုပ်နေပါတယ်၊ အလုပ်သင်ဆရာဝန် ဘဝလည်းရောက်ရော စာတွေ အကြီးအကျယ် ရေးတော့ တာပါပဲ။ ဝတ္ထုတွေရေးပြီး ရန်ကုန်က မဂ္ဂဇင်းတိုက်တွေကို ပို့ ... ကံဆိုးချင်တော့ ပို့သမျှစာတွေ မှန်သမျှ တစ်ပုဒ်မှကို အရွေးမခံရဘူး။ အားလုံး အပယ်ခံရတယ်၊ တစ်ပုဒ်တလေ အပယ်ခံရတုန်းက မသိသာဘူး။ အားလုံးအပယ်ခံရတော့ ကိုယ့် ကိုယ်ကိုယ် မယုံကြည်တော့ဘူး။

ပင်ကိုဓာတ်ခံ အငုံ့စိတ်ကလေးက အညှောက်ထောင်လာပြန်ရော။

"ငါ အလကားပဲ...ငါ့မှာ အရည်အချင်းမရှိဘူး၊ ငါ ရေးနေလည်း အပိုပါပဲ" ဆိုပြီး ကိုယ့်ကိုယ်ကိုယ် တန်ဖိုးချ နှိမ့်ချလိုက်မိတော့တယ်။ အဲဒီနေ့ကစပြီး ကလောင် အဖုံးကို ပိတ်...ဂျိတ်။ ဘာစာဆိုစာမှ မရေးဖြစ်တော့တာ နှစ်ပေါင်း ၂၀လောက် ရှိတယ် သမီးရေ။ တခြားသူတွေ တန်ဖိုးချတာ တန်ဖိုးဖြတ်တာ အဓိကမဟုတ်။ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးချပစ်လိုက်တဲ့အခါမှာ အဲဒီအတိုင်း တကယ်ဖြစ်သွား တော့တာပါပဲ။

"ငါ အလကားပဲ" ဆိုပြီး ချပစ်လိုက်တဲ့တန်ဖိုးဟာ နှစ်ပေါင်း ၂၀အကြာ စာသင်ခန်းထဲ ကျောင်းဆရာဘဝနဲ့ ပုံပြင်လေးတစ်ပုဒ်ပြော...အဲဒီပုံပြင်လေး ကို ကျောင်းသားကလေးတစ်ယောက်က စာရေးပေးပါလို့ တောင်းဆိုရာကနေ မထင်မှတ်ဘဲ စာရေးဆရာဘဝကို ပြန်ရောက်လာခဲ့တာဖြစ်တယ်။ နှစ်ပေါင်း ၂၀ လောက် နောက်ကျပြီးမှ မိမိဖြစ်ချင်တဲ့ စာရေးဆရာဘဝကို ရောက်ခဲ့ရတဲ့အဖြစ် ဆိုးကြီးကို ပြန်ပြောင်းသုံးသပ်ကြည့်လိုက်တော့ တရားခံဟာ မိမိကိုယ်ကို မိမိ တန်ဖိုးချပစ်လိုက်ခြင်း၊ နှိမ့်ချပစ်လိုက်ခြင်းပဲဖြစ်တယ်လို့ ဦးဦးက အမှန်အတိုင်း ရှင်းရှင်းကြီး တွေ့လိုက်ရတယ်။

ဘဝမှာ မိမိကို တန်ဖိုးချပစ်တဲ့သူတွေ၊ နှိမ့်ချတဲ့သူတွေနဲ့ မလွဲမသွေ ရင်ဆိုင်ကြုံတွေ့ရမှာပဲဖြစ်တယ်။ အဲဒီလို တန်ဖိုးချတဲ့သူတွေဟာ များသောအား ဖြင့် မိမိက အင်မတန် ချစ်ခင်လေးစား အားကိုးတဲ့သူတွေ ဖြစ်တတ်တယ်။ သူ တို့တွေပြောတဲ့စကားကို မိမိကလည်း အလေးထားပြီး လေးလေးနက်နက် ခံယူ ကျင့်သုံးကြတာတွေကလည်း ပိုပြီးအထိနာစေတယ်။ အဲဒီလူတွေက မိမိရဲ့မိဘ တွေ၊ ဆရာသမားတွေ၊ ဌာနအကြီးအကဲတွေ၊ ဆရာတစ်ဆူလို မိမိက ကိုးကွယ် ဆည်းကပ်သူတွေ ဖြစ်နေတတ်တယ်။

သူတို့ပြောတဲ့ မှတ်ချက်စကားတွေ၊ သူတို့ရဲ့ နှိမ့်ချတဲ့စကားတွေဟာ ပြောတဲ့သူက မေ့နိုင်ပေမယ့် အပြောခံရတဲ့သူကတော့ ဒီတစ်သက် မေ့နိုင်မှာမ ဟုတ်လောက်အောင် ထိချက်က သိပ်ပြင်းထန်တာပေါ့ သမီးရာ။ မိဘတွေက သားသမီးကို ပြောမိတာတွေ ရှိမယ်။ သူတို့ကတော့ အဲသလို တကယ်ရည်ရွယ် ပြီးပြောတာ ဟုတ်ချင်မှဟုတ်မှာပါ။ စေတနာနဲ့ ပြောတယ်လို့လည်း ဆင်ခြေပေး

ကြမှာပဲ။ မိမိရဲ့သားသမီးကို "မင်းဟာလေ အသုံးကိုမကျဘူး။ ဟိုဘက်အိမ်က ကောင်လေးရဲ့ ခြေးကိုစားဖို့တောင် ကောင်းတယ်။ တစ်သက်လုံး ကြီးပွားမယ့် ကောင်လည်း မဟုတ်ဘူး။ ဘယ်တော့မှ လူမွေးလူတောင် ပြောင်မှာမဟုတ်ဘူး" စသဖြင့် နေ့စဉ်နေ့တိုင်း မိမိ စိတ်တိုင်းမကျတိုင်း ဆူပူကြိမ်းမောင်းပြီး ဒီစကားတွေကို ဂါထာတစ်ပုဒ်လို ရွတ်ဆိုရေရွတ်နေခဲ့ရင် ချွန်ထက်တဲ့ မြားတံတွေလိုပဲ စကားလုံးချွန်မြမြတွေဟာ ကလေးရဲ့နုနယ်သေးတဲ့ အသည်းနှလုံးထဲကို ထွင်းဖောက်ဝင်ရောက်သွားကြတော့မယ်။ ဒီလိုမျိုးထိရာက ကိုယ့်ကိုယ်ကိုယ် အသုံးမကျဘူး၊ အလကားကောင်ပဲလို့ နေ့စဉ်ပြောနေတာကို ကြားဖန်များတဲ့အခါကျ ဒီကလေးရဲ့စိတ်ဓာတ်ဟာ နန့်နဲ့သွားပြီ။ သြော် ... ငါဟာ အလကားကောင်ပါလား၊ အသုံးမကျတဲ့ကောင်ပါလားလို့ တကယ့်ကို စွဲစွဲမြဲမြဲ မှတ်ယူလက်ခံသွားတတ်တယ်။

ဆရာတွေကလည်း ဒီလိုမျိုးစကားတွေနဲ့ တပည့်တွေကို နှိမ့်ချတတ်ကြတယ်။ ကမ္ဘာကျော် ဆရာဝန် စာရေးဆရာကြီး "အေဂျေကရိုနင်" ရဲ့ဘဝမှာ မေ့မရနိုင်တဲ့ စကားကလေးတစ်ခွန်း ရှိခဲ့သတဲ့ ... အလုပ်သင်ဆရာဝန်ဘဝမှာ သူဟာ ကမ္ဘာကျော် သူအင်မတန် လေးစားကြည်ညိုတဲ့ ခွဲစိတ်ဆရာဝန်ကြီးတစ်ယောက်ရဲ့လက်အောက်မှာ အလုပ်လုပ်ခဲ့ရတယ်။ ဆရာဝန်ဘဝအစနဲ့ သူအလုပ်လုပ်တာ ခွဲတာစိတ်တာတွေက မသပ်မရပ် တုန်ချည့်တုန်ချည့်ဖြစ်နေတာကိုကြည့်ပြီး အားပေးရမယ့်အစား အဲဒီဆရာကြီးက ... "မင်းဟာ ဒီတစ်သက် ဘယ်တော့မှ ခွဲစိတ်ဆရာဝန်ဖြစ်မယ့်ကောင် မဟုတ်ဘူး။ မင်း တစ်သက်လုံး ခွဲစိတ်ဓားမကိုင်ရင် ကောင်းမယ်" လို့ မညှာမတာ ရက်ရက်စက်စက် နှိမ့်ချပြီးပြောခဲ့သတဲ့။ ဆရာဝန်လေး "ကရိုနင်" ဟာ အဲဒီစကားကို အသည်းနှလုံးထဲမှာ စွဲစွဲမြဲမြဲ ထိခိုက်ခံစားခဲ့ရပြီး စိတ်ဓာတ်အကြီးအကျယ် ကျဆင်းခဲ့ရတယ်။ သူ ဆရာဝန်ဖြစ်ပြီး ကျောက်မီးသွေးတွင်းမှာ တစ်ယောက်တည်း တာဝန်ကျတော့ ခွဲစိတ်ဓားကိုကိုင်ဖို့ သေမလောက်ကြောက်ရွံ့သတဲ့။ တစ်နေ့ သူမှမခွဲစိတ်ရင် အသက်အန္တရာယ်နဲ့ ကြုံတွေ့ရတော့မှာဖြစ်တဲ့ လူနာတစ်ယောက်ကို မဖြစ်မနေခွဲစိတ်ဖို့ ရှောင်လွှဲလို့မရတဲ့ အဖြစ်မျိုးနဲ့ ကြုံခဲ့ရတယ်။ ခွဲစိတ်ဓားကို တုန်တုန်ယင်ယင်နဲ့

ကိုင်ဆောင်ရင်း ဆရာဝန်ကလေး "ကရိုနင်" ဟာ သူ့ဆရာကြီးပြောခဲ့တဲ့ စကားတွေကိုပဲ နားထဲမှာ ပဲ့တင်ထပ်အောင် ကြားနေရသတဲ့။ သူဟာ အဲဒီစကားတွေကို ကြိုးစားပမ်းစား မေ့ပျောက်ဖို့ကြိုးစားပြီး ခွဲစိတ်ဓားနဲ့ လူနာကို စတင်ခွဲစိတ်သတဲ့။ လူနာရဲ့အသားနဲ့ ဓားထိတဲ့အချိန်ကစပြီး သူ့ရဲ့စိတ်တွေဟာ ဒီခွဲစိတ်မှုထဲမှာပဲ နစ်မျောဝင်စားသွားလိုက်တာ နောက်ဆုံး အဲဒီခွဲစိတ်မှုကြီး အောင်အောင်မြင်မြင်နဲ့ ပြီးဆုံးသွားတဲ့အခါကျတော့မှ တအံ့တသြနဲ့ မိမိလက်ကိုမိမိ မယုံနိုင်လောက်အောင် ဖြစ်ခဲ့သတဲ့။ ကြည့်စမ်း...ဟိုဆရာကြီးပြောတာ ဘယ်မှာဟုတ်လို့လဲ။ သူ ကောင်းကောင်း ခွဲစိတ်လိုက်နိုင်တယ်ဆိုတာ ရောဂါပျောက်ကင်းပြီး အသက်ချမ်းသာရာရသွားခဲ့တဲ့ လူနာက သက်သေထူနေပြီလေ။

ဒါတင်ဘယ်ကပါဦးမလဲ...ဦးဦးရဲ့ကိုယ်တွေ့အတွေ့အကြုံလေးကိုပဲ ကြည့်လေ...အလုပ်သင်ဆရာဝန်ဘဝမှာ ကြိုးစားပမ်းစား ရေးပြီးပို့ခဲ့သမျှ ဝတ္ထုလေးတွေအားလုံးကို အယ်ဒီတာတွေက မရွေးဘဲ ပယ်ချခဲ့တယ်။ အယ်ဒီတာတွေက ဒီလောက်ပယ်ခဲ့တဲ့အတွက် ငါ့ဝတ္ထုကလေးတွေဟာ အရည်အချင်းမမီဘူး . . . အလကားပဲ။ ငါဟာလည်း စာရေးဆရာဖြစ်နိုင်တဲ့ အဆင့်မရှိပါဘူးလို့ ကိုယ့်ဘာသာ ကောက်ချက်ချပြီး ကလောင်တံကို လွှတ်ချ၊ စာရေးခြင်းကို ရပ်လိုက်ခဲ့မိတာ ဘယ်လောက်တောင် မှားသလဲဆိုတာ နောင်းမှသိခဲ့ရတဲ့ အဖြစ်ဆိုးမျိုး ကြုံခဲ့ရတယ်။ ဘာကြောင့်လဲဆိုတော့ ဦးဦး တကယ်တမ်း စာရေးဆရာဖြစ်ပြီး မဂ္ဂဇင်းတွေထဲ  ကိုယ်ရေးသမျှစာတွေ၊ ထည့်သမျှ ပါနေတဲ့အချိန်ကျတော့ ဟိုးငယ်ငယ်တုန်းကရေးခဲ့ပြီး အပယ်ခံခဲ့ရလို့ သေတ္တာထဲသိမ်းထားခဲ့တဲ့ ဝတ္ထုလေးတွေကို မဂ္ဂဇင်းတိုက်တွေကို ပေးခဲ့တယ်။ အဲဒီဝတ္ထုတွေ မဂ္ဂဇင်းတွေထဲမှာပါလာတော့ စာဖတ်ပရိသတ်က ကြိုက်လွန်းလို့ အဲဒီလိုဝတ္ထုမျိုးလေးတွေ ထပ်ရေးပေးဖို့ တောင်းဆိုကြတယ်။ အဲဒီလိုဝတ္ထုလေးတွေစုပြီး စာအုပ်ထုတ်ရင် စာပေဆုရမှာ သေချာပေါက်ဆိုပြီး အားပေးတဲ့စာလေးတွေတောင် ရောက်လာတဲ့အခါ ဦးဦးဖြင့် အံ့သြကြီးစွာ ဖြစ်မိတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း၂၀ကျော်ကရေးခဲ့တဲ့ အယ်ဒီတာတို့ရဲ့ အပယ်ခံရတဲ့ စာလေးတွေဟာ အခုရေးတဲ့စာတွေထက်တောင် ပိုပြီးအသက်ဝင်နေသလို ခံစားရတယ်။ ကိုင်း ဘယ့်နယ်ရှိစ သမီးရေ...

အယ်ဒီတာတွေ မကြိုက်တိုင်း၊ မရွေးတိုင်း၊ အပယ်ခံရတိုင်း ဒီစာဟာ မကောင်းဘူးလို့ သတ်မှတ်လို့မရဘူး။ ကိုယ့်ကိုယ်ကိုယ် အယ်ဒီတာတွေပယ်တိုင်း အဆင့်မမီပါဘူးလို့ မိမိကိုယ်တိုင် သတ်မှတ်လိုက်မိတဲ့အဖြစ်က စာရေးဆရာဘဝကို နှစ်ပေါင်း ၂၀လောက် နောက်ကျမှရောက်ရတဲ့ အဖြစ်ဆိုးမျိုးတွေကို ဖန်တီးပေးခဲ့တယ်လို့ ပြောနိုင်တာပေါ့။

ဒါကြောင့် ဦးဦးရဲ့တပည့်လေးတွေကိုလည်း ဦးဦးရဲ့ငယ်ဘဝ အမှတ်တရကြုံခဲ့ရတဲ့ အကြောင်းလေးတွေကို ဥပမာပေးပြောပြပြီး စိတ်အားမငယ်ဖို့၊ မိမိကိုယ်ကို တန်ဖိုးနိမ့်ချမပစ်လိုက်ဖို့ အားပေးစကားတွေပြောရတယ်။ တခြားဘယ်သူက ဘယ်လိုပဲထင်ထင်၊ ဘယ်လိုပဲ တန်ဖိုးဖြတ်ဖြတ် အရေးမကြီးဘူး။ ကိုယ့်ကိုယ်ကိုယ်တော့ တန်ဖိုးမချပစ်လိုက်ပါနဲ့၊ ဘာအကြောင်းကြောင့်မှ စိတ်ဓာတ်မကျစေနဲ့။ လူတစ်ယောက်ရဲ့ဘဝ အဆိုးအကောင်းကို စိတ်က ဦးဆောင်တာဖြစ်တယ်။ စိတ်ဓာတ် ကျဆင်းမသွားသရွေ့ ဘယ်လိုအခက်အခဲမျိုးကြုံကြုံ မတုန်လှုပ်ဘဲ အောင်မြင်အောင် ကျော်လွှားနိုင်တယ်။ စိတ်ဓာတ်အင်အား ကြီးမားတဲ့သူဟာ ဘယ်လိုလောကဓံကိုမဆို ခံနိုင်ရည်ရှိတယ်။

ပြင်းထန်တဲ့ မီးအပူရှိန်ဟာ ဖယောင်းတွေကို အရည်ပျော်စေပေမယ့် သံမဏိတွေကိုတော့ ပိုလို့မာကျော တောက်ပြောင်လာစေတယ် ဆိုတဲ့စကား ကြားဖူးတယ်ဟုတ်။ သမီးက ဖယောင်းလား ... သံမဏိလား။

«« ¤ »»

# ၁၂

# လှပခြင်းများ
# ကိုယ်ချင်းစာတရား

# လှပနှလုံးသား ကိုယ်ချင်းစာ တရား



# လှပနှလုံးသား ကိုယ်ချင်းစာတရား

မန္တလေးဆေးက သမီးလေး 'ထွေး' ...

သမီးရေးလိုက်တဲ့ စာလေးကို ဦးဦးဖတ်ရတယ်။ သမီးရဲ့ခံစားချက်က လေးတွေ အမေးစကားလေးတွေကို ဖတ်ရတော့ ဦးဦးငယ်စဉ်က ခံစားခဲ့ရတာ တွေနဲ့ တူလိုက်လေခြင်းရယ်လို့ အမှတ်ထင်ထင် ဖြစ်မိတယ်။ သမီးပြောခဲ့တာ က ဒီလိုလေ ...

"ဦးဦးရေ ... ဒီနေ့ ဆေးရုံ "Medical Ward" ထဲမှာ ဆရာက နှလုံး ရောဂါအကြောင်း လူနာအမေကြီးတစ်ယောက်နဲ့ စာတွေသင်တယ်။ အဲဒီနှလုံး ရောဂါရှိရင် လူနာမှာရှိနေတဲ့ နှလုံးခုန်သံတွေထဲက အသံပို "Murmur" တွေက ဆရာဝန်တိုင်း သိရတတ်ရမယ့် အသံတွေဖြစ်တယ်လို့ပြောတယ်။ ဆရာလည်း စာသင်လို့ပြီးရော ကျောင်းသူ ကျောင်းသားတွေက လူနာနားမှာ ဝိုင်းအုံတိုးပြီး တော့ လူနာအမေကြီးရဲ့ ရင်ဘတ်ပေါ် နားကြပ်ထောက်လို့ အလုအယက် တစ် ယောက်ပြီးတစ်ယောက် နားထောင်ကြတော့တာပေါ့...ဆရာကလည်း အမေ ကြီးကို မကြာခင်မှာ ဆရာဝန်တွေဖြစ်လာမယ့် ဆေးကျောင်းသားလေးတွေကို ပညာဒါနပြုတဲ့အနေနဲ့ ကူညီပေးပါလို့ လူနာကိုခွင့်တောင်းခဲ့တယ်။ လူနာအမေ ကြီးခမျာလည်း နှလုံးရောဂါကြောင့် မောဟိုက်နေတဲ့ကြားက ကျောင်းသားတွေ ကို နားထောင်ခွင့်ပြုခဲ့တယ်။ ပထမတော့ သမီးလည်း တန်းစီတိုးပြီးနားထောင်ဖို့ ကြိုးစားခဲ့သေးတယ်။ ဒီလို တကယ့်လူနာစစ်စစ်ဆီက "Murmur" နှလုံးခုန်သံ တွေကို နားထောင်ခွင့်ရတဲ့ အခွင့်အရေးဆိုတာကလည်း ရှားတာကိုး။ ဒါပေမဲ့ သမီးလည်း တိုးရင်းဝှေ့ရင်း တန်းစီရင်း လူနာအမေကြီး ခံစားနေရတဲ့ ဝေဒနာ

တွေကိုကြည့်ပြီး စိတ်ထဲမှာ အဲဒီအမေကြီးသာ ငါ့အမေဆိုရင် ဒီလိုမျိုး ကျောင်းသားတွေ ဝိုင်းအုံလုယက်ပြီးတော့ စမ်းသပ်နေတာကို ငါ့စိတ်ထဲ ဘယ့်နှယ်နေမလဲ၊ အမေကကော ဘယ်လိုခံစားရမလဲ၊ ပြီးတော့ ငါသာ လူနာဆိုရင်ရော ကြည်ကြည်ဖြူဖြူနဲ့ အစမ်းသပ်ခံချင်ပါ့မလားဆိုတဲ့ ကိုယ်ချင်းစာနာတဲ့ အတွေးလေးတွေဝင်ခဲ့တယ်။ အဲဒါနဲ့ပဲ ငါနားမထောင်ရရင်လည်း နေပါစေတော့...ငါ့ကြောင့် အမေကြီး ပိုမောမသွားစေချင်ဘူး ဆိုတဲ့အတွေးနဲ့ အသာလေး ပြန်ထွက်လာခဲ့တယ်။ ဦးဦးရေ...အဲဒီနလုံးခုန်သံတွေကို သမီး နားမထောင်လိုက်ရဘူး။ ဒီလို သနားတတ် ကိုယ်ချင်းစာတတ်လွန်းနေတော့ ပညာကို လုယက်ပြီး အပြိုင်အဆိုင်ရှာနေကြရတဲ့ ဆေးကျောင်းသားတွေထဲ သမီး နောက်ကျကျန်ရစ်တော့မလား။ ထူးချွန်ထက်မြက်တဲ့ ဆရာဝန်ကောင်းတစ်ယောက်မှ ဖြစ်ပါ့မလား။ သမီး စိတ်ထဲ သမီးလုပ်ခဲ့တာဟာ မှန်သလား မှားသလား ဝေခွဲမရဖြစ်နေတာမို့ ဦးဦး ဖြေရှင်းပေးပါဦးနော်" တဲ့။

သမီးရဲ့စာလုံးလေးတွေကိုမြင်တော့ ဦးဦးတစ်ယောက် ဦးဦးရဲ့ငယ်ဘဝလေးကို မြင်ယောင်လွမ်းမိတယ်။ မန္တလေးဆေးရုံကြီးမှာ ဆေးတက္ကသိုလ်ကျောင်းသားကလေးတစ်ယောက် လွန်ခဲ့တဲ့ ၂၇နှစ်လောက်တုန်းက ကြုံခဲ့တဲ့ အဖြစ်ကလေးဟာ အခု သမီးကြုံရတဲ့အတိုင်း တစ်ထပ်တည်းပါပဲ။ နလုံးရောဂါကြီးပြီး မောဟိုက်နေတဲ့ လူနာအမေကြီးတစ်ယောက်ကို တခြားကျောင်းသားတွေ လုယက်တိုးဝှေ့ပြီး စမ်းသပ်နေချိန်မှာ ဦးဦးတစ်ယောက် အသာလေး လစ်ထွက်လာခဲ့တယ်။ တော်ပါသေးရဲ့...ဆေးရုံအဝမှာ ဦးဦးရဲ့ဆရာနဲ့ ရင်ဆိုင်တိုးတော့ သူက "မင်း...လူနာကို စမ်းသပ်ပြီးပြီလား" လို့ မေးတယ်။ ဦးဦးကလည်း အမှန်အတိုင်း မစမ်းခဲ့ရကြောင်း၊ ဒီလိုကြီး လူနာမောနေချိန်မှာ လုယက်ပြီးတော့ မစမ်းချင်တဲ့အကြောင်း၊ လူနာကို သနားတဲ့အကြောင်း ပြောပြခဲ့တယ်။ ဆရာက ဒီလိုပြောခဲ့တယ်လေ...

"ဆေးပညာတွေ ကျွမ်းကျွမ်းကျင်ကျင် တတ်ချင်ရင် ဖြတ်လမ်းနည်း မရှိဘူး။ ဆေးစာအုပ်တွေကိုလည်း အများကြီးဖတ်ရုံမက လူနာတွေကိုလည်း အများကြီး စမ်းသပ်လေ့လာကြရမယ်။ လူနာတွေကို များများစမ်းသပ်မှ စာတွေ

သာမက လက်တွေ့မှာပါ ထူးချွန်လာမှာ။ အခုကိစ္စမှာ မင်း...လူနာကိုသနားလို့ လုယက်ပြီး မစမ်းသပ်ချင်တဲ့ စိတ်ဓာတ်လေးကို ဆရာချီးကျူးပါတယ်။ ဒါပေမဲ့ သနားလို့ဆိုပြီး မင်း ဘယ်လူနာကိုမှ မစမ်းသပ်ဘူးဆိုရင်တော့ မင်း လူနာတွေကို ကယ်ရာမရောက်တော့ဘူး။ ဘာကြောင့်လဲဆိုရင်တော့ လူနာကို လက်တွေ့ မစမ်းသပ်ဘဲ ဆေးပညာကို မင်း တကယ်ကျွမ်းကျွမ်းကျင်ကျင် မတတ်မြောက်နိုင်ဘူး။ တကယ်မတတ်ဘဲ ဆေးကုရင် လူနာတွေရဲ့အသက်ကို တကယ် ကယ်နိုင်ပါတော့မလား။ ဒီတော့ ဒီလိုလူတွေ အများကြီးကြားမှာ လုယက်ပြီးမစမ်းချင်ရင် ညနေခင်းတွေ ညဘက်တွေ ဆေးရုံကိုလာခဲ့...အဲဒီအချိန်ဆိုရင် ဘယ်ဆေးကျောင်းသားမှ မရှိဘူး။ ဆရာတွေ လူနာတွေဆီမှာ ခွင့်တောင်းပြီး ညင်ညင်သာသာ လေးလေးစားစား မေးမြန်းစမ်းသပ်မယ်၊ ပြီးတော့ ကျေးဇူးတင်စကားပြောမယ်ဆိုရင် လူနာတွေကလည်း ကျေကျေနပ်နပ်ကြီး အစမ်းခံမှာပါ။ မင်းလည်း ဆေးပညာကို ပိုပြီးတတ်လာမယ်။ ဆေးပညာသင်ကြားတယ် ဆိုတာကလည်း မိုးရွာတုန်း ရေခံရသလိုပါပဲ။ မိုးကတော့ ရွာပေးနေသလို ဆရာတွေက သင်ပေးနေတာပဲ။ အဲဒီမိုးပေါ်က ကျလာတဲ့ရေကို မင်းက ဘယ်လိုခွက်နဲ့ လိုက်ခံသလဲ ပေါ်မူတည်ပြီး အနည်းအများ ကွာခြားသွားမှာပဲ။ ခွက်ကြီးကြီးနဲ့ခံရင် များများရမယ်။ ခွက်သေးသေးနဲ့ခံရင် နည်းနည်းပဲရမယ်။ သဘောက များများကြိုးစားတဲ့သူက များများတတ်မယ်လို့ ဆိုချင်တာ။ မင်းရဲ့လူနာအပေါ်မှာ ကိုယ်ချင်းစာစိတ်၊ ကြင်နာစိတ်ထားတတ်တဲ့ စိတ်ဓာတ်လေးကိုတော့ ဆရာ ချီးကျူးပါတယ်" လို့ ဆရာကပြောပြခဲ့တယ်။ အဲဒီတော့မှ ဦးဦးလည်း အမြင်မှန်ရသွားခဲ့တယ်။ သမီးအခုလို သမီးရဲ့လုပ်ရပ်ဟာ မှားသလား မှန်သလား ဝေခွဲမရဖြစ်သလိုမျိုး ဦးဦးလည်း ဖြစ်ခဲ့ဖူးတယ်။ ဆရာကောင်းနဲ့တွေ့ပြီး မှန်ကန်တဲ့ လမ်းညွှန်ဆုံးမမှုတွေကြောင့် အမှားအမှန်ကို ခွဲခြားတတ်သွားပြီး ဘယ်လိုလုပ်ရမယ်၊ လုပ်သင့်တယ်ဆိုတဲ့ လမ်းမှန်ကို သိသွားခဲ့တာဖြစ်တယ်။

အဲဒီနေ့ကစပြီး ညနေဘက်တွေ၊ ညဘက်တွေမှာ ဆေးရုံကိုသွားပြီး လူနာတွေ စမ်းသပ်တော့တာပဲ။ အဲဒီအချိန်ကျတော့ တခြားကျောင်းသားတွေ အများကြီးနဲ့ တိုးဝှေ့ပြီး အလုအယက် စမ်းသပ်စရာလည်း မလိုဘူး။ ကိုယ်မသိ

တာ၊ မရှင်းတာတွေရှိရင်လည်း တာဝန်ကျ ဆရာဝန်တွေကို မေးမြန်းနိုင်တယ်။ အခုပြောပြတဲ့ အကြောင်းအရာလေးကို ဝတ္ထုလေးတစ်ပုဒ် ဦးဦးရေးခဲ့ဖူးတယ်။ ၂၀၀၈ခုနှစ်မှာ "သုတစွယ်စုံ" စာပေဆုရခဲ့တဲ့ "လူနာဖြစ်သွားသော ဆရာဝန်" ဆိုတဲ့ စာအုပ်လေးထဲက "ကြွေလွှင့်ရွက်ဝါ" လို့ အမည်ရတဲ့ ဝတ္ထုကလေးပေါ့။ သမီးလေး "ထွေး" အဲဒီစာအုပ်လေးကို မဖတ်ရသေးရင် ရှာဖတ်ကြည့်လိုက်ဦး။

သမီးလေး "ထွေး" လူနာအမေကြီးရဲ့နေရာမှာ ငါ့အမေသာဖြစ်ခဲ့ရင်၊ ငါသာဖြစ်ခဲ့ရင် ဘယ်လိုခံစားရမလဲဆိုတဲ့ ကိုယ်ချင်းစာတတ်မှုကို ဦးဦးက လေးစားချီးကျူးမိပါတယ်။ ဆရာဝန်ကောင်းတစ်ဦးဟာ ပညာဉာဏ်ရည်ဉာဏ်သွေး "IQ" မြင့်မားရုံမျှနဲ့ မလုံလောက်သေးဘဲ သူ့မှာ "EQ" Emotional Quotient စိတ်ခံစားချက်ဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေး မြင့်မားပြည့်စုံဖို့ မရှိမဖြစ် လိုအပ်တယ်သမီးရေ။ "IQ" လို့ခေါ်တဲ့ ဉာဏ်ရည်မြင့်မားပေမယ့် သူတစ်ပါးရဲ့ခံစားချက်ကို နားမလည်၊ သူများကို ကိုယ်ချင်းမစာနာတတ်၊ သူများတွေနဲ့ လိုက်လျောညီထွေစွာ မနေတတ်မထိုင်တတ်ရင် ဘယ်လောက်ပဲ ထူးချွန်ထက်မြက်ပြီး ဘွဲ့ထူးဂုဏ်ထူးကြီးတွေ၊ ရာထူးကြီးကြီးတွေ ရနေပေမယ့်လည်း ဆရာဝန်ကောင်းတစ်ယောက်လို့ မခေါ်နိုင်သေးဘူး သမီး။ ဒါကြောင့် ဆရာဝန်ကောင်းတစ်ယောက်ဖြစ်လာဖို့ သမီးဟာ အခုကတည်းက "EQ" မြင့်မားတိုးတက်လာအောင် လေ့ကျင့်ပျိုးထောင်ပြီး တစ်စထက်တစ်စ ပြည့်ဝရင့်ကျက်လာစေရမယ်။

ပထမဆုံး "EQ" ဆိုတာ ဘာလဲဆိုတာကို အရင်သိနားလည်ရမှာဖြစ်တယ်... **The capacity for recognizing our own feelings and those of others, for motivating ourselves, for managing emotions well in ourselves and in our relationships.** "EQ" ဆိုတာ မိမိနှင့် အခြားသူများ၏ ကိုယ်ပိုင်ခံစားချက်များအား သဘောပေါက်နားလည်ပြီး မိမိကိုယ်ကို စိတ်တက်ကြွအောင် အားပေးနိုင်ခြင်း၊ မိမိ၏ ခံစားချက်များအား မိမိကိုယ်တွင်းတွင် စီမံခန့်ခွဲနိုင်ခြင်း၊ မိမိခံစားချက်များအား အခြားသူများနှင့် ဆက်ဆံရေးတွင် စီမံခန့်ခွဲခြင်းဖြစ်သည်။ မိမိနှင့် အခြားသူများ၏ နှလုံးသားကို ဦးနှောက်ဖြင့် နားလည်ခြင်းသည် "EQ" ဖြစ်သည်။

လူ့အဖိုးတန် တန်ဖိုးရှိတဲ့သူမှန်သမျှဟာ မိမိတစ်ယောက်တည်းတော်ဖို့ကောင်းဖို့ တစ်ခုတည်းနဲ့ မလုံလောက်ဘူး။ မိမိတတ်စွမ်းတဲ့ ပညာအရည်အသွေးနဲ့ လောကကောင်းကျိုး၊ အများအကျိုးကို ဆောင်ကြရသူတွေဖြစ်တယ်။ အများအကျိုးကို သယ်ပိုးလိုသူမှန်သမျှဟာ "EQ" ဆိုတဲ့ ခံစားမှုဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေးပြည့်ဝဖို့ အရေးကြီးတယ်။ "EQ" မြင့်မားပါမှ တခြားသူတွေရဲ့ ခံစားချက်တွေကို နားလည်သဘောပေါက်ပြီး အများအကျိုးကို ထိထိရောက်ရောက် ပိုစွမ်းဆောင်နိုင်မှာဖြစ်တယ်။ ဒီလိုစွမ်းဆောင်နိုင်ဖို့ နေ့စဉ်နဲ့အမျှ "EQ" မြင့်မားတိုးတက်အောင် လေ့ကျင့်ပျိုးထောင်ပေးရမယ်။

"EQ" တိုးတက်ဖို့ ပထမဆုံး အရေးကြီးတာက "Self Awareness" မိမိကိုယ်ကို "သိနားလည်ဖို့" ဖြစ်တယ်။ မိမိဟာ ဘယ်သူလဲ၊ ဘယ်လိုလူမျိုးဖြစ်ချင်တာလဲ၊ မိမိရည်မှန်းချက်ပန်းတိုင်က ဘာလဲ၊ မိမိဝါသနာ ခံယူချက်သဘောထားက ဘာလဲ၊ မိမိဘာလုပ်ရရင် ပျော်ရွှင်သလဲ၊ မိမိဟာ ဟောဒီလောကကြီးကို ဘာတွေလုပ်ဖို့ ရောက်လာတာလဲ၊ အီးရောအီးရောနဲ့ ဝေလေလေလုပ်ပြီး သေသွားမယ့်လူမျိုးလား၊ မိမိအသက်ရှင်နေတဲ့ ကာလတိုကလေးမှာ မိမိကိုယ်ကျိုးသာမက အများအကျိုး၊ လောကကောင်းကျိုးကို သယ်ပိုးမယ့်သူလား...စသဖြင့် မိမိရဲ့စိတ်ဓာတ်၊ ခံစားချက်၊ ယုံကြည်ချက်တွေကို သိနားလည်အောင်လုပ်ပြီး အဲဒီရည်မှန်းချက်ပန်းတိုင်ဆီကို မရောက်ရောက်အောင် သွားမယ့်သူမျိုးဖြစ်အောင် ကြိုးစားရမယ် သမီးရေ။

ဒုတိယလိုအပ်ချက်ကတော့ "Self Regulation" ခေါ်တဲ့ မိမိကိုယ်ကို "ထိန်းကျောင်းနိုင်မှု" ဖြစ်တယ်။ ရည်မှန်းချက် ပန်းတိုင်ရောက်အောင် လျှောက်လှမ်းကြမယ့် လမ်းခရီးမှာ အရာရာကို ပညာဉာဏ်နဲ့ ဆင်ခြင်ထိန်းချုပ်ပြီး လုပ်သင့်လုပ်ထိုက်တာကို လုပ်ခြင်း၊ မလုပ်သင့် မလုပ်ထိုက်တဲ့ အလုပ်တွေကို ဝေးဝေးကနေ ရှောင်ကြဉ်ခြင်း၊ ဘယ်အရာကိုမဆို မလုပ်ခင်မှာ အကျိုးနဲ့အကြောင်း တော်သင့် မတော်သင့် ဆင်ခြင်စဉ်းစားပြီးတော့မှ ဆုံးဖြတ်ချက်တွေကို အမှန်အတိုင်းချမှတ်နိုင်ခြင်း၊ မိမိရဲ့ခံစားချက် စိတ်အခြေအနေတွေကို ထိန်းချုပ်နိုင်ပြီး လိုသလို ထိန်းကျောင်းပဲ့ပြင်နိုင်ခြင်း၊ မလုပ်ခင်မှာ သေချာ စဉ်းစားချင့်ချိန်ခြင်း

ဖြစ်တယ်။ "နိုင်းနိုင်းချိန်ချိန် သုခမိန်" ဆိုတဲ့ စကားနဲ့အညီ ဉာဏ်ပညာ အမြော်အမြင်ရှိရှိ မိမိကိုယ်ကို ထိန်းကျောင်းပဲ့ကိုင်သွားတတ်ခြင်းပဲဖြစ်တယ်။

သမီးဟာ ဆေးကျောင်းသူတစ်ဦးအဖြစ် ကျောင်းမှန်မှန်တက် စာမှန်မှန်ကျက်၊ လူနာတွေကို လေ့လာစမ်းသပ်မှသာ ဆရာဝန်ကောင်းတစ်ယောက်ဖြစ်မှာ။ ကျောင်းလည်းမတက် စာလည်းမကျက်၊ လူနာကိုလည်း မစမ်းသပ်ဘဲ ဝေလေလေနဲ့ တဒင်္ဂ အပျော်အပါးတွေ၊ ပျော်ပွဲစားတွေ၊ ဖေတော့ မောင်တော့ ဝတ္ထုတွေဖတ်၊ ဟေးလားဝါးလား အချိန်ဖြုန်းတီး၊ "Game" ဆော့၊ ရုပ်ရှင်ကြည့်နဲ့ လမ်းလွဲကိုလိုက်သွားရင် မိမိရည်မှန်းချက်ပန်းတိုင်နဲ့ တဖြည်းဖြည်း ဝေးသွားမှာဖြစ်တယ်။ ဆရာဝန်ဖြစ်လာရင်တော့ ဘွဲ့လက်မှတ်လေးပဲရပြီး တကယ့်ဆေးပညာတွေ ကောင်းကောင်းမတတ်တဲ့ ရမ်းကုသာသာ ဆရာဝန်လောက်ပဲဖြစ်လိမ့်မယ်။

တတိယ လိုအပ်ချက်ကတော့ Motivation "တွန်းအား" ဖြစ်တယ်။ တွန်းအားမရှိဘဲ ခရီးမရောက်နိုင်ဘူး။ မြင့်မြင့်တက်ချင်လေ တွန်းအားများများလိုလေပဲဖြစ်တယ်။ "EQ" မြင့်မားတဲ့ လူသားတစ်ယောက်ဖြစ်ဖို့ မြင့်မြင့်တက်ချင်တဲ့ ရည်ရွယ်ချက်ဟာ လောကကြီးမှာ အဆင့်အတန်းမြင့်မြင့် ချမ်းချမ်းသာသာနေချင်လို့၊ ငွေကြေးစည်းစိမ် ဥစ္စာဓနတွေ များများရချင်လို့ဆိုတဲ့ "လောဘ" သက်သက်၊ တစ်ကိုယ်ကောင်းစားဖို့ သက်သက်မကဘဲ ဒီထက်မြင့်မားတဲ့ မြင့်မြတ်တဲ့ အများအကျိုးဆောင်လိုတဲ့ လူ့ဘောင်ကို အလုပ်အကျွေးပြုလိုတဲ့ ရည်မှန်းချက်ပန်းတိုင်ရှိရာကို မရောက်ရောက်အောင်သွားမယ်၊ အခက်အခဲ အတားအဆီးမှန်သမျှကို မလျှော့တဲ့ ဖွဲ၊ လုံ့လ၊ ဝီရိယ၊ ခွန်အားအပြည့်နဲ့ အားကြိုးမာန်တက် အလုပ်လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်စွမ်းအား "တွန်းအား" တွေ အပြည့်အဝရှိဖို့ပဲဖြစ်တယ်။

သမီး "ထွေး" ထူးချွန်ထက်မြက်တဲ့ ဆရာဝန်ကြီးတစ်ယောက် ဖြစ်ချင်တာဟာ ပိုက်ဆံတွေချမ်းသာချင်လို့၊ အိမ်ကြီးအိမ်ကောင်းမှာနေပြီး ကားလှလှကြီးစီးဖို့၊ ကောင်းကောင်းစား ကောင်းကောင်းဝတ်ဖို့၊ နာမည်ကျော်ကြား ဂုဏ်သိက္ခာအဆင့်မြင့်မြင့် ရာထူးကြီးကြီးနေချင်လို့ စတဲ့ တစ်ကိုယ်ရေ ကောင်းစား

ရေး "လောဘ" သက်သက်ထက်မကဘဲ မိမိတတ်မြောက်ထားတဲ့ ပညာရပ်မှာ အမြင့်မားဆုံး ကျွမ်းကျင်မှုတွေ၊ ထူးချွန်မှုတွေနဲ့ ထက်မြက်တဲ့ ဆရာဝန်ကြီးတစ်ယောက်ရဲ့အဖြစ်ဟာ လူတွေရဲ့အသက်ကို စွမ်းစွမ်းတမံကယ်တင်ချင်လို့၊ လူနာတွေကို ကောင်းတဲ့ကုသမှုတွေ ပေးနိုင်ဖို့၊ မိမိရဲ့ပညာစွမ်းနဲ့ လူနာတွေရဲ့အားကိုးအားထားရာဖြစ်အောင် ကြိုးစားဖို့ စတဲ့ မွန်မြတ်တဲ့ မြင့်မားတဲ့ ရည်မှန်းချက်ပန်းတိုင်မျိုးရောက်အောင် ဇွဲ၊ လုံ့လ၊ ဝီရိယအပြည့်နဲ့ ကြိုးစားကြရတာပဲဖြစ်တယ်။ ဟုတ်တယ် သမီး...ထူးချွန်ထက်မြက်တဲ့ ဆရာဝန်ကြီးတစ်ယောက်ဖြစ်ဖို့ မိမိရဲ့ဘဝတစ်ခုလုံးကို ထူထဲများပြားလှတဲ့ ဆေးစာအုပ်ပုံကြီးတွေကြားမှာ များပြားခက်ခဲတဲ့ စာမေးပွဲတွေ၊ အိပ်ပျက်ညပေါင်းများစွာ၊ သူများတွေ ပျော်ပါးအနားယူနေချိန်မှာ မိမိကတော့ စားချိန်မမှန် အိပ်ချိန်မမှန် ပင်ပန်းဆင်းရဲစွာနဲ့ ကျားကုတ်ကျားခဲ ကြိုးစားရမှာဖြစ်တယ် သမီး။

စတုတ္ထ လိုအပ်ချက်ကတော့ အခုဒီစာမှာ တောက်လျှောက်ပြောခဲ့တဲ့ Empathy "ကိုယ်ချင်းစာနာမှု" ပဲဖြစ်တယ် သမီး "ထွေး" ရေ။ ဆရာဝန်ကောင်းတစ်ယောက်မှာ အရှိသင့်ဆုံး အရည်အသွေးတွေကတော့ "Empathy" ပဲဖြစ်တယ်။ တခြားလူတွေရဲ့ခံစားချက်ကို နားလည်နိုင်တဲ့စွမ်းရည်၊ လူတွေကို သူတို့ခံစားတုံ့ပြန်မှုနဲ့ လျော်ညီအောင် ဆက်ဆံကိုင်တွယ်တတ်တဲ့ ကျွမ်းကျင်မှုကို ဆိုလိုတယ်။

သမီးစာထဲရေးသလို လူနာအမေကြီးရဲ့နေရာမှာ မိမိအမေသာဖြစ်ရင် ဘယ်လိုလုပ်မလဲ၊ ငါသာဆိုရင်ရော ဘယ်လိုခံစားရမလဲဆိုပြီး ကိုယ်ချင်းစာနာညှာတာစိတ်၊ ကြင်နာစိတ်တွေနဲ့ ခံစားဆက်ဆံခြင်းဟာ ဆရာဝန်တစ်ယောက်အတွက် အလွန်အရေးကြီးတဲ့ လိုအပ်ချက်ပါပဲ။ လူနာတွေကို ဆေးကုတဲ့အခါ သူတို့ရဲ့ရောဂါကိုသာမက သူတို့ရဲ့ခံစားရတဲ့ ခံစားချက်တွေကို ထည့်သွင်းစဉ်းစားရမယ်။ လူနာကို မိမိရဲ့မိခင်၊ ဖခင်၊ ညီအစ်ကိုမောင်နှမတွေကို ဆက်ဆံတဲ့အတိုင်း နွေးထွေးလှိုက်လှဲစွာ ဆက်ဆံရမယ်။ မိမိရဲ့အပြောအဆို အပြုအမူ စိတ်ထားတွေအားလုံးဟာ ကိုယ်ချင်းစာနာစွာ၊ ညှာတာစွာ သိမ်မွေ့နူးညံ့ ချိုသာယဉ်ကျေးရမယ်။ နောက်ဆုံးနဲ့ အရေးအကြီးဆုံး လိုအပ်ချက်တစ်ခုကတော့ Social

Skill "လူမှုဆက်ဆံရေး ကျွမ်းကျင်မှု" ပဲဖြစ်တယ် သမီးရေ။ ဆက်ဆံရေးကျွမ်းကျင်ပြီး လူနာနဲ့ဆရာဝန် တစ်ဦးပေါ်တစ်ဦး နှစ်ဦးနှစ်ဖက် အပြန်အလှန်ယုံကြည်မှုကို တည်ဆောက်နိုင်ခြင်းဖြစ်တယ်။ အခုဖြစ်နေတဲ့ ဆရာဝန်တွေနဲ့ လူနာတွေ တစ်ယောက်နဲ့တစ်ယောက် မယုံသင်္ကာ သံသယစိတ်တွေနဲ့ ယုံကြည်ချက်တွေ ပျောက်ကွယ်ပြီး အပြန်အလှန် အထင်လွဲကြရတာတွေဟာ ဘာကြောင့်လဲ ... သမီး စဉ်းစားကြည့်စမ်း။

နှစ်ပေါင်းရာချီအောင် တည်ထောင်ကြီးပြင်းခဲ့ရတဲ့ သစ်ပင်ကြီးတွေဟာ မုန်တိုင်းတစ်ချက်ကြောင့် တစ်ညတည်းမှာပဲ ဗုန်းဗုန်းပြိုလဲကြရသလို နှစ်ပေါင်းများစွာ တည်ထောင်မွေးမြူခဲ့ရတဲ့ "ယုံကြည်မှု" ဟာလည်း စကားကလေး တစ်ခွန်း၊ အပြုအမူလေးတစ်ခုကြောင့် ပျက်စီးသွားရတတ်တယ်ဆိုတာ သိနားလည်ရမယ်သမီး။ လူမှုဆက်ဆံရေးမှာ ကျွမ်းကျင်ပိုင်နိုင်အောင် ကြိုးစားရမယ်။ မွန်မြတ်တဲ့ "စိတ်နေသဘောထား"၊ ဖြူစင်ရိုးသားတဲ့ "မေတ္တာစေတနာ"၊ သနားကြင်နာခြင်း "ကရုဏာ"၊ လူနာအတွက် ထားအပ်တဲ့ ဝမ်းမြောက်ပျော်ရွှင်ကြည်နူးမှု "မုဒိတာ"၊ နှလုံးသွင်းမှန်ကန်တဲ့ လျစ်လျူရှုတတ်ဖို့ လိုအပ်ချိန်မှာ လျစ်လျူရှုနိုင်တဲ့ "ဥပေက္ခာ" စတဲ့ "ဗြဟ္မစိုရ်တရား လေးပါး" ကို ကျင့်သုံးနိုင်တယ်ဆိုရင် လူမှုဆက်ဆံရေးဟာ အဆင်ပြေချောမွေ့လာမှာ မလွဲပါဘူး သမီးရာ။

ကိုင်း သမီးလေး "ထွေး" ရေ...ဦးဦးစာကလည်း ရှည်သွားပြီ။ သမီးလေး "ထွေး" တစ်ယောက် "IQ" ရော "EQ" ပါ မြင့်မားတဲ့ "ဆရာဝန်ကောင်း" တစ်ယောက် ဖြစ်ပါစေ။

ပြည့်ဝ "ပညာ"၊ လှပ "နှလုံးသား"၊ ဖြူစင် "စိတ်ထား"၊ မွေးပျံ့ "ဂုဏ်သိက္ခာ" တွေနဲ့ လူ့အဖိုးတန် "ဆရာဝန်စစ်စစ် ဖြစ်ပါစေ" လို့ ဦးဦး ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ် ...

«« ¤ »»

# ၇၃

## အောင်မြင့်မို့

## ခရီးကျယ်ဆိုးဘက်



# အောင်မြင်ဖို့ ရှာလိုက်ပါဦး ဆရာ

# အောင်မြင်ဖို့ အလိုအပ်ဆုံးအရာ

**မန္တလေးဆေးက သမီးလေး 'ထွေး' ...**

အချိန်ဆိုတာ သိပ်ကိုမြန်တဲ့ အပြေးသမား တစ်ယောက်လိုပဲနော် ... မနေ့တစ်နေ့ကမှ ဖြစ်ခဲ့တယ်လို့ စိတ်ထဲ ထင်မြင်နေတာတွေက သေချာကြည့်လိုက်တော့မှ အိုး...ကြာလှပါပကောဆိုတာမျိုး ဖြစ်သွားရတာတွေ သမီးတွေ့ဖူးကြုံဖူးရဲ့မဟုတ်လား။ အခုပဲကြည့်...ဦးဦးရဲ့စိတ်ထဲ သမီးလေး "ထွေး" ဆီ မနေ့တစ်နေ့ကတောင် စာတွေ ရေးလိုက်သေးတယ်လို့ ထင်မှတ်နေတာ။ မနေ့က သမီးဆီက ရန်တွေ့တဲ့စာတစ်စောင် ရောက်လာတော့မှ "ဟုတ်မှဟုတ်ရဲ့လား၊ ဒီလောက်တောင် ကြာသွားပြီလား" ရယ်လို့ ကိုယ့်ကိုယ်ကိုယ် အံ့သြတကြီးဖြစ်ရတော့တယ်။

သမီးက ရန်တွေ့ခဲ့တယ်လေ... "ဦးဦး သမီးဆီကို စာမရေးတာ ၄လတောင် ကျော်သွားခဲ့ပြီတဲ့။ ဦးဦးရေးတဲ့ စာကိုဖတ်တာ သမီးတစ်ယောက်တည်း မဟုတ်ဘူး။ မြန်မာပြည်အနှံ့အပြားက စာဖတ်သူတွေ အများကြီးက "အာရောဂျ" မဂ္ဂဇင်းထဲမှာ ဦးဦးရဲ့စာကို မဖတ်ရတာ ၄လရှိသွားပြီဆိုတာ ဦးဦး သိရဲ့လား။ သမီးချွတ်မို့ အားမနာဘူးဆိုရင်တောင် စာဖတ်ပရိသတ်ကိုတော့ အားနာသင့်တယ်မဟုတ်လား" တဲ့။

သမီးရဲ့မြားချက်တွေဟာ ဦးဦးရဲ့နှလုံးသားကို တည့်တည့်ကြီး ထိမှန်သွားတာမို့ ဟောဒီပြန်စာကို အမြန်ဆုံးရေးလိုက်ရပါတယ်။ ညဉ့်နက်မှ အိပ်ရာဝင်ရပေမယ့် တစ်ညလုံး အိပ်မက်ထဲ သမီးဆီကို ပြန်စာတွေ ရေးနေမိတယ်လို့ စိတ်ထဲမှာ သိနေတယ်။ နောက်ဆုံး ဆက်အိပ်လို့မရတာနဲ့ပဲ နံနက်အစောကြီး

အိပ်ရာထဲကနေ လူးလဲထပြီး သမီးဆီ ဒီစာလေးကို ရေးလိုက်ရတာ။ သမီးလေး စိတ်မဆိုးပါနဲ့တော့...ဒီစာလေးကိုဖတ်ပြီး ကျေအေးလိုက်ပါတော့နော်။

ဟုတ်ပါရဲ့ သမီးရယ်...ဦးဦးဟာ "ဆရာဝန်၊ ကျောင်းဆရာ၊ စာရေးဆရာ" ဆိုတဲ့ လူတစ်ကိုယ် "ဘဝသုံးမျိုး" နဲ့ ကျင်လည်လှုပ်ရှားနေခဲ့တာ။ အစကတော့ ဒီဘဝသုံးမျိုးကို "သုံးနားညီတြိဂံ" ရယ်လို့ တင်စားပြီး ဘဝသုံးခုစလုံး တစ်ခုမှမလစ်ဟင်းရအောင် ဟန်ချက်ညီညီ လှုပ်ရှားနိုင်ခဲ့တယ်။ ဖန်ခါးမြေဆေးတက္ကသိုလ်မှာတုန်းကကျတော့ စာရေးချိန်က ပိုရတယ်။ ရဆို...ဆေးရုံက ပြန်လာပြီဆိုတာနဲ့ ကျန်တဲ့အချိန်တွေအားလုံးဟာ စာရေးချိန်ပဲလို့ ပြောရလောက်အောင် ဆေးခန်းက လူနာမရှိ၊ ကျောင်းဆရာအလုပ်ကလည်း ရိုးရိုးဘွဲ့ကြို ဆေးကျောင်းသားတွေပဲ ရှိတာဆိုတော့ သိပ်အလုပ်မရှုပ်ဘူးပေါ့။ အဲဒါကြောင့် အဲဒီတုန်းက သမီးဆီ လစဉ်မပျက်မကွက် စာတွေအဆက်မပြတ် ရေးနိုင်ခဲ့တာ။

အခု မြို့တော်ကို ပြန်ရောက်လာတဲ့အခါကျတော့ ဦးဦးနဲ့ ဆေးကုချင်တဲ့လူနာတွေက များလာတယ်။ ကျောင်းသားတွေကလည်း ဘွဲ့ကြိုတင်မက ဘွဲ့လွန်သင်တန်းတွေကိုပါ သင်ရတာဆိုတော့ သင်ခန်းစာကို ပြင်ဆင်ရချိန်တွေ၊ စာသင်ချိန်တွေကလည်း များလာတယ်။ ကိုင်း...ဦးဦး ဆေးရုံမှာ ညနေအထိ အလုပ်တွေလုပ်၊ ညနေစောင်း ဆေးရုံက ပြန်လာပြီဆိုတာနဲ့ ရေချိုး၊ ထမင်းစားပြီး ညနေ ဆေးခန်းကိုပြေးရတယ်။ ဖန်ခါးမြေမှာနဲ့ မတူဘူး။ မြို့တော်မှာက ဦးဦးနဲ့ ဆေးကုချင်ကြတဲ့ လူနာတွေက အများကြီး...ပြီးတော့ ဦးဦးက လူနာတွေကို စကားကလေးတပြောပြော၊ ဆွေးနွေးရင်းပြ၊ ပျော်ရွှင်ရယ်မောစွာနဲ့ အေးအေးဆေးဆေး ကြည့်တတ်တာဆိုတော့ အချိန်ပိုပေးရတယ်။ ဆေးခန်းပြီးလို့ ခွဲစိတ်ထားတဲ့၊ ဆေးရုံတင်ထားတဲ့ လူနာတွေကို ဆေးခန်းတကာ လှည့်ပြီးကြည့်...အိမ်ကိုပြန်ရောက်ရင် ည၁၁နာရီ ထိုးတော့မယ်။ အဲဒီအချိန်ကျတော့ ခြေကုန်လက်ပန်းကျပြီး အိပ်ချင်လှပြီ။ အိပ်ရာထဲ ထိုးလှဲလိုက်တာနဲ့ တစ်ခါတည်း အိပ်မောကျသွားတော့တာပဲ။

မနက်စောစောမှာဆို ဦးဦးတို့ ခွဲစိတ်မှုတွေကို ဆေးရုံမသွားခင် ၆နာရီလောက်မှာ စပြီးတော့လုပ်လေ့ရှိတယ်။ ခွဲစိတ်ပြီးတာနဲ့ ဆေးရုံကိုသွားဖို့ အချိန်

ရောက်ပြီ။ ကိုင်း...ဘယ်မလဲ စာရေးဖို့အချိန်။ ဦးဦးရဲ့စာရေးချိန်ဟာ မနက်အာစောကြီး အရုဏ်မတက်ခင် အချိန်ဖြစ်တယ်။ ဒီတော့ မနက်စောစောထပြီး စာတွေရေးရတော့တာပေါ့။ ဒါပေမဲ့ ဦးဦးရဲ့အလုပ်က သားဖွားမီးယပ် ဆရာဝန်ဆိုတဲ့အချက်ဟာ စာရေးရာမှာတော့ တကယ့်ကို အနှောင့်အယှက်ပါပဲ။ မွေးလူနာတွေဟာ ဘာကြောင့်ရယ်တော့မသိဘူး၊ ညကြီးသန်းခေါင် အချိန်မဟုတ် အချိန်ဟုတ်တွေမှာမှ ပိုပြီးဗိုက်နာကြ မွေးကြဖွားကြတယ်။ သမီးစဉ်းစားကြည့်လေ... ညကြီးသန်းခေါင်ကျော်မှာမှ မွေးလူနာတွေကြောင့် အိပ်ရာကနိုးထပြီး အလုပ်လုပ်ရပြီဆိုရင် ဘယ့်နယ်လုပ်ပြီး စောစောထ စာရေးလို့ရတော့မလဲကွယ်။

ငှလတိတိ သမီးဆီ စာမရေးဖြစ်တဲ့ ဦးဦးတစ်ယောက် မိုးကြိုးပစ်ရာ ထန်းလက်နဲ့ ကာသလိုများ ဖြစ်နေလေမလားတော့ မသိပေမယ့် ကျေရာကျေကြောင်း တောင်းပန်စာလေး တစ်စောင်ရေးပြီး ချော့ရတာပဲဖြစ်ပါတယ်။ သမီးလေး "ထွေး" စိတ်မဆိုးပါနဲ့တော့နော်...ဒီထက်ပိုပြီး အချိန်ကိုလုလို့ သမီးဆီ မဖြစ်ဖြစ်အောင် စာတွေရေးပါ့မယ်။ တစ်နေ့လုံးလုပ်နေတဲ့ အလုပ်တွေကြားထဲ အားလပ်တဲ့အချိန်လေးတွေမှာ ၅မိနစ်ပဲရရ ၁၀မိနစ်ပဲရရ၊ စာရွက်နဲ့ဘောလ်ပင်ကို သွားလေရာယူသွားပြီး အချိန်လုရေးရမယ်။

ဦးဦးစာရေးတဲ့ပုံစံဟာ ဘာနဲ့တူသလဲဆိုတော့ မင်းကွန်းဆရာတော်ဘုရားကြီး အမိန့်ရှိခဲ့ဖူးသလို အတုယူပြီး ရေးနေတာဖြစ်တယ်။ ဆရာတော်ကြီးက အချိန်ပို အချိန်အားဆိုတာ မရှိ၊ သာသနာရေးအလုပ်တွေ ရှုပ်လှသူ၊ ဒီဆရာတော်ကြီးကို ဒကာတစ်ယောက်က သူရေးတဲ့စာအုပ်ကို လာပြီးတည်းဖြတ်နိုင်းသတဲ့။ ဒီလောက်တောင် မအားလပ်တဲ့ အလုပ်ထူလှတဲ့ ဆရာတော်ကြီးဟာ ဒီအလုပ်ကို လက်ခံလိုက်သတဲ့။ ဘယ်အချိန်မှာ ဒီစာအုပ်ထူကြီးကို တည်းဖြတ်တဲ့အလုပ် လုပ်သလဲဆိုတာကို ဆရာတော်ကြီးက ဥပမာလေးတစ်ခု ပေးသွားခဲ့တယ်။ စွဲလမ်းစွာ ကွမ်းစားတဲ့သူ၊ မသောက်ရမနေနိုင်အောင် ဆေးလိပ်ကြိုက်တဲ့သူတွေလိုပါပဲ။ ဒီလိုစွဲလမ်းနေတဲ့သူတွေဟာ ဘယ်လောက်ပဲ အလုပ်ရှုပ်ရှုပ် ဆေးလိပ်မသောက်တဲ့နေ့၊ ကွမ်းမစားတဲ့နေ့ဆိုတာ မရှိဘူးတဲ့။

အလုပ်တွေလုပ်ရင်း ရသမျှအချိန်လေးတွေမှာ တစ်မိနစ်ပဲရရ ၂မိနစ်

ပဲရရ မရရအောင် ဆေးလိပ်လေးတစ်ဖွာ၊ ကွမ်းလေးတစ်ယာကိုတော့ အချိန်လု ပြီး ဖွာမြဲ စားမြဲ မဟုတ်လား။ ဆရာတော်ကြီးကလည်း အဲဒီလူတွေရဲ့နမူနာကို အတုယူပြီး သူ့ရဲ့အားလပ်ချိန်လေး တစ်မိနစ် ၂မိနစ်ရရ ရသမျှအချိန်လေးတွေ မှာ အချိန်လုပြီး ဒီစာအုပ်ကြီးကို တည်းဖြတ်ပေးလိုက်တာဖြစ်သတဲ့။

ဦးဦးလည်း ဆရာတော်ကြီးကို အတုယူပြီး တစ်နေ့လုံး ဆေးတွေကု၊ စာတွေသင်ရင်း ရသမျှအချိန်လေးတွေ တစ်မိနစ်ပဲရရ ၂မိနစ်ပဲရရ အချိန်ကိုလု လို့ စာတွေရေးရတာဖြစ်တယ်။ ကြည့်စမ်း တိုက်ဆိုင်လိုက်တာသမီးရာ…အခု ရေးနေတဲ့ ဒီစာကြောင်းလေးတွေကို ရေးနေတဲ့နေရာက ခွဲစိတ်ခန်းထောင့်လေး က ခုံအဝိုင်းလေးပေါ်ထိုင်ရင်း တိတ်တိတ်လေးပုန်းလို့ ရေးတာဖြစ်တယ်။ အချိန် ကတော့ နံနက်အစောကြီး အရုဏ်တက်ချိန်ပေါ့။ အရေးပေါ်လူနာတစ်ယောက် ကို ခွဲစိတ်ဖို့ စောင့်နေတဲ့အချိန်၊ မေ့ဆေးဆရာဝန်က မေ့ဆေးပေးဖို့ ပြင်ဆင်နေ ချိန် ရတဲ့အချိန်လေး ၅မိနစ်၊ ၁၀မိနစ်ကို မရအရလုပြီး ကိုယ်ရေးချင်တဲ့ စာလေး တွေကို ရေးရတာဖြစ်ပါတယ်။

ကြည့်စမ်း…သေချာစဉ်းစားကြည့်တော့ ဦးဦးရဲ့အဖြစ်ဟာ ဆေးလိပ်၊ ကွမ်းကို မသောက်ရ မစားရ မနေနိုင်အောင် စွဲလမ်းနေတဲ့သူတွေနဲ့ တူနေတာ ပေါ့။ မှန်တယ်…ဦးဦးဟာလည်း စာကို မရေးရရင် မနေနိုင်လောက်အောင်ကို စွဲလမ်းတဲ့သူလို့ ဝန်ခံမိတယ်။ သိပ်မှန်တာပဲကွယ်…ဦးဦးရဲ့ "စာရေးခြင်း" ဆို တဲ့ စာပေကို ချစ်ခင်စွဲလမ်းစိတ်ဟာ အံ့ဩစရာကောင်းလောက်အောင်ကို ပြင်း ထန်ပေတာပဲ။ စားလည်းဒီစိတ်၊ သွားလည်းဒီစိတ်၊ နားလည်းဒီစိတ်၊ အလုပ်လုပ် နေရင်းလည်း ဒီစိတ် (ဆေးကုသပေးရတဲ့ လူနာတွေနဲ့ စာသင်ပေးရတဲ့ ကျောင်း သားတွေက ဦးဦးရဲ့ဇာတ်ကောင်တွေပေါ့။) ပြောရရင် အိပ်နေရင်း အိပ်မက်ထဲ မှာတောင် စာတွေရေးနေတတ်တယ်။ စာတွေရေးရင်း အိပ်မက်က လန့်နိုးလာ တဲ့အခါ (အိပ်မက်ထဲ) အဲဒီရေးနေတဲ့ အတွေးလေးတွေ ပျောက်ပျက်သွားမှာစိုး လို့ အချိန်မရွေး ချရေးလို့ရအောင် အိပ်ရာရဲ့ဘေးမှာတောင် စာရွက်၊ ဘောလ် ပင်နဲ့ လက်နှိပ်ဓာတ်မီးကို အဆင်သင့်ဆောင်ထားရတယ် သမီးရေ။

ဟိုတစ်နေ့က ဦးဦးရဲ့လူနာတစ်ဦးဟာ ဦးဦးရဲ့အမာခံ စာဖတ်ပရိသတ်

လည်းဖြစ်တယ်။ ဦးဦးဆီ သူ့ရဲ့ရောဂါကိုလာပြရင်း အံ့ဩတကြီးနဲ့ မေးခွန်းတစ်ခု မေးခဲ့တယ်။ (သူ အဲဒီမေးခွန်းကို မေးတဲ့အချိန်က ည၉နာရီကျော်ပြီ။ သူ့နောက်မှာလည်း လူနာတွေ တန်းစီနေတုန်း။) ဆရာ...ဒီလောက် အလုပ်တွေများနေတဲ့ကြားက ဆရာ့စာတွေကိုလည်း အဆက်မပြတ် ဖတ်နေရတယ်။ "How can you make time?" တဲ့ သမီးရေ။

သူ အဲသလိုမေးတော့မှ ဦးဦးလည်း ကိုယ့်ကိုယ်ကိုယ် ပြန်သတိပြုမိသွားတယ်။ ဘယ်ကဘယ်လို အချိန်တွေရလာပြီး စာတွေ ဒီလောက်ရေးဖြစ်နေတာလဲ ဆိုတဲ့အကြောင်း (ဦးဦး အပတ်စဉ်ရေးတဲ့ ဂျာနယ်က "Good Health, Heath Care, အာယုဒီဃ" ဂျာနယ်၃စောင်) လစဉ်ရေးတဲ့မဂ္ဂဇင်းက "Wellness, Family, Fashion Image, ဇီဝက၊ Health For All၊ စရဏ၊ အာရောဂျံ" အားပါးပါး တစ်လကို ဂျာနယ်အတွက် စာမူ၁၂ပုဒ်၊ မဂ္ဂဇင်းအတွက်က ဧပုဒ်စုစုပေါင်း အပုဒ်၂၀တိတိ ရေးရတာဖြစ်တယ်။ ကြည့်စမ်း...တကယ်တမ်းကျတော့ ဦးဦးဟာ "စာရေးခြင်း" နဲ့ အချိန်ပြည့် အသက်မွေးတဲ့သူ မဟုတ်ဘူးနော်။ ဆရာ "ဇော်ဂျီ" ရေးသားခဲ့ဖူးတဲ့ အသက်မွေးဝမ်းကြောင်း အလုပ်တစ်ခုကိုလုပ်ရင်းနဲ့မှ အားလပ်တဲ့ အချိန်လေးတွေမှာ စာတိုပေစလေးတွေရေးတဲ့ "ပြောက်ကျားစာရေးဆရာ" တစ်ယောက်ပဲ ဖြစ်ပါတယ်။ ပြောက်ကျားစာရေးဆရာက ဒီလောက်တောင် ကြိုးစားပမ်းစား ဘာကြောင့် စာတွေရေးဖြစ်နေတာလဲ ဆိုတဲ့ မေးခွန်းလေး ပေါ်လာတယ်။

အဓိကအကျဆုံး သော့ချက်ကတော့ "စိတ်ဓာတ်" ပဲဖြစ်တယ် သမီး။ မိမိရဲ့စိတ်ထဲမှာ နှလုံးသားထဲမှာ တစ်စုံတစ်ရာကို ပြင်းပြင်းပြပြ ထက်ထက်သန်သန် ချစ်ခင်မြတ်နိုးစွာ လိုချင်စွဲလမ်းစိတ်ဟာ သိပ်ကိုအရေးပါတယ်လို့ ဦးဦးယုံကြည်ပါတယ်။ ဘယ်အလုပ်မဆို လုပ်ကြရပြီဆိုရင် အရေးအကြီးဆုံးက ကိုယ်လုပ်ရတဲ့အလုပ်ကို ချစ်ခင်မြတ်နိုးစွာ တန်ဖိုးထားဖို့ပဲဖြစ်တယ်။ ဒီမှာမှ သာမန်လောက်ပဲလား၊ တကယ့်ကို ရင်ထဲ နှလုံးသားထဲက နှစ်နှစ်ကာကာ ချစ်ခင်မြတ်နိုးတာလားဆိုတာလည်း အရေးပါတဲ့အချက်ပဲ။ သာမန်လောက်ပဲ ပေါ့ပေါ့တန်တန် သဘောထားတဲ့အလုပ်နဲ့ ကိုယ့်ရင်ထဲ နှလုံးသားထဲက စူးစူးနစ်နစ်နဲ့ စွဲစွဲ

လမ်းလမ်း ချစ်မြတ်နိုးတဲ့အလုပ်၊ ဒီအလုပ်ပေါ်မှာ အားထည့်တာချင်း ဘယ်လို နည်းနဲ့မှ မတူနိုင်ဘူး သမီးရေ။

လူတစ်ဦးဟာ သူ့ရဲ့အလုပ်ထဲကို သူ့ရဲ့နှလုံးသားရော၊ စိတ်ထားရော၊ ဘဝတစ်ခုလုံးပုံပြီး လုပ်ချင်တဲ့စိတ်ဓာတ်တွေ တဖွားဖွား ပေါ်ပေါက်လာနေပြီဆို ရင် အဲဒီအလုပ်ကို သူ (ပေ့ါတီးပေ့ါဆ သဘောမထားတော့ဘဲ) သေချာတန်ဖိုး ထားပြီး လုပ်တော့မှာအမှန်ပဲ။ ဦးဦးဆိုရင် မိမိရဲ့ဆေးကုတဲ့အလုပ်ရယ်၊ စာသင် တဲ့အလုပ်ရယ်၊ စာရေးတဲ့အလုပ်ရယ်...ဒီအလုပ်၃မျိုးစလုံးကို စွဲစွဲလမ်းလမ်း ချစ်ခင်မြတ်နိုးတယ်။ အဲဒီ၃မျိုးထဲက ဘယ်အလုပ်ကိုပဲလုပ်လုပ် ပေ့ါတီးပေ့ါဆ ဘယ်တော့မှမလုပ်ဘဲ မိမိရဲ့အကောင်းဆုံးစိတ်ထား၊ အကောင်းဆုံးစေတနာ၊ အကောင်းဆုံးအရည်အချင်းတွေ အားလုံးကိုပုံပြီး သေသေချာချာ လုပ်လေ့ရှိ တယ်။ အလုပ်တစ်ခုပေါ်မှာထားတဲ့ စိတ်ထားသဘောထားဟာ ဘယ်လောက် တောင်မှ အရေးကြီးတယ်ဆိုတဲ့အကြောင်းကို ပြောပြနေရင်း ဟိုတစ်နေ့ကပဲ ဦးဦးဆီရောက်လာတဲ့ စာလေးတစ်စောင်အကြောင်း သမီးကို ဂုဏ်ယူဝင့်ကြွား စွာ ကြွားလုံးထုတ်ရဦးမယ် သမီးရေ။ ဒီလိုသမီးရဲ့...အဲဒီစာလေးကို ဖတ်ရချိန် မှာ ဦးဦးတစ်ယောက် ခံစားရတဲ့ ပျော်ရွှင်ချမ်းမြေ့သွားတဲ့စိတ်ကို ပေါ်လွင်အောင် ဘယ်လိုပြောပြရမယ်ဆိုတာတောင် မသိတော့ပါဘူး။

စာလုံးကလေးတွေကိုဖတ်ရင်း လွန်ခဲ့တဲ့ ၂နှစ်နီးပါးလောက်တုန်းက ဖန်ခါးမြေ ဆေးတက္ကသိုလ်မှာ တာဝန်ထမ်းဆောင်နေစဉ် ဦးဦးရဲ့အိမ်ခန်းကျဉ်း လေးကို အလည်ရောက်လာတဲ့ ကျောင်းသူလေးတစ်ဦးရဲ့အသွင်ကို မြင်ယောင် မိတယ်။ သူ့ရဲ့နာမည်လေးရော၊ အသွင်အပြင်လေးရော လှပချစ်စဖွယ် "တွယ် တာ" ဆိုတဲ့မိန်းကလေးရယ်၊ သူ့မေမေ ကျောင်းဆရာမကြီးရယ် ဦးဦးဆီရောက် လာတော့ ခရီးဦးကြိုနှုတ်ဆက်ရတာပေ့ါ။ သူတို့အသွင်က ဆရာဝန်ဆီလာပြတဲ့ လူနာနဲ့လည်း လားလားမှမတူ၊ တစ်ခုခုတော့ ထူးခြားနေတယ်။

သူ့မေမေက ဒီလိုရှင်းပြတယ်..."ဆရာ့ကို ကျေးဇူးတင်လွန်းလို့ရယ်၊ ပြီးတော့ ဟောဒီသမီးလေး "တွယ်တာ" က ဆရာ့ကိုတွေ့ပြီး မိတ်ဆက်ချင်လွန်း လို့ရယ်...အခုလိုစုံစမ်းပြီး ရောက်လာခဲ့တာပါ။ သမီးက အခု ၉တန်းအောင်ပြီ

ဆရာ။ ကျွန်မက သမီးကို ဆရာဝန်တစ်ယောက် အရမ်းဖြစ်စေချင်တာ။ သမီးက ဆရာဝန်လိုင်းကို လုံးဝ ဝါသနာလည်းမပါ၊ စိတ်လည်း မဝင်စားဘူးချည်းပဲ အမြဲငြင်းနေတယ်။ အခုနောက်ပိုင်းလေးမှာပဲ ဆရာ့ရဲ့ "ဆရာဝန်စစ်စစ် ဖြစ်ချင်တယ်" ဆိုတဲ့ စာအုပ်လေးကို ကျွန်မမိတ်ဆွေ "တင်တင်အုန်း" ဆီက ငှားလာခဲ့တယ်။ မထင်မှတ်ဘဲ သမီးလေးက အဲဒီစာအုပ်လေးကို ကောက်ဖတ်လိုက်တာ တစ်ညလုံးပဲ။ ဖတ်ပြီးပြီးချင်းမှာ သူ့ရဲ့စိတ်ထားသဘောထားတွေ လုံးဝပြောင်းလဲသွားခဲ့ပြီး ကျွန်မကို အတင်းနှိုးပြီး သူ အဲဒီ "ဆရာဝန်စစ်စစ် ဖြစ်ချင်တယ်" စာအုပ်ထဲက "ဒေါက်တာငြိမ်းချမ်း" လို ဆရာဝန်ကြီးတစ်ယောက် ဖြစ်ချင်စိတ်တွေ တဖွားဖွား ပေါ်လာခဲ့တဲ့အကြောင်း ဝမ်းသာအားရ ပြောပြခဲ့တယ်။ ကျွန်မလည်း ဝမ်းသာလိုက်တာ အရမ်းပဲ...ဝါသနာမပါ၊ တခြား ဟိုဟာလိုလို ဒီဟာလိုလိုနဲ့ ယောင်ဝါးဝါးဖြစ်နေတာ အခုတော့ သူ့ရဲ့ရည်မှန်းချက်က ကျွန်မဖြစ်စေချင်တာနဲ့ တစ်ထပ်တည်း ကျသွားပြီ၊ နိုင်မာသွားပြီမို့ ပျော်လည်းပျော်။ ဒီစာအုပ်ကလေးကိုရေးတဲ့ ဆရာ့ကို ကျေးဇူးတင်စကား ပြောချင်လိုက်တာလို့ "တင်တင်အုန်း" ကို ပြောပြလိုက်မိတယ်။ "ရေငတ်တုန်း ရေတွင်းထဲကျ" ဆိုသလိုပဲဆရာရေ...အဲဒီစာအုပ်ရေးတဲ့ ဆရာက ဒီဖန်ခါးမြေ ဆေးတက္ကသိုလ်မှာ ရှိတယ်လို့လည်းပြောရော...ကျွန်မရော၊ သမီးကလေး "တွယ်တာ" ရော ဆရာနဲ့တွေ့ချင်နှုတ်ဆက်ချင်လို့၊ သမီးကိုလည်း ဆရာ့ဆီအပ်ချင်လို့ အခု ဆရာ့ဆီကို မရောက်ရောက်အောင် လာခဲ့ရတာပါ ဆရာ"

ကိုင်း သမီးလေး "ထွေး" ရေ...အဲဒီအချိန်မှာ ဦးဦးတစ်ယောက် ဘယ်လောက်တောင် ဝမ်းသာကြည်နူးလိုက်မလဲဆိုတာ သမီးပဲတွေးကြည့်ပေတော့။ စာရေးဆရာတစ်ဦးအနေနဲ့ မိမိရေးလိုက်တဲ့ စာအုပ်လေးကိုဖတ်ရလို့ လူငယ်လေးတစ်ယောက်ရဲ့ စိတ်ဓာတ်တွေ ပြောင်းလဲသွားခဲ့တာကို မျက်ဝါးထင်ထင်တွေမြင်လိုက်ရခြင်းဟာ ဘယ်အရာနဲ့မှ တန်ဖိုးဖြတ်လို့မရနိုင်တဲ့ ကြည်နူးပီတိကို ပေးစွမ်းနိုင်တယ် သမီးရေ။

အဲဒီသမီးလေး "တွယ်တာ" ဟာလည်း ဦးဦးကိုတွေ့ရလို့ ဝမ်းသာနေရှာတယ်။ "သမီးလေ...အခုချိန်ကစပြီး ဦးဦးလို တစ်နေ့ကျရင် လူနာတွေရဲ့အ

သက်ကို ကယ်တင်ပေးရတဲ့ ဆရာဝန်၊ ပြီးတော့ ဆေးကျောင်းသားတွေကို စာသင်ပေးရတဲ့ ကျောင်းဆရာ ပါမောက္ခကြီးတစ်ယောက် မဖြစ်ဖြစ်အောင် ကြိုးစားပါတော့မယ်လို့ ဦးဦးကို ကတိပေးပါတယ်...” လို့ ကတိစကားတွေထားပြီး လက်အုပ်ချီမိုး ရှိခိုးကန်တော့ခဲ့တယ်။ ဦးဦးဝတ်ဖို့ ပုဆိုးလေးတစ်ထည်လည်း ပါတယ်ပေါ့...

“ဦးဦးရဲ့လက်ရေးကလေးနဲ့ သမီးကို စာကြိုးစားချင်လာအောင် ဆုံးမစကားလေး ဟောဒီအော်တိုစာအုပ်ကလေးထဲမှာ ရေးပေးပါနော်” ဆိုပြီးတော့လည်း တောင်းဆိုခဲ့တယ်။ အဲဒီစာအုပ်လေးထဲမှာ ဦးဦးက အမှတ်တရ အားပေးစာလေးတွေ ရေးပေးခဲ့တယ်။

အခု ဦးဦးဖတ်နေတဲ့ သူ့စာလေးကို သမီးလည်း ဖတ်ကြည့်ပါဦးကွယ်။ မင်္ဂလာပါ “ဦးဦး” ...

သမီးက ဦးဦး ဖန်ခါးမြေ ဆေးတက္ကသိုလ်မှာ တာဝန်ကျနေတုန်းက ဦးဦးနဲ့လာတွေ့ခဲ့တဲ့၊ ဦးဦးကို အော်တိုရေးခိုင်းခဲ့တဲ့ ဆယ်တန်းကျောင်းသူလေး “တွယ်တာ” ပါ။ သမီးလေ ... ဆယ်တန်းတစ်နှစ်လုံး စာကျက်ခါနီးတိုင်း ဦးဦး ရေးပေးခဲ့တဲ့ စာလေးတွေကိုဖတ်ပြီး စာတစ်ပုဒ်ကျက်တိုင်း လူတစ်ယောက်ရဲ့ အသက်ကိုကယ်တယ်လို့ သဘောထားပြီး ကျက်ခဲ့ပါတယ်။ စာမေးပွဲဖြေတော့လည်း စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင်ထားပြီး ကြိုးစားဖြေခဲ့ပါတယ်။ ဒါကြောင့် ဒီနေ့ ဆယ်တန်းအောင်စာရင်းထွက်တော့ သမီး ဘာသာစုံဂုဏ်ထူးနဲ့ အောင်မြင်ခဲ့ပါတယ်။ မနက်၅နာရီလောက်ကြီး အောင်စာရင်းသွားကြည့်ကြရတာ ကိုယ့်နာမည်ကို “ALL D” နဲ့ တွေ့လိုက်ရတော့ အရမ်းပျော်တာပဲဦးဦးရယ်။ ကိုယ်ကြိုးစားခဲ့တဲ့ အသီးအပွင့်ကို ခံစားရလို့ ပျော်တဲ့အပျော်ရော၊ မိဘတွေအတွက်၊ ဆရာဆရာမတွေအတွက် ဂုဏ်ယူရတဲ့ သမီးကောင်း တပည့်ကောင်းဖြစ်ခွင့်ရလို့ ပျော်တာရော၊ “ALL D” ရှားတဲ့ “မကွေး” လိုမျိုးမြို့မှာ သမီးအပါအဝင် နှစ်ယောက်တည်း “ALL D” ထွက်တာကြောင့် ပျော်တာရော၊ အပျော်တွေအားလုံးစုနေလို့ ဘယ်ဟာက အပျော်ဆုံးမှန်းတောင် ခွဲခြားလို့ မရနိုင်ခဲ့ပါဘူး ဦးဦးရယ်။

အခုအချိန်ကျမှ သေချာစဉ်းစားကြည့်တော့ သမီးအပျော်ဆုံးက သမီးရဲ့မျှော်လင့်ချက်အိပ်မက်တွေကို အကောင်အထည်ဖော်ခွင့် ရတော့မယ်ဆိုတာကိုပါပဲ။ ဦးဦးကို သမီးပြောဖူးသလိုပဲ…သမီးရဲ့အိပ်မက်က ဦးဦးတို့လို ဆရာဝန်စစ်စစ် ဖြစ်ချင်တာလေ။ သမီး ဆရာ "လက်ာရည်ကျော်" ရဲ့ "ကြိုးကြာတောင်ပံခတ်သံ" ဝတ္ထုကိုလည်း ဖတ်ပြီးသွားပါပြီ။ အဲဒီစာအုပ်ကိုလည်း ဖတ်ပြီးသွားရော သမီးရဲ့ရည်မှန်းချက်တွေက ပိုပြီးခိုင်မာလာပါတယ်။ သမီးလေ…အခုကစပြီး ဆုံးဖြတ်ထားတယ် ဦးဦးရဲ့ သမီး ဆေးတက္ကသိုလ်မှာ အကောင်းဆုံးကြိုးစားပြီး သမီးရဲ့ရည်မှန်းချက်ကို တကယ်ဖြစ်အောင် တကယ်လုပ်မယ်လို့။ တစ်နေ့ကျရင် သမီးလည်း ဦးဦးလို ဆေးကျောင်းသားလေးတွေကို စာသင်ပေးပြီး တစ်ဖက်က လူနာတွေရဲ့အသက်ကို စောင့်ရှောက်ပေးနေတဲ့ ဆရာဝန်ကြီးတစ်ယောက်ဖြစ်လာရင် ဘယ်လောက်တောင် ကောင်းမလဲ။ သမီးရဲ့စာလည်း ရှည်သွားပြီမို့ ဦးဦးကို ဒီစာနဲ့ ကန်တော့လိုက်ပါတယ်"

မကွေးမြို့က ဆရာမကြီးတစ်ယောက်ရဲ့သမီး

"တွယ်တာ"

ကိုင်း သမီးလေး "ထွေး" ရေ…ဒီသမီးလေး "တွယ်တာ" ရဲ့စာလေးကို ဖတ်ရတာ ဦးဦးတစ်ယောက် မဖော်ပြနိုင်လောက်အောင် ဝမ်းမြောက်ဂုဏ်ယူမိတာ အမှန်ပါပဲ။ ဒီသမီးလေး "တွယ်တာ" ရဲ့အောင်မြင်မှုမှာ သင်ခန်းစာယူစရာလေးတွေ အများကြီးရှိနေတယ်။ ပထမဆုံးကတော့ သူ့ရဲ့ "စိတ်ဓာတ်" ပြောင်းလဲသွားမှု။ အရင်တုန်းက ဆရာဝန်မဖြစ်ချင်ဘူး။ ဝါသနာလည်းမပါ၊ စိတ်လည်းမဝင်စား။ စာအုပ်လေးတစ်အုပ်က သူ့ရဲ့စိတ်တွေကို ပြောင်းလဲပေးလိုက်တယ်။ "ဆရာဝန်" ဖြစ်ချင်စိတ်တွေ တဖွားဖွားပေါ်လာတယ်။ ဒီလိုဆရာဝန်ဖြစ်ဖို့ဆိုရင် ဆယ်တန်းမှာ အမှတ်တွေအများကြီးနဲ့ အောင်မြင်ရမယ်ဆိုတာကို သူနားလည်တယ်။ စာတွေ ကြိုးစားတဲ့အခါကျတော့လည်း ဒီစာလေးတစ်ပုဒ်ကျက်ခြင်းဟာ နောင်တစ်ချိန်မှာ လူတစ်ယောက်ရဲ့အသက်ကို ကယ်တင်ဖို့ဆိုတဲ့ ကြီးမြတ်တဲ့စိတ်ထားနဲ့ ကြိုးစားတယ်။ အခုဆိုရင် သူရည်မှန်းမျှော်လင့်တဲ့ ဆေးတက္ကသိုလ်ကျောင်းသူကြီး ဖြစ်တော့မယ်။ ဆေးတက္ကသိုလ်မှာလည်း သူဟာ ဦးဦးတို့လို

အထူးကု ဆရာဝန်ကြီးတစ်ယောက်၊ ကျောင်းဆရာကြီးတစ်ယောက် ဖြစ်လာအောင် ဆက်ကြိုးစားမှာ သေချာတယ်။ သူအားကျဖြစ်ချင်တဲ့ မြတ်နိုးချစ်ခင်တဲ့ ရည်မှန်းချက်ပန်းတိုင်ကလည်း သေချာပေါက် ရေမှာစောင့်နေမှာ မဟုတ်လား။

အဲဒီလိုမျိုး မိမိရဲ့ကိုယ်ပိုင်ရည်မှန်းချက်၊ ယုံကြည်ချက်၊ စိတ်ဓာတ်နဲ့ ဆေးတက္ကသိုလ်ကို ရောက်လာသူဟာ ဆေးစာအုပ်တွေဖတ်ရမှာ၊ လူနာတွေကို လေ့လာစမ်းသပ်ရမှာကို ပျော်ရွှင်စွာ၊ တက်ကြွစွာ၊ စိတ်ပါဝင်စားစွာ လုပ်မှာ အမှန်ပဲ။ ဆေးကျောင်းကို မိဘတွေအတင်းပို့လို့ ရောက်လာ၊ ကျောင်းမတက်၊ ကျောင်းရှေ့ထိ မိဘကလိုက်ပို့ ကျောင်းနောက်ဖေးပေါက်ကထွက်ပြီး "Game" သွားကစား၊ စာမကျက်လို့ မိဘက အတင်းကျက်ခိုင်းရတဲ့ ဝေလေလေ ဆေးကျောင်းသားတွေနဲ့ နှိုင်းယှဉ်ကြည့်လိုက်စမ်း သမီးရေ။

ဒါကြောင့် ဦးဦးကပြောတာ...မိမိလုပ်ရမယ့်အလုပ်ကို ဂုဏ်ယူတန်ဖိုးထားဖို့၊ ယုံကြည်လေးစား ချစ်မြတ်နိုးဖို့ သိပ်ကိုအရေးကြီးတယ်လို့လေ။ မိမိတကယ်ချစ်ခင်တဲ့ အလုပ်တစ်ခုကို တွေ့ပြီလုပ်နေပြီဆိုရင် ဒီလူဟာ တစ်သက်လုံး အလုပ်လုပ်နေတယ်လို့ မခံစားရတော့ဘူး။ သူ ပျော်ရွှင်ဝါသနာပါတဲ့ ကစားနည်းတစ်ခုကို စိတ်ပါလက်ပါ ကစားနေတဲ့ ကလေးလေးတစ်ယောက်လိုပဲ ဖြစ်သွားတော့မှာ အမှန်ပဲ။ ဒီအလုပ်လုပ်နေရတာဟာ သူများတွေခိုင်းလို့၊ ကြောက်လို့၊ မလွှဲသာလို့ မလုပ်ချင်ဘဲလုပ်ရတာ မဟုတ်ဘဲ ကိုယ်ကိုယ်တိုင်က မလုပ်ဘဲ မနေနိုင်အောင် လုပ်ချင်နေတဲ့အလုပ်ဖြစ်တာမို့ ဘယ်သူမှမခိုင်းလည်း သူလုပ်မှာပဲ။ သူလုပ်မယ့်အလုပ်ဟာလည်း တော်ရိလျော်ရိ ဖြစ်ကတတ်ဆန်း မဟုတ်တော့ဘဲ သူ့ရဲ့အကောင်းဆုံးစိတ်ထား၊ အကောင်းဆုံးစေတနာ၊ အကောင်းဆုံး အရည်အချင်းတွေနဲ့ ဘဝတစ်ခုလုံး ပုံအောပြီးလုပ်တော့မှာ အမှန်ပဲ။ အဲသလို လူမျိုးဟာ တခြားဘယ်သူနဲ့မှ ပြိုင်စရာမလိုဘူး။ တခြားသူတွေ ဘယ်လိုပဲထင်ထင် ဂရုမစိုက်ဘူး။ သူယုံကြည်တဲ့၊ သူချစ်ခင်တဲ့ အလုပ်ကို သူ့ဘာသာတန်ဖိုးထားပြီး ပျော်ပျော်ရွှင်ရွှင်ကြီး လုပ်နေမှာပဲ။ ဒီလိုလူမျိုးဟာ စစ်မှန်တဲ့ အောင်မြင်သူမျိုးဖြစ်တယ် သမီးရေ။

ကိုင်း သမီးလေး "ထွေး" ရေ...သမီးရော ခက်ခဲရှုပ်ထွေးတဲ့ ဆေးစာ

တွေကိုကျက်ရတာ ငြီးငွေ့ပင်ပန်းနေပြီလား။ စာလေးတစ်ပုဒ်ကျက်ရလို့ ပင်ပန်းနွမ်းနယ်လာတဲ့အခါ မျက်စိထဲ မြင်ယောင်ကြည့်လိုက်...အခုကျက်လိုက်တဲ့ စာလေးတစ်ပုဒ်ဟာ နောင်တစ်နေ့မှာ လူသားတစ်ယောက်ရဲ့အသက်တွေကယ်တင်နိုင်ဖို့ ဖြစ်တယ်လို့လေ။ ဒါဆိုရင် ဒီစာကိုကျက်ရတာ တန်ဖိုးရှိသွားပြီ၊ ထိုက်တန်သွားပြီ၊ အပင်ပန်းခံရကျိုးနပ်ပြီ။ စာကျက်ရတာ အင်အားတွေပြည့်လာမှာ အမှန်...

သမီးလေး "ထွေး" တစ်ယောက် ပညာလည်းပြည့်ဝ နှလုံးသားလည်းလှပတဲ့ "ဆရာဝန်စစ်စစ်" ဖြစ်ပါစေ...

«« ¤ »»

"

သမီးလေး "တွေး" ရောဘာတွေပုပ္ပန်သောက ရောက်နေသလဲ . . . လူမှန်ရင် ပုပ္ပန်သောက ဆိုတာ ရှိကြစမြဲမို့ ပုလိုက်စမ်းပါ။ ဒါပေမဲ့ ဘယ် ပုံဘယ်နည်း ပုပ္ပန်ရမှာလဲ၊ ဘယ်လောက်အ တိုင်းအတာအထိ ပုပ္ပန်ကြရမှာလဲ . . .

"

# ၁၄

# မပူတာတ်ရှင်

# ရုပ်ဓာတ်ကား



# မပူတတ်ရင် 'ရူး' မဟုတ်ဘူး

မန္တလေးဆေးက သမီးလေး 'ထွေး' ...

သမီးရေးလိုက်တဲ့ စာလေးကိုဖတ်ရပြီး ဦးဦး ကိုယ်ချင်းစာနားလည်မိပါတယ်။ သိပ်ကိုဟုတ်တဲ့ စကားလေးတစ်ခွန်းရှိတယ်... "လူတစ်ခု ပူမှုရယ်တဲ့ တစ်ကုဋေ" တဲ့။ ဦးဦးတို့ လူသားတွေမှာ နေ့စဉ်နဲ့အမျှ ရင်ထဲမှာ စိတ်ထဲမှာရှိနေတတ်တဲ့ အရာတစ်ခုဟာ "ပူပန်မှု" ပဲဖြစ်တယ်။ နဖူးပေါ်လက်တင်ပြီး စဉ်းစားကြည့်လိုက်စမ်း...ဦးဦးတို့တစ်တွေဟာ အချိန်တိုင်း တစ်ခုမဟုတ်တစ်ခုကိုရှာကြံပြီး ပူပန်နေကြရတာပဲ မဟုတ်လား။

ပထမဆုံး သမီးရေးခဲ့တဲ့စာလေးကို ဖတ်ကြည့်ကြစို့...သမီးက ဒီလိုဆိုတယ်။ "ဦးဦးရေ...သမီးလေ အခုတစ်လော အိပ်လို့လည်းသိပ်မပျော်ဘူး။ အိပ်မက်ဆိုးတွေမက်ပြီး လန့်လန့်နိုးနေတယ်။ စိတ်ထဲမှာ ပူပန်စိတ်တွေနဲ့ပြည့်နက်ပြီး တင်းကျပ်နေသလိုပဲ။ ဘာကိုပူပန်နေတာလဲဆိုပြီး စဉ်းစားလိုက်တော့ ပူရတာတွေ များလှပါဘိ။ တစ်ခါတလေကျ ပူပန်မှုတွေများလွန်းလို့ သမီးရဲ့စိတ်တွေ ဖောင်းကားတင်းကျပ်နေတာမို့ သမီး စိတ်ပူဖောင်းကြီးကို အပ်နဲ့ထိုးလိုက်ရင်တောင် ဖောင်းခနဲ ပေါက်ကွဲသွားလိမ့်မယ်လို့ ထင်နေမိတယ်။ စာတွေလည်း ကောင်းကောင်းကျက်မှတ်လို့မရဘူး။ စိတ်အာရုံတွေ ထွေပြားနေတာမို့ စိတ်ကိုလည်း တစ်နေရာတည်းမှာ စုစည်းလို့မရဘူး ဦးဦးရယ်...စာကျက်မယ်လို့ စဉ်းစားလိုက်ရင် ပူပန်စိတ်တွေကပဲ ဝင်ဝင်လာတာနဲ့ အခု ကျက်ရဖတ်ရမယ့်စာကို ဖတ်ဖို့ စိတ်မဝင်စားတော့ဘူး။ ဘာတွေပူနေတာလဲလို့ ဦးဦးကမေးရင် ဥပမာ - စာကျက်နေပြီဆိုပါတော့...သမီး စာတွေအများကြီး ကျက်ဖို့ကျန်သေးတယ်၊

စာမေးပွဲကလည်း နီးနေပြီ စာတွေ ပြီးမှပြီးပါ့မလား၊ စာမေးပွဲမအောင်ရင်တော့ ဒုက္ခပါပဲ။ ဆရာဝန်ဖြစ်ဖို့ လွယ်ပါ့မလား။ ဆရာဝန်ဖြစ်ပြီးတော့ရော အစ်ကိုကြီးတွေ၊ အစ်မကြီးတွေ ကျောင်းပြီးတော့လည်း အလုပ်မရကြဘူး။ အလုပ်မရရင် သမီးဖြစ်ချင်တဲ့ အထူးကု ဆရာဝန်ကြီးတစ်ယောက် ဘယ်လိုလုပ်ပြီး ဖြစ်နိုင်ပါတော့မလဲ။ ရောဂါတွေအကြောင်း ဖတ်ရ ကျက်ရရင်လည်း ဒုက္ခပါပဲ...ဒီရောဂါ ငါ့မှာဖြစ်ရင်တော့ အကြီးအကျယ်ဒုက္ခ။ ဒီရောဂါကြီးဖြစ်ပြီး အိပ်ရာထဲ လဲသေမှာ။ ဟုတ်သားပဲ...တစ်နေ့ကျရင် ဒီလိုရောဂါမျိုး တစ်ခုခုဖြစ်ပြီး သေမှာမုချပဲ။ သေတော့လည်း ပြီးသွားတာပါပဲ။ ဘာဆိုဘာမှ ယူသွားလို့မရဘူးတဲ့။ ဘာမှယူသွားလို့မရတာတွေကို အခု ဘာလို့လိုက်ပြီးရှာနေရတာလဲ။ အခုကျက်နေရတဲ့ စာတွေကိုရော သေရင် ယူသွားလို့ရသလား။ အလကားဖြစ်သွားမှာကို ဘာလို့ ကျက်နေတော့မှာလဲ စသဖြင့် မီးစိုးကြွက်လျှောက် တွေးရင်းတွေးရင်း စာတွေလည်း မကျက်ချင်တော့ဘူး ဦးဦးရာ...သမီးရဲ့ပူပန်သောကတွေကို ငြိမ်းသတ်ပေးပါဦးနော်" တဲ့။

ကိုင်း ဘယ့်နယ်ရှိစ...သမီးရေးတဲ့ စာလေးကိုဖတ်ပြီး ဦးဦးကတော့ ခေါင်းတညိတ်ညိတ်နဲ့ တူလိုက်လေခြင်းရယ်လို့ စိတ်ထဲမှာ ခံစားနေမိပါတယ်၊ သမီးလေး အခုဖြစ်တဲ့အတိုင်း ဦးဦးလည်း သမီးအရွယ်က ဖြစ်ခဲ့တယ်ဆိုတာကို ပြန်တွေးကြည့်မိပြီး ပြုံးနေမိတော့တယ်...ပူပန်ခဲ့ရတာတွေ၊ သောကမီးတွေနဲ့ တောက်လောင်ခဲ့ရတာတွေ။ အဲဒီအချိန်တွေဟာ "ဘဝ" မှာ နမြောစရာကောင်းလိုက်တာ။ ပူပန်စိတ်တွေနဲ့ ပြည့်နက်ပြီး ဘဝဟာ ပျော်ရွှင်စရာ မကောင်းတော့ဘဲ စိတ်ညစ်စရာ၊ စိတ်ရှုပ်စရာ၊ စိတ်သောကတွေနဲ့ အရုပ်ဆိုး အကျည်းတန်နေတော့တာပေါ့။

ပြန်ပြီးစဉ်းစားကြည့်တော့ ဘဝမှာ ကိုယ်ကသာ ကြီးကြီးကျယ်ကျယ် ပူပန်နေရတာ၊ တကယ်တမ်းရော ကိုယ်ပူပန်တဲ့အတိုင်း ဖြစ်လာသလား။ ဖြစ်လာတော့ရော ကိုယ်ထင်သလို ဘဝကြီး ပျက်စီးသွားသလား။ "No...No" လို့ ဖြေရမှာပဲဖြစ်တယ်။

စိတ်ပညာရှင်တွေရဲ့တွေ့ရှိချက်မှာ "ဇရာနိုင်နှန်းသော ကြိုတင်ပူပန်

မှုတွေဟာ အမှန်တကယ် ဖြစ်မလာတတ်ပါဘူး" တဲ့။ မှန်ပါတယ်သမီးရယ်... သမီးတွေးပူသလို ဦးဦး ဆေးကျောင်းသားဘဝမှာ တွေးပူမိခဲ့ပါတယ်။ ဦးဦးက ပညာအရာမှာ သိပ်ပြီးထူးချွန်ထက်မြက်တဲ့သူ မဟုတ်ဘူး။ ဉာဏ်ကလည်း ခပ်ထိုင်းထိုင်း၊ တောသားမို့ အင်္ဂလိပ်စာကလည်း ညံ့၊ အတန်းထဲမှာလည်း အလယ်အလတ် ခပ်ညံ့ညံ့ထဲက၊ ဒါပေမဲ့ "လူနေချုံကြား စိတ်နေဘုံဖျား" ဆိုသလိုပဲ ဖြစ်ချင်တာ မျှော်မှန်းတာကတော့ အောင်မြင်ကျော်ကြားတဲ့ အထူးကုဆရာဝန်ကြီး တစ်ယောက် တစ်နေ့နေ့မှာ ဖြစ်ကိုဖြစ်ရမယ်ပေါ့... "ခါချဉ်ကောင် မာန်ကြီးလို့ တောင်ကြီးကိုဖြိုမယ့်ကြံ ခါးကမသန်" ဆိုတာ ဦးဦးလိုလူမျိုးကို ပြောတာပဲဖြစ်မှာ။ အဲဒီလိုမတန်မရာတွေ မျှော်မှန်းမိသလိုဖြစ်တော့ သမီးအခုဖြစ်သလို ပူပန်စိတ်တွေနဲ့ အိပ်မပျော် ဖြစ်ခဲ့ရတော့တာပေါ့။

အထူးကုဆရာဝန်ကြီးဆိုတာ အရမ်းကို ထူးချွန်တဲ့ ထက်မြက်တဲ့သူတွေမှသာ ဖြစ်နိုင်တာ၊ ငါ့လို ခပ်ညံ့ညံ့က ဖြစ်နိုင်ပါ့မလား...အလုပ်ရဖို့တောင်မှ လွယ်တာမဟုတ်ဘူး။ အလုပ်လေးတစ်ခုရဖို့ ဆရာဝန်တွေ အများကြီး လုယက်ပြီးလျှောက်ကြရတာ။ ဘွဲ့လွန်သင်တန်းတက်ခွင့်ရဖို့က ပိုဆိုးသေးတယ်။ ဦးဦးတို့ မန္တလေးဆေးမှာ ကျောင်းတက်နေတုန်း ဦးဦးတို့ကို စာသင်ပေးနေတဲ့ သိပ်တော်တဲ့ ဆရာတွေတောင်မှ ဘွဲ့လွန်စာမေးပွဲမအောင်လို့ တက်ခွင့်မရကြဘူး။ ငါတို့ဆရာတွေတောင်မှ မအောင်တာ ငါတို့ဆိုရင် ဝေးပြီပေါ့နဲ့ ပူပန်စိတ်နဲ့ အားငယ်စိတ်မာတ်ကျခဲ့ရတယ်။ အဲဒီကိစ္စ တွေးလိုက်တိုင်း မပျော်မရွှင် အိပ်မပျော် စားမဝင်နဲ့ တမှိုင်မှိုင် တတွေတွေ ဖြစ်ခဲ့ရတယ်။

ကိုင်း...ဦးဦး တွေးတောပူပန်သလို ဖြစ်သလား။ ပြန်စဉ်းစားသုံးသပ်ကြည့်လိုက်စမ်း...အဲသလို ပူပန်ခဲ့ရတာ၊ အိပ်မပျော် စားမဝင် ဖြစ်ခဲ့ရတာ လွန်ခဲ့တဲ့နှစ်ပေါင်း အစိတ်လောက်တုန်းက အဖြစ်ကလေးတွေကို အခုပြန်စဉ်းစားကြည့်လိုက်တော့ ရယ်ချင်ပြုံးချင်စရာ ဘာဆိုဘာမှမဟုတ်တဲ့ ကိစ္စကလေးတွေ ဖြစ်သွားခဲ့ပြီ။ (အဲဒီတုန်းက သေရေးရှင်ရေးတမျှ အရေးကြီးတယ် ထင်ခဲ့သမျှ အခုတော့လည်း လမ်းမှာတိုက်ခဲ့မိတဲ့ ခလုတ်ကလေးလို အသေးအဖွဲ့ကလေး ဖြစ်သွားပြီ။)

အရင်တုန်းက ပူပန်စိတ်နဲ့ ဖြစ်မှဖြစ်ပါ့မလားဆိုတာတွေ အားလုံးဖြစ်လာခဲ့တယ်...မြို့"လန်ဒန်"ရဲ့"Royal College"တော်ဝင်ကောလိပ်ကြီးမှာ "MRCOG" ဘွဲ့ယူရတဲ့ နေ့တုန်းကဆိုရင် တကယ်ဖြစ်နေတာမှ ဟုတ်ရဲ့လား၊ ငါ အိပ်မက်မက်နေတာများလားလို့ ဇဝေဇဝါတွေ ဖြစ်ရတာမို့ ကိုယ့်လက်မောင်းကို ဆိတ်ကြည့်ရသေးတယ်။

သမီးပဲ စဉ်းစားကြည့်လေ...မြန်မာပြည်ရဲ့ဟိုးဖနပုဒ်လေးတစ်ခုက ကျောင်းတောင်မနေခဲ့ဖူးတဲ့ မိဘနှစ်ပါးက မွေးဖွားခဲ့တဲ့ ဆေးကျောင်းတက်နေတဲ့ တစ်လျှောက်လုံးမှာလည်း သိပ်ထူးထူးချွန်ချွန်ကြီးမဟုတ်တဲ့၊ အင်္ဂလိပ်စာကလည်း ညံ့လှတဲ့ တောကျောင်းသားလေးတစ်ဦး...အခုတော့လည်း အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တော်ကြီးက အင်္ဂလိပ်လူမျိုး ဆရာဝန်ကြီးတွေ၊ အခြား ဥရောပ၊ အာဖရိက၊ အာရှနိုင်ငံသား ဆရာဝန်ကြီးတွေနဲ့ အတူထိုင်ပြီးတော့"MRCOG" ဘွဲ့ကြီးကို အတူယူခွင့်ရခဲ့ပြီ။

ကိုင်း သမီးလေး"ထွေး"ရေ...လောကကြီးက ဒီလောက်ကြီး မဆိုးသေးပါဘူး။ ဟိုတစ်လောက ဆရာဝန်ဖြစ်ခါစ လူငယ်ကလေးတစ်ဦးက ဦးဦးရဲ့ရှေ့မှာ လာပြီးညည်းညူဖူးတယ်...သူက သိပ်လည်းမတော်၊ ဆွေမျိုးအသိုင်းအဝိုင်း အင်အားကလည်း မရှိ၊ အထူးကုဆရာဝန်ကြီးတစ်ယောက် ဖြစ်ချင်ပေမယ့်လည်း ဘယ်လိုမှဖြစ်နိုင်မှာ မဟုတ်ဘူးလို့လေ။ ဦးဦးကလည်း သူ့ကို အားပေးစကားပြောရတယ်..."မင်းရှေ့မှာထိုင်နေတဲ့ ဆရာကလည်း ငယ်ငယ်တုန်းက မင်းလိုပဲ သိပ်မတော်တဲ့ သာမန်ကျောင်းသား၊ နောက်ပြီး မင်း အခုလို စိတ်ပူပန်သလိုလည်း ပူပန်ခဲ့ရတာပါပဲ။ ဒါပေမဲ့ အခုကျတော့ ပူပန်သလိုမဟုတ်ဘဲ အထူးကုဆရာဝန်ကြီးတစ်ယောက် ဖြစ်လာခဲ့တာပဲ မဟုတ်လား"လို့ ဥပမာပြပြီး ပြောပြအားပေးခဲ့ရတယ်။

အခုလည်း သမီး"ထွေး"ကို ဦးဦး ငယ်စဉ်ကနဲ့ ဥပမာပြပြီး အားပေးစကား ပြောနေခြင်းဖြစ်တယ်။ ကိုယ့်အကြောင်းတွေ ကိုယ်ပြောနေလို့ ကြွားနေတယ်လို့ မထင်မှတ်စေချင်ပါဘူး။ ဦးဦး ဒီလိုပြောပြရတဲ့ ရည်ရွယ်ချက်က ဦးဦးလို ဘာမှမဟုတ်တဲ့ သာမန်ဉာဏ်ရည်ကလေးနဲ့ လူတစ်ယောက်တောင် ပြင်းပြ

တဲ့ဆန္ဒနဲ့ လိုချင်စိတ် ဖြစ်ချင်စိတ်တွေကို အခြေခံပြီးတော့ ကျားကုတ်ကျားခဲ မရမနေ ဖွဲ့နပဲနဲ့ အစွမ်းကုန်ကြိုးစားရင် တစ်နေ့နေ့မှာ မိမိရည်မှန်းတဲ့ ပန်းတိုင်ကို ရောက်နိုင်တာပါပဲဆိုတာကို သိစေချင်တဲ့ စေတနာနဲ့ပဲဖြစ်တယ်။

ကိုင်း...ဒါက သမီးပူပန်တဲ့အတိုင်း မဖြစ်နိုင်ပါဘူး ဆိုတဲ့ဘက်က စဉ်းစားပြီးပြောတာဖြစ်တယ်။ ကဲ မတော်တဆ သမီးပူပန်တဲ့အတိုင်း တကယ်ဖြစ်လာပြီဆိုပါတော့...အဲသလို ဖြစ်လာရင်ကော သမီးရဲ့ဘဝကြီးတစ်ခုလုံး ရေစုန်မျောပြီး ဘာဆိုဘာမှ သုံးစားလို့မရအောင် ဖြစ်သွားမှာလား။ ကိုယ်ပူပန်တဲ့အတိုင်း ဖြစ်ချင်လည်းဖြစ်မှာပဲ။ ဟောဒီလောကကြီးဟာ ကိုယ်ဖြစ်ချင်တာ လိုချင်တာအားလုံး ဖြစ်လာရမယ်လို့ ဖန်တီးတာမဟုတ်ဘူး။ သူ့ဟာသူ ဖြစ်ချင်သလို ဖြစ်နေတဲ့ လောကကြီးမှာ မိမိက အလိုက်သင့် အလျားသင့်နေတတ်ဖို့ နေနိုင်ဖို့ အရေးကြီးတာဖြစ်တယ်။

ဦးဦးဖြစ်ခဲ့ဖူးတဲ့ ကိုယ်တွေ့ဥပမာကလေးတစ်ခုကိုပဲ ပြောပြရဦးမယ် သမီးရေ...ဦးဦးငယ်ငယ်တုန်းက နုလုံးသားနုနုနယ်နယ်မှာ ကြုံခဲ့ဖူးတဲ့ အချစ်ရေးရာ ပြဿနာတစ်ခုပါ။ သမီး "ထွေး" ရော ဦးဦးဖြစ်သလို ဖြစ်ဖူးသလား။ ဒီအရွယ်မှာ အမြီးမပေါက် ဘာ "မျောက်" လဲလို့ ပြောရင်ရော သမီးက ရယ်မောနေမလား။ ဒီလို တက္ကသိုလ်ကျောင်းသားဘဝမှာ ကြုံတွေ့ရစမြဲဖြစ်တဲ့ သဘာဝကျလှတဲ့ ကိစ္စကလေးတစ်ခုပါ။ အခုအချိန်မှာ အခုသာ ကိစ္စလေးတစ်ခုရယ်လို့ ပေါ့ပေါ့ကလေးလိုလို သုံးစွဲခဲ့မိတာ၊ အဲသည်တုန်းကတော့ လောကမှာ ဒီကိစ္စလောက် အရေးကြီးတာ ဘာတစ်ခုမှမရှိတော့ဘူး။ လူငယ်တို့ရဲ့သဘာဝ မိန်းကလေးတစ်ယောက်ကို ချစ်ခဲ့မိတယ်။ မိမိရဲ့သေရေးရှင်ရေးဟာ သူ့ရဲ့အဖြေစကားလေးပေါ်မှာတောင် တည်မှီနေရတယ်လို့ ပြောရလောက်အောင်ပဲ စားလည်းဒီစိတ်၊ သွားလည်းဒီစိတ်၊ ဒီလိုစိတ်နဲ့ အသက်ရှင်နေသယောင်ယောင်။ စိုးရိမ်အပူပန်ဆုံးကတော့ သူ့ဆီက "No" ဆိုတဲ့ စကားလေးတစ်ခွန်း ကြားလိုက်ရမှာကိုပဲ ဖြစ်တယ်။

ပူပန်စိတ်ဟာ သိပ်ကိုဆိုးပေတာပေါ့ သမီးရာ...ညည အိပ်လို့မပျော်ဘူး။ ခြင်ထောင်အမိုးမှာ သူ့မျက်နှာလေးကိုပဲ မြင်ယောင်နေမိတယ်။ သူ "No"

လို့ ငြင်းပယ်လိုက်တဲ့နေ့ဟာ ကမ္ဘာကြီး ပျက်စီးသွားတဲ့နေ့ပဲ ဖြစ်လိမ့်မယ်။ တွေး ပူလိုက်ရတဲ့ ခံစားမှုဟာ ဘယ်လိုစကားလုံးမျိုးနဲ့မှ ပီပြင်အောင် ဖော်ပြနိုင်လိမ့် မယ်မဟုတ်ဘူး။ ပြောရမယ်ဆိုရင်တော့ "No" ဆိုတဲ့ အဖြေစကား ကြားရမှာစိုး လို့ အဖြေကိုတောင် မတောင်းရဲတဲ့အထိ ...

ဒါပေမဲ့ တစ်နေ့မှာတော့ ဒီဇာတ်လမ်းကို အဆုံးသတ်ရမယ့်အဖြစ်မျိုး ကို ရောက်လာတော့တယ်။ အဲဒီနေ့ကို ဒီတစ်သက် ဘယ်တော့မှ ဦးဦးမမေ့နိုင် ပါဘူး။ ချစ်သူက "No" တဲ့ ...ရက်စက်လိုက်တာ၊ ပြောရက်လေခြင်းပေါ့။ ရက် ရက်နဲ့ပဲ ပြောပြရမယ်ဆိုရင် ယောကျ်ားတန်မဲ့ မျက်ရည်တော်တော်ကျအောင် ငိုကြွေးခဲ့ရတယ်။

သူ့ရဲ့အချစ်ကို မရတဲ့ဘဝ ဤမျှသာပဲ အဆုံးသတ်လိုက်ရင် ကောင်း မလားဆိုတဲ့ စိတ်ရူးစိတ်မိုက်တောင် ဝင်ခဲ့သေးတယ်။ ဒါပေမဲ့ မထင်လေနဲ့သမီး ရေ...လူဆိုတာ ကိုယ့်ကိုယ်ကိုယ် အချစ်ဆုံးပါပဲ။ ကိုယ့်ကိုယ်ကိုယ်ထက် ပိုချစ် တယ်ဆိုတဲ့အရာ ရှိမယ်မထင်ပါဘူး။ ကိုယ့်ဘဝကိုယ် အဆုံးမသတ်ရဲသာမက "လွမ်းစရာကို နာစရာနဲ့ဖြေ" ဆိုတဲ့ စကားကလေးလိုပဲ ကိုယ့်ကိုယ်ကိုယ်ပြန်ပြီး အမှန်အတိုင်း သုံးသပ်ဝေဖန်မိတော့တယ်။ သူ ငါ့ကို ဘာလို့မကြိုက်တာလဲ၊ ငါ က ဘာဖြစ်နေလို့လဲ စသဖြင့်ပေါ့။ အဲသလို စဉ်းစားတွေးတောပြီး အမှန်အတိုင်း ရဲရဲကြည့်လိုက်တော့မှ သူမကြိုက်တာ ဘာဆိုဘာမှ မထူးဆန်းဘူး။ သူ့နေရာ မှာ ကိုယ်သာဆိုရင်လည်း ဒီလိုငနဲမျိုးကို ဘယ်ကြိုက်လိမ့်မလဲ။ လူပုံကိုလည်း ကြည့်ဦး...အရပ်က ပုရုံတင်မကဘူး၊ ပိန်ပိန်သေးသေး တကယ့်လူဖလံလေး၊ လေတိုက်ရင်တောင် လွင့်သွားတော့မတတ်။ ရုပ်ကလည်း စုတ်ချွန်းချွန်းနဲ့။ ရုပ် ကမလှ၊ ကာယဗလမှာလည်း သုံည။ စာတော်သလားဆိုတော့လည်း အတန်း ထဲမှာ သူလိုကိုယ်လို၊ ရွက်ကြမ်းရေကျို။ ပညာမရဲရင့်တော့ ပွဲလယ်လည်းမတင့်။ ကိုယ်က ဘာမှမဟုတ်လို့ မိဘအသိုင်းအဝိုင်းက ရာထူးအာဏာ ငွေကြေးဂုဏ် တွေနဲ့ ထိတ်ထိတ်ကြဲဆိုရင် ဟုတ်သေး။ ကိုင်း...ဒီလိုလူမျိုးကို ချစ်သူက "No" လို့ ငြင်းပယ်လိုက်တာဟာ ဆန်းသလား။

အဲဒီမှာပဲ...လွမ်းစရာကို နာစရာနဲ့ ဘယ်လိုဖြေသိမ့်ဖို့ ဖြစ်လာသလဲ

ဆိုတော့ ဦးဦးစိတ်ထဲမှာ ဒီလိုမျိုး မိန်းကလေးတစ်ယောက်ကတောင် မေတ္တာတုံ့ပြန်ချင်စိတ် မရှိလောက်အောင် နုံချာတဲ့ဘဝမျိုးကို နာကြည်းလာတယ်။ အဲဒီလိုနုံချာတဲ့ ဘဝမျိုးကနေ လွတ်မြောက်ပြီး လူတစ်လုံး သူတစ်လုံးဖြစ်အောင် ကြိုးစားမယ်လို့ အဲဒီနေ့မှာပဲ ရဲရဲတောက် ဆုံးဖြတ်ချက်ကိုချလိုက်တယ်။ ဘယ်လောက်တောင် နာကြည်းသွားသလဲဆိုရင် ငါ့ကိုမချစ်တဲ့သူ တစ်နေ့ကျရင် ဒီလိုလူမျိုးကို ငါမချစ်လိုက်မိတာ မှားလေခြင်းရယ်လို့တောင် ဒင်း နောင်တအကြီးအကျယ် ရသွားစေရမယ်လို့တောင် ကြုံးဝါးလိုက်မိတယ်။

အဲဒီနေ့ဟာ ဦးဦးရဲ့ဘဝမှာ ကြီးစွာသော အပြောင်းအလဲကိုဖြစ်စေတဲ့ နေ့ထူးနေ့မြတ်ကြီးဖြစ်တယ်။ ဟိုအရင်တုန်းက ကုပ်ချောင်းချောင်းနဲ့ ခပ်ညှိုးညှိုး ကောင်လေးတစ်ယောက် အပြီးအပိုင် သေဆုံးသွားခဲ့ပြီ။ ရင်ထဲက မခံချင်စိတ် နာကြည်းစိတ်တွေ၊ ရင်နာစိတ် ဝမ်းနည်းစိတ်တွေကို အားမာန်အဖြစ် ပြောင်းလဲနိုင်ခဲ့တဲ့နေ့။

ကိုင်း သမီးရေ…အဲဒါကြောင့် ဘာဆိုဘာမှ ပူပန်ကြီးစွာ သောကပင်လယ်ထဲ နစ်မနေပါနဲ့လို့ သမီးကိုပြောချင်တာ။ အခုပဲကြည့်လေ…ဦးဦးရဲ့ကိုယ်တွေ့အတွေ့အကြုံတွေအရ ပူပန်သလိုဖြစ်မလာတတ်ဘူး၊ အဆင်ပြေသွားတာပဲ။ ပူပန်သလို တကယ်တမ်းဖြစ်လာရင်တောင် စိတ်ပူစရာ မရှိပြန်ဘူး။ အဲဒီလိုဖြစ်သွားတာကိုက ဘဝမှာ အဖိုးမဖြတ်နိုင်တဲ့ အင်အားတွေကို ပေးနိုင်လိုက်လို့ အရမ်းအရမ်းကောင်းတဲ့ အတွေ့အကြုံလေးတစ်ခုပဲလို့ မှတ်ကျောက်တင်စရာတောင် ဖြစ်သွားသေးတယ်။ အခုလိုအချိန်မှာ ဘဝကို ပြန်ပြီးငဲ့စောင်းကြည့်မိတော့…"သူပြန်မချစ်တာ သိပ်ကောင်းတယ်" ဆိုတဲ့ အမြင်မျိုးကိုတောင် ရနေပြီ။ "တစ်ခုခုကို ဆုံးရှုံးရခြင်းဟာ ဒီထက်ကောင်းတဲ့ အရာတစ်ခုကို ဘုရားသခင်က ပေးချင်လို့ပဲဖြစ်ရမယ်" ဆိုတဲ့ စိတ်ကိုထားနိုင်ရင် ဘာကိုပဲ ဆုံးရှုံးရ ဆုံးရှုံးရ ဘဝကြီး မပျက်စီးသွားဘူး။ ပိုကောင်းတာတွေ ရလာဦးမှာဆိုတဲ့ မျှော်လင့်ချက်တွေတောင် ရှိလာနိုင်တယ်။

သမီးလေး "ထွေး" ရော ဘာတွေ ပူပန်သောက ရောက်နေသလဲ… လူမှန်ရင် ပူပန်သောကဆိုတာ ရှိကြစမြဲမို့ ပူလိုက်စမ်းပါ။ ဒါပေမဲ့ ဘယ်ပုံဘယ်

နည်း ပူပန်ရမှာလဲ၊ ဘယ်လောက်အတိုင်းအတာအထိ ပူပန်ကြရမှာလဲ၊ ဒီပူပန်သောကကိုပဲ အင်အားအဖြစ် ဘယ်လိုအသုံးချကြရမလဲ စတဲ့စတဲ့ ပြောချင်တာတွေ အများကြီးကျန်သေးသမို့ ဒီမှာတင်တစ်ခန်းရပ်လို့ နောက်လ ဆက်ကြဦးစို့နော် ...

«« ¤ »»

# ၁၄

# ဒေါက
# ဒိုတာ
# ကမာကောင်လေးထဲက
# သွှင်းစွေ



# 'သောက' ဆိုတာ
# ကမာကောင်လေးထဲက သဲပွင့်လေးတွေ

မန္တလေးဆေးက သမီးလေး 'ထွေး' ...

မပူတတ်ရင် "လူ" မဟုတ်ဘူးလို့ သမီးကို အရင်တစ်လတုန်းက ပြောပြခဲ့တယ်နော်။ ဟုတ်တယ် သမီးရဲ့...သမီးလည်း ပူပန်တယ်၊ ဦးဦးလည်း ပူပန်တယ်။ လူမှန်ရင် ပူပန်စိတ်ဆိုတာ ရှိကြစမြဲ။ ဒါပေမဲ့ ဘယ်ပုံဘယ်နည်း ပူပန်ရမှာလဲ၊ ဘယ်လောက်အတိုင်းအတာထိ ပူပန်ကြရမှာလဲ၊ ဒီပူပန်မှုကို အင်အားအဖြစ် ဘယ်လိုအသုံးချမလဲဆိုတဲ့ မေးခွန်းကလေးကို သမီး သေချာပြန်မေးပြီး ဖြေကြည့်ရမယ်။

တကယ်တမ်း သေချာစဉ်းစားကြည့်... "ပူပန်စိတ်" ဆိုတာဟာ လူတစ်ယောက်ရဲ့ဘဝမှာ တိုးတက်ဖို့၊ အောင်မြင်ဖို့ မရှိမဖြစ် အရေးပါတယ်ဆိုတာ တွေ့နိုင်တယ်။ ဟုတ်တယ် သမီးရဲ့... "ပူပန်သောက" ဆိုတာ မရှိရင် မဖြစ်ဘူး။ ဒီ "ပူပန်စိတ်" ကပဲ လူတွေကို အလုပ်တွေလုပ်ဖို့ တွန်းအားတွေ ပေးနေတာဖြစ်တယ်။ ဒီစာကလေးကို ရေးနေရင်း အကြောင်းတိုက်ဆိုင်လာလို့ မန္တလေးဆေးတက္ကသိုလ် စာပေဟောပြောပွဲမှာ ဦးဦးကို ဆေးကျောင်းသားလေးတစ်ယောက် "ထ" ပြီးမေးတဲ့ မေးခွန်းလေးကို သတိရပြီး ပြုံးမိသေးတယ်။

သူက ဒီလိုမေးတယ် ...

"ဆရာ...ကျွန်တော့်ရဲ့ အခက်အခဲကလေးကို ကူညီဖြေရှင်းပေးပါ။ ကျွန်တော် ဘာဖြစ်နေလဲဆိုတော့ စာမေးပွဲမရှိရင် စာမကျက်ချင်ဘူး။ စာမေးပွဲရှိမှပဲ စာကျက်လို့ရတယ်။ စာမေးပွဲပြီးတာနဲ့ စာကျက်လို့ မရတော့ဘူး...အဲဒါ

ဘယ်လိုလုပ်ရမလဲ" တဲ့။

ဦးဦးရဲ့ပထမဆုံး အဖြေစကားကြောင့် ပရိသတ်က ဝါးခနဲ ပွဲကျသွားခဲ့တယ်။

"စာမေးပွဲရှိမှ စာကျက်ချင်တယ်ဆိုတာ "Normal" ပဲဖြစ်တယ်။ ဒါ "ပုံမှန်" ပဲမို့ သိပ်ကောင်းတယ်။ ဘာမှလုပ်စရာ မလိုဘူး။ ဒီအတိုင်းထားလိုက်" ဆိုတဲ့စကားလေးနဲ့ သူ့မေးခွန်းလေးကို စပြီးဖြေခဲ့တယ်။ ပရိသတ်ကလည်း သူတို့မျှော်လင့်မထားတဲ့ အဖြေစကားမို့လား၊ သဘောကျတဲ့ အဖြေမို့လား... ဘာကြောင့်မှန်းမသိဘဲ လက်ခုပ်လက်ဝါးတီးပြီး အားပေးကြတော့တယ်။ ဒါဆိုရင် သေချာပြီ... ကျောင်းသားတွေ အားလုံးနီးပါးဟာ ဒီလိုပဲဖြစ်နေတာမို့ သူတို့ရဲ့ ခံစားချက်တွေနဲ့ တိုက်ဆိုင်သွားလို့ ဖြစ်လိမ့်မယ်။

ဟုတ်တယ် သမီးရေ... ဟိုးနှစ်ပေါင်း ၃၀လောက်တုန်းက မန္တလေး ဆေးတက္ကသိုလ် ကျောင်းသားဘဝကို ဦးဦးဖြင့် ချက်ချင်းသတိရ လွမ်းတသွားမိတော့တယ်။ စာမေးပွဲတစ်ခု ဖြေဆိုပြီးတိုင်း ရုပ်ရှင်သွားကြည့်ရင်ကြည့်၊ ဘုရားကြီးသွားချင်ရင်သွား၊ မန္တလေးတောင် သွားတက်ချင်တက်၊ ဈေးချိုကို သွားပတ်ချင်ပတ်၊ နောက်ဆုံး ဘယ်ကိုမှ မသွားချင်ရင် အိပ်ရေးပျက်ခဲ့သမျှ အတိုးချပြီး တစ်ရက် နှစ်ရက်လောက် ဘာစာဆိုဘာစာမှ မကျက်ဘဲ အတိုးချပြီးတော့ အိပ်ပစ်လိုက်တယ်။

အဲသလို ဖြေလျှော့အနားယူပြီးပါမှလည်း မကြာခင် ထပ်ပြီးဖြေဆိုရမယ့် စာမေးပွဲအတွက် အားအင်သစ်တွေနဲ့ ပြန်ပြည့်လာပြီး စာတွေပြန်ကျက်ဖို့ ခွန်အားတွေ ပြန်ရလာတာပေါ့။ သမီးပဲ မြင်ယောင်စဉ်းစားကြည့်လေ... လေးကနေ ပစ်လွှတ်လိုက်တဲ့ မြားတစ်စင်းကိုပဲကြည့်။ လေးညှို့ကိုတင် အားပါးတရ ဆွဲပြီး မြားတစ်ချောင်းကိုပစ်၊ ပြီးတာနဲ့ လေးကြိုးကို အသာလျှော့ထား။ နောက်တစ်ခါပစ်မယ်ဆိုမှ လေးကြိုးကို ပြန်တင်းပြီး နောက်တစ်ခါ ပြန်ပစ်ရတယ်။ ဒီမှာ ကြည့်... လေးကြိုးကို အဆုံးထိ အမြဲတင်းထားရင် နောက်ထပ်မြားတစ်စင်းကို ဘယ့်နယ်လုပ် ပစ်လွှတ်နိုင်ပါတော့မလဲ။ အမြဲတင်းနေတဲ့ ကြိုးဟာလည်း ကြာရင် တင်းအားကုန်သွားပြီး ကြာလေလျော့လေ ဖြစ်သွားတတ်တယ်။ ဒါကြောင့်

ကျွမ်းကျင်တဲ့ လေးသမားဟာ သူ့ရဲ့လေးကြိုးကို အချိန်အခါ အခြေအနေနဲ့အညီ တင်းလိုက် လျှော့ပေးလိုက်နဲ့ လိုသလို ကစားပေးရတာပေါ့။

ဒီလိုပါပဲ သမီးရေ...စာမေးပွဲတစ်ခုကို ဖြေပြီးတိုင်း ပင်ပန်းနွမ်းနယ်ပြီး အားကုန်သွားတဲ့ ဦးနှောက်ကို ခေတ္တခဏအနားပေးပြီး အားပြန်မွေးတဲ့အနေနဲ့ ဘာဆိုဘာမှ စာတွေပြန်မကျက်သေးဘဲ ခေတ္တခဏ အနားပေးရတာက ပုံမှန်ပဲ ဖြစ်တယ်။ ဒါကြောင့် စာမေးပွဲ ဒီနေ့ဖြေတယ်။ ဖြေပြီးတာနဲ့ ညမှာ စာတွေ မအိပ်စတမ်း ကျက်နေတယ်ဆိုရင် ဒီလူဟာ "Abnormal" ပဲ၊ ပုံမှန်မဟုတ်တော့ဘူး။ သွက်သွက်ခါအောင် ရူးသွားပြီ။ စိတ်ရောဂါ အထူးကုဆရာဝန်နဲ့ ပြမှဖြစ်တော့မယ်လို့ ဦးဦးက အရွှန်းဖောက်ပြီး ရယ်စရာမောစရာလေးနဲ့ စကားကိုဆက်ပြောရတယ်။

တစ်ခုပဲ...အဲသလို ဖြေလျှော့ပေးတဲ့ စိတ်ဟာလည်း အတိုင်းအဆ အချိန်အခါကို သိတတ်ရတယ်။ စာမေးပွဲတစ်ခုပြီးတာနဲ့ စိတ်ဖြေလျှော့တဲ့အနေနဲ့ "Game" သွားကစားလိုက်တာ နေ့ရောညပါမနားတမ်းဖြစ်သွားပြီး နောက်စာမေးပွဲတစ်ခု ဖြေခါနီးအထိ လေးကြိုးကို ပြန်မတင်နိုင်တော့ဘူးဆိုရင်တော့ သွားပြီ...မှားပြီ။

ခရီးသွားတစ်ယောက်ဟာ လမ်းလျှောက်ရင်း မောလာရင် ခေတ္တခဏလေး အမောဖြေ အနားယူရတယ်။ အမောပြေပြီဆိုတာနဲ့ ချက်ချင်းပြန်ထကာ အားအင်အပြည့်နဲ့ ခရီးဆက်ရမယ်။ အဲသလိုမဟုတ်ပါဘဲ အနားယူတယ်ဆိုပြီး မထတမ်း ဆက်အိပ်နေတယ်ဆိုရင်တော့ သူသွားနေတဲ့ ခရီးပန်းတိုင်ကို ဘယ်တော့မှရောက်တော့မှာ မဟုတ်ဘူးပေါ့ကွာ။

မေးခွန်းမေးတဲ့ ကျောင်းသားလေးကို အဆုံးသတ်မှာ ဦးဦးက ဘယ်လိုပြောရသလဲဆိုရင်...

"ဘာဆိုဘာမှ မပူနဲ့နော်...စာမေးပွဲရှိမှ ကျောင်းသားဟာ စာကျက်ချင်စိတ် ဝင်လာတတ်တဲ့ လူ့စိတ်သဘာဝကို သိတာမို့ ဆေးကျောင်းသားတွေကို စာမကျက်ကျက်ဖြစ်အောင်ဆိုပြီး ဆေးကျောင်းကာလတစ်လျှောက်လုံးမှာ စာမေးပွဲပေါင်းများစွာနဲ့ တစ်ခုပြီးတစ်ခု ချိတ်ဆက်စီစဉ်ထားတယ်။ "စာမေးပွဲ"

တစ်ခုကို အားပါးတရ စာကျက်ပြီးဖြေ၊ တစ်ရက် နှစ်ရက်လောက်နား၊ ပြီးတာနဲ့ မကြာခင်မှာလာမယ့် နောက်စာမေးပွဲအတွက် နောက်တစ်ခါ ထပ်ပြီးစာကျက်။ ဒီလိုနဲ့ပဲ စာမေးပွဲပေါင်းများစွာကို ကျော်ဖြတ်ပြီးတဲ့အခါ ဆရာဝန်တစ်ယောက် ဖြစ်လာမှာပဲဖြစ်တယ်" လို့ ဖြေခဲ့ရတယ်။

ကိုင်း...သမီးရော ဘယ်လိုထင်လဲ၊ ဘယ်လိုမြင်သလဲ။ သမီးကရော "Normal" လား၊ "Abnormal" လား။ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးအမှန်အတိုင်း စစ်ဆေးမေးမြန်းကြည့်စမ်း...ကျောင်းသားတစ်ယောက် စာကျက်ဖို့အတွက် "စာမေးပွဲ" ကျမှာ ကြောက်တယ်။ မအောင်ရင် ဒုက္ခပဲဆိုတဲ့ အပူအပင် သောက စိတ်၊ စိုးရိမ်စိတ်ဟာ မရှိမဖြစ် လိုအပ်တယ်ဆိုတာ သမီးလက်ခံပြီ...ဟုတ်။

ဒါပေမဲ့ "ပူပန်သောက" ရဲ့အတိုင်းအဆဟာ သိပ်ကို အရေးကြီးတာ လည်း အမှန်ပါပဲ...အတိုင်းအဆ မှားသွားခဲ့ရင် အဲဒီသောက ပူပန်စိတ်ဟာ "အင်အား" ကို မဖြစ်စေတော့ဘဲ ပြောင်းပြန်ဆိုးကျိုးတွေ ပေးလာတော့မှာဖြစ် တယ်။ အင်မတန်အရသာရှိတဲ့ ဟင်းတစ်ခွက်မှာ "ဆား" ဆိုတာ မရှိမဖြစ်အရေး ကြီးတယ် မဟုတ်လား။ "ဆား" မပါတဲ့ဟင်းလိုပဲ "ပေါ့ရွှတ်ရွှတ်နဲ့" ဆိုတဲ့စကား လေး ကြားဖူးတယ်ဟုတ်... "ဆား" မပါရင် မဖြစ်ဘူးဆိုပေမယ့် ဒီဟင်းထဲ ပိုပြီး အရသာရှိအောင် ဆိုတဲ့စေတနာနဲ့ ဆားအများကြီး ထည့်လိုက်ပြီဆိုပါတော့... ဒီဟင်းအိုးဟာ ငန်တူးပြီး စားလို့တောင်မရတော့ဘဲ လွှင့်ပစ်ရတော့မှာ မြေကြီး လက်ခတ်မလွဲ မဟုတ်လား။

အဲဒါကြောင့် ဘယ်နေရာမှာမဆို အတိုင်းအဆဆိုတာ သိပ်ကိုအရေး ကြီးတယ်လို့ ပြောတာပေါ့။

"ပူပန်သောက" ဆိုတာ ကမာကောင်လေးထဲက သဲပွင့်လေးလိုပါပဲ။ နည်းနည်းလေးရှိရင် ပုလဲလုံးလှလှလေးကို မွေးဖွားပေးတယ်။ သိပ်များလာရင် တော့ ကမာကောင်ကို သေစေတတ်တယ် ဆိုတဲ့စကားလေးရဲ့တင်စားချက်က မလှပေဘူးလား။

**Worry is like sand in oyster, a little produce a pearl, too much kill the animal. Marcelene Scott.**

ကိုင်း သမီးလေး "ထွေး" ရေ…အခု ဒီစကားကလေးနဲ့ ပတ်သက်ပြီး သမီးရဲ့စိတ်ပူပန်မှုဆိုတဲ့ သဲပွင့်လေးကို သုံးသပ်ကြည့်နော်။ စာမေးပွဲကို မဖြေနိုင်မှာ၊ မအောင်မြင်မှာ စိုးရိမ်ပူပန်စိတ်တော့ ရှိရမယ်။ အဲဒါမှသာ စာကျက်ချင်စိတ် တွန်းအားတွေဖြစ်လာပြီး ကြိုးစားပမ်းစား စာကျက်ချင်စိတ်တွေ ဖြစ်လာမယ်။

အခု သမီးရင်ထဲ စိတ်ထဲမှာဖြစ်နေတဲ့ "ပူပန်သောက" ကတော့ ဟင်းထဲမှာ ဆားတွေအများကြီး ထည့်လိုက်သလို၊ တစ်နည်းပြောရရင် ကမာကောင်လေးထဲကို သဲတွေအများကြီး ဝင်သွားသလို ဖြစ်မနေဘူးလား။ တကယ်တမ်းကျတော့ အဲသလိုမျိုး မဖြစ်သင့်ဘူး သမီးရေ… "မပူတတ်ရင် "လူ" မဟုတ်ဘူး" လို့ ပူပန်ကြရတယ်ဆိုတာ မှန်ပေမယ့်လည်း ဒီပူပန်သောကကို အင်အားအဖြစ် သုံးတတ်ဖို့ သိပ်ကိုအရေးကြီးတယ်။ ပြီးတော့ မိမိရဲ့စိတ်ထဲ နှလုံးသားထဲကို ဝင်ရောက်လာတဲ့ ပူပန်သောကတွေကို လှပတဲ့ ပုလဲလုံးလေးတွေအဖြစ် အသွင်ပြောင်းပစ်နိုင်ရမယ်။ ဒါမှသာ အဖိုးတန်တဲ့ အာဂလူသားတစ်ယောက် ဖြစ်လာမှာ။

"ကြောက်ရွံ့ခြင်း" ဆိုတဲ့ ပူပန်သောကတွေကို ဘယ်လိုရင်ဆိုင်ကြရမလဲ။ ဒါကတော့ ကိုယ်ဟာ "ဘယ်လိုလူမျိုးလဲ" ဆိုတဲ့အပေါ်မှာ လုံးဝမူတည်နေတယ် သမီးရေ။ ဟောဒီ စကားပုံလေးကိုပဲ ကြည့်လေ…

"ဖယောင်းကို အရည်ပျော်စေတဲ့ အပူကပဲ ရွှံ့တွေကိုတော့ မာကျောစေတယ်" တဲ့။

**"The same heat that melts the wax will harden the clay"**

သမီးဟာ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးမေးခွန်းထုတ်ရလိမ့်မယ်။ ငါဟာ "ဖယောင်း" လား… "ရွှံ့" လား။ လောကမှာ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုလူပဲရယ်လို့ သတ်မှတ်လိုက်တဲ့ သတ်မှတ်ချက်ဟာ အရေးအကြီးဆုံးပဲဖြစ်တယ်။ သူများတွေက ကိုယ့်ကို ဘယ်လိုမျိုးပဲထင်ထင် အဲဒီအထင်အမြင်ဟာ တကယ်တမ်းကျတော့ သိပ်အရေးမကြီးဘူး။ ကိုယ့်ကိုယ်ကိုယ် ငါဟာ ဘယ်လိုလူပဲဆို

ပြီး သတ်မှတ်လိုက်တဲ့ ထင်မြင်ချက်ကတော့ အရေးအပါဆုံးပဲဖြစ်တယ်။ အဲဒါကြောင့် ကိုယ့်ကိုယ်ကိုယ် တန်ဖိုးလျှော့ပြီး မသတ်မှတ်မိစေနဲ့။ မိမိရဲ့ဂုဏ်ကို မိမိပြန်ပြီး မနှိမ့်ချမိစေနဲ့။ နှိမ့်ရင်း နှိမ့်ချရင်း တကယ့်ကို နှိမ့်ကျသွားတတ်တယ်ဆိုတာလည်း မမေ့ပါနဲ့။

လောကမှာ "လူ" မှန်ရင် အိုကြရမယ်၊ နာကြရမယ်၊ သေကြရမယ်။ သေရမှာကို မကြောက်တဲ့သူရယ်လို့ ရှိမလား။ အားလုံး ကြောက်ကြတာချည်း။ သေရမှာကို သေလုအောင် ကြောက်ကြရပေမယ့် သေခြင်းကို ဘယ်လိုရင်ဆိုင်ရမယ်၊ အနိုင်ယူရမယ် ဆိုတာကိုတော့ ဘယ်သူမှလည်း မသိကြဘူး။ "ကြောက်တယ် ကြောက်တယ်" ဆိုတဲ့ စိုးရိမ်ပူပန်မှု သောကတွေနဲ့ပဲ "ဝဲလည် ဝဲလည်" ဖြစ်နေကြတယ်။

ဒါပေမဲ့ ဒီပူပန်သောက ကနေပြီးတော့ ကမ္ဘာလောကကြီးရဲ့ လူသားအားလုံးအတွက် အလင်းရောင်အဖြစ်ပေးမယ့် လူသားတစ်ဦး ပေါ်ထွန်းလာခဲ့ဖူးတယ်နော်။ သူကတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၆၀၀လောက်က ပေါ်ထွန်းခဲ့တဲ့ "သိဒ္ဓတ္ထ" မင်းသားပဲဖြစ်တယ်။ သူက... "လူ" ဆိုတာ အိုရမယ်၊ နာရမယ်၊ သေရမယ်ဆိုတာ သိမြင်သွားပြီး သေရမှာကို ကြောက်ရွံ့ပူပန်စိုးရိမ်တယ်။ ဒါပေမဲ့ သူက ဒီလောက်နဲ့ ရပ်မသွားဘူး။ လောကမှာ "သေခြင်း" ဆိုတာရှိရင် "မသေခြင်း" နိဗ္ဗာန်ဆိုတာလည်း ရှိကိုရှိရမယ်ဆိုပြီး မသေတဲ့နေရာကို မရရအောင် ရှာဖွေသွားနိုင်ခဲ့တယ်။ ဒီလို ကိုယ်တိုင်ရှာဖွေတွေ့ရှိသွားတဲ့ အရာကိုလည်း လူသားတွေအားလုံး ဘယ်ပုံဘယ်နည်းနဲ့ ရောက်အောင်သွားနိုင်တဲ့ နည်းလမ်းတွေကိုပါ လမ်းညွှန်ပြသသွားနိုင်ခဲ့တယ်။ ဒါဟာ "ပူပန်သောက" ကို အကောင်းဆုံး အသုံးချသွားခဲ့တဲ့ မဟာလူသားတစ်ဦးရဲ့ အတုယူချင်စရာကောင်းလှတဲ့ ဖြစ်ရပ်တစ်ခုပဲဖြစ်တယ် သမီး။

တိုက်တိုက်ဆိုင်ဆိုင်ပဲ သမီးရေ...အခု ဒီစာလေးကို ရေးနေရင်းကိုပဲ ဦးဦးရဲ့ညီမလေးတစ်ယောက်လို ချစ်ရတဲ့ တပည့်ဆရာဝန်မလေးတစ်ယောက် ဦးဦးဆီကို ရောက်လာတယ်။

"ဆရာရယ်...လုပ်ပါဦး၊ ကူညီပါဦး။ သမီးလေ အရင်တစ်ခေါက်လို

ပြန်ဖြစ်လေမလားလို့ ပူပန်ရလွန်းလို့ အိပ်လို့လည်းမရဘူး။ ဘာလုပ်လို့လုပ်ရမှန်းလည်း မသိအောင် သောကတွေရောက်နေရတယ်။ ဒီ "ပူပန်သောက" က တစ်ချိန်လုံး ခေါင်းထဲမှာ၊ နှလုံးသားထဲမှာ ဖိစီးနှောင့်ယှက်နေလိုက်တာ ဘယ်လိုမှ မောင်းထုတ်လို့လည်း မရဘူး။ ဒီအတိုင်းသာဆိုရင် ဒုက္ခပါပဲ ဆရာရယ်" တဲ့။

ဟုတ်ပါရဲ့ သမီး...ဒီညီမလေးကို ဦးဦးလည်း ကိုယ်ချင်းစာနားလည်စွာ ခေါင်းလေးတညိတ်ညိတ်နဲ့ ကြည့်နေမိတယ်။ မှန်တာပေါ့...သူ့ရဲ့နေရာမှာ ကိုယ်သာဆိုရင်လည်း ဒီလိုပဲ ပူပန်သောကတွေ ဝေနေမိမှာသေချာတယ်။ သူ့ရဲ့အသက်ကလည်း မငယ်တော့ဘူး။ အသက်၄၀နား နီးနေပြီ၊ အိမ်ထောင်ကျတာလည်း နှစ်ပေါင်းများစွာ၊ သားသမီးရတနာ လိုချင်လွန်းလို့ ရူးမတတ်ဖြစ်နေသူ...အရင်နှစ်တုန်းက ရှားရှားပါးပါး ကိုယ်ဝန်ရလာတော့ မိုးမမြင် လေမမြင် ပျော်နေခဲ့တယ်။ သူကိုယ်တိုင်က ဒီဂရီ မဟာသိပ္ပံဘွဲ့ရထားတဲ့ သားဖွားမီးယပ်အထူးကု ဆရာဝန်မတစ်ယောက်မို့ သူ့ကိုယ်သူ ဘယ်ပုံဘယ်နည်း ဂရုစိုက်ရမယ်ဆိုတာ မသိဘဲနေပါ့မလား။

ကိုယ့်ကိုယ်ကိုယ် ပိုးမွေးသလိုမျိုး ဂရုတစိုက်နဲ့ နေနေတဲ့ကြားထဲကပဲ ကိုယ်ဝန် "၈ပတ်" လောက်အရောက်မှာ ဘာဆိုဘာမှ အမှားအယွင်းတစ်ခုမှ မလုပ်မိပါဘဲ သူ့အလိုလို ကိုယ်ဝန်က ပျက်ကျသွားခဲ့ရတယ်။ သူ့သားအိမ် ခြစ်ခံရတဲ့နေ့က မြင်ခဲ့ရတဲ့ ပူဆွေးဝမ်းနည်း နမြောတသ သောကမျက်ရည်တွေနဲ့ ညှိုးငယ်နေတဲ့ မျက်နှာလေးကို တစ်သက်မမေ့ဘူး။

အခု ဒီနှစ်မှာ ကံကောင်းထောက်မစွာ သူသိပ်လိုချင်လှတဲ့ သားသမီးရတနာ ကိုယ်ဝန်လေးကို လွယ်ထားရပြီ။ ကိုယ်ဝန် "၆ပတ်" ရှိပြီပေါ့။ ကိုယ်ဝန်ရလို့ ပျော်ရွှင်ရတဲ့ ကြည်နူးပီတိထက်ကို အရင်တစ်ခါကလို ပြန်ဖြစ်ဦးမှာလားမသိဘူး၊ ဒုက္ခပါပဲဆိုတဲ့ ပူပန်သောက စိုးရိမ်စိတ်တွေဟာ အဆမတန် များလွန်းနေတာမို့ သူ့ခမျာ ဘယ်ပုံဘယ်နည်း ဒီသောကကို မောင်းနှင်ထုတ်ရမယ်ဆိုတာတောင် မသိနိုင်တော့ဘူးပေါ့။

ကိုင်း...သူ့နေရာမှာ သမီးလေး "ထွေး" ဆိုရင်ကော သမီး ဒီစိုးရိမ်


သောကကို ဘယ်ပုံဘယ်နည်း ရင်ဆိုင်မလဲ၊ ဦးဦးနေရာမှာ သမီးလေး "ထွေး" ဆိုရင်ကော ဒီဆရာဝန်မကလေးကို ဘယ်ပုံဘယ်နည်း အားပေးနှစ်သိမ့်မလဲ စဉ်းစားကြည့်ပြီး ဦးဦးဆီ စာရေးလိုက်နော်။

ဦးဦးနဲ့ သမီး ပဟေဠိကို နောက်တစ်လကျ အဖြေညှိကြသေးတာပေါ့။ အခုတော့ ခေတ္တနားမယ်ကွယ်...

«« ¤ »»

# ၁၄

# တစ်ခါပဲ အနာခံမလား
# နှစ်ခါ အနာခံမလား



# တစ်ဒါပဲ အနာခံမလား
# နှစ်ဒါ အနာခံမလား

**မန္တလေးဆေးက သမီးလေး 'ထွေး' ...**

အရင်လတုန်းက "သောကဆိုတာ ကမာကောင်လေးထဲက သဲပွင့်လေးတွေ" လို့ သမီးကို ပြောပြခဲ့တယ်နော်။ သဲပွင့်လေးက ခပ်သေးသေး အနေတော်လေးဆိုရင် သိပ်လှတဲ့ ပုလဲလုံးလေးကို မွေးဖွားပေးပေမယ့် သိပ်များသွားရင်တော့ ကမာကောင်ကို သေစေတတ်တယ်ပေါ့။ "သောက" ဆိုတဲ့ ပူပန်စိတ်ဟာလည်း ဒီလိုပါပဲကွယ်...ပူပန်စိတ်လေး နည်းနည်းရှိမှ အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်မှာ။ ကျောင်းသားတစ်ယောက်အနေနဲ့ စာမေးပွဲကျမှာကို ပူပန်စိတ်လေးရှိပါမှ စာကျက်ဖြစ်မှာ မဟုတ်လား။

တကယ်တော့ ဒီသောကဆိုတာ အပူပဲ။ ဒီအပူဟာ လူတစ်ယောက်ကို ရှေ့ဆက်သွားဖို့ အားပေးနေတဲ့ "တွန်းအား" တစ်ခုဖြစ်တယ်။ တစ်ခုတော့ရှိတယ်...လမ်းလျှောက်နေတုန်း မြန်မြန်ခရီးရောက်အောင်လို့ တွန်းပေးတာက ကောင်းပေမယ့် အားများသွားခဲ့ရင် ရှေ့ကို မှောက်လျားထိုးကြီး လဲကျသွားမယ် မဟုတ်လား။ အဲဒါကြောင့် "သောက" ဆိုတဲ့ "အပူ" မှာ အချိန်အဆမှန်ဖို့ အရေးကြီးတယ်လို့ ပြောနိုင်တာ။ ဟင်းထဲကိုထည့်ရတဲ့ "ဆား" လို၊ ကော်ဖီထဲထည့်ရတဲ့ "သကြား" လိုပဲပေါ့ကွယ်။ ထည့်ရမယ့်အချိန်အဆကို ခန့်မှန်းတွက်ချက်နိုင်တဲ့ "အရည်အသွေး၊ ကျွမ်းကျင်မှု" လိုအပ်တယ်။ သောကဆိုတဲ့ ရင်ထဲက အပူအပန်အကြောင်း ပြောပြရင်း ဦးဦးရဲ့သားတပည့်လေးတစ်ယောက်ကို နှမြောတသစွာနဲ့ မြင်ယောင်လွမ်းမိတယ် သမီး "ထွေး" ရေ။ ဖန်ခါးမြေမှာတုန်းက ဦးဦး

အင်မတန် ချစ်ခင်လေးစားပြီး ဦးဦးလိုမျိုး တစ်နေ့ စာရေးဆရာ အထူးကုဆရာဝန်ကြီးတစ်ယောက်၊ ဆေးတက္ကသိုလ်မှာ ကျောင်းဆရာကြီးတစ်ယောက်ဖြစ်အောင် ကြိုးစားမယ်လို့ဆိုလာသူ ဆေးကျောင်းသားတစ်ယောက်နဲ့ ကြုံခဲ့ဆုံခဲ့ဖူးတယ်။ ဦးဦးရဲ့အိမ်မှာပဲ စာလာကျက်၊ ထမင်းလာစား၊ ညမအိပ်ရုံ ချစ်ခင်တွယ်တာခဲ့ရတဲ့ သားတပည့်လေး...ဒီကောင်ကလေးက အပြင်စာတွေလည်းဖတ်၊ ကျောင်းစာတွေလည်းဖတ်။ သူငယ်ချင်းတွေကိုတောင် စာတွေပြန်ပြီးရှင်းပြနိုင်လောက်အောင် တော်တဲ့ကလေး။ ဒါပေမဲ့ ပဟေဠိတစ်ခုကတော့ ဦးဦးနဲ့တွေ့တဲ့အချိန်မှာ နောက်ဆုံးနှစ် အပိုင်း(ခ)အတန်းမှာ စာမေးပွဲ ဘာသာစုံကျလို့ ပြန်ဖြေရတဲ့ "Supple" ကျောင်းသား။ ဒီလိုကလေးက ဘာကြောင့် ဘာသာစုံ စာမေးပွဲကျရတာလဲလို့ ဦးဦးစုံစမ်းတော့ တိကျတဲ့အဖြေကိုမရဘူး။ တစ်ခုစုံစမ်းလို့ရတာကတော့ သူဟာ စာမေးပွဲနီးလာရင် ပူပန်စိတ်သောကတွေ ကြီးမားလွန်းပြီး အိပ်မပျော်တတ်တော့တဲ့သူ။ စာမေးပွဲအခန်းထဲ ဝင်ရမှာ ကြောက်သူတစ်ယောက်ဖြစ်တယ်ဆိုတဲ့ အချက်လေးတစ်ခုပါပဲ။

တစ်ခါ...ဦးဦး နေ့ခင်းတစ်ခုမှာ အိပ်ပျော်နေတုန်း သူနဲ့သူ့သူငယ်ချင်းတစ်ယောက် စကားပြောတာကို မတော်တဆ ကြားလိုက်ရတော့ အံ့ဩမိသေးတယ်။ သူက ဒီခေတ်ဆေးကျောင်းသားတွေကို ကြည့်လို့ကိုမရတဲ့အကြောင်း။ ကျောင်းတွေပြေး၊ ဂိမ်းတွေဆော့၊ ပညာကိုမကြိုးစား၊ ဆရာဝန်ဘဝကို တန်ဖိုးမထား၊ ပေါ့တီးပေါ့ဆနဲ့ သဘောထားကြတဲ့ ဆေးကျောင်းသားတွေကို တစ်စက်လေးမှ ကြည့်လို့မရ၊ အမြင်ကတ်လှတဲ့ အကြောင်းတွေပေါ့။ တစ်နေ့ သူဖြစ်ချင်တဲ့ ရည်မှန်းချက်တွေကိုလည်း ပြောနေလိုက်တာ။ ဦးဦး ရုတ်တရက် လန့်နိုးလာတဲ့အချိန်လေးမှာ ကြားလိုက်ရတာ ဒီကလေးလေးအတွက် အားတက်ဂုဏ်ယူမိတယ်။

သကြံန်တွင်း ဦးဦးတို့ရဲ့အိမ်မှာ မုန့်လုံးရေပေါ် လုပ်စားကြရင်း ကာရာအိုကေသီချင်းဆိုတော့ ဒီကောင်လေးဟာ "ခင်ဝမ်း" ရဲ့ "နှုတ်ဆက်ခဲ့ပါတယ်" ဆိုတဲ့သီချင်းကို ဆိုသွားလိုက်တာများ ခံစားချက်အပြည့်နဲ့ တကယ့်အဆိုတော်ကြီး ကျနေတာပဲ။

သကြန်အပြီး သူတို့တွေအတွက် နောက်ဆုံးအတန်းတင်စာမေးပွဲကြီး မဖြေခင် "Completion Test" ခေါ်တဲ့ စာမေးပွဲတစ်ခု လုပ်ပေးတယ်။ စာမေးပွဲခန်းထဲကို ဒီကောင်လေး ရောက်မလာဘူး။ သူ့ကို နေရာအနှံ့ ရှာကြဖွေကြနဲ့ သူ့ရဲ့အဆောင်မှာလည်း ရှာမတွေ့၊ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိ။ ဦးဦးတို့ တစ်တွေလည်း စိတ်ပူခြင်းကြီးစွာနဲ့ သူ့အိမ်ကို အကြောင်းကြား။ နောက်ဆုံးကျတော့ ဒင်းကလေး ဘယ်ပျောက်သွားသလဲဆိုတာ သိရချိန်မှာ ဦးဦးတို့အားလုံး နှမြောတသ ယူကျုံးမရ ဖြစ်ကြရတော့တယ်။ ဧရာဝတီမြစ်ထဲ အလောင်းတစ်လောင်းပေါ်တယ်။ ပုပ်ပွပြီး ရုပ်တောင်ဖမ်းလို့မရတဲ့အတွက် ဒီအတိုင်း ဘယ်သူမှန်းမသိဘဲ မြှုပ်လိုက်ရသတဲ့...နောက်ဆုံး မသင်္ကာလို့ လိုက်ပြီးစုံစမ်းတော့မှ အလောင်းကရခဲ့တဲ့ အင်္ကျီ၊ လုံချည်၊ နာရီ၊ မျက်မှန် အားလုံးဟာ ဒီကောင်လေးရဲ့ ပစ္စည်းတွေတဲ့။

ကိုင်း... "ပူပန်သောက" ဟာ ဘယ်လောက်တောင်မှ ကြောက်စရာကောင်းသလဲနော်။ စာမေးပွဲကို ဒင်းလေး ဘာကြောင့်ဒီလောက်တောင် ရှောင်ပြေးချင်ရသလဲ။ ဦးဦးတို့ သိချင်လှပေမယ့် မသိနိုင်တော့တဲ့ ပဟေဠိတစ်ပုဒ်ပေါ့နော်။ သမီးကို စိုးရိမ်သောကအကြောင်း ပြောပြရင်း ဒီကလေးလေးအကြောင်း လွှမ်းဆွတ်သတိရမိတာမို့ ထည့်ပြောမိတာ...ကြီးမားတဲ့ စိုးရိမ်သောကဟာ လူတစ်ယောက်ရဲ့ "အသက်" နဲ့ "ဘဝ" တစ်ခုလုံးကိုတောင် အစိတ်စိတ်အမွှာမွှာ ပျက်စီးဆုံးရှုံးသွားစေနိုင်လောက်တယ်ဆိုတာ ယုံပြီဟုတ် ...

ဟော သမီးရေ...အခုလည်း ဦးဦး အရင်တစ်လတုန်းက ပြောခဲ့သလို ဦးဦးရဲ့ညီမလေးသဖွယ် ချစ်ခင်ရတဲ့ ဆရာဝန်မလေးတစ်ယောက်တော့ဖြင့် "ပြပတ်" ဆိုတဲ့ ကိုယ်ဝန်ကိုလွယ်ထားရင်း အရင်တစ်ခါတုန်းက ပျက်ကျခဲ့ဖူးတာနဲ့ အဲသလိုထပ်ပြီးဖြစ်မှာကို အကြီးအကျယ် စိုးရိမ်ပူပန်နေတဲ့အကြောင်း၊ အိပ်လို့မပျော် စားလို့မဝင်၊ ဘာကိုမှလည်း မလုပ်ချင် မကိုင်ချင်နဲ့ သောကပင်လယ်ဝေနေရတဲ့အကြောင်း ပြောခဲ့တယ်နော်။

သူ့အဖြစ်ကို ကိုယ်ချင်းစာပါတယ်ကွယ်...ဦးဦးတို့လည်း သူ့နေရာမှာ သူ့လိုအခြေအနေမျိုး ရောက်နေရင် သူ့လိုပဲ ပူပန်ကြရမှာ အမှန်ပါပဲ။ ဦးဦးငယ်

ငယ် သူ့အရွယ်တုန်းက အိပ်မပျော်စားမဝင် ဖြစ်ရလောက်အောင် ပူပန်သောက ရောက်ခဲ့ရတဲ့ အဖြစ်မျိုးကိုလည်း ပြန်ပြီးသတိရမိတော့ ပြုံးမိတယ်။ အဲဒီတုန်းက ဦးဦးဟာ သားဖွားမီးယပ်အထူးကု ဘွဲ့လွန်ရပြီးခါစ။ ဘဝမှာ အတက်ကြွဆုံး၊ အလန်းဆန်းဆုံးဖြစ်ရမယ့် လူငယ်တစ်ယောက်။ ဒါပေမဲ့ စိုးရိမ်ပူပန် သောကစိတ်တွေကြောင့် မပျော်နိုင် မရွှင်နိုင်နဲ့ မှိုင်တွေငေးမောနေမိတာ အခါခါ။ သက်ပြင်းတွေအကြိမ်ကြိမ်ချပြီး သောကမီးတွေ ရင်ထဲမှာ တောက်လောင်နေမိတာ စိတ်ညစ်စရာကြီးပါပဲ။

ပူပန်စရာတွေကလည်း အများကြီးပဲ။ မှတ်မိသလောက် တစ်ခုက … သေရမှာကြောက်တဲ့ ပူပန်မှု။ အဲဒီတုန်းက ဦးဦး အသည်းရောင် အသားဝါရောဂါ အပြင်းအထန်ဖြစ်ပြီး ဆေးရုံတက်ခဲ့ရသေးတယ်။ စစ်ဆေးကြည့်တော့ ဦးဦးမှာ အသည်းရောင် အသားဝါ "ဘီပိုး" တွေ့ရတယ်။ ဒီဗိုင်းရပ်စ်ပိုးရဲ့နှိပ်စက်မှုကြောင့် အသည်းကလည်း အတော့်ကို ထိခိုက်ဒဏ်ရာ အနာတရတွေ ဖြစ်နေခဲ့တယ်။ အိပ်နေရာကနေ လှုပ်ရှားလိုက်ရင်တောင် မောတဲ့အခြေအနေ ရောက်ခဲ့တယ်၊ လမ်းတောင် မလျှောက်နိုင်တော့လောက်အောင်။ ဒီရောဂါက မသေဘဲ နာလန်ထလာပေမယ့် ဒီရောဂါပိုးရယ်၊ ဒီရောဂါပိုးရဲ့နှိပ်စက်မှုကြောင့် ဒဏ်ရာရသွားတဲ့ အသည်းရယ်က ခန္ဓာကိုယ်ထဲမှာ ကျန်ရစ်ခဲ့တယ်။ ဒီရောဂါအခံကြောင့် အချိန်မရွေး အသည်းခြောက်၊ အသည်းကင်ဆာဖြစ်ပြီး သေနိုင်တဲ့အန္တရာယ် ရှိတယ်။ အဲဒီဗဟုသုတကြောင့် ပူပန်သောက ရောက်ရတော့တာပေါ့။ ငါများ ဘယ်နေ့ ဒီလို အသည်းခြောက်၊ အသည်းကင်ဆာဖြစ်ပြီး သေမှာလဲလို့ နေ့စဉ်နေ့တိုင်း ပူပန်သောကတွေ ရောက်နေခဲ့ရတယ်။ ဘဝမှာ ဘာမှဟုတ်တိပတ်တိ မလုပ်ခဲ့ရ၊ မနေရသေးဘဲ သေမင်းက လာခေါ်သွားမှာကို ကြောက်လိုက်ရတာ၊ ပူလိုက်ရတာ။ နောက်အပူတစ်ခုကတော့ "MRCOG" လို့ခေါ်တဲ့ အင်္ဂလန်နိုင်ငံ တော်ဝင်ဆေးတက္ကသိုလ်ကပေးမယ့် "တော်ဝင် အထူးကုဆရာဝန်ဘွဲ့" ကို မရမှာ ပူပန်သောကရောက်တာ သမီးရေ။ ဦးဦးရဲ့ဘဝမှာ ဒီဘွဲ့ကြီးကို မရရအောင်ယူဖို့ ရည်မှန်းချက်ပန်းတိုင်တွေ ထားခဲ့တာဆိုတော့ ဒီဘွဲ့ကြီးရဖို့က ဦးဦးရဲ့ဘဝ၊ ဦးဦးရဲ့အသက်။ ဖြစ်ချင်တော့ ဦးဦးတို့လည်း မဟာသိပ္ပံဘွဲ့ရပြီးရော အင်္ဂလန်ကို အစိုးရ

ပညာတော်သင်တွေ ပို့တဲ့ကိစ္စဟာ ဘာကြောင့်မှန်းမသိဘဲ တစ်ခန်းရပ်သွားခဲ့တယ်။ တစ်နေ့သွားရနိုး တစ်နေ့သွားရနိုးနဲ့ မျှော်တော်ဇောနဲ့မောပြီး ရက်တွေကြာညောင်းခဲ့တယ်။ အဲဒီအချိန်မှာပဲ...မကြာခင် ပညာတော်သင်တွေခေါ်မယ်၊ အင်္ဂလန်ကို ပညာတော်သင်စေလွှတ်ဖို့ ဆရာဝန်ဟာ အသက်၃၅ထက် မကျော်ရဘူးလို့ သတင်းတစ်ခု ထွက်လာခဲ့တယ်၊ အဲဒီမှာ ဒုက္ခရောက်တော့တာပဲ။ အဲဒီအချိန်မှာ ဦးဦးရဲ့အသက်ဟာ တကယ်တမ်းတော့ ၃၄နှစ်တောင် မပြည့်သေးဘူး။ ဒါပေမဲ့ တရားဝင် စာရွက်စာတမ်းတွေထဲက အသက်ကကျတော့ ၃၅နှစ်ကျော်သွားခဲ့ပြီ။ ဦးဦးကို သူငယ်တန်းလေး ကျောင်းအပ်စဉ်တုန်းက ဖေဖေတစ်ယောက် ဘယ်လိုကိစ္စပြဿနာတွေနဲ့ ကြုံသလဲမသိပါဘူး၊ ဦးဦးရဲ့အသက်ကို တစ်နှစ်ခွဲတိတိကြီးပြီး ကျောင်းအပ်ခဲ့တယ်။ အဲဒီအချိန်ကစပြီး ဦးဦးရဲ့အသက်ဟာ တစ်နှစ်ခွဲ ကြီးသွားတော့တာပဲဖြစ်တယ်။

ဆေးတက္ကသိုလ် တက်တုန်းကလည်း ဒီအသက်ကြီးတဲ့ကိစ္စကြောင့် ဒုက္ခရောက်ရသေးတယ်။ လူရည်ချွန်စာမေးပွဲဖြေဖို့ လူရွေးတော့ ဦးဦးရဲ့အဆင့်က ထိပ်ဆုံးနားကပါတယ်။ ဖြေဖို့လည်း စာရင်းထွက်ရော ဦးဦးနာမည်က စာရင်းမှာ ပါမလာဘူး။ စုံစမ်းကြည့်တော့ အသက်က သတ်မှတ်ချက်ထက် ပိုကြီးသွားလို့ ပြုတ်သွားတာတဲ့။ အခုလည်းကြည့်ပါဦး...အသက်က တကယ်မဟုတ်ဘဲ စာရွက်ထဲမှာ ကြီးနေတယ်ဆိုတဲ့ စာရွက်လေးကြောင့် ဦးဦးရဲ့ဘဝမှာ အလိုချင်ဆုံးရည်မှန်းချက်ဖြစ်တဲ့ "MRCOG" ဘွဲ့ကြီး မရနိုင်တော့တဲ့ အခြေအနေမျိုးကို ကြုံနေခဲ့ရတယ်။ အဲဒီအချိန်မှာ ဦးဦးတစ်ယောက် ဘယ်လောက်တောင် ပူပန်သောက ပင်လယ်ဝေပြီး မပျော်မရွှင် ဖြစ်ခဲ့ရသလဲဆိုတာ ပြန်ပြီးစဉ်းစားကြည့်ရုံနဲ့ ရင်မောစရာကောင်းလှတယ် သမီးရေ။

နေ့တစ်နေ့ရဲ့အစ မျက်စိနှစ်လုံးပွင့်ပြီး အိပ်ရာကနိုးထလာတာနဲ့ ချက်ချင်းကိုပဲ ဘယ်ကဘယ်လိုတွေ အလစ်ချောင်းနေတဲ့ "ပူပန်သောက" ဆိုတဲ့ ငနဲသားတွေလည်း မသိ...ဦးဦးရဲ့အတွေးအိမ်ထဲ၊ နှလုံးသားထဲ သူတို့ကိုလည်း ဘယ်သူကမှ မဖိတ်ခေါ်ရပါဘဲ အတင်းအဓမ္မ ဝင်ရောက်လာခဲ့ကြတော့တယ်။ မင်္ဂလာရှိလှတဲ့ သာယာလှတဲ့ နံနက်ခင်းကလေးတွေဟာ ဒီပူပန်သောကတွေ

ကြောင့် အကျည်းတန် အရုပ်ဆိုးသွားခဲ့ရပြီ။ မနက်ကတည်းက စလိုက်တဲ့ ပူပန်သောက အပူမီးဟာ ညအိပ်ရာဝင်တဲ့အချိန်ထိ စားလည်းဒီစိတ်၊ သွားလည်းဒီစိတ်ဆိုသလို တစ်ချိန်လုံး ဖိစီးနေခဲ့တယ်။ ကုန်ကုန်ပြောရမယ်ဆိုရင် အိပ်ရာဝင်ပြီး အိပ်ပျော်သွားတဲ့အချိန်မှာတောင် အိပ်မက်ဆိုးတွေမက်ပြီး လန့်နိုးလို့ ချွေးသီးချွေးပေါက်တွေ ကျခဲ့ရတာ ရင်မောစရာ ...

အိပ်မက်ထဲမှာ ဦးဦးက အသည်းကင်ဆာ ဖြစ်နေပြီ။ လူက ဗိုက်ကြီးမှာ ရေဖျဉ်းတွေစွဲပြီး ဖိုးဝရုပ်ကြီးလို ဖြစ်နေပြီ။ ဗိုက်ကသာ ပူပြီးကြီးနေတာ ခြေတွေလက်တွေက ပလွေရိုးလေးလို ရိုးကြီးဂေါင်ဂင်။ မျက်လုံးတွေက နနွင်းလိုဝါထိန်လို့။ အဲဒီသေခါနီး ရောဂါခံစားနေရတဲ့ လူနာရဲ့နောက်ကနေ သေမင်းဆိုတဲ့ငနဲကြီးက နောက်ကနေ ဓားကြီးထမ်းပြီးတော့ လိုက်သတဲ့။ ဦးဦးမှာ ကြောက်ကြောက်လန့်လန့်နဲ့ ပြေးလိုက်ရတာ။ ပြေးရင်းပြေးရင်း ရှေ့မှာ ချောက်ကမ်းပါးကြီးတစ်ခုခံနေလို့ ဆက်ပြေးလို့မရတော့ဘူး။ နောက်က သေမင်းဆိုတဲ့ငနဲကြီးကလည်း ပြောင်လက်ထက်ရှလှတဲ့ ဓားကြီးကိုကိုင်ပြီး အတင်းလိုက်တာ တစ်စထက်တစ်စ နီးကပ်လာခဲ့ပြီ။ ချောက်ကမ်းပါးကြီးထဲ ခုန်ချပြီး လွတ်အောင်ပြေးဖို့ကြည့်လိုက်တော့လည်း ချောက်ကြီးထဲမှာ ကျားကြီးအကြီးကြီးတစ်ကောင်က ပါးစပ်ကြီးဟာပြီး အောက်ကနေ အသင့်စောင့်နေတယ်။ စဉ်းစားကြည့်လိုက်စမ်းသမီး...နောက်ကလိုက်လာတဲ့ သေမင်းကလည်း ဓားကြီးကိုဝှေ့ယမ်းရင်း တဖြည်းဖြည်းနီးကပ်လာပြီး အောက်ကကျားကြီးကလည်း တဝုန်းဝုန်းနဲ့ အော်ဟာစ်မာန်ဖီပြီးတော့ သွားကြီးတွေ ဖြီးပြနေပြီ။ အဲဒီချောက်ကမ်းပါးထိပ်က ဦးဦးတစ်ယောက် ဘာလုပ်ရပ့ါ...အဲဒီမှာပဲ ကြောက်လန့်တကြားနဲ့ အော်ဟစ်ပြီး အိပ်ရာကလန့်နိုးရတာလည်း အကြိမ်ကြိမ်အခါခါ။ ညကြီးသန်းခေါင်မှာ ချွေးသီးချွေးပေါက်တွေကျပြီး ရင်တုန်ပန်းတုန်နဲ့ အိပ်ရာထဲထထိုင်ပြီး ဒီပုံစံအတိုင်း မိုးလင်းခဲ့ရတာတွေ၊ အိပ်ပျက်ညပေါင်း များခဲ့ပြီကော သမီးရေ...

အဲသလို ပူပန်စိတ်တွေနဲ့ ဒုက္ခရောက်ရတဲ့ထဲ တစ်ရက်ကျတော့ ဦးဦးတာဝန်ယူပြီး လုပ်ခဲ့ရတဲ့ နိုင်ငံခြားသား ပါမောက္ခတစ်ဦးရဲ့ ဟောပြောပွဲမှာ ပိတ်ကားပေါ်ထိုးပြတဲ့ ဆလိုက်မီးလုံးဟာ ပြရင်းနဲ့ကျွမ်းသွားခဲ့တယ်။ အဲဒီမီးလုံးက

လည်း လဲဖို့မလွယ်ဘူး၊ အရမ်းရှားပါးတဲ့ပစ္စည်း။ အဲဒီည ၁၁နာရီကျော်မှာ တယ်လီဖုန်းနဲ့ အဲဒီမီးလုံးကို ၂ရက်အတွင်း အပြီးလဲလှယ်ပြီး ဖြစ်ရမယ်ဆိုတဲ့ အကြီးအကဲရဲ့တစ်ချက်လွှတ်အမိန့်ရတယ်။ အိုး ဒုက္ခပါပဲ…ဦးဦးတော့ဖြင့် အဲဒီညက ရူးသွားမလားတောင် ထင်မှတ်မှားရလောက်အောင် သောကပင်လယ်တွေ ဝေရတော့တာပါပဲ…အိပ်လို့မရတော့ဘူး။ အဲဒီမီးလုံးကို ဒီ၂ရက်အတွင်း ဘယ်လိုများလိုက်ရှာရပါ့မလဲ။ ဘယ်လိုမှကို စဉ်းစားလို့မရဘူး…ဒုက္ခပါပဲ။ အဲဒီမီးလုံးကို အချိန်မီပြန်ရှာပြီး မတပ်နိုင်ခဲ့ရင် အကြီးအကဲက ငြိုငြင်အပြစ်တင်တော့မယ်။ သူ့စိတ်ထဲ မကျေမနပ်ဖြစ်သွားရင် ငါ့ဘဝတော့ပျက်ပါပြီလို့ မီးခိုးကြွက်လျှောက်တွေးပြီး ပူပန်သောကတွေ ရောက်ရတော့တာပေါ့ကွာ။

ကိုင်း…အဲဒီတုန်းက ခံစားခဲ့ရတဲ့ "ပူပန်သောက" တွေကို အခု သမီး ဖတ်ကြည့်လိုက်တော့ ဘယ်လိုထင်သလဲ။ အဲဒီတုန်းက သေတော့မတတ်၊ ရူးတော့မတတ် အကြီးအကျယ် ခံစားခဲ့ရတဲ့ ပူပန်သောကတွေအားလုံးဟာ အခု အချိန်မှာ နောက်ကိုပြန်ပြီး ငဲ့စောင်းကြည့်လိုက်တော့ အဲဒီအဖြစ်အပျက်တွေ အားလုံးဟာ ဟိုးငယ်စဉ်က လမ်းမှာတိုက်မိခဲ့တဲ့ ခလုတ်လေးလောက်တောင် အရေးမပါတော့ဘူး။ ဘာဆိုဘာမှလည်း မဟုတ်တော့ဘူး။

အသည်းကင်ဆာဖြစ်ပြီး သေမှာကြောက်လှတဲ့ ဦးဦးတစ်ယောက် အခုထိတော့ မသေသေးဘူး…အသက်တွေ ကြီးပေးထားတဲ့ ဖေဖေ့ကို အကြီးအကျယ် စိတ်ဆိုးဒေါသတွေထွက်ပြီး "MRCOG" ဘွဲ့ကြီး မရတော့ဘူးလို့ ဝမ်းနည်းခဲ့တဲ့ဦးဦး အခု "MRCOG" ဘွဲ့ကြီး ရရုံတင်မကဘူး၊ အခု အသက်တစ်နှစ်ခွဲတိတိ ကြီးပေးထားတဲ့ ဖေဖေ့ကို နေ့စဉ် ရှိခိုးဦးချကန်တော့ပြီး ကျေးဇူးတင်စကားတွေ ပြောနေခဲ့ပြီ။ ဟုတ်တယ်လေ…ဒီလောက်ပင်ပန်းတဲ့အလုပ်ကို အသက်ကြီးထားလိုက်တော့ စောစောစီးစီး သက်ပြည့်ပင်စင်ရပြီး စောစောအနားယူရတော့မယ်။ ဘယ်လောက်တောင်ကောင်းလဲ…ညကြီး အိပ်မပျော်နိုင်လောက်အောင် ပူပန်သောကတွေရောက်ခဲ့ရတဲ့ မီးလုံးစုတ်ကိုလည်း နောက်တစ်နေ့ကျတော့ ညီလေးတစ်ယောက်က ရန်ကုန်ကအစုတ်ပလုတ်တွေရောင်းတဲ့ ကုလားဆိုင်တစ်ဆိုင်ကနေ ဈေးပေါပေါနဲ့ရခဲ့လို့ အသာလေး လဲတပ်လိုက်နိုင်ခဲ့တယ်။

ဒီမီးလုံး အချိန်မီ မလဲနိုင်လောက်ဘူး၊ အဲဒီမီးလုံးကို မလဲနိုင်မှ ရေရေလည်လည် နွှာမယ်လို့ ရည်မှန်းထားပုံရတဲ့ အကြီးအကဲခများလည်း အချိန်မီတပ်ထားခဲ့တဲ့ မီးလုံးကိုကြည့်ပြီး ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားခဲ့တဲ့ပုံစံကို အခုပြန်တွေး လိုက်တိုင်း ရယ်ချင်နေမိတော့တယ်။

ကိုင်း သမီးရေ...အဲဒီဥပမာလေးကိုပဲ ကြည့်ပါဦးကွယ်။ ပူပန်သောက ရောက်ပြီး အိပ်မပျော်စားမဝင် ရူးမတတ် သေချင်စော်နံလောက်အောင် ခံစားခဲ့ ရတာတွေဟာ ထိုက်တန်ပါရဲ့လား။ အဲဒီလို ပူပန်သောကတွေရောက်တော့ရော ဒီပြဿနာတွေက ပြေလည်သွားမှာတဲ့လား။ ဘာများအကျိုးရှိသလဲ။ အဲသလို တွေ ရှေ့အနာဂတ်မှာ ဖြစ်လာနိုင်တဲ့ ပြဿနာတွေအတွက် မလိုအပ်ဘဲကြိုတင် ပူပန်ပြီး စိတ်ဆင်းရဲရတာ သောကရောက်ရတာတွေဟာ လုံးဝမထိုက်တန်ဘူး၊ သိပ်ကိုရူးတယ်။

ဒါကြောင့် "စိုးရိမ်သောက" ဆိုတာဟာ နောင်မှာကြုံတွေ့ရမယ့် ဒုက္ခ တွေအတွက် ကြိုတင်ပြီး အတိုးဆပ်နေရခြင်းပဲဖြစ်တယ်။

"**Worries are the interest you are paying for the troubles that may encounter in the future**" လို့ "Dr. Engale" က ပြောခဲ့တာဖြစ်တယ်။

ဟုတ်တယ်လေ သမီး...ဘယ်တော့ ဘယ်အချိန်မှာ ရောက်လာမှန်း မသိသေးတဲ့ အနာဂတ်မှာ ဖြစ်နိုင်တဲ့ပြဿနာအတွက် ကြိုတင်ပြီးတော့ ပူပန် သောက ရောက်ရတယ်ဆိုတာ ပိုက်ဆံတောင်မှ မချေးရသေးဘူး၊ ကြိုတင်ပြီး အတိုးတွေ ပေးနေရတဲ့သဘောနဲ့ တူမနေဘူးလား၊ လုံးဝကို မထိုက်တန်ပါဘူး ကွယ်။

ဒါကြောင့် ခုနတုန်းက ကိုယ်ဝန်ပျက်ကျမှာစိုးလို့ ပူပန်သောကတွေ ရောက်ပြီး စိတ်အကြီးအကျယ်ညစ်နေတဲ့ ဆရာဝန်ညီမလေးကို ဦးဦးက အား ပေးနှစ်သိမ့်ရတယ်။ အဖြစ်အပျက်တစ်ခုဟာ ကိုယ်က ဘယ်လိုမြင်တတ်သူလဲ ဆိုတဲ့ပေါ်လိုက်ပြီး ခံစားချက်တွေ ပြောင်းလဲသွားတတ်တယ် ဆိုတဲ့အကြောင်း။ အဲဒါကတော့ မင်းဟာ အဆိုးမြင်တတ်သူလား...အကောင်းမြင်တတ်သူလား

ဆိုတဲ့မေးခွန်းကို ဖြေဖို့ပါပဲ။ အဖြစ်အပျက်တွေ အရာရာတိုင်းမှာ အကောင်းရော အဆိုးရော ရှုထောင့်နှစ်ဖက်စလုံး ရှိတတ်ကြစမြဲ...အခု ဒီဆရာဝန်မလေးဟာ အသက်မငယ်တော့တဲ့အချိန်မှာ ရှားရှားပါးပါးရလာတဲ့ ပထမကိုယ်ဝန်က ဘာကြောင့်မှန်းမသိဘဲ ပျက်ကျသွားခဲ့တယ်။ အခု တစ်နှစ်အကြာမှာ ကိုယ်ဝန်ပြန်ရတယ်။ ကိုင်း ဒီအဖြစ်ကိုကြည့်စမ်း...အကောင်းမြင်တဲ့စိတ်နဲ့သာ ကြည့်တတ်ရင် သူ ဘယ်လောက်ကံကောင်းသလဲ။ ဒီအသက်အရွယ်၊ ဒီအခြေအနေမျိုးမှာ (သူတို့လင်မယားနှစ်ယောက်က တစ်မြို့စီတစ်နယ်စီ တကွဲတပြား နေရရှာတာ။ တစ်ခါတစ်ရံကျမှသာ ချိန်းတွေ့ကြရတာ။) ဒီလောက်အချိန် တစ်နှစ်လောက်အတွင်းမှာ ကိုယ်ဝန်ပြန်ရသွားတဲ့ကိစ္စဟာ ဘယ်လောက်များတောင် ကုသိုလ်ကံကောင်းထောက်မသလဲ။ စဉ်းစားကြည့်စမ်း...ကောင်းတာတွေဖြစ်လာပြီဆိုပြီး ကြည်နူးချမ်းမြေ့စွာနဲ့ ပျော်ပျော်လေး နေမယ်ဆိုရင်လည်း ဖြစ်တာပဲ။

အဲသလိုမဟုတ်ဘဲ ဒုက္ခပါပဲ...အရင်တစ်ခါကလို ဖြစ်ဦးမလား မသိဘူး၊ စိတ်ပူလိုက်တာ။ စားလို့လည်းမဝင်၊ အိပ်လို့လည်းမပျော်၊ အလုပ်မှာလည်း စိတ်မဝင်စားဆိုပြီး အကြီးအကျယ် ပူပန်သောက ရောက်နေရင်လည်း ရတာပါပဲကွယ်။

ကိုင်း သမီးရေ...ဒီအဖြစ်လေးတွေဟာ ဒီစကားပုံလေးနဲ့ မတူပေဘူးလား။

**The optimist sees the doughnut, but the pessimist sees the hole.**

"အကောင်းမြင်သမားက ဒိုးနပ်မုန့်ကို မြင်တယ်၊ အဆိုးမြင်သမားက မုန့်ရဲ့အလယ်က အပေါက်ကြီးကို မြင်တယ်" လို့ "Manandburgh Wilson" က ပြောခဲ့တယ်။ မုန့်လက်ကောက်လိုပုံစံ ဒိုးနပ်မုန့်ဆိုတဲ့ မုန့်က လက်ကောက်ပုံစံမျိုး အလယ်မှာ အပေါက်ကြီးနဲ့လေ။

သမီးရော ဘယ်လိုလူမျိုးလဲ...အကောင်းမြင်တတ်သူလား၊ အဆိုးမြင်တတ်သူလား။

Pessimism is a mental disease "အဆိုးမြင်တတ်ခြင်းဟာ

ိတ်ရောဂါတစ်မျိုးဖြစ်သည်" လို့ "Upton Sinclair" က ပြောခဲ့တယ်။

"Optimism" ဆိုတာကတော့ "A feeling that something good will happen; something will be successful... tendency to have that feeling...

ကောင်းတာတွေဖြစ်လာမှာ၊ အောင်မြင်မှာ...ဆိုတဲ့ စိတ်ခံစားချက်မျိုးပဲဖြစ်တယ်။

ဖြစ်နိုင်ခြေက ၂ခုရှိတယ်။ ကောင်းတာရယ်၊ ဆိုးတာရယ်...ကောင်းတာတွေ ဖြစ်လာမယ်လို့ ခံစားရသူက စိတ်လည်းမညစ်ဘူး၊ စိတ်ပျော်ရွှင်ချမ်းမြေ့တယ်။ ဆိုးတာတွေ ဖြစ်လာမယ်လို့ ခံစားရသူကတော့ စိတ်ညစ်ရမယ်၊ ပူပန်သောက ပူလောင်စိတ်တွေနဲ့ စိတ်ဆင်းရဲရမယ်။

ဘာဖြစ်လာမယ်ဆိုတာ ဘယ်သူမှမသိနိုင်ဘူး။ ကံကြမ္မာ ဘယ်လိုဖန်လာမယ်ဆိုတာ မသိနိုင်တဲ့ကိစ္စမျိုးမှာ အကောင်းမြင်တတ်သူက စိတ်သက်သာရာ ရတတ်တယ်။ အဆိုးမြင်တတ်သူကတော့ မဖြစ်သေးခင်မှာလည်း ပူပန်စိတ်နဲ့ စိတ်ဆင်းရဲရတယ်။ အဆိုးဖြစ်သွားခဲ့ရင်လည်း ထပ်ပြီးစိတ်ဆင်းရဲရဦးမယ်။ အကောင်းမြင်တတ်သူက အဆိုးဖြစ်သွားခဲ့ရင်လည်း တစ်ခါပဲနာတယ်။ အဆိုးမြင်တတ်သူကတော့ မဖြစ်ခင်ရော ဖြစ်ပြီးရော စိတ်ဆင်းရဲရတာဆိုတော့ နှစ်ခါနာတယ်။

ကိုင်း...သမီးဆိုရင်ရော တစ်ခါပဲ အနာခံမလား၊ နှစ်ခါ အနာခံမလား ကြိုက်ရာရွေးချယ်နိုင်တယ်နော်။

«« ¤ »»

# ၁၃

# သောကာ ဘာပျော်မြူးနေတာ ပဝိဝေကတော်ကြောင်း


သောက
အမှုန်
ဖုံးနေတဲ့
အတိတ်တောင်ကုန်း

# သောကအမှောင်ဖုံးနေတဲ့
# အတိတ်တောင်ကုန်း

**မန္တလေးဆေးက သမီးလေး 'ထွေး' . . .**

မနက်မိုးလင်း မျက်စိနှစ်လုံးဖွင့်ပြီး အိပ်ရာထတဲ့ အချိန်ကာစပြီးတော့ နေ့သစ်တစ်ခုကို အစပျိုးတယ်။ တစ်နေ့လုံး လှုပ်ရှားသွားလာ လုပ်စရာရှိတာတွေလုပ် (လုပ်ချင်တာတွေလည်း ရှိမယ်။ မလုပ်ချင်ဘဲ လုပ်ရတာတွေလည်း ရှိမယ်။) အဖြစ်အပျက်တွေက အများကြီးပါပဲ။ ကောင်းတဲ့အဖြစ်တွေလည်း ရှိမယ်။ ဆိုးတာတွေလည်း ရှိမယ်။ ပျော်ရတာရှိသလို စိတ်ညစ်စရာတွေလည်းရှိမှာ ဧကန်မုချပဲ။ ကြုံသမျှကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ သေချာပေါက် ရင်ဆိုင်ကြရတယ်။ အဲဒီလိုနဲ့ပဲ (မသေသွားခဲ့သေးရင်) နေ့ခင်း အလင်းရောင်ကွယ်ပျောက်လို့ ညရဲ့အမှောင်က ချင်းနင်းဝင်ရောက်လာကြတော့မယ်။ တစ်နေ့လုံးဖွင့်ထားခဲ့ရတဲ့ မျက်လုံးတွေလည်း မှေးစင်းပြီး တခေါခေါနဲ့ အိပ်မောကျသွားတော့မယ်။ နေ့တစ်နေ့တော့ဖြင့် ပြီးဆုံးသွားခဲ့ပြီပေါ့...လူ့ဘဝမှာကျင်လည်ကြသူတိုင်း နိစ္စဓူဝ ဒီလိုပဲ ကြုံတွေ့ရင်ဆိုင်ကြရမယ်။ နောက်ဆုံးတစ်နေ့ မျက်လုံးတွေ လုံးဝမှိတ်ပြီး မနိုးသောအိပ်ခြင်းနဲ့ ထာဝရ အိပ်စက်သွားတော့မယ့်နေ့အထိ ဒီလိုပဲ တစ်နေ့ပြီးတစ်နေ့ ကုန်ဆုံးကြရမယ်။

"ဘဝ" ဆိုတာ တိုတိုလေးပါကွယ် . . . ဘဝက တိုရတဲ့အထဲ တစ်နေ့တစ်နေ့ကို ဘာဆိုဘာမှ မလုပ်ရဘဲ အိပ်နေရတဲ့အချိန်တွေက ဘယ်လောက်ရှိသလဲ။ သမီးပဲ စဉ်းစားကြည့်...တစ်နေ့မှာ ၂၄နာရီရှိတဲ့အထဲ ည၁၀နာရီအိပ်၊ မနက်၆နာရီမှာ ထတယ်ဆိုရင် တစ်နေ့အိပ်ချိန်က ၈နာရီ။ ကြည့်စမ်း...ဘဝကို

သုံးပုံပုံရင် တစ်ပုံက အိပ်ခြင်းနဲ့ အချိန်ကုန်နေတာ၊ တစ်နည်းပြောရရင် သေနေတာပဲ မဟုတ်လား။

အဲသလိုနေရတဲ့ ဘဝတာ တိုတိုကလေးကို ဦးဦးတို့တွေ ဘယ်လိုများ သုံးနေ ဖြုန်းနေကြသလဲ။ သမီးစဉ်းစားကြည့်နော်…ဦးဦးလည်း စဉ်းစားကြည့်မယ်။ သမီးတော့ မသိဘူး၊ ဘဝရဲ့အချိန်အတော်များများမှာ ကိုယ် ဘာတွေလုပ်ပြီး အချိန်ကုန်ခဲ့သလဲ။

ဦးဦး ကိုယ့်ကိုယ်ကိုယ် မညာစတမ်း မညာစတမ်း စဉ်းစားကြည့်လိုက်တော့ အခုလက်ရှိ ရပ်တည်ရှင်သန်နေရတဲ့အချိန်မှာ တကယ်တမ်းမနေဖြစ်တဲ့ အချိန်တွေ အများကြီး တွေ့ရတယ်။ အမှန်ပြောရမယ်ဆိုရင် အဲဒီအချိန်တွေက တောင် ပိုများနေမလား မသိဘူးနော်။ အခုလက်ရှိအချိန်မှာ မနေဘဲ စိတ်က ပြီးခဲ့တဲ့ အတိတ်ကဖြစ်ရပ်တွေကို ပြန်တွေးပြီး ဝမ်းနည်းစိတ်ညစ် စိတ်တိုအလိုမကျ အားငယ်နောင်တရရတဲ့အချိန်တွေ ဘယ်လောက်များသလဲ။ ပြီးတော့ ကိုယ့်စိတ်ထဲမှာ ဖြစ်မလာသေးတဲ့၊ ရောက်မလာသေးတဲ့၊ ရှေ့အနာဂတ်မှာ ဖြစ်မယ့်အရာတွေအတွက် စဉ်းစားတွေးတောပြီး ကြိုကြိုတင်တင် ပူပန်သောကတွေနဲ့ စိုးရိမ်နေရတဲ့အချိန်တွေကရော ဘယ်လောက်တောင် များသလဲ။ သမီးလည်း ကိုယ့်ကိုယ်ကိုယ် သေချာမေးကြည့်ဦးနော်။

လူ့သဘာဝတွေဟာ ထူးဆန်းတယ် သမီးရေ…အတိတ်ဘဝမှာ ဖြစ်ခဲ့ပျက်ခဲ့သမျှ အတွေ့အကြုံတွေထဲက ကောင်းတာတွေလည်း ရှိ၊ မကောင်းတာတွေလည်း ရှိခဲ့ကြမှာဆိုပေမယ့် မကောင်းတာတွေကိုပဲ ပိုပြီးတော့မှတ်မိတတ်တယ်။ အာရုံထဲမှာလည်း မထွက်နိုင်ဘဲ စွဲစွဲမြဲမြဲ တဝဲလည်လည် ဖြစ်နေတတ်တယ်။

တစ်ခါတလေများ အံ့ဩစရာကောင်းလိုက်ပုံက ပျော်ရမယ့်အချိန်ကို ရောက်နေတာတောင် မပျော်နိုင်ဘဲ အတိတ်ကကြုံခဲ့ရတဲ့ ဖြစ်ပြီးသွားပြီဖြစ်တဲ့ ဘာဆိုဘာမှလည်း ပြုပြင်ပြောင်းလဲပစ်လို့ မရနိုင်တော့ပြီဖြစ်တဲ့ ဆိုးရွားတဲ့စိတ်မချမ်းမသာ ဖြစ်စေတဲ့အဖြစ်တွေကို ပြန်ပြန်ဖော်ပြီး ထပ်ကာထပ်ကာ မပြီးနိုင်မစီးနိုင်လောက်အောင် စိတ်ဆင်းရဲနေမိတော့တယ်။

အဲဒီလိုစဉ်းစားမိတော့ သမီးရဲ့ "အန်တီသက်" တစ်ခါက ကြုံတွေ့ခဲ့ရတဲ့ အဖြစ်လေးက ဦးဦးရဲ့အတွေးထဲ ဝင်ရောက်လာတယ်။ ဦးဦးတို့ ဇနီးမောင်နှံနှစ်ယောက်ရဲ့ ချွေးနဲ့စာနဲ့ ပထမဆုံးဝယ်ယူခဲ့တဲ့ တိုက်ခန်းကလေးကို ပြင်ဆင်ဖို့ရာ ကန်ထရိုက်ငှားခဲ့တယ်။ ငှားတဲ့သူကလည်း တခြားလူမဟုတ်ဘူး။ ဦးဦး ညီမလေးရဲ့ကျောင်းနေဖက်သူငယ်ချင်း...သူတို့တွေ စီးပွားရေးတက္ကသိုလ် အတူတက်တုန်းက ခင်မင်ခဲ့ကြတဲ့ သူငယ်ချင်းတွေမို့ စိတ်ချယုံကြည်စွာနဲ့ ငှားခဲ့တာ။ လူငယ်လေးက တကယ့်ကို ရည်ရည်မွန်မွန် ပညာတတ်၊ ယဉ်ကျေးသိမ်မွေ့သူ။ အမြဲတမ်း အကျီဖြူ လည်ကတုံးကော်လာလေးနဲ့ စကားပြောယဉ်ကျေးတယ်။ ညင်သာတယ်။ လူကြီးတွေကိုလည်း ရိုရိုကျိုးကျိုး၊ ရိုရိုသေသေ လေးလေးစားစား ဆက်ဆံတတ်တယ်။

"မရွှေသက်" ကိုလည်း "အန်တီ...အန်တီ" နဲ့ ခေါ်တယ်။ သူ့စက်မှုလက်မှု အလုပ်ရုံက ပန်းပုရုပ်ကလေးတွေ လက်ဆောင်ပေးပြီး ဖားလေတော့ "မရွှေသက်" လည်း ဒီကောင်လေးကို တစ်စထက်တစ်စ ခင်မင်သံယောဇဉ်ရှိလာတယ်။ ပုံမှန် ထုံးစံအတိုင်းဆိုရင်တော့ သူ့လုပ်ငန်းရဲ့ အဆင့်တစ်ဆင့်ချင်းပြီးမှ ငွေကို တစ်ပိုင်းစီ ခွဲပြီးချေရတယ်။ ဒါပေမဲ့ အခုအခါမှာတော့ ဒီကောင်လေးက အလုပ်တွေကို နည်းနည်းစီအလုပ်ပြပြီး ပိုက်ဆံတွေကို ကြိုတင်ထုတ်ယူနေခဲ့တယ်။ ဆွေမျိုးပမာ ခင်မင်ရင်းနှီးနေလေတော့ ယုံကြည်ပြီး "မရွှေသက်" ကလည်း သူကြိုတင်တောင်းသမျှ ငွေတွေကို သတိမထားမိဘဲ ထုတ်ပေးနေတော့တယ်။

တစ်နေ့ကျတော့ "မရွှေသက်" က ဦးဦးကိုပြောခဲ့တဲ့ စကားလေးကို ကြည့်...

"ကိုရေ...ဒီကလေးလေးက သိပ်သဘောကျဖို့ကောင်းတာပဲ။ ယဉ်ယဉ်ကျေးကျေး ရည်ရည်မွန်မွန်နဲ့ လူကြီးသူမမှန်းလည်း သိတတ်တယ်။ အလုပ်ကိုလည်း ကြိုးစားတယ်။ ဝတ်စားဆင်ယင်တာ၊ စကားပြောတာကအစ ဘာဆိုဘာမှ ပြောစရာမရှိဘူး။ ဒီလို သားလေးတစ်ယောက်ရှိရင်တော့ ဘယ်လောက်ကောင်းလိုက်မလဲ" တဲ့။

အဲဒီနေ့က ဒီကောင်လေးကို နောက်ဆုံး မြင်တွေ့လိုက်ရတဲ့နေ့ပါပဲ။ နောက်တစ်နေ့မှာ ဒီကောင်ကလေးဟာ ဦးဦးတို့ဆီကသာမက သူလုပ်လက်စ လုပ်ငန်းတွေအားလုံးက ငွေတွေအားလုံးကို ဗုန်းပြီး ကိုယ်ယောင်ဖျောက်သွား တော့တာပဲ သမီးရေ။

ကိုင်း... သမီးရဲ့ "အန်တီသက်" ဘယ်လိုဖြစ်သွားမလဲဆိုတာ သမီး ခန့်မှန်းကြည့်လိုက်စမ်း။

မနေ့ကပဲ ဒီလို သားလေးတစ်ယောက်လောက်ရရင် ဘယ်လောက် ကောင်းမလဲလို့ တဖွဖွပြောခဲ့တဲ့ ကောင်လေးဟာ အရှင်လတ်လတ်ကနေ ဘိုး ဘိုးအောင်တစ်ဦးလို မြေလျှိုးပြီးမိုးပျံသွားလေတော့ မမျှော်လင့် မထင်မှတ်စွာနဲ့ ရှော့ခ်ရိုက်လိုက်သလို ခံစားသွားရရှာတယ်။ ဒီထက်ဆိုးတာကတော့ အနစ်နစ် အလလက ချွေးနဲ့စာလေးနဲ့ စုဆောင်းထားတဲ့ ငွေထုပ်လေးကို ဘိုးဘိုးအောင် "မ" သလို "မ" သွားတဲ့ ကိစ္စပါပဲ။

ဒီကောင်ကလေးကိုလည်း... "သေချင်းဆိုး မြွေပွေးကိုက် ကာလနာ မိုးကြိုးပစ်" နဲ့ ဆဲလိုက်တာ မိုးကို့မွှန်သွားတော့တာပဲ သမီးရေ။

ပြဿနာက အဲဒီနေ့ကစပြီး ဒီဖြစ်ရပ်ဟာ သူ့ရဲ့စိတ်ကို ဖိစီးတော့တာ ပါပဲ။ သူ့ရဲ့ပိုက်ဆံတွေကိုလည်း နမြောတယ်။ သူ့လို သဘောကောင်းတဲ့သူကို လုပ်ရက်လေခြင်းရယ်လို့လည်း စိတ်နာတယ်။ ပိုက်ဆံတွေကို မစစ်ဆေးဘဲနဲ့ ကြိုတင်ပြီးထုတ်ပေးမိတဲ့ သူကိုယ်သူလည်း မှားလေခြင်းရယ်လို့ တွေးတွေးပြီး နောင်တရတယ်။ စားလည်းဒီစိတ်၊ သွားလည်းဒီစိတ်၊ အိပ်လည်းဒီစိတ်လို့ ပြော ရလောက်အောင် စိတ်သောကတွေ ရောက်ခဲ့ရတာများ ကုန်ဆုံးသွားတဲ့ ငွေနဲ့ မမျှအောင် မတန်အောင်ပါပဲ။

ဦးဦးတို့တွေ အင်မတန်မှ ချစ်ခင်ကြည်ညိုလေးစားရတဲ့ ဆရာတော် "ဦးဆောကိန္ဒ" နဲ့တွေ့မှပဲ သူခံစားခဲ့ရသမျှ ဝေဒနာတွေဟာ ပိန်းကြာဖက်ပေါ် ရေ မတင်နိုင်လောက်အောင် ပျောက်ကွယ်သွားခဲ့တော့တယ်။

ဦးဦးတို့တွေ မှော်ဘီက ဆရာတော်ရဲ့ဓမ္မရိပ်ကျောင်းမှာ တရားဝင် ခဲ့ကြတယ်။ တစ်ရက်ကျတော့ ဆရာတော်ကို သူခံစားနေရတဲ့ စိတ်ဝေဒနာတွေ

အကြောင်း ပြောပြခွင့်ရခဲ့တယ်။ ဆရာတော်ရဲ့ရောဂါကုတဲ့ ဆေးနည်းကတော့ အံ့မခန်းပါပဲ။

ဆရာတော်က အဲဒီစကားကို ကြားကြားချင်းပဲ ...

"ကဲ...မင်းဆီက ပါသွားတာ ငွေဘယ်လောက်လဲ" လို့ တန်းပြီးမေးတယ်။

"- - - သိန်းပါ ဘုရား" လို့လည်း ပြောလိုက်ရော၊ ချက်ချင်းပဲ ...

"ကိုင်း...ကပ္ပိယကြီး အခုပဲ အမြန်ဆုံး ဗီရိုဖွင့်ပြီး ဒီဒကာမကြီးဆီက လိမ်သွားတယ်ဆိုတဲ့ ငွေ - - - သိန်းကိုယူပြီး အမြန်ဆုံး ပေးလိုက်စမ်းပါ" လို့ ပြောပြီး ပိုက်ဆံတွေယူခိုင်းတယ်။

အဲဒီတော့ သမီးရဲ့ "အန်တီသက်" လည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားတယ်။

"အဲဒီပိုက်ဆံကို မလိုချင်ပါဘူး။ ဒါက တပည့်တော်ရဲ့ပိုက်ဆံမှမဟုတ်တာ။ ဒါ ဆရာတော့်ပိုက်ဆံပဲ ဥစ္စာ၊ တပည့်တော်က တပည့်တော်ရဲ့ပိုက်ဆံကိုပဲ ပြန်လိုချင်တာ" လို့ ပြောတယ်။

ဆရာတော်က ...

"အလို...ပိုက်ဆံက ဘယ်သူ့ဆီကနေပြန်ရရ တန်ဖိုးချင်း အတူတူပဲ မဟုတ်လား။ အဲဒီပိုက်ဆံကမှ ပိုပြီးတန်ဖိုးရှိတာလား" လို့ ပြန်မေးတော့ ...

"မချွေသက်" လည်း ဘာပြန်ပြောရမှန်း မသိတော့ဘဲ ယောင်ချာချာ ဖြစ်သွားတော့တယ်။

စဉ်းစားကြည့်စမ်း သမီးရေ...သမီးသာဆိုရင်ရော ဆရာတော်ဆီက ပိုက်ဆံကိုပဲ ပြန်ရရင်ပြီးတာပဲ၊ အတူတူပဲလို့ သဘောထားပြီးတော့ ယူမလား။ ဟိုကောင်လေးဆီက ပိုက်ဆံကိုမှ ယူချင်တာလား။ သမီးရော ဘယ်လိုသဘောရသလဲ။

"ကိုင်း...ဟိုကောင်ကလေး ယူသွားတာကတော့ တစ်ခါတည်းပါပဲ။ ဒါပေမဲ့ ကိုယ့်စိတ်ထဲမှာ ဒီအကြောင်းတွေ တစ်ခါထပ်စဉ်းစားတိုင်း နောင်တစ်ခါ ထပ်ပြီးယူသွားသလို ခံစားရမယ်။ ထပ်ကာထပ်ကာစဉ်းစားလေ ထပ်ကာထပ်

ကာ ခံစားနာကျင်ရလေပဲ မဟုတ်လား။ ဒီတော့ တစ်ခါပဲ အနာခံမလား…ထပ်ကာထပ်ကာ အနာခံမလား။ ကြိုက်နှစ်သက်ရာ ရွေးချယ်နိုင်ပါတယ်" လို့ ဆရာတော်က အဆုံးသတ် ဆုံးမတော်မူတယ် သမီးရေ။

ဆရာတော်ဟာ "အန်တီမရွှေသက်" ခံစားရတဲ့ စိတ်ဝေဒနာကို စိတ်နဲ့ပဲ ကုသပေးသွားတာဖြစ်တယ် သမီး။ အဲဒီနေ့ကစပြီးတော့ "မရွှေသက်" ဟာ ဒီအကြောင်းကို မစဉ်းစားတော့ဘူး။ ဒီကိစ္စကြောင့် ထပ်ပြီးအနာမခံတော့ဘူး။ သူ့မှာ ပြောင်းလဲသွားတာဟာ စိတ်ထားသဘောထား ခံယူချက်ပါပဲ။ စိတ်ထားသဘောထားလေးကို ပြောင်းလဲလိုက်ရုံမျှနဲ့ ခံစားရတဲ့ဝေဒနာတွေ သက်သာပျောက်ကင်းသွားတယ်။

ဦးဦးလည်း ဒီဖြစ်ရပ်ကလေးကနေ သင်ခန်းစာတွေ အများကြီးရသွားတော့တာပဲ။

ဆရာတော်ကြီးတစ်ပါးရဲ့ဖြစ်ရပ်လေးတစ်ခုကလည်း ဦးဦးတို့လူသားတွေကို စိတ်သောကတွေ ကင်းဝေးအောင် ဘယ်လိုစိတ်ထားရမယ်ဆိုတာကို လမ်းညွှန်ပြသနေသလိုပါပဲကွယ်…

တစ်ရက်မှာ ဆရာတော်ကြီးက ဆွမ်းကျွေးတစ်ခုကို ဖိနပ်အသစ်စီးသွားခဲ့တယ်။ အပြန်ကျတော့ ဖိနပ်ဗလာနဲ့ ပြန်လာတယ်။ မျက်နှာကလည်း ပြုံးလို့ရွှင်လို့တဲ့။ ဖိနပ်ပျောက်တဲ့သူနဲ့ မတူဘူး။ အဲဒါနဲ့ သူ့ဖိနပ်အကြောင်းမေးတော့ "ဒီနေ့ အကြွေးတစ်ခု ဆပ်ခွင့်ရလိုက်တယ်။ ဒါကြောင့် ဝမ်းသာနေတာ" လို့ ပြောသတဲ့။

ဆရာတော်ကြီးတစ်ပါးကျတော့ သူ့ကို လာလှူဒါန်းထားတဲ့ တိုင်ကပ်နာရီကြီးကို အဲဒီညမှာ သူခိုးလာခိုးတာ သူအိပ်နေရာကနေ ပက်ပင်းတွေ့သတဲ့။ သူခိုးက အမှောင်ထဲမှာ ခြေဖျားထောက်ပြီး မမီမကမ်းနဲ့ ဖြုတ်နေတာဆိုတော့ ဆရာတော်က…

"ဟေ့ ဒကာ…ဒီဘက်နားမှာ ခွေးခြေရှိတယ်။ အဲဒါနဲ့တက်ပြီးမှ သေသေချာချာဖြုတ်လေ။ နာရီကြီးပြုတ်ကျရင် အပေါ်ထပ် ဦးပဉ္စင်းတွေ နိုးဦးမယ်" လို့ ပြောသတဲ့။ နောက်တစ်နေ့မနက် ဒကာတွေက နာရီကြီး ဘယ်ရောက်သွား

သလဲဆိုတော့ "ပိုင်ရှင် လာပြန်ယူသွားပြီ" လို့ ဖြေသတဲ့။

ကိုင်း သမီးလေး "ထွေး" ရေ... ဘယ်လောက်များ သင်ခန်းစာယူဖို့ ကောင်းသလဲ။ ဖြစ်ရပ်တိုင်း ဖြစ်ရပ်တိုင်းဟာ အကြောင်းနဲ့အကျိုး "Cause and Effect" ပါပဲ... "အကြောင်းကြောင့် အကျိုးဖြစ်တယ်"။ မိမိပြုခဲ့တဲ့ "ကောင်းမှု မကောင်းမှု" ဟာ မိမိသွားရာနောက်ကို နွားရဲ့နောက်က လှည်းဘီးလိုက်သလို ထက်ကြပ်မကွာ လိုက်လာမှာပဲဖြစ်တယ်။ "ကံ ကံ၏အကျိုး" ဆိုတဲ့စကားလေး လိုပဲပေါ့။

ဒါကြောင့် စိတ်သောကတွေက ကင်းဝေးစေချင်ရင် မိမိရဲ့စိတ်ထား သဘောထားကလေးကို ပြုပြင်ပြောင်းလဲတတ်ရမယ်။ လောကကြီးမှာ ဖြစ်လေ့ ဖြစ်ထရှိတဲ့ "ကံ ကံ၏အကျိုး၊ အကြောင်းနဲ့အကျိုး" ဆိုတဲ့ သဘာဝတရားကြီး ကို နားလည်သဘောပေါက်ရမယ်။

အတိတ်က ဖြစ်ရပ်တစ်ခုကို ပြန်ပြောင်းစဉ်းစားပြီးတော့ စိတ်ဆင်းရဲ စိတ်သောက ဖြစ်နေတယ်ဆိုတာ လုံးဝကိုမှားတဲ့ မိုက်မဲတဲ့ အပြုအမူတစ်ခုပါပဲ ကွယ်။ ပြီးခဲ့တဲ့ ကိစ္စတစ်ခုကို ဘယ်ပုံဘယ်နည်းနဲ့မှ ပြုပြင်ပြောင်းလဲပစ်လို့ မရ တော့ဘူး။ ပြီးတာက ပြီးသွားပြီ... ဘာဆိုဘာမှ မတတ်နိုင်တော့ဘူး။

ပြောင်းလဲပစ်လို့ရတာ တစ်ခုပဲရှိတယ်။ အဲဒါကတော့ အဲဒီကိစ္စပေါ်မှာ ထားတဲ့ မိမိရဲ့စိတ်နေသဘောထားပဲဖြစ်တယ် သမီးရေ။ ပြီးခဲ့တဲ့ဖြစ်ရပ်တွေကို လုံးဝ ပြန်မစဉ်းစားရဘူးလို့ မဆိုလိုပါဘူး။ ဒီဖြစ်ရပ်ကနေ ဘယ်လိုသင်ခန်းစာ တွေ ရယူရမလဲဆိုတာကိုပဲ စဉ်းစားရမယ်။ မှားသွားသလား၊ နောက်တစ်ခါထပ် မမှားအောင် ဘယ်လိုဆင်ခြင် သတိထားရမလဲလို့ စဉ်းစားရမယ်။ သဘောက တော့ကွယ်... အကျိုးမရှိတဲ့အလုပ်၊ ဒါတင်မက မိမိအတွက် အကျိုးယုတ်မယ့် အလုပ်ကို မလုပ်ရဘူး။ အကျိုးရှိတဲ့ အလုပ်တွေကိုပဲ လုပ်ရမယ်။ လုပ်ရပ်တစ်ခု ကို လုပ်တော့မယ်ဆိုတိုင်း မိမိရဲ့စိတ်ကို မိမိသတိထားပြီးကြည့်၊ အကျိုးမရှိရင် မလုပ်နဲ့ ... ရပ်တန်းကရပ်။

ဖြစ်သမျှ ပျက်သမျှဟာ "အကြောင်းရှိလို့ အကျိုးဖြစ်တယ်" ဆိုတဲ့ ကံ ကံ၏အကျိုးတွေကို နားလည်သဘောပေါက်လာပြီဆိုရင် သဘာဝတရားကြီးနဲ့

လည်း ဖက်ပြီးရန်မဖြစ်တော့ဘူး...လူမိုက်တွေနဲ့လည်း ဖက်ပြီးရန်မဖြစ်တော့ဘူး။ ဘယ်လိုလောကဓံ အဆိုးအကောင်းတွေကိုပဲကြုံကြုံ နားလည်လက်ခံနိုင်လာမယ်၊ ခွင့်လွှတ်နိုင်လာမယ်။ ဒါဆိုရင် ဘဝတာတိုတို နေမညျိုခင်မှာ သောကကင်းဝေးပြီး စိတ်ရောကိုယ်ပါ ချမ်းသာစွာ နေထိုင်နိုင်တဲ့နည်းလမ်းကို သိလာပြီလို့ ပြောနိုင်ပြီပေါ့ သမီးရေ...

ကိုင်း သမီးလေး "ထွေး" ရော အတိတ်က ဖြစ်ရပ်တွေအတွက် ပူဆွေးဝမ်းနည်းပြီး ဒေါသတွေ ထွက်နေသေးသလား...ဘယ်လိုခံစားရသလဲ ဦးဦးကို ပြောပြပါဦး။

# ၁၈

# သောက
# ဧည့်သည်စိတ်ကို
# ဘာလုပ်မနဲ့
# ပျော်ရွှင်ကြတော့မယ်

ဆိုတာ ရှိပါ့မလား။ လူမှန်ရင် ပူတတ်ရမယ်။ ပူတတ်မှ "လူ" လို့တောင် ပြောရလေမလား။ ဒီတော့ လူမို့လို့ ပူပန်တာ မဆန်းပေဘူးပေါ့။

ကဲ...အဲဒီတော့ "ပူတာ မှန်တယ်" ဆိုတဲ့ သဘောလားလို့ သမီးက မေးမယ်။ ပူပန်မှုဆိုတာ လောကမှာ မရှိလို့မဖြစ်တဲ့ အရာတစ်ခုပဲလို့ ပြောရမှာပါ။ သမီးတို့လို ကျောင်းသူလေးတစ်ယောက်ဟာ စာမေးပွဲမအောင်မှာကို ပူကို ပူတတ်ရမယ်။ အဲဒါမှသာ စာမေးပွဲကျမှာစိုးလို့ စာကြိုးစားဖြစ်သွားမှာ မဟုတ်လား။

ဒါပေမဲ့ စာမေးပွဲကျမှာကို သိပ်သိပ်ကို စိုးရိမ်သောကတွေရောက်ပြီး အိပ်လို့လည်းမပျော်၊ စားလို့လည်း မဝင်နိုင်လောက်အောင် အကြောက်လွန်နေပြီဆိုရင်တော့ မှားပြီ...ဒါကြောင့်မို့ "ပူပန်သောက" ကို "ဆား" လိုပဲ စနစ်တကျ ချိန်ဆပြီး သုံးတတ်ရမယ်လို့ ပြောတာ။ ဆားမပါတဲ့ဟင်းဟာ အရသာ လုံးဝမရှိဘူးမဟုတ်လား။ ဆားတွေများသွားရင်လည်း ဒီဟင်းက ပျက်ပြီပေါ့။ အရသာရှိတဲ့ မပေါ့လွန်း မငန်လွန်း အနေတော် အရသာရှိအောင် ဆားကိုထည့်ရမယ်။ ဆားပမာဏကို ချိန်ဆတတ်ခြင်းဟာ "အနုပညာ" တစ်ရပ်ပဲဖြစ်တယ်။

ဘဝမှာ ဟန်ချက်ညီညီ ပျော်ပျော်ရွှင်ရွှင်နဲ့ နေတတ်ဖို့ဆိုရင် ဒီလိုမှန်ကန်စွာ ချိန်ဆတတ်တဲ့ အနုပညာကို ကျွမ်းကျင်တတ်မြောက်ဖို့ လိုတယ်သမီးရေ။

ဒီတော့ကွယ်...အရေးကြီးတာက ဘဝမှာ နေရင်းထိုင်ရင်း သွားရင်းလာရင်း မိမိရဲ့စိတ်ကို မိမိ သတိကလေးနဲ့ စောင့်ကြည့်အကဲခတ်တတ်ဖို့ လိုတာပေါ့။ စိတ်ကလေးကို ရပ်ရပ်ပြီး ဖမ်းကြည့်လိုက်တာနဲ့ အဲဒီစိတ်ကလေးက ဘယ်နေရာရောက်နေလဲဆိုတာ ဒတ်ခနဲ လှမ်းပြီးမြင်တွေ့ရမှာပဲဖြစ်တယ်။ ဒါဆိုရင် ဒီစိတ်ကလေးဟာ အတိတ်က အဖြစ်ဆိုးတွေအတွက် ပူပန်သောက နောင်တတွေရနေတယ်ဆိုရင်လည်း ချက်ချင်းဖမ်းမိသွားမှာပဲ။ အဲသလိုဖမ်းမိလိုက်တာနဲ့ ငါတော့ အကျိုးမရှိရုံမက အကျိုးယုတ်မယ့်၊ ဘာဆိုဘာမှ ကောင်းကျိုးမပေးမယ့် အလုပ်ကို လုပ်နေမိပြီ။ ဒီတော့ ရပ်တန်းကရပ်ဆိုပြီး ကိုယ့်စိတ်ကို အမိန့်ပေးလို့ စိတ်အတွေးကို ကောင်းတဲ့ အကျိုးရှိမယ့် ကိစ္စတစ်ခုဘက်ကို ပြောင်းလဲ

ပစ်ရမှာဖြစ်တယ် သမီးရေ။

အဲသလိုပေါ့ကွယ်...တစ်ခါတစ်ခါ ကိုယ့်စိတ်ကို လှမ်းကြည့်လိုက်တဲ့ အချိန်မှာ ကိုယ့်ရဲ့စိတ်ကလေးဟာ ဟိုးနောင်လာမယ့် ဖြစ်မလာသေး၊ ရောက်မလာသေးတဲ့ အနာဂတ်မှာ ဘာတွေဖြစ်လာလေမလဲ၊ ကိုယ်ဖြစ်ချင်တာမှ ဖြစ်ပါ့မလား၊ မဖြစ်ချင်တာတွေ ဖြစ်လာလေမလားဆိုပြီး အလကားသက်သက် ပူပန်သောကရောက်နေတာမျိုးတွေ တွေ့ရတတ်တယ်။ အဲဒီအခါကျရင်လည်း ငါ ဒီလိုပူပန်သောက ရောက်နေတာက ဘာအကျိုးရှိသလဲလို့ ရှင်းရှင်းပြတ်ပြတ်မေးကြည့်လိုက်...ဘာဆိုဘာမှ အကျိုးလည်း မရှိရုံသာမက စိတ်ညစ်ညူးနောက်ကျိုပြီး ပျော်ရွှင်မှုတွေ ပျက်သုဉ်းလို့ မချေးတောင် မချေးရသေးတဲ့ ပိုက်ဆံတွေအတွက် အတိုးတွေ ကြိုပြီးပေးနေရတဲ့ ပုံစံမျိုးတောင် ဖြစ်နေပြီဆိုတာ မျက်ဝါးထင်ထင် မြင်တွေ့ရလိမ့်မယ် သမီးရေ။

အဲဒီလိုအခါမျိုးကျရင်လည်း အဲဒီအကျိုးမရှိတဲ့၊ မကောင်းတဲ့အတွေးတွေကို ရပ်တန်းကရပ်ပြီးတော့ အခုလောလောဆယ် လက်ရှိကိုယ်လုပ်နေတဲ့ အလုပ်က ဘာလဲလို့တွေးပြီး အဲဒီအလုပ်အပေါ်မှာပဲ လုံးဝဥဿုံ စိတ်အာရုံကို အရှိသင့်ဆုံးနေရာကို ပြောင်းလဲပေးလိုက်ရုံမျှနဲ့ အဆင်ပြေသွားမှာ အမှန်ပါပဲကွယ်။

ဒါကြောင့် အလုပ်ဆိုတာ အကောင်းဆုံးသော ဖြေဆေးကြီးဖြစ်တယ်လို့ ပြောကြတာဖြစ်တယ်။ ဦးဦးကတော့လေ ဦးဦးအင်မတန်မှ ချစ်ခင်လေးစားကြည်ညိုအားကျရတဲ့ ဆရာတော်ကြီးတစ်ပါးရဲ့ "ဘဝမှာ အပန်းဖြေနည်း" ကို သိပ်သဘောကျ နှစ်ခြိုက်မိတယ်။ အဲဒီဆရာတော်ကြီးရဲ့ အမည်က...ဓမ္မဒူတ "အရှင်ပညာဇောတ" ဖြစ်တယ်။ တစ်နေ့မှာ ဒကာတစ်ယောက်က ဆရာတော်ကို "ဆရာတော်ဘုရား...ဒီလောက်တောင် အလုပ်များနေတော့ ဘယ်လိုများ အပန်းဖြေ အနားယူပါသလဲ" လို့ မေးလျှောက်သတဲ့။

ဆရာတော်ကြီးက သူဟာ ဗုဒ္ဓရဲ့သားတော် ရဟန်းတစ်ပါးဖြစ်နေလေတော့ သူ့မှာ တရားဟော၊ တရားစာချ၊ တရားပြ၊ တရားမှတ်၊ တရားထိုင်၊ တရားနာ၊ တရားစာရေး စသဖြင့် ဘုရားတရားနဲ့ပတ်သက်တဲ့ အလုပ်အများကြီး အမျိုး

ပေါင်းစုံအောင် ရှိနေသတဲ့။ ဒီတော့ တရားပေဟာပြီး မောလာတဲ့အခါ တရားထိုင်တယ်။ တရားထိုင်ပြီး မောလာတဲ့အခါမှာ စကြံလျှောက်တရားမှတ်တယ်။ လမ်းလျှောက်ရင်း မောတဲ့အခါ ထိုင်ပြီး တရားစာရေးတယ်။ တရားစာရေး၊ စာဖတ်ရတာ ကြာလာရင် တရားစာချ၊ တရားပြတယ်။ တစ်နေ့လုံး အိပ်ချိန် တဒင်္ဂလေးလောက်ကလွဲရင် ကျန်တဲ့အချိန်တိုင်းမှာ အလုပ်တစ်ခုလုပ်ရင်း ညောင်းတိုင်းနောက်ထပ်အလုပ်တစ်ခုနဲ့ အစားထိုးပြောင်းလဲပြီး လုပ်လုပ်သွားခြင်းအားဖြင့် မမောပန်းတော့ဘဲ အနားယူသလို ဖြစ်သွားတာပါပဲလို့ ဆရာတော်ကြီးက ဖြေသွားခဲ့တယ်။

ဟုတ်လိုက်တာ သမီးရာ...အဲဒီစကားလေးကို ကြားရတဲ့အချိန်ကတည်းက ဦးဦးဟာ ဒီစကားလေးကို အသည်းထဲစွဲနင့်သွားအောင် သဘောကျနှစ်ခြိုက်ပြီး အားကျအတုယူမိတော့တယ်။ ဒါကြောင့် တစ်နေ့တာရဲ့အချိန်လေးတွေရသမျှမှာ မိမိရဲ့စိတ်ကိုရော ကိုယ်ခန္ဓာကိုပါ အလကား ဟိုတွေးဒီတွေး စိတ်မအေး မဖြစ်စေရဘဲ အမြဲတမ်း အကျိုးရှိမယ့် အလုပ်တစ်ခုပြီးတစ်ခု စိတ်အာရုံကို ပြောင်းလဲပြီးလုပ်နေဖို့ အမြဲသတိထားပြီးနေဖို့ ကြိုးစားတော့တယ်။

ဦးဦးရဲ့ဘဝကို ကြည့်လေ...ဦးဦးဟာ လူတစ်ကိုယ်တည်းမှာကို ဘဝအားဖြင့် သုံးမျိုး ကျင်လည်လှုပ်ရှားနေရသူ မဟုတ်လား။ မနက်ခင်း အရုဏ်မတက်ခင် အိပ်ရာက နိုးထလာကတည်းက မျက်နှာသစ်၊ သွားတိုက်၊ ဘုရားရှိခိုး၊ ကန်တော့ပြီးတာနဲ့ မိမိရဲ့ဘဝတစ်မျိုးဖြစ်တဲ့ စာရေးဆရာအလုပ်ကို လုပ်တော့တယ်။

စာရေးစားပွဲပေါ်မှာ မှန်မှန်ကြီးထိုင်ပြီး ကိုယ်ရေးချင်တဲ့ စာတွေမျိုးစုံကို တစ်ရေးတည်း ရေးတော့တာပဲ။ ဦးဦး အင်မတန် ကြိုက်နှစ်သက်တဲ့ ပရီးမီးယား ကော်ဖီမွှေးမွှေးလေးတစ်ကျိုက်သောက်လိုက်၊ စာလေးတစ်ပိုဒ်လောက်ရေးလိုက်နဲ့ ဘယ်လောက်ဇိမ်ကျသလဲ။ ဒီစည်းစိမ်ကလေးကို ဘာနဲ့မှ မလဲနိုင်အောင်ကို နှစ်သက်မြတ်နိုးမိတယ်။

စာတွေရေးရင်း ညောင်းညာလာရင် ကိုယ်ဖတ်ဖို့ ရည်ရွယ်ပြီး စည်းထားတဲ့ စာအုပ်ကောင်းတွေကို ဆက်ပြီးဖတ်တော့တယ်။ စာတွေရေး၊ စာတွေ

ဖတ်ရင်း ညောင်းညာလာတာနဲ့ ရတဲ့အချိန်ကလေး ၅မိနစ်၊ ၁၀မိနစ်လောက်မှာ ခပ်သွက်သွက်လေး လမ်းလျှောက်တယ်။

လမ်းလျှောက်လိုက်၊ စာရေးလိုက်၊ စာဖတ်လိုက်။ ဒီလိုစာရေးစာဖတ်ရာမှာလည်း ကိုယ့်စာရေးဆရာဘဝအတွက် ဖတ်ရရေးရတာရှိသလို ကျောင်းဆရာ၊ ဆရာဝန်ဘဝအတွက် ဆေးစာတွေ ဖတ်ရရေးရတာတွေလည်း ရှိတယ်။ ဒီလိုပဲ တစ်ခုညောင်းရင် တစ်ခုပြောင်းတယ်။

ဒီလိုနဲ့ပဲ အချိန်တန်တော့ ဆေးရုံသွားရတယ်။ ဆေးရုံမှာလည်း ဆေးတွေကုလိုက်၊ စာတွေသင်လိုက်၊ ခွဲခန်းဝင်ပြီးတော့ ခွဲစိတ်လိုက်နဲ့ မနားရပါဘူး။ ဆေးရုံကအဆင်း အိမ်ကိုပြန်၊ အိမ်ရှင်မ "မရွှေသက်" နဲ့ စကားစမြည်ပြောဆို၊ လမ်းလျှောက်၊ ရေချိုး၊ ထမင်းစားပြီး ညနေခင်း ဆေးခန်းကိုသွား၊ လူနာတွေကို ကြည့်။ ညဘက်ပြန်ရောက်လာရင်လည်း စာရေးစားပွဲထိုင်ပြီး စာရေး၊ စာဖတ်နဲ့ အိပ်ရာဝင်တဲ့အထိ အလုပ်တွေ တစ်ခုပြီးတစ်ခု ပြောင်းလုပ်။ အိပ်ရာထဲဝင်တာနဲ့ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲနေပြီမို့ ခေါင်းချလိုက်တာနဲ့ တစ်ရှိုးတည်း အိပ်ပျော်သွားတော့တာပါပဲ။

ကိုင်း...ဒီလိုမျိုး အလုပ်တွေ တစ်ခုပြီးတစ်ခု ပြောင်းလဲပြီး လုပ်သွားရတဲ့အတွက် အလကားသက်သက် အနားယူအပန်းဖြေစရာ မလိုအပ်တော့ဘဲ သူ့အလိုလို အမောအပန်းပြေပြီး ဘယ်အလုပ်ကိုမဆို သွက်သွက်လက်လက်၊ လန်းလန်းဆန်းဆန်းနဲ့ တက်တက်ကြွကြွ လုပ်နိုင်တယ်။ လုပ်သမျှအလုပ်တိုင်းမှာလည်း မိမိရဲ့စိတ်ရောကိုယ်ပါ၊ အသည်းနှလုံးကိုရော အားလုံးပုံပြီး အကောင်းဆုံး၊ အမြင့်ဆုံး၊ အမြတ်ဆုံးဖြစ်အောင် စိတ်ပါလက်ပါ လုပ်တယ်။

ဒီလိုနဲ့ တစ်နေ့တစ်နေ့ကြားမှာ လစ်လပ်နေတဲ့ အလကား ဟိုတွေးဒီတွေး၊ ငေးမော၊ ပူပန်သောကရောက်နေမယ့် အချိန်တွေဆိုတာ တဖြည်းဖြည်းနဲ့ လျော့နည်းလာတယ်။ ပူပန်သောကရောက်တာ နည်းလာတယ်ဆိုတာဟာ အဲဒီလို ပူပန်သောကရောက်နေဖို့ အချိန်ကို မပေးနိုင်လောက်အောင် အလုပ်တွေ များနေလို့ပဲဖြစ်တယ် သမီးရေ။

အဲဒီတော့ ဒီလိုမျိုး တစ်နေ့လုံး အလုပ်တွေ တစ်ခုပြီးတစ်ခု ဖယ်စက်

သလိုမျိုး ပြောင်းပြောင်းပြီး လုပ်နေရတဲ့ရက်တွေဟာ သောကကင်းဝေးတဲ့ရက်တွေ ဖြစ်လာတယ်။ ဒါကြောင့်မို့ "အလုပ်အများဆုံးလုပ်သူသည် သက်သောင့်သက်သာ အရှိဆုံး" ဆိုတဲ့ စကားပုံကလေးဟာ သိပ်ကိုမှန်ကန်တယ်လို့ ဦးဦးရဲ့ကိုယ်တွေ့ဖြစ်ရပ်လေးတွေနဲ့ ထောက်ခံလိုက်ရပါတယ်။

Bless is the person, who is too busy to worry in the day and too sleep to worry at night (Leo Aikman)

ဒါကြောင့် "လီယိုအိုက်ခမန်း" ဆိုတဲ့ပုဂ္ဂိုလ်ကြီးက "နေ့ခင်းမှာ အလုပ်များလွန်းလို့ တွေးမပူနိုင်သလို ညမှာလည်း အိပ်ချင်လွန်းလို့ တွေးတောပူပန်နေချိန် မရတဲ့သူဟာ ကောင်းကျိုးချမ်းသာသုခနဲ့ ပြည့်စုံသူပဲ" ရယ်လို့ ပြောခဲ့တာဖြစ်မယ် သမီးရေ။

အဲသလို နေရင်းထိုင်ရင်း လုပ်ရင်းကိုင်ရင်းနဲ့ကို ဒီပူပန်သောကဆိုတဲ့ငနဲသားက အလစ်အငိုက်မှာ ရသလောက်အချိန်လေးအတွင်း ဝင်ရောက်တိုက်နိုက် ထိုးနက်တတ်သေးတယ် သမီးရေ။ အဲဒီအခါမျိုးကျရင်လည်း အရေးကြီးတာက "ရန်သူ" ဝင်လာရင် ချက်ချင်းသိဖို့ပါပဲ။ ကိုယ်မလိုလား၊ မချစ်ခင် မနှစ်သက်ဘဲ ကိုယ့်ဆီ အတင်းအဓမ္မ ဝင်ရောက်ကျူးကျော်လည်ပတ်တဲ့ ဧည့်သည်ဆိုးဟာ "ရန်သူ" ပဲ မဟုတ်လား။

ဧည့်သည်ဆိုတာမျိုးဟာ အိမ်ရှင်က မလိုလားရင်၊ လက်မခံရင်၊ ဧည့်မခံရင်၊ အိုကွယ်...လုံးဝဂရုမစိုက်ဘဲ မကြိုက်နှစ်သက် မလိုလားတဲ့ အမူအရာတွေပြရင်၊ ဥပမာ - အလုပ်တွေများလွန်းလို့ ခုချိန်မှာ လုံးဝဧည့်မခံနိုင်သေးဘူး။ နောက်မှ လာခဲ့ပါဦး...ခုတော့ ဆောရီးပါလို့ ယဉ်ယဉ်ကျေးကျေးနဲ့ မောင်းထုတ်ရင် ဒီဧည့်သည်ဟာ ကိုယ့်အိမ်မှာ ကြာကြာလည်း မနေနိုင်ပါဘူး။ နောက်တစ်ခါထပ်ပြီး ခဏခဏလာဖို့ ဆိုတာကလည်း အိမ်ရှင်ကိုယ်တိုင်က ဘယ်လိုမှ မနှစ်သက် မလိုလားပါဘူးလို့ ပြောနေပြီဆိုရင် လာဖို့ရာ ခက်သထက်ခက်သွားမယ်။ ဒါဆိုရင် အလာကျဲသွားမယ်။ အလာကျဲသွားပြီး နောက်ဆိုရင် လုံးဝတောင်လာလည်ရဲမှာ မဟုတ်ဘူးပေါ့ကွာ။

အဲဒီတော့ ကိုယ့်ဆီလာလည်တဲ့ ဧည့်သည်ဟာ မိတ်ဆွေလား၊ ရန်သူ

လားဆိုတာ သမီးက ခွဲခြားပြီးသိရမယ်။ ဒီလို အကောင်းနဲ့အဆိုး၊ အမှားနဲ့အမှန်ကို ခွဲခြားချင့်ချိန်တတ်ခြင်းဟာ "ပညာ" ပဲဖြစ်တယ်။ သမီးဟာ ပညာဉာဏ်ရှိရှိနဲ့ မိတ်ဆွေ ရန်သူ ခွဲခြားတတ်ပြီဆိုရင် နောက်တစ်ဆင့်က ရန်သူကို လက်မခံဖို့၊ ဒါလောက်နဲ့တင်မကဘဲ ရန်သူကို အားမနာတမ်း မောင်းနှင်ထုတ်တတ်ဖို့၊ တိုက်ခိုက်နှိမ်နင်းတတ်ဖို့လည်း လိုအပ်တာပေါ့ကွယ်။

ဒီတော့ မိမိရဲ့စိတ်နဲ့ အတွေးအိမ်လေးကို ဘယ် "ရန်သူသောကဆိုး" တွေ ဝင်လာသလဲလို့ စောင့်ကြည့်နေရမယ်။ ဝင်လာတာနဲ့ ချက်ချင်းစစ်ဆေးရမယ်...ဘယ်သူလဲ၊ ဘာအတွက်လဲ၊ အကျိုးပေးမယ့်သူလား၊ အကျိုးယုတ်စေမယ့်သူလား၊ ဘာဆိုဘာမှ အကျိုးမရှိ အကျိုးယုတ်စေတဲ့ သောကရန်သူတွေ မှန်သမျှ တစ်ခဏလေးတောင် မနေစေရ။ လက်မခံဘဲ မောင်းနှင်ထုတ်ရမယ်။ အကျိုးရှိတဲ့ အလုပ်တွေ၊ အတွေးတွေနဲ့ အစားထိုးရမယ်။ ဒါဆိုရင် သောကဆိုတဲ့ ရန်သူဆိုးနဲ့ ဝေးဝေးနေ၊ ကင်းကင်းနေလို့ ရလာတော့မှာ အမှန်ပဲ သမီးရေ။

သမီးလေး "ထွေး" တစ်ယောက် "သောကဆိုး" တွေက ကင်းဝေးပြီး ပျော်ရွှင်ချမ်းမြေ့ပါစေ...

«« ¤ »»